www.burmeseclassic.com

# သင်၏ချစ်လှစွာသော...



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်——— ၁၄၉ / ၂၀၀၀ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၁၇၇ / ၂၀၀၀ (၃)

ထုတ်ဝေခြင်း
ပထမအကြိမ်
၂၀၀၀ ခုနှစ်၊ မတ်လ

အုပ်ရေ
၁၀၀၀ အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ
ဝဏ္ဏယန်

စီစဉ်သူ
မငွေငွေဇော်




ထုတ်ဝေသူ
ဒေါ်ရွှေအိမ်၊ တိုင်းလင်းစာပေ(၀၁-၂၉၉)
အမှတ် ၈/၆၅- အုပ်စု
၃/အောင်သိဒ္ဓိလမ်း၊စော်ဘွားကြီးကုန်း၊
အင်းစိန်၊ရန်ကုန်မြို့

ပုံနှိပ်သူ
ဦးစိုးမြင့် (၀၅၆၃၉)
ရွှေအောင်လံရောင်စုံပုံနှိပ်တိုက်
အမှတ် (၄၉)၊ ၁၀၁လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်

ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက် (၀[illegible]၂၇)
အမှတ် (၉၆) ၁၁ လမ်း၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်
ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်း ကိုက်ညီ ဘေးကင်းသည်။

BURMESE CLASSIC .com

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

နေနော်

# သင်၏ ချစ်လှစွာသော

www.burmeseclassic.com

www.burmeseclassic.com



လှေအခွေ့၌ မိုးတိမ်တို့က ပျင်းရိလေးတွဲစွာ အုပ်စုဖွဲ့ရွေ့လျားသွားကြ၏။ မှိန်ဖျော့သော်လည်း ဝင်းပသော နေရောင်အောက်၌ ဖုန်အလိမ်းလိမ်းနှင့် သစ်ရွက်တို့က ခါတိုင်းထက် ပိုမိုတောက်ပြောင်နေသလို ထင်ရသည်၏။

နှုတ်ခမ်းတွင် ခဲထားသော စီးကရက်ကိုကျွန်တော် မီးညှိလိုက်တော့ ဆည်းလည်းခတ်သံလေးတစ်ခုက ခပ်တိုးတိုး ထွက်ပေါ်၍လာသည်။

ဒါနဲ့ပါဆို နှစ်လိပ်ရှိသွားပြီနော် တဲ့။

ကျွန်တော်၏ ချစ်လှစွာသော ထိုအမျိုးသမီးသည်

ကျွန်တော် သူ့ရှေ့၌ဆေးလိပ်သောက်တိုင်း ဘယ်နှစ်လိပ်ရှိသွားပြီနော်ဟုရေတွက်ပြတတ်သော်လည်း ကျွန်တော်သူ့ကိုချစ်ကြောင်းပြောသည့်အခါများမှာတော့ ဒါနဲ့ပါဆို ဘယ်နှစ်ခါရှိသွားပြီနော်ဟု ရေတွက်မပြတတ်ပါ။

ထို့အတွက် စိတ်ဆိုးသင့်ပါသလား၊ ဘယ်တုံးကမှ ကျွန်တော်ဝေခွဲ၍ မရခဲ့။

ဉာဏ်ဝင်းစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော့်အား ချစ်သည်ဟု အဖြေပေး မလာသေးသည့်အတွက်တော့ စိတ်မကောင်းဖြစ်ရပါသည်။

"မင်းကိုယ့်ကို တစ်ခုခုပြောဖို့ ကောင်းပြီ တာရာ"

စီးကရက်ကိုဖွာရှိုက်ရင်း ကျွန်တော့်စကားစတင်လိုက်တော့ တာရာဟူသော ကျွန်တော့်၏ ကြယ်စင်မလေးက ဟက်ခနဲတစ်ချက်ရယ်မောလေသည်။

"တို့က ဘာကိုပြောရမှာလဲ မင်းခန့်ရဲ့"

"အဖြေတစ်ခုခုပေါ့။ မင်း ကိုယ့်ကို ချစ်တယ်၊ မချစ်ဘူးဆိုတဲ့အဖြေမျိုးပေါ့"

တာရာ ဟက်ခနဲ တစ်ချက်ရယ်ပြန်သည်။

သူရယ်လျှင် သွားတန်းလေးများ ဖွေးခနဲ ပေါ်ကာ အလွန်လှပသော်လည်း ဒီတစ်ခါတော့ ထိုလှပမှုကို ကျွန်တော် မခံစားနိုင်ပါ။

"ကိုယ့်မေးခွန်းက ရယ်စရာ ကောင်းနေလို့လား တာရာ"

"ဟင့်အင်း မကောင်းပါဘူး၊ တို့ လွှတ်ခနဲ ရယ်လိုက်မိတဲ့အတွက် တောင်းပန်ပါတယ်"

"ကိုယ် ကြားချင်တာ တောင်းပန်တဲ့စကားမဟုတ်ဘူး တာရာ"

တာရာသက်ပြင်းဖွဖွလေးချလိုက်ပြီးမှ ကျွန်တော့်ကို မကြည့်ဘဲ ပြောသည်။



BURMESE CLASSIC .com



"တို့ မင်းကို သံယောဇဉ်ရှိတယ်လို့ ပြောခဲ့ပြီးပြီပဲ၊ မြတ်မင်းခန့်ရယ်၊ ဒီလောက်ဆို မင်းကျေနပ်ဖို့ကောင်းပြီပဲ"

ကျေနပ်ရမယ်တဲ့လား။

သံယောဇဉ်ဆိုတဲ့စကားနဲ့ အကြိမ်ကြိမ်အထပ်ထပ် နှောင်ကြိုးတွေ ရစ်ပတ်ခဲ့တာကို ကျွန်တော် ကျေနပ်သင့်ပါသလား။

ကျွန်တော်စိတ်ပျက်လက်ပျက် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ရင်း စောစောက မီးညှိထားသည့် စီးကရက်ကို ကားပြတင်းအပြင်ဘက်သို့ လွှင့်ပစ်လိုက်သည်။ တာရာက ဖြတ်ခနဲ ကျွန်တော့်ကို တစ်ချက်ကြည့်၏။

"သံယောဇဉ်ဆိုတဲ့စကားနဲ့ မင်း ဝေ့လည်ကြောင်ပတ်လုပ်ပေါင်းများပြီ တာရာ၊ ကိုယ်က ဒီထက်ပိုပြီး တိကျသေချာတဲ့ အဖြေမျိုးကို လိုချင်တာ၊ မင်း ကိုယ့်ကိုချစ်နိုင်မချစ်နိုင်၊ လက်ထပ်နိုင်၊ လက်မထပ်နိုင်၊ တိတိကျကျ အဖြေပေးပါ"

"တောင်းဆိုချက်တွေကလည်း များလှချည်လား မြတ်မင်းခန့်ရဲ့"

"အဲဒီတောင်းဆိုချက်တွေကို မင်းလိုက်လျောမယ် မဟုတ်လား"

ကျွန်တော့်မေးခွန်းအဆုံး တာရာ့မျက်ဝန်းတောက်တောက်တစ်စုံမှာ ရုတ်ချည်းပင် မှိုင်းဝေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ စိတ်မကောင်းပါဘူး မင်းခန့်၊ မင်းရဲ့ တောင်းဆိုချက်တွေကို တို့မလိုက်လျောနိုင်ဘူးဆိုတာ မင်းသိပါတယ်။ တို့မှာလက်ထပ်ရမယ့်လူရှိတယ်။ အဲဒီလူ နိုင်ငံခြားက ပြန်လာရင် တို့ သူနဲ့လပ်ထပ်ရလိမ့်မယ်"

နောက်ဆုံးတော့ ကျွန်တော်မျှော်လင့်ထားတဲ့အတိုင်းပါပဲ။

အပ်ကြောင်းထပ်နေသည့် ဓါတ်ပြားဟောင်းကြီးကိုပဲ ပြန်ဖွင့်ပြတော့တာပါပဲ။

သို့သော် ဒီတစ်ခါတော့ ကျွန်တော် လွယ်လွယ်နှင့် အလျှော့မပေးနိုင်ပါ။

"မင်းဘက်ကမပြတ်သားဘူးဆိုရင်တော့ ကိုယ့်ဘက်က ပြတ်သားရတော့မယ် တာရာ၊ မင်းအတွက် ကိုယ် စိတ်မကောင်းပါဘူး"

"မင်း ဘာလုပ်မလို့လဲ မင်းခန့်"

"ကိုယ် ဘာလုပ်မယ် ထင်လဲ"

တာရာက ပခုံးတွန့်ပြ၏။

ကျွန်တော် ပြုံးပြုံးလေး ပြန်ပြောသည်။

"ကိုယ် တာရာ့ကို ကားတင်ပြေးရတော့မှာပေါ့"

စကားဆုံးသည်နှင့် ကားစက်နှိုးကာ ကားကိုအရှိန်နှင့် မောင်းထွက်လိုက်တော့ တာရာ ကျွန်တော့်အား အထိတ်တ



BURMESE CLASSIC .com



လန့် လှမ်းကြည့်၏။ ၎င်း၏ အကြည့်တို့ကိုမသိကျိုးကျွန်ပြုကာ ကျွန်တော် မခိုးမခန့်ပြုံးလိုက်သည်။

"အဲဒါ ဘာလုပ်တာလဲ မင်းခန့်။ ကားကိုအခု ရပ်လိုက်ပါ"

တာရာ့အမူအရာနှင့် လေသံတို့က ထိတ်ထိတ်ပျာပျာနိုင်လှသော်လည်း ကျွန်တော်ကတော့ အေးဆေးစွာပင် ပြန်ပြောလိုက်ပါသည်။

"ကားထဲမှာ ဓါတ်ဆီအပြည့်ရှိတယ် တာရာ၊ ခုချိန်ကစပြီး မရပ်မနားမောင်းရင် ညသန်းခေါင်လောက်ထိ မောင်းလို့ရတယ်၊ အဲဒီအချိန်ဆိုရင် ကိုယ်တို့နှစ်ယောက် ရန်ကုန်မြို့နဲ့ တော်တော်ဝေးတဲ့နေရာကိုရောက်နေလောက်ပြီ၊ အဲဒီနေရာဟာ တောင်ငူဖြစ်ချင်ဖြစ်မယ်၊ ပျဉ်းမနားဖြစ်ချင်ဖြစ်မယ်၊ ဘယ်နေရာပဲဖြစ်ဖြစ် ကိုယ့်အတွက် အရေးမကြီးဘူး။ အရေးကြီးဟာက ခုချိန်ကစပြီး ကိုယ် တာရာ့ကို ကားတင်ပြေးနေပြီဆိုတာပဲ"

ကျွန်တော့်လေသံက အေးအေးဆေးဆေးနိုင်သလောက် ကျွန်တော့်ကားကတော့ မြန်မြန်ဆန်ဆန်ကြီးကို ပြေးလွှားနေပါသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



(၁)

ပြောမည်ဆိုလျှင် ကျွန်တော်နှင့် တာရာ၏ စတင်တွေ့ဆုံပုံက တာကယ့်ကို ရိုးရိုးကလေးဖြစ်သည်။ ဘယ်လိုမှစိတ်ဝင်စားစရာမကောင်းသလို၊ မည်သည့်အာအဆန်းတကြယ် ဖြစ်ရပ်မှုလည်းမပါရှိပါ။ ကျွန်တော်တို့ နှစ်ယောက်၏ နိဒါန်းက-

သာမန်သမားရိုးကျ အချစ်ဝတ္ထုတွေထက်ပင် ရိုးစင်းစွာ စတင်ခဲ့ခြင်းဖြစ်သည်။

သို့သော် လောက၌ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်တို့သည် တစ်ခါတစ်ရံ၌ ထိုသို့ပင် ရိုးစင်းစွာ အစပျိုးတတ်ကြောင်း အတော်နောက်ကျမှ ကျွန်တော်သိခွင့်ရခဲ့၏။ ထိုသို့သိချိန်မှာတော့ ကျွန်တော့်ရောဂါအခြေအနေက အတော့်ကို ဆိုးဝါးစွာ ကျွမ်းလောင်နေပြီး ဖြစ်သည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



တနည်းအားဖြင့် ကျွန်တော် တာရာ့ကို လွန်လွန်ကျူးကျူး ချစ်နေမိပြီး ဖြစ်သည်။

ထိုသို့ တာရာအား အမြတ်တနိုးချစ်မိသွားသော ကျွန်တော်နှင့်-

ကျွန်တော့်အား ချစ်သည်ဟု ပြောရမှာ အလွန် ဝန်လေးသော တာရာတို့သည် စူပါမတ်ကက်ခေါ် ဈေးဆိုင်ကြီး တစ်ခုအတွင်း၌ ဈေးဝယ်သူနှင့်ဈေးရောင်းသူအဖြစ် စတင် ဆုံဆည်းခဲ့ကြခြင်းဖြစ်သည်။

တကယ်တော့ ကျွန်တော်က စတိုးဆိုင်တို့၊ စူပါမတ်ကက်တို့ကိုသွားလေ့ရှိသူ မဟုတ်ပါ။ ကျွန်တော့်သူငယ်ချင်း ဖိုးကျော်ကတော့ ထိုနေရာများသို့ သွား၍ အရောင်းစာရေး မလေးများအား ငမ်းရန်အလွန်ဝါသနာပါသူဖြစ်သည်။

ထို့ကြောင့် တစ်ရက် ဖိုးကျော်က ကျွန်တော့်အား စူပါမတ်ကက်တစ်ခုသို့ သွားရန် အဖော်ညှိလာသောအခါ ထိုကိစ္စကြောင့်ဟုပင် ကျွန်တော်ထင်မှတ်လိုက်သည်။

"မင်းအကြံ ငါသိပါတယ် ဖိုးကျော်ရာ၊ခြေညောင်းခံပြီး ဟိုလျှောက်ဒီလျှောက်နဲ့ အရောင်းစာရေးမလေးတွေကို လိုက်ငမ်းမလို့မဟုတ်လား၊ တကယ်ဝယ်မှာ မဟုတ်ဘဲနဲ့တော့ အဖော်လိုက်မပေးနိုင်ဘူး ကိုယ့်လူ၊ မင်းဘာသာမင်း သွား"

"တကယ်ဝယ်မှာပါကွ၊ အဖော်လိုက်ခဲ့စမ်းပါ"





"အေး တကယ်ဝယ်မှာဆိုရင်တော့ လိုက်ပေးမယ်၊ ဒါနဲ့ နေစမ်းပါအုံး၊ မင်းက ဘာဝယ်မှာလဲ"

"နို့သီးခေါင်း"

ဖိုးကျော်၏ အဖြေကြောင့် ကျွန်တော် တအံ့တဩ ဘုရားတလိုက်မိသည်။

"မြတ်စွာဘုရား၊ မင်း ဘာအရူးထတာလဲ"

"အရူးထတာမဟုတ်ဘူး မြတ်မင်းခန့်၊ ငါ့အစ်မက သူ့ကလေးအတွက် နို့သီးခေါင်းဝယ်ခိုင်းလိုက်လို့ ငါ့မှာ ဒုက္ခရောက်နေတာ"

ဖိုးကျော်က ခေါင်းကို တဗျင်းဗျင်းကုတ်ရင်းသူ့ဒုက္ခကို ငြီးပါသည်။

"ငါက နို့သီးခေါင်းကို နို့ဗူးနဲ့ တွဲလျက်ပဲမြင်ဖူးတာ၊ ဒီတိုင်းမမြင်ဖူးဘူး၊ ငါ့အစ်မကပြောတော့ နို့သီးခေါင်းပဲ သပ်သပ်ရောင်းတာရှိတယ်တဲ့။ အဲဒါ ရှာဝယ်လာခဲ့ပါတဲ့။ နို့သီးခေါင်းအတိုင်း ဗန်းထဲထည့်ရောင်းရင်တော့ ရှာဝယ်ရတာ လွယ်တာပေါ့၊ အခုတော့ ဗူးနဲ့လာတာတဲ့။ ဗူးပေါ်မှာ နို့သီးခေါင်းပုံ ရေးထားလားလို့မေးတော့ ငါ့အစ်မကလည်း သေသေချာချာ မဖြေနိုင်ဘူး"

"အင်း မင်းဒုက္ခကလည်း မသေးပါလား"

"မသေးရုံတင်မဟုတ်ဘူး၊ 'တော်တော့်ကို ကြီးမားတဲ့ ဒုက္ခပါကွာ၊ ဒါကြောင့် မင်းကို အဖော်လိုက်ပေးဖို့ အကူအညီ တောင်းနေရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သည်လိုဆိုတော့လည်းကျွန်တော့်သူငယ်ချင်းဖိုးကျော်ခမြာ အတော်သနားစရာကောင်းလှပါသည်။ အားကိုးတကြီးအကူအညီတောင်းလာသော ဖိုးကျော်ကို နှစ်သိမ့်လိုက်၏။

"မပူပါနဲ့ကွာ၊ ငါ အဖော်လိုက်ပေးပါ့မယ်"

"မင်းရော၊ နို့သီးခေါင်းဝယ်ဖူးတယ် မဟုတ်လားမြတ်မင်းခန့်"

"မင်းကြီးဒေါ်၊ ငါလည်း ဘယ်ဝယ်ဖူးမှာလဲ"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ကြည့်လုပ်ကြတာပေါ့ကွာ"

ပြောသာပြောလိုက်ရသော်လည်း ကျွန်တော် ကိုယ်တိုင်လည်း ဘယ်လိုလုပ်ရမှန်းမသိပါ။ ဖိုးကျော်ပြောသလို ဗူးပေါ်၌ နို့သီးခေါင်းပုံလေးပါလျှင်တော့ အကြောင်းမဟုတ်။ အကယ်၍ ပုံမပါဘဲ စာချည်းသက်သက် ရေးထားလျှင် ပြဿနာ-

"ဖိုးကျော်၊ နို့သီးခေါင်းကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ မင်းသိလား"

"ဟ ငါက အင်္ဂလိပ်စာ မင်းထက်ညံ့တာ၊ မင်းတောင်မသိရင် ငါက ဘယ်လိုလုပ်သိမှာလဲ"

"အင်း နေအုံး၊ နို့ဗူးကတော့(Feeding Bottle) လို့ခေါ်တယ် ထင်တာပဲ"

"နို့ဗူးတိုက်တဲ့ကလေးကို (Bottle Feed Baby) လို့သုံးတယ်၊ ဒီတော့ နို့ဗူး ထိပ်ကအရာကို"





ကျွန်တော် စဉ်းစားရင်းခေါင်းတွေသာ မူးလာသည်။ အဖြေမပေါ်သည့်အဆုံး ကျွန်တော်နှင့်ဖိုးကျော် ထို ပြဿနာအား အရိုးရှင်းဆုံး နည်းလမ်းဖြင့် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ကြသည်။

ကျွန်တော်တို့နှစ်ယောက်၏ နည်းက အလွန်ကို ရိုးစင်းလှပါသည်။

"ဒီမှာဗျာ၊ တဆိတ်လောက် နို့သီးခေါင်းလေးများ ရနိုင်မလား"

"ဘာရှင့်"

"ဘာရှင့်လား၊ဘာလား၊ အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲတော့မသိဘူး၊ ဟိုလေ မြန်မာလို ကလေးတွေ စို့တဲ့ နို့သီးခေါင်းကိုပြောတာပါ၊ အဲဒါလေးများရှိမယ်ဆိုရင် လိုချင်လို့ပါ"

ဖိုးကျော် ဝင်မေးသောကောင်တာက နို့သီးခေါင်းလို ကလေးပစ္စည်းနှင့် ဘယ်လိုမှ မပတ်သက်သောအမျိုးသမီးအလှကုန်ပစ္စည်းရောင်းသည့် ကောင်တာဖြစ်သည်။ အမေးမတတ်တော့ ဘေးဖြစ်တတ်သည်ဟူသောစကားမှာ အလွန်မှန်ပါသည်။ ယခုပင်ကြည့်-

ဖိုးကျော်၏ စကားကို အရောင်းစာရေးကောင်မလေးက ဘယ်လိုယူဆသွားသည်မသိ၊ စားတော့ဝါးတော့မတတ်မျက်နှာနှင့်လှမ်းကြည့်နေသဖြင့် မနေသာတော့ဘဲ ကျွန်တော်ဝင်ပါရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုပါဗျာ၊ တစ်မျိုးမထင်ပါနဲ့၊ ကျွန်တော့်သူငယ်ချင်းက ကလေးတွေနို့ဗူးတိုက်တဲ့အခါ သုံးတဲ့ နို့သီးခေါင်းဝယ်ချင်လို့ပါ၊ အဲဒါ ဒီကောင်တာမှာများ ရနိုင်မလားလို့ ဝင်မေးမိတာ”

အရောင်းစာရေးမလေး၏ မျက်စောင်းလှလှလေးက ကျွန်တော့်ဆီသို့ ပြောင်းရွှေ့ရောက်ရှိလာသည်။

“မရဘူး၊ ရှင်တို့ပြောတဲ့ဟာ ဒီလို ကောင်တာမျိုးမှာရောင်းမလား၊ နည်းနည်းပါးပါးလည်း စဉ်းစားအုံးမှပေါ့”

ကောင်မလေးက ကျွန်တော့်ကို စွတ်ဟောက်ပါတော့သည်။

“ဟုတ်ကဲ့အများကြီး စဉ်းစားပြီးမှ ဝင်မေးတာပါ၊ တကယ်တော့ နို့ဗူးတို့၊ နို့သီးခေါင်းတို့ဆိုတာကလေးပစ္စည်းဆိုပေမယ့် မိခင်တွေနဲ့ပဲ ပိုပြီးဆိုင်တာပါ။ မိခင်ဆိုတာ အမျိုးသမီးတွေမို့ အမျိုးသမီးပစ္စည်းရောင်းတဲ့ ခင်ဗျားကောင်တာမှာ ဝင်မေးတာပါ”

“အပိုတွေ ပြောမနေနဲ့၊ ရှင်တို့ ကျွန်မကိုတမင်လာနောက်နေကြတာ မဟုတ်လား”

တကယ့် စွာကျယ်မလေးပါပဲ။

ဘာကြောင့်မှန်း မသိဘူး၊ အဲဒီ့ စွာကျယ်မလေးကို အဲဒီအချိန်မှာပဲ ကျွန်တော် သေသေချာချာကို ချစ်မိသွားတာပါ။





“နေစမ်းပါအုံး ခင်ဗျားက ကျွန်တော်တို့ တမင်နောက်နေတာလို့ ဘာဖြစ်လို့ ထင်ရတာလဲ”

ကောင်မလေးက ဒါမျိုးတွေ ရိုးနေပြီဆိုတဲ့ ပုံမျိုးနဲ့ ကျွန်တော်တို့ကိုခပ်စူးစူးတစ်ချက်ကြည့်ရင်း နှုတ်ခမ်းကို မဲ့လိုက်၏။

“ရှင်တို့ပုံက ကလေးအဖေပုံတွေမဟုတ်ဘူး၊ တမင်လာကြောင်နေကြတာ အသိသာကြီး”

“ခင်ဗျားရဲ့ ဒုတိယအဆို မမှန်ပေမယ့် ပထမထင်မြင်ချက်ကတော့ သွေးထွက်အောင်မှန်ပါပေတယ်။ ခင်ဗျားထင်သလို ကျွန်တော်တို့နှစ်ယောက်စလုံး လူပျိုတွေပါ၊ ကျွန်တော်ဆိုရင် ရည်းစားတောင် တစ်ခါမှ မထားဖူးတဲ့ တကယ့်လူပျိုစစ်စစ်ကလေး၊ ကျောင်းတုန်းကဆိုရင် ကျွန်တော့်ကိုကြိုက်တဲ့ကောင်မလေးတွေ တန်းစီနေတာပေါ့၊ ဒါပေမယ့် ကျွန်တော်ကတော့ တစ်ယောက်မှ ပြန်မကြိုက်ခဲ့ပါဘူး၊ တချို့ဆို. . ”

ကျွန်တော့်စကားအဆုံးသတ်ခွင့်မရလိုက်။

အကြောင်းကတော့ ကောင်မလေးမျက်နှာရိပ်မျက်နှာကဲလှမ်းပြလိုက်တာကြောင့် လုံခြုံရေးဝန်ထမ်းတစ်ယောက်ကျွန်တော်တို့နားသို့ ရောက်ရှိလာခြင်းကြောင့်ပဲ ဖြစ်သည်။

“နောင်ကြီးတို့ကြည့်ရတာ ပြဿနာ တစ်ခုခုရှိနေပုံပဲ၊ ကျွန်တော် ကူညီနိုင်တာများရှိရင်သိပါရစေ”



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးဝန်ထမ်းက အတော့်ကို ယဉ်ကျေးသူ ဖြစ်၏။

ထိုပုဂ္ဂိုလ်အား ဤပြဿနာထဲသို့ ဆွဲခေါ်ရမှာအားနာသော်လည်း မတတ်နိုင်ပါ။ ကျွန်တော်တို့အကျင့်ကိုက မရစ်လျှင်အရှင်း။ ရစ်မိလျှင် ဂျပန်ဝက်အူကပင် ဆလံသရသူဖြစ်သည်။

"ခင်ဗျားစကားထဲမှာ ပြဿနာဆိုတဲ့ စကားလုံး ကြားလိုက်မိတယ်၊ သိပ်သေချာတာပေါ့၊ အသေအချာကို ပြဿနာဖြစ်နေတာ ခင်ဗျား(ကာစတမ်မာရိုက်စ်)တို့(ကွန်ဆူးမားရိုက်စ်)တို့ ကြားဖူးမှာပေါ့"

ကျွန်တော့်စကားအား လုံခြုံရေးဝန်ထမ်းက ခပ်ကြောင်ကြောင်ပုံစံဖြင့် ခေါင်းညိတ်တုန့်ပြန်သည်။

"ဘောဂဗေဒမှာ ဝယ်ယူဘက်က အမြဲမှန်သည်ဆိုတဲ့ စကားရှိတယ်"

"ဟုတ်ကဲ့"

"ခု ပြဿနာကတော့ ကျွန်တော်တို့ဝယ်ချင်တဲ့ပစ္စည်းကို ရောင်းနိုင်မရောင်းနိုင် ပြန်မပြောဘဲ ကျွန်တော်တို့ နှစ်ယောက်ကိုလာနောက်နေသူတွေဆိုပြီး အစွပ်စွဲခံနေရတဲ့ ပြဿနာပဲ"

ကျွန်တော့်စကားအဆုံး ကောင်မလေးက ၎င်း၏ မျက်နှာလှလှလေးကို ရှုံ့မဲ့ပြရင်း နှုတ်ခမ်းကိုသွားနှင့် ဖိကိုက်လိုက်သည်။





မတော်တဆ ပေါက်ပြဲသွားမှုဖြင့် မဆီမဆိုင် သူ့နှုတ်ခမ်းလေးအတွက် ကျွန်တော် စိုးရိမ်လိုက်မိပါသေးသည်။ ထိုအချိန်မှာပင် လုံခြုံရေးဝန်ထမ်းက ကျွန်တော်တို့အား မေးသည်။

"နောင်ကြီးတို့ ဝယ်ချင်တဲ့ပစ္စည်း သိပါရစေ"

ကျွန်တော့်ကိုယ်စား ဖိုးကျော်က ဝင်ဖြေပါသည်။

"ကျွန်တော်တို့ ဝယ်ချင်တာ မှူးယစ်ဆေးဝါး"

"ဗျာ"

"အဲဒီ မူးယစ်ဆေးဝါးလို့ ဥပဒေနဲ့ မလွတ်ကင်းတဲ့ပစ္စည်းမဟုတ်ဘူး၊ ကျွန်တော်တို့ ဝယ်ချင်တာ နို့သီးခေါင်း"

နောက်ဆုံးတော့ ကျွန်တော်တို့နှစ်ယောက် မန်နေဂျာ၏ ရုံးခန်းသို့ ခန့်ခန့်ကြီး ရောက်ရှိသွားသော်လည်း ကျွန်တော်တို့အလိုရှိသော နို့သီးခေါင်းနှစ်ခုကိုတော့ အောင်မြင်စွာ ဝယ်ယူရရှိခဲ့ပါသည်။

ဖောက်သည်ဖျက်ယွင်းမှာ စိုးရိမ်ဟန်တူသော မန်နေဂျာက နောက်လည်း လာအားပေးရန်အတွက် မှာကြားရင်း လုံခြုံရေးဝန်ထမ်းအား ကျွန်တော်တို့နှစ်ယောက်ကို အပေါက်ဝအထိ လိုက်ပို့စေသည်။

ကောင်မလေး၏ ကောင်တာရှေ့မှ ဖြတ်လျှောက်တော့ ကျွန်တော်တို့အား မျက်နှာလွှဲထားသောကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com

ကြားအောင် ဖိုးကျော်က တမင်လေသံကျယ်ကျယ်ဖြင့် ပြောပါသည်။

"မြတ်မင်းခန့် နှုတ်ဆက်လိုက်အုံးလေကွာ၊ လူမှုရေးဆိုတာက ရှိသေးတယ်ကွ၊ မင်းကလည်း ယဉ်ကျေးမှုရှိမှပေါ့"

"ကျေးဇူးပဲ ဖိုးကျော်ရေ၊ ငါ မေ့တော့မလို့ မင်းသတိပေးပေလို့"

ကျွန်တော်ကလည်း ရောင်းသူ၊ဝယ်သူအသံတူအောင် ခပ်ကျယ်ကျယ်ပြန်အော်ရင်း လွှဲထားသော ကောင်မလေး၏ မျက်နှာရှေ့သို့ တမင်သွားရပ်လိုက်ပြီး-

"ကျွန်တော်တို့ ပြန်လိုက်ပါအုံးမယ်"

ကောင်မလေးကလည်း ယဉ်ယဉ်ကျေးကျေးပင် ပြန်နှုတ်ဆက်ပါသည်။

"ခပ်မြန်မြန်သာ ကြွပေတော့"တဲ့။

ကျွန်တော် အသာလှည့်ထွက်လာခဲ့ပြီးမှ ဖြတ်ခနဲ သူ့ဘက်သို့ လှည့်ကာ ပြောလိုက်သည်။

"နောက်မှ ဆုံကြတာပေါ့ တာရာ"

တာရာဟူသော သူ့အမည်ကို ခေါ်လိုက်သဖြင့် တအံ့တဩဖြစ်ဟန်နှင့်ကျွန်တော့်အား ဖြတ်ခနဲလှမ်းကြည့်ချိန်၌ ကျွန်တော် သူ့ကိုမျက်စေ့တစ်ဖက် မှိတ်ပြလိုက်ပြီး ခပ်တည်တည်ဆက်ထွက်လာခဲ့သည်။





တကယ်တော့ မန်နေဂျာရုံးခန်းထဲ၌လုံခြုံရေးဝန်ထမ်း၏ ခပ်တိုးတိုးပြောဆိုတိုင်ကြားမှုမှတဆင့် တာရာဟူသော အမည်အား အလွန်နားပါးသည့် ကျွန်တော်က ကြားသိခဲ့ခြင်းဖြစ်သည်။

ဘယ်လောက်လှလိုက်တဲ့ နာမည်လဲ။

တာရာ. . . တဲ့။

လမ်းပေါ်ရောက်တော့ ဖိုးကျော်က ကျွန်တော့်ပခုံးကို ပုတ်ရင်း ချီးကျူးစကားဆိုသည်။

"မင်းတော်တော်လျင်တဲ့အကောင်ပဲ၊ မန်နေဂျာနဲ့ လုံခြုံရေးဝန်ထမ်းနဲ့ ဒီလောက်တိုးတိုးလေးပြောနေတာတောင် တာရာဆိုတဲ့နာမည်ကို ကြားဖြစ်အောင် ကြားလိုက်သေးတယ်"

"လျင်တာမဟုတ်ပါဘူး၊ နားပါးလို့ပါ"

"ဘာပဲဖြစ်ဖြစ် ဟောဒီ ဂန္ဓဝင်နို့သီးခေါင်းနှစ်ခုကိုတော့ ငါ့အစ်မကို မပေးတော့ဘူး၊ ငါပဲ သိမ်းထားလိုက်တော့မယ်"

ဘာလုပ်မလို့လဲဟု ကျွန်တော်မေးတော့ ဖိုးကျော်က ခပ်ဖြဲဖြဲ၊ မျက်နှာဖြင့်-

"မင်းနဲ့တာရာနဲ့ မင်္ဂလာဆောင်ရင် လက်ဖွဲ့မလို့"

ဖိုးကျော်၏ စကားကြောင့် ကျွန်တော့်မျက်မှောင်ကျုံ့လိုက်ပြီး ခပ်ဆတ်ဆတ်ပြောလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဖိုးကျော်"

"ဘာလဲ"

"နောက်ကို အဲဒီလို မင်္ဂလာရှိတဲ့ စကားတွေ ခဏခဏ ပြောစမ်းကွာ"

ဖိုးကျော်ကြောင်သွားပြီးမှ ကျွန်တော့်အား ခွေးကောင်ဟု ခပ်တိုးတိုးလှမ်းဆဲလေသည်။

❑





(၂)

နောက်မှဆုံကြတာပေါ့တာရာဟု ပြောခဲ့သည့်အတိုင်း နောက်နှစ်ရက်အကြာ၌ တာရာ့ရှေ့သို့ ကျွန်တော် အမှန်တကယ်ရောက်ရှိသွားပါသည်။

ကျွန်တော့်ကိုတွေ့သည်နှင့်အဖော်မိန်းကလေးတစ်ဦးနှင့် ရယ်ရယ်မောမောစကားပြောနေသောတာရာ့ မျက်နှာက ချက်ချင်းပင် လင်ပုတ်ဖမ်းကာ စူပုတ်သွားတော့သည်။ ကျွန်တော်ကလည်း ရယ်ရယ်မောမော ကြိုဆိုလိမ့်မည်ဟု မျှော်လင့်မထားသဖြင့်-

သူ့မျက်နှာအမူအရာနှင့်ပတ်သက်၍ မည်သို့မျှ ခံစားမနေဘဲ ၎င်းရှေ့တည့်တည့်၌ ခပ်တည်တည် သွားရပ်လိုက်သည်။ လင်ပုတ်မလေး ဖြတ်ခနဲ မျက်လုံးလှန်လျက် တစ်ချက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နို့ဗူးတို့ နို့သီးခေါင်းတို့ ဝယ်ဖို့ဆိုရင်တော့ ရှင် ကောင်တာ မှားနေပြီ"

"မမှားပါဘူး၊ ကိုယ်လက်သည်းဆိုးဆေးဝယ်ချင်လို့ပါ"

ကျွန်တော်တို့နှစ်ယောက် အချီအချပြောနေစဉ်မှာ ပင် အဖော်မိန်းကလေးဖြစ်သူ တာရာ့အား လှမ်းမေးသည်။

"တာရာ ရှင်ပြောတဲ့ တစ်ယောက်က ဒီပုဂ္ဂိုလ်လား"

"ဟုတ်တယ်"

သူတို့ချင်းသာ အဓိပ္ပါယ်နှင့် ဘာတွေပြောထားမှန်း မသိသော်လည်း ကျွန်တော်ခံရတော့မည်ဆိုတာကိုတော့ အလို လို ရိပ်မိလိုက်သည်။ သိုင်းဝတ္ထုတွေထဲက စကားကိုငှားသုံးရ လျှင်တော့ အန္တရာယ်အရိပ်အငွေ့ကို ရရှိခံစားလိုက်ရသည်ဟု ဆို ရပါလိမ့်မည်။

ထင်သည့်အတိုင်းပါပဲ။

အဖော်မိန်းကလေးက စတင်တိုက်ခိုက်ပါတော့သည်။

"တာရာ ရှင်ပြောတော့ ကလေးအဖေသာဆိုတယ် ငယ်ငယ် ရှိသေးတာပဲ"

"တို့လည်းသေချာမသိပါဘူးမျိုးရယ်၊ ရှင့်ဘာသာရှင် မေးကြည့်ပါလား"

တာရာခင်းပေးလိုက်သည့်လမ်းကြောင်းအတိုင်း မျိုး ဟူသည့် အဖော်မိန်းကလေးက ပွင့်ပွင့်လင်းလင်း ဆက်လက် တိုက်ခိုက်သည်။





"စပ်စုတယ်လို့ မထင်နဲ့နော်၊ ရုပ်ရည်ကလေး သနား ကမားနဲ့မို့ သိချင်လို့မေးကြည့်တာ၊ ရှင်က ကလေးအဖေဆို ရှင့်ကလေးကော ခေါ်မလာဘူးလား"

ဒီလောက် ရိုးစင်းသော တိုက်ကွက်ကိုငုံ့ခံနေလျှင် ကျွန်တော်ညံ့ရာကျသွားပါလိမ့်မည်။

ထို့ကြောင့် မျိုးဟူသည့် ညိုညက်ညက်မိန်းကလေးကို ခပ်တည်တည်ပြန်ကြည့်ရင်း ပြောလိုက်သည်။

"ဆောရီးဗျာ။ ကျွန်တော့်မှာ ကလေးတွေကများတော့ ခင်ဗျား ဘယ်တစ်ယောက်ကိုပြောမှန်းမသိဘူး"

"ရှင် နို့ဗူးတိုက်နေရတယ်ဆိုတဲ့ တစ်ယောက်လေ"

"သြော် အငယ်ဆုံးလေးကိုပြောတာလား၊ အခုပဲ ကျောင်းဝင်ပို့ခဲ့တယ်"

"ဟုတ်လား ဘယ်ကျောင်းမှာထားလဲ"

"ရန်ကုန်ဝိဇ္ဇာသိပ္ပံမှာလေ၊ မဟာသိပ္ပံတက်နေတယ်"

ဘယ်ရမလဲ ကျွန်တော်လည်း ခေသူမှမဟုတ်တာ။

တာရာက မျက်နှာကိုတစ်ဖက်လှည့်ကာ ပြုံးလိုက်ပြီး မျိုးကတော့ အသံထွက်က ခစ်ခနဲ တစ်ချက်ရယ်လိုက်သည်။

"ခု ဘာလာဝယ်တာလဲ၊ နို့သီးခေါင်းပဲလား"

"မဟုတ်ဘူး။ လက်သည်းဆိုးဆေးလိုချင်လို့"

"ရှင်ဆိုးဖို့လား၊ ရှင့်မိန်းမဆိုးဖို့လား"

"နောက်ထားမယ့် ရည်းစားအသစ်အတွက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိတော့သူတို့ ကျွန်တော့်ကို အနိုင်မရသေးပါဘူး။

တစ်ဖက်နှင့်တစ်ဖက် အမှတ်တူနေသော်လည်း အချိန်ကြာလာပါက နှစ်ယောက်တစ်ယောက်ဖြစ်နေသဖြင့် ကျွန်တော့်ဘက်က အရေးနိမ့်လာနိုင်ကြောင်း တွေးလိုက်မိပြီး စိတ်ကူးတည့်ရာ လက်သည်းဆိုးဆေးတစ်ပုလင်းကို လက်ညှိုးထိုးပြကာ ဝယ်ယူလိုက်ပါသည်။

"ဒီဆိုင်က ဝယ်ပြီးပစ္စည်း ပြန်လဲမပေးဘူးနော်၊ နောက်မှ ဟကြောင်းရှာပြီး လာလဲဖို့ မကြိုးစားနဲ့"

ကျွန်တော်ပစ္စည်းပြန်လဲချင်လို့ပါဆိုသည့်အကွက်မျိုး ထွင်မှာစိုးသဖြင့် တာရာက ခပ်ပြတ်ပြတ်ပြောသည်။

"စိတ်မပူပါနဲ့၊ တို့ဒီလောက် ကလေးဆန်တဲ့နည်းတွေ သုံးဖို့ အစီအစဉ်မရှိပါဘူး။ ဒါနဲ့ စကားမစပ် မင်းလက်သည်းတွေဘာတွေတော့ကိုယ်တိုင်ဆိုးတတ်တယ်မဟုတ်လားတာရာ"

"သိပ်ဆိုးတတ်တာပေါ့၊ ဒါပေမယ့် ခု ရှင်ဝယ်တဲ့ ခပ်ညံ့ညံ့အမျိုးအစားမျိုးဆိုရင်တော့ လက်သည်းမပြောနဲ့၊ ခြေသည်းတောင် ကိုယ်တိုင်မဆိုးဘူး"

ကျွန်တော် စိတ်ကူးယဉ် ရူးသွပ်နေမှုအား ကြိုသိနေသည့်အတွက် စိတ်ထဲမှ ကြိတ်ကာအမှတ်ပေးလိုက်မိသော်လည်း သူ့စကားကိုတော့ ချက်ချင်းပင် တုန့်ပြန်လိုက်ပါသည်။

ဉာဏ်ဝင်းအောင်



"ကိုယ်ဝယ်တဲ့အမျိုးအစားနဲ့ပတ်သက်ပြီး မင်းဘာ မှ စိတ်ပူမနေနဲ့တာရာ၊ ဒီလက်သည်းဆိုးဆေးက မင်းကိုလက်ဆောင်ပေးဖို့မဟုတ်ဘူး၊ အိမ်မှာမွေးထားတဲ့ ခွေးမလေးကို အပျင်းပြေ ခြေသည်းဆိုးပေးမလို့"

ကဲ နောက်ဆုံးတော့ သရေပဲ မဟုတ်လား။

ကျွန်တော်လှည့်ထွက်လာတော့ 'လဲသေလိုက်ပါလား' ဟူသောတာရာ့အသံစွာစွာလေးက ကျွန်တော့်နောက်မှ ထပ်ချပ်မခွာ လိုက်ပါလာသည်။

လောလောဆယ်တော့ ကိုယ်မသေချင်သေးဘူး တာရာ။

မင်းကိုချစ်ဖို့အတွက် အသက်ရှင်နေချင်သေးသည်။

ကျွန်တော့်အသည်းနှလုံးမှတဆင့် တာရာ့အသည်းနှလုံးကို တိုးတိုးလေး လှမ်းပြောလိုက်မိသည်။ (သူ ကြားနိုင်ကောင်းပါရဲ့)

❑

ဉာဏ်ဝင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာသွားလုပ်တာလဲ"

ကျွန်တော် တာရာ့ဆီရောက်ခဲ့ကြောင်း ပြောပြလိုက်တော့ ဖိုးကျော်က တအံ့တဩပြန်မေးသည်။

"ဘာရယ်မဟုတ်ပါဘူး။ သူ့မျက်နှာလေး မြင်ချင်တာနဲ့ အကြောင်းမရှိ အကြောင်းရှာပြီး လက်သည်းဆိုးဆေး တစ်ပုလင်းသွားဝယ်တာပါ၊ နောက်တစ်ချိန် သူ့ကို ပေးချင်ပေးလို့ရအောင်"

"ကြောင်ပါ့ကွာ"

သို့သော် ကျွန်တော်တကယ်မကြောင်မှန်း ဖိုးကျော်ကောင်းစွာ သိပါသည်။

"မင်း တာရာ့ကိုကြိုက်နေပြီလား မြတ်မင်းခန့်"

"ကြိုက်နေတာတော့ မဖြစ်နိုင်ပါဘူး"

"ဒါဖြင့် ဘာဖြစ်နေတာလဲ"

"ငါ့စိတ်ထင်တော့ ချစ်နေပြီထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်လိုက်ဟ"

ဖိုးကျော်က သူ့နဖူးသူရိုက်ပြီး တအားထအော်သဖြင့် လက်ဖက်ရည်ဆိုင် စားပွဲထိုးလေးက ဖိုးကျော်နားသို့ အပြေးအလွှားရောက်လာပြီး အူကြောင်ကြောင်အမူအယာနှင့် မေးသည်။

"ဘာလုပ်ရမှာလဲ အစ်ကို၊ အကြော်နဲ့နှစ်ပွဲလား"

"အကြော်နဲ့ နှစ်ပွဲမဟုတ်ဘူး၊ တာယာနဲ့ ကွန်ပေါင်း"

"ဟာအဲဒါတော့ကျွန်တော်တို့ဆိုင်မှာရမယ်မထင်ဘူး"

"မရရင်လည်း သွားတော့ကွာ၊နောက်မှစားတော့မယ်"

"ဟုတ်ကဲ့"

စားပွဲထိုးလေးပြန်ထွက်သွားတော့မှ ဖိုးကျော်ရော ကျွန်တော်ပါ ဟက်ဟက်ပတ်ပတ် ရယ်မောလိုက်မိသည်။ အားရအောင်ရယ်ပြီးတော့မှ ဖိုးကျော်က မျက်နှာပိုးသပ်ကာ ကျွန်တော့်အား အကောင်းဆုံးအကြံတစ်ခုပေးပါသည်။

ကြိုက်နေရင်မငိုက်နဲ့ မြန်မြန်သာ ထလိုက်တဲ့။

ဖိုးကျော်၏ အကြံဉာဏ်က ဘီယာတစ်ဝိုင်းစာ တန်သဖြင့် ၄င်းအား ဘီယာတိုက်ရန် ကျွန်တော် ကတိပေးလိုက်ရသည်။ ကျွန်တော့်ထံမှ ကတိစကားရသည်နှင့် ဖိုးကျော်က ချက်ချင်းပင်ဘီယာဆိုင်သွားမည်လုပ်နေသဖြင့် နောက်တစ်နေ့မှ သွားရန် မနည်းဖျောင်းဖျရသည်။





"မနက်ဖြန် ကိုဇော်ကြီးအလုပ်ကိစ္စအတွက် နယ်သွားတာ ပြန်ရောက်မယ်၊ ငါက သူပါ -ပါစေချင်လို့ပါ"

ကိုဇော်ကြီးနှင့်ကိုင်ပေါက်တော့မှ ဖိုးကျော်ငြိမ်သွား၏။

တကယ်တော့ ကိုဇော်ကြီးက ကျွန်တော်တို့၏ သူငယ်ချင်းဆိုလည်း ဟုတ်သလို အစ်ကိုဆိုလျှင်လည်း မမှား။ နိုင်ငံခြား၌ နှစ်ပေါင်းများစွာ အလုပ်မျိုးစုံလုပ်ကိုင်ခဲ့သူဖြစ်ပြီး ရန်ကုန်ပြန်ရောက်သည့် တစ်နှစ်ကျော်ကာလအတွင်း၌လည်းနိုင်ငံခြားကုမ္ပဏီတစ်ခု ဒေသခံအကြံပေးရာထူးဖြင့် ဒေါ်လာရရှိနေသူဖြစ်သည်။

ဖိုးကျော်အစ်ကိုနှင့် ကိုဇော်ကြီး သင်္ဘောတစ်စီးထဲ လုပ်ကိုင်ခဲ့ဖူးသဖြင့် ၄င်းမှတဆင့် ကျွန်တော်တို့နှင့်သိကျွမ်းခဲ့ရခြင်းဖြစ်သည်။ ဖိုးကျော်အစ်ကိုက ယခုတိုင် သင်္ဘောလိုက်နေခဲ့ဖြစ်သော်လည်းကိုဇော်ကြီးကတော့ မြန်မာပြည်မှာပဲ အခြေချမယ်ဟု ကြွေးကြော်ပြန်ရောက်လာခဲ့သည်မှာ တစ်နှစ်ခွဲခန့်ရှိပြီ။

ကျွန်တော်တို့ထက် အသက်အားဖြင့်ကော၊ ငွေကြေးဂုဏ်ရှိန်အားဖြင့်ပါ ကြီးမားသည့်တိုင် ဖိုးကျော်ကိုရော ကျွန်တော့်ကိုပါ သူငယ်ချင်းပေါင်း ပေါင်းတတ်သည်။

ကျွန်တော်တို့ကိုလည်း နိုင်ငံခြားမထွက်ရန် မကြာခဏ ဆုံးမလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်နိုင်ရင် ကိုယ့်တိုင်းပြည်ထဲမှာပဲ ကြီးပွားအောင် လုပ်စမ်းပါကွာ"ဟု ကိုဇော်ကြီး ကျွန်တော်တို့ကို တိုက်တွန်းခဲ့သော်လည်း တကယ်တော့ ဖိုးကျော်ရော၊ ကျွန်တော်ပါ ကိုဇော်ကြီးမသိအောင် နိုင်ငံခြားထွက်ရန် စီမံထားကြပြီးဖြစ်သည်။

ဖိုးကျော်က ဝါသနာကြောင့်ဖြစ်ပြီးကျွန်တော်က အိမ်၏ စီးပွားရေးအခြေအနေကြောင့်ဖြစ်သည်။ ကျွန်တော့်အိမ်၏ ဘဏ္ဍာရေးအခြေအနေအရ ကျွန်တော် နိုင်ငံခြားမထွက်၍ မဖြစ်တော့။

ဒယ်ဒီက ပင်စင်ယူပြီးသည်နှင့်အချိန်ကိုက်ဆိုသလို ကိုယ်တစ်ခြမ်းလေဖြတ်သွား၏။ မာမီကတော့ စိန်-ရွှေ အရောင်းအဝယ်လုပ်နေရာမှ မြေကွက်တွေ ခေတ်ကောင်းသဖြင့် မြေအရောင်းအဝယ်လောကထဲ ခုန်ဆင်းရင်း ယခုတော့ မြေကွက်တွေ ဈေးကျသဖြင့် မရှုနိုင်မကယ်နိုင်ဖြစ်နေလေတော့သည်။

အစ်ကိုနှင့်အစ်မ၏ ငွေက မတိုးလှသော်လည်း တင်ရှိနေသော ကြွေးတွေအတွက်အတိုးမှန်မှန် ပေးဆပ်နေရသော အခါ ကျောင်းပြီးကာစ ဘွဲ့ရအသစ်ချပ်ချွတ်ကလေးမျှသာ ဖြစ်သော ကျွန်တော့်အခြေအနေက အလုပ်တစ်ခုခု ရသည်အထိ သည်တိုင်းထိုင်နေ၍ မဖြစ်တော့ပါ။

ဖြတ်လမ်းနည်းတွေကိုပင် ကျင့်သုံးရတော့မည် ဖြစ်သည်။

ဉာဏ်ဝင်းဓာပေ



ဘဝအကြောင်းတွေးလိုက်သည်နှင့်အမောတွေက လှိုက်ခနဲ ပါလာကြ၏။

ကံကောင်းထောက်မစွာ ထိုအမောတွေကြားထဲမှာ မော့ကြည့်စရာ ကြယ်တာရာလေးတစ်ခုရှိသဖြင့် ကျွန်တော် အနည်းငယ် အမောပြေသွားသည်။

မြန်မြန်နိုးချင်ပါရဲ့။ ကိုယ့်ရဲ့ ကြယ်တာရာလေးရယ်။

❑

ဉာဏ်ဝင်းဓာပေ

www.burmeseclassic.com

www.burmeseclassic.com


(၃)

"နေစမ်းပါအုံးကွ၊ ခုပွဲက ဘယ်သူ့ပွဲလဲ၊ ဘာအတွက် ကိုက်တာလဲ"

ကိုဇော်ကြီးက ထုံးစံအတိုင်းကွမ်းယာကို ပါးစောင်မှာ ထားရင်း အာလုပ်သံဖြင့် လှမ်းမေးသည်။ စည်ဘီယာဂျားကို ထိုင်၍ ခွက်များထဲသို့ အမြှုပ်မထအောင်လိုက်ငှဲ့နေသော ဖိုး ကျော်က ကျွန်တော့်ကိုယ်စား ဝင်ဖြေသည်။

"ပွဲပေးသူကတော့ မြတ်မင်းခန့်ပဲကိုဇော်ကြီး၊ ကွင်းဖွင့် အထိမ်းအမှတ်အနေနဲ့ပေးတာ"

"ဘာလဲကွ၊ ကွင်းဖွင့်ပွဲဆိုတာ"

"ဒီလို ကိုဇော်ကြီးရဲ့၊ ဒီကောင် ကောင်မလေးတစ် ယောက်ကို လိုက်တော့မလို့၊ အဲဒီအတွက် ကျွန်တော်တို့ကို ဧည့်ခံပသတဲ့အနေနဲ့ ဘီယာတိုက်တာ"

"ဟော တကယ်လား မင်းခန့်"

ဘုတ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ကိုဇော်ကြီး၊ ကွင်းပိတ်ပွဲကျရင် ဝီစကီ တိုက်မယ်"

ကျွန်တော် ခပ်ကြွားကြွားပြောလိုက်တော့ ကိုဇော်ကြီး က မျက်ခုံးထူထူနှစ်ဖက်ကို ပင့်ရင်း "ဟ တယ်သေချာနေပါ လား"ဟု ရေရွတ်၏။

"သေချာမှုဆိုတာ ယုံကြည်မှုနဲ့ဆိုင်တယ် ကိုဇော်ကြီး ရဲ၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတဲ့သူတိုင်းမှာသေချာမှုရှိတယ်"

"အိုကေ ကြိုက်သွားပြီ မြတ်မင်းခန့်။ ဒီပုံတိုင်းဆိုရင် ဒီပွဲမှာ မင်းအောင်မြင်မှာ သေချာတယ်၊ ငါ ဗေဒင်ဟောလိုက် မယ်ကွာ၊ သိပ်မကြာခင် မင်း ငါတို့ကို ဝီစကီတိုက်ရလိမ့်မယ်"

ဘယ်လောက်ချစ်ဖို့ကောင်းလိုက်တဲ့ ကိုဇော်ကြီးလဲ၊

ဒီပုဂ္ဂိုလ် ဗေဒင်တွက်တွတ်မှန်းခူမှုပဲ ကျွန်တော် သိရ တော့တယ်။

"စိတ်ချ ကိုဇော်ကြီး၊ မနက်ဖြန်ကစပြီး ဝီစကီတိုက်ဖို့ အတွက် ကျွန်တော်ငွေစုတော့မယ်"

"မြတ်မင်းခန့်ကို ဒီလောက်ဖမ်းစားနိုင်ပုံထောက်ရင် ကောင်မလေးက အနိမ့်စားလေးဖြစ်ရမယ်"

"ကိုဇော်ကြီးတို့ကတော့တော်ပြီးရင်းတော်ရင်းပဲခုချိန် ထိ ကိုဇော်ကြီးထင်တာတွေ တစ်ခုမှ မလွဲသေးဘူး"

ဖိုးကျော်က "လိုက်လာမိတာ မှားပါတယ်"ဟု ဝင် လှောင်ရင်း ကိုဇော်ကြီးအား-





"သောက်ကောင်းအောင် မြှောက်တာလည်းမြှောက် တာပေါ့၊ ဒါပေမယ့် ဒီကောင်စိတ်ဖောက်ပြန်ပြီး ထွက်ပြေးသွား ရင် ကျွန်တော်တို့ ဘီယာဖိုး ရှင်းမယ့်တကာ မရှိဘဲ ဒုက္ခရောက် နေအုံးမယ် ကိုဇော်ကြီး"

"ငနာ၊ ဒါကြောင့် မင်းကိုစေတနာမရှိတာ"

"သူတော်ကောင်းကို မစော်ကားနဲ့မောင်မြတ်မင်းခန့်၊ ငါ့ကြောင့် မင်းနဲ့တာရာနဲ့ ဆုံဖြစ်ကြတာ၊ ငါ့ရဲ့ကျေးဇူးတွေ မမေ့နဲ့"

"လုပ်စမ်းပါအုံး၊ ဘယ်လိုဆုံဖြစ်ကြတာလဲ"

တစ်ယောက်ကိုတစ်ယောက် မာန်ဖီနေကြသည့် ကျွန် တော်တို့နှစ်ကောင်ကို ပြုံးကြည့်ရင်း ကိုဇော်ကြီးက စိတ်ဝင်တ စားမေးသည်။

"ဆုံဖြစ်ကြတဲ့ အကြောင်းကတော့ နို့သီးခေါင်းကြောင့် ပဲ ကိုဇော်ကြီး"

"ဘာကွ၊ နို့သီးခေါင်းကြောင့်၊ ဟုတ်လား"

ဖြစ်ပုံက ဒီလိုကိုဇော်ကြီးရေဟု အစချီကာ ဖိုးကျော်က ကျွန်တော်နှင့်တာရာ စတင်ဆုံဆည်းဖြစ်ပုံကို ပြောပြသောအခါ ကိုဇော်ကြီးက ဟက်ဟက်ပက်ပက်ရယ်မောလေသည်။

"ဒါဖြင့် ကောင်မလေးနဲ့ ဘုဘောက်ကျခဲ့တာပေါ့၊ မသိပါဘူး၊ ငါက မကြာခင် ဝီစကီသောက်ရတော့မယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးနဲ့ အီစီကလီတွေဘာတွေများ ဖြစ်ခဲ့သေးသလား လို့"

"ဒီနေရာမှာတော့ကိုဇော်ကြီး ညံ့သွားပြီ၊ ခုခေတ်က တွေ့တွေ့ချင်း အီစီကလီ လုပ်တဲ့ခေတ်မဟုတ်တော့ဘူးကိုဇော်ကြီး၊ တွေ့တွေ့ချင်း ဘုဘောက်ကျတဲ့ခေတ်"

"မင်းစကားက အဆန်းပါလား ဖိုးကျော်ရ"

"ခုခေတ် ဗီဒီယိုတွေကို ကိုဇော်ကြီးကြည့်လေ၊ မင်းသားနဲ့ မင်းသမီး စတွေ့တာနဲ့၊ တစ်ယောက်နဲ့တစ်ယောက် စကားများ၊ ရန်ဖြစ်၊ တစ်ယောက်ပါးကိုတစ်ယောက် ရိုက်၊ ဒါပေမယ့် ဇာတ်လည်းသိမ်းရော ညားသွားကြတာချည်းပဲ၊ ဒါကြောင့် တွေ့တွေ့ချင်း တစ်ယောက်နဲ့တစ်ယောက် ဘုဘောက်ကျပြီဆိုရင် နောက်ပိုင်း အဆင်ပြေပြီသာ မှတ်"

ဒီလိုဆိုပြန်တော့လည်း ဖိုးကျော်ကိုဘီယာတိုက်ရတာ ဟန်သွားပြန်ရော။

ခေတ်အမြင်အတွေးပြည့်ဝလှသော ဖိုးကျော် စကားကြောင့် နောက်ပိုင်းဗီဒီယိုကြည့်လျှင် မြန်မာခွေတွေပဲငှားကြည့်ရန် ကျွန်တော်ဆုံးဖြတ်လိုက်သည်။

"ဖိုးကျော်ပြောတဲ့အတိုင်းဆိုရင် ငါတောင်ကောင်မလေးတွေနဲ့တွေ့တဲ့အခါ တမင်ဘုဘောက်ကျအောင် ပြဿနာရှာရမလိုဖြစ်နေပြီ"





"ဘာလဲ ကိုဇော်ကြီးက ကျွန်တော် ရည်းစားထားတော့မယ်ဆိုတာနဲ့ ကျွန်တော့်ကိုအားကျသွားတာလား"

မိန်းမကိစ္စနှင့်ပတ်သက်လျှင် အလွန်ကင်းရှင်းသော ကိုဇော်ကြီးကို ကျွန်တော်တမင်နောက်လိုက်ခြင်းဖြစ်၏။ ထုံးစံအတိုင်း ကိုဇော်ကြီးက ကွမ်း၊ အရဲသားနှင့်သွားတန်းတို့ ရဲခဲဖြစ်သွားအောင်ရယ်မောလျက် ခေါင်းရမ်းရင်း-

"မလုပ်ပါနဲ့ မင်းခန့်ရာ၊ ဒီအရွယ်ကြီးရောက်မှတော့ ကိုယ်ဟာကိုယ် အေးအေးပဲ နေပါရစေ"

"ရည်းစားထားတာပဲ ကိုဇော်ကြီးရာ၊ ဘာဖြစ်တာမှတ်လို့၊ တစ်ခါတစ်လေ အပျင်းပြေအောင် ရည်းစားလေးဘာလေးထားကြည့်ပါလား"

ဖိုးကျော်ကပါ အားတက်သရော ဝင်တိုက်တွန်းသော်လည်း ကိုဇော်ကြီးကတော့ အလွန်ပြတ်သားပါသည်။ အမြှုပ်တစီစီထနေသောဖန်ခွက်အပြည့် ဘီယာတို့ကို တစ်ကျိုက်တည်း မော့ချလိုက်ပြီး မြေပဲအနည်းငယ်ကို ပါးစပ်ထဲသို့ ပစ်သွင်းလိုက်ကာ

"လောကကြီးမှာ အပျင်းပြေသဘောနဲ့ မစမ်းသင့်တဲ့ကိစ္စနှစ်ခုရှိတယ်၊ အဲဒါကတော့. ."

"ရည်းစားထားတာနဲ့ ဘိန်းစားတာပဲ။ အစပိုင်းမှာ အရသာရှိသလိုလိုနဲ့ အခန့်မသင့်ရင် ဘဝဆုံးသွားနိုင်တယ်၊ မောင်ရင်တို့၊ ကိုယ်တော့ အဲဒီကိစ္စတွေကိုမစမ်းရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က ကိုဖော်ကြီး ရည်းစားထားဖူးတယ် ရှိအောင်လို့ပါ"

ဖိုးကျော်စကားက ရယ်စရာမပါဘဲ ကိုဖော်ကြီး တ… ဟားဟားထရယ်သဖြင့် ကျွန်တော် ကိုဖော်ကြီးအားခပ်ကြောင်ကြောင် လှမ်းကြည့်လိုက်မိသည်။ အားရအောင်ရယ်ပြီးတော့မှ ကိုဖော်ကြီး ကျွန်တော်တို့ကို ကြည့်ရင်း ပြောသည်။

"ငါလည်း ထားခဲ့ဖူးပါတယ်ကွာ၊ တစ်ချိန်တုန်းက မင်းတို့အရွယ်သာသာလောက်တုန်းက ရည်းစားထားခဲ့ဖူးတာပေါ့ အဲဒီလိုထားခဲ့လို့ကို ထပ်ထားဖို့ ကြောက်နေတာ"

"ဘာလဲ ကိုဖော်ကြီး အသည်းကွဲခဲ့ဖူးလို့လား"

"အဲဒီကိစ္စတွေ ထားလိုက်ပါတော့ကွာ၊ ဘီယာ… သောက်ရတာ အရသာပျက်ပါတယ်။ နောင် ကြုံရင်တော့ … အေးအေးဆေးဆေး ပြောပြပါ့မယ်"

ကိုဖော်ကြီးက ဒိုင်ပွဲရပ်ကာ စကားကိုဖြတ်ချလိုက်သော်လည်း ကျွန်တော်ကတော့ကိုဖော်ကြီး၏ နှလုံးသားနောက်ခံသမိုင်းကိုခပ်ရေးရေး သဘောပေါက်လိုက်သည်။ ချစ်ကောင်း၏ သီချင်းလိုပင် (ချစ်ဖူးတယ်၊ မလွယ်ဖူး၊ ရှုံးနိမ့်တယ်)ဆိုသည့်အခြေအနေမျိုးနှင့် ကိုဖော်ကြီးကဆိုးစွာ ရင်ဆိုင်တိုးခဲ့ဖူးပါလိမ့်မည်။

ကျွန်တော်ကတော့ကိုဖော်ကြီးလောက် မရင့်ကျက်သေးလို့ပဲလားမသိ။





ဘိန်းမစားသော်လည်းရည်းစားတော့ ထားကြည့်ချင်…သေးသည်။

အဆင်မသင့်လျှင် အသည်းကွဲတတ်မှန်းသိသော်…သည်း အမြဲတမ်းတော့ မဖြစ်တန်ကောင်းဖူး ထင်ပါရဲ့။

ထိုနေ့ည ဝိုင်းသိမ်းတော့ ခပ်နွမ်းနွမ်းဖြစ်နေသော…ကျွန်တော့်ပခုံးကိုပုတ်၍ ကိုဖော်ကြီး အားပေးသည်။

"မင်းခန့် ငါပြောတဲ့စကားတွေကြောင့် ဘာမှ အတွေး…ခေါင်မနေနဲ့၊ မင်းဇာတ်လမ်းကိုရှေ့ဆက်၊ မင်းတိုက်မယ့် ဝီစကီ…ကို ငါသောက်ချင်လှပြီ"

"စိတ်ချ ကိုဖော်ကြီး၊ သိပ်မကြာခင် ကျွန်တော် တိုက်…မယ့် အကောင်းစားဝီစကီကို ကိုဖော်ကြီးသောက်ရမယ်၊ အ…ဆင်သင့်သာပြင်ထား"

"ဒီလိုမှပေါ့ မြတ်မင်းခန့်ရ"

ထိုညအိပ်မက်ထဲ၌ကျွန်တော်နှင့်တာရာသမီးရည်းစား…ဖြစ်သည့်အထိမ်းအမှတ်အဖြစ် ဖိုးကျော်နှင့်ကိုဖော်ကြီးအား…အကောင်းစား ဝီစကီတွေ တစ်ခွက်ပြီးတစ်ခွက်တိုက်နေမိသည်…။ မနက်အိပ်ရာမှ နိုးချိန်အထိပင် ဖြစ်သည်။

တာရာရေ
မင်းကြောင့်အိပ်မက်တွေကတော့ လှပလွန်းပါရဲ့။
ဒါပေမယ့်. . . ခုချိန်ထိ
တို့နှစ်ယောက် ဝေးနေသေးတာတော့. . .



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကောင်းပေဘူးပေါ့ကွယ်။

□

ထို့နောက်ပိုင်းရက်တွေမှာတော့ ရွှေစွန်ညို တ ကောင်ပမာ တာရာရှိရာသို့ ကျွန်တော် တရစ်ဝဲဝဲ ပျံသန်း ပါတော့သည်။ ယောက်ျားကြိုက်တော့စိုက်စိုက်လာဆိုသ တန်ဖိုးရှိလှသော ရှေးစကားကို ကျွန်တော့်ကြောင့်တော့ မပျက်စီးစေချင်ပါ။

□





(၄)

"ဘာပြောလိုက်တာလဲ"

"ဩော် တို့နာမည်က မြတ်မင်းခန့်လို့ ပြောလိုက်တာ"

"ဘယ်သူက မေးနေလို့လဲ"

"သိချင်မလားလို့ပါ"

"လုံးဝ စိတ်မဝင်စားဖူး"

"ကိုယ်ကတော့ စိတ်ဝင်စားတယ်၊ မုန့်သာဆိုရင် ကိုက်စားမိမှာပဲ"

"ဘာ"

"ဩော် လက်သည်းဆိုးဆေးပုလင်းလေးတွေကို ပြောတာပါ"

"အိမ်ရောက်ရင် ဆေးလေးဘာလေးလှုပ်သောက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့တွေ့တဲ့နေ့ကစပြီး ဆေးတွေလည်း မတိုးတော့ပါဘူး တာရာရယ်"

"စုစုပေါင်း သုံးရာရှစ်ဆယ်ငါးကျပ်ကျတယ်"

"ငါးကျပ်က ဘာဖြစ်လို့ ပိုသွားတာလဲ"

စကားများလို့"

"အဲ"

❑

"ညက ကိုယ့်အကြောင်း အိပ်မက်-မမက်ဘူးလား"

"ဘာဆိုင်လို့ မက်ရမှာလဲ"

"မနေ့က ကိုယ် မင်းဆီကိုရောက်မလာလို့လေ"

"လုံးဝ မလာလေပိုကောင်းလေပဲ"

"ကိုယ်ထင်သားပဲ၊ မင်းကိုယ့်ကို မျှော်နေမှာပဲဆိုတာ"

"ရယ်ရတယ်"

"တွေ့တယ်မဟုတ်လား၊ ခု ကိုယ်ရောက်လာတာနဲ့ မင်း စိတ်ထဲမှာ ပျော်ပြီးရယ်ချင်စိတ်တွေ ဖြစ်လာပြီ"

"ခု ဘာဝယ်မှာလဲ၊ လက်သည်းဆိုးဆေးပဲလား"

"ဘိုင်ပြတ်နေလို့ ဒီနေ့တော့ ဘာမှမဝယ်နိုင်သေးဘူး"

"ဒါဆို ကန်တော့ပါသေးရဲ့"





"သာဓုဗျာ၊ ခုလို ကန်တော့ရတဲ့အတွက် ကိုယ့်လိုမျိုး ရည်းစားချောချောလေး ရပါစေ"

"ပေးတဲ့ဆုနဲ့လွဲပါစေရှင်"

❑

နှစ်ရက်ခြားတစ်ခါ သုံးရက်ခြားတစ်ခါ ဆိုသလို လက်သည်းဆိုးဆေးဝယ်ယူခြင်းကို အကြောင်းပြုလျက် တာရာ့ထံသို့ ကျွန်တော်ရောက်ရှိသွားတတ်သည်။ ထိုအတောအတွင်း ကျွန်တော်တို့နှစ်ယောက်၏ အနေအထားက-

ထုတ်စည်းတိုးတမ်းကစားနေကြသည့်ပမာ အထက်ဖော်ပြပါ အခြေအနေထက်ပိုမထူးခဲ့သလို ပိုလည်းမဆိုးခဲ့ပါ။

တစ်ခါတစ်ရံ တာရာ၏ ကပ်လျက်ကောင်တာမှ မျိုးဆိုသည့် ညိုချောမလေးပါ တာရာ့နားရောက်နေတတ်သည့် အခါမျိုး၌ ကျွန်တော်တို့၏ ထုတ်စည်းတိုးတမ်းကစားခြင်းက ပို၍ မြိုင်ဆိုင်ကာ ပို၍လည်း ပျော်စရာကောင်းနေတတ်ပါသည်။

အမျှော်အမြင်ကြီးမားလှသော ကျွန်တော်က မျိုး ဆိုသော ထိုကောင်မလေးအား ကောင်းစွာ စည်းရုံးထားပြီးဖြစ်သဖြင့် ဘက်လိုက်တတ်သော ဒိုင်လူကြီးပမာ သူမက ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်အား မကြာခဏ ပင်နယ်တီကန်ခွင့်များ ဖန်တီးပေးတတ်သည်။

ဥပမာ သူတို့နှစ်ယောက် စကားပြောနေစဉ် ကျွန်တော်ရောက်သွားသည်နှင့်-

"ဟော ကိုမြတ်မင်းခန့်ကြီးပါလား၊ ခုပဲ တာရာ ကခင်ဗျားအကြောင်းတွေ ပြောနေတာ"

"မျိုး ရှင်နော် မဟုတ်ကဟုတ်ကတွေ လျှောက်ပြောမနေနဲ့"

"အံမာ၊ စောစောက တာရာပဲမြတ်မင်းခန့်လက်သည်းဆိုးဆေးတွေ ဒီလောက်လာဝယ်နေတာ ဝါးစားဖို့များလားမသိဘူးဆို"

ထိုကဲ့သို့ အခွင့်အရေးမျိုး ဖန်တီးပေးလာလျှင်တော့ကျွန်တော်က နည်းနည်းလေးမှ တုံ့ဆိုင်းနေလေ့မရှိ။ (ဝင်တာမဝင်တာ အပထား၊ တဖက်ရိုးစည်းနားရောက်သည်နှင့်ကျုံးကန်တတ်သောမြန်မာဘောလုံးတိုက်စစ်မှူးများပမာ)

ကျွန်တော်ကလည်း ရသည့်အခွင့်အရေးကို ရသလိုအသုံးချတတ်ပါသည်။

"လက်သည်းဆိုးဆေးဝယ်ရတဲ့အကြောင်းက ဒီလို ရှိတယ် မျိုးရဲ့"

"အင်း ပြောစမ်းပါအုံး"





"မိန်းကလေးတော်တော်များများဟာ အိမ်ထောင်ကျသွားတဲ့အခါ အိမ်မှုကိစ္စတွေလုပ်ရတဲ့အတွက် လက်သည်းအရှည်ထားလို့မရတော့ဘူး၊ အဲဒီအခါ လက်သည်းဆိုးဆေးသည်း ဆိုးစရာမလိုတော့ဘူးပေါ့"

"အင်းနော်"

"မြတ်မင်းခန့်ရဲ့ ချစ်သူကတော့ အိမ်ထောင်ကျတဲ့အခါ အိမ်မှုကိစ္စတွေ လုပ်စရာမလိုဘူး၊ လက်သည်းရှည်ထားပြီး လက်သည်းဆိုးနိုင်တယ်ဆိုတာ ခုကတည်းက သက်သေပြတဲ့အနေနဲ့ လက်သည်းဆိုးဆေးတွေ လာဝယ်ပြနေရတာ"

"ဟုတ်လား အဲဒါကို ခင်ဗျားရဲ့ ရည်းစားက ရိပ်မိရဲ့လား"

"အင်း ရိပ်မိလိမ့်မယ် ထင်တာပဲ"

ထိုစကားကိုတော့ တာရာအား အဓိပ္ပါယ်ပါပါကြည့်ရင်းကျွန်တော် ပြောလိုက်သည်။

"ကိုမြတ်မင်းခန့်ရဲ့ ချစ်သူကို တစ်ရက်ခေါ်လာအုံးလေ"

"ခေါ်လာစရာမလိုပါဘူး၊ သူက ဒီစုပါမတ်ကက်မှာနေတာပဲ"

"ဩော် သိပြီ၊ အဝတ်အစားကောင်တာရှေ့ကဘိုမရုပ်ကြီးကိုပြောတာဖြစ်ရမယ်နော် တာရာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမဟုတ်လည်း သန့်ရှင်းရေးလုပ်တဲ့ အမိနာလား မှ မသိတာ"

သူတို့နှစ်ယောက် ပါးစပ်ကို လက်ဝါးကလေးတွေနှင့် အုပ်ပြီး တခစ်ခစ်ရယ်ကြလေသည်။ လှောင်ရယ်ရယ်လိုက်မှန်း သိသော်လည်း မသိဟန်ဆောင်ကာ ကျွန်တော် ရယ်ကျဲကျဲ လုပ်နေလိုက်ရသည်။ အဲဒီလိုမှမလုပ်လည်း တခြား လုပ်စရာ မှမရှိပဲ။

ဘာပဲဖြစ်ဖြစ် မျိုး ကောင်းမှုကြောင့် ကျွန်တော်၏ ရှေ့ အလားအလာကသိပ်မဆိုးလှဟု ခန့်မှန်းရပါသည်။

တစ်ခါတစ်ရံအဖော်လိုက်ပါလာသောဖိုးကျော်ကလည်း စကားသောဖောရောဖြင့် မျိုးနှင့် အဖွဲ့ကျအောင် စည်းရုံးထား နိုင်သဖြင့် ထိုကောင်မလေးက ကျွန်တော်တို့အတွက် ကောင်း စွာ အထောက်အကူရနေခဲ့၏။

ထိုအတောအတွင်း ကျွန်တော့်အတွက် ကံကောင်း ထောက်မမှုတစ်ခုနှင့် မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရသည်။ ကံ ကောင်းခြင်းလက်ဆောင်အား အသိပေးရန် သယ်ဆောင်လာ သူကတော့ ဖိုးကျော်ပဲ ဖြစ်သည်။

❑





"သေချာရဲ့လား ဖိုးကျော်"

ဖိုးကျော် သယ်ဆောင်လာသောသတင်းကို ကျွန်တော် မယုံရဲရဲ ပြန်မေးတော့ ဖိုးကျော်က စုပ်တစ်ချက်သပ်ရင်း-

"မသေချာဘဲနဲ့ အာညောင်းခံပြီး မင်းကို လာပြောပါ့ မလား၊ လွင်မာနဲ့ မင်းကောင်မလေးနဲ့ ဒုတိယနှစ်အထိ မေ ဂျာအတူတူ၊ ခုံနံပါတ်ကပ်လျက်တက်လာခဲ့တာ၊ ဒုတိယနှစ် ဖြေပြီးတော့မှ တာရာက အဝေးသင်ပြောင်းတက်လို့ ကွဲသွား တာ၊ ဒါပေမယ့် ခုချိန်ထိ သူတို့ချင်း တရင်းတနှီး ရှိတုံးပဲ၊ ပြီးခဲ့တဲ့တစ်ပတ်ကျော်ကျော်လောက်ကတောင် လွင်မာဈေး ဝယ်သွားရင်း တာရာ့ဆီ ဝင်ခဲ့သေးတယ်တဲ့"

လွင်မာဆိုသည်က ကျောင်းတုန်းက ကျွန်တော်တို့၏ ခုံနံကလေးသူငယ်ချင်းဖြစ်သည်။ မေဂျာနှင့်အတန်းချင်းမတူ သော်လည်း တရင်းတနှီးပေါင်းဖြစ်ခဲ့ကြ၏။ ခုတော့ ထိုလွင် မာနှင့်ကျွန်တော်၏ ချစ်လှစွာသော တာရာက သူငယ်ချင်းတွေ ဖြစ်နေပါသတဲ့။

ကျွန်တော် ပျော်ရွှင်စွာ လေတစ်ချက်ချွန်လိုက်ပြီး ဖိုး ကျော်ကို ပခုံးပုတ်ကာ ပြောလိုက်သည်။

"ငါ့တပည့်တွေထဲမှာ မင်းအတော်ဆုံးပဲ ဖိုးကျော်၊ မင်း ကိုချီးမြှောက်တဲ့အနေနဲ့ လက်ဖက်ရည်လိုက်တိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ရောက်တော့ အလွန်အားကိုးရသောဖိုးကျော်က ၎င်း၏ ဉာဏ်နီဉာဏ်နက်မျိုးစုံဖြင့်ကျွန်တော့်အား အကြံအမျိုးမျိုးပေးပါတော့သည်။

"လွင်မော့ကို မွေးနေ့ပွဲလုပ်ခိုင်းကွာ၊ အဲဒီ မွေးနေ့ပွဲကျရင် တာရာ့ကိုလာအောင်ဖိတ်ခိုင်း၊ မကောင်းဖူးလား မင်းခန့်"

"မကောင်းဘူး"

"ပြီးခဲ့တဲ့လကပဲ လွင်မော့မွေးနေ့မှာ ဒံပေါက်ကျွေးလို့ မင်းနဲ့ငါ သွားစားခဲ့ပြီးပြီ မဟုတ်လား၊ တစ်နှစ်ထဲ နောက် တစ်ကြိမ်မွေးနေ့လုပ်ခိုင်းလို့ ကောင်းမလား"

"အေး ဒါလည်း ဟုတ်တာပဲ၊ ဒါဖြင့် သူတို့အိမ်မှာ ဘုရားကိုးဆူဖြစ်ဖြစ်၊ ဆွမ်းကျွေးလေးဖြစ်ဖြစ် လုပ်ခိုင်းမယ်ကွာ"

"မင်းကြီးဒေါ် လွင်မာက မင်းရည်းစားမှ မဟုတ်တာ၊ မင်းလုပ်ခိုင်းတိုင်း လုပ်မလား၊ ခုခေတ်မှာ အကျွေးအမွေးနဲ့ အလှူတစ်ခုလုပ်ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ"

ဖိုးကျော်ခေါင်းကို ကုတ်ရင်း အကြံထုတ်သည်။ ကျွန်တော်ဖိုးကျော်ကို သနားလာသဖြင့် လက်ကာပြပြီး တားလိုက်သည်။

"ခေါင်းပူခံပြီး ဘာမှတွေးမနေနဲ့ ဖိုးကျော်၊ ငါ စဉ်းစားထားတာတစ်ခုရှိတယ်၊ အဲဒီအတိုင်းလုပ်မယ်၊ ခု လက်ဖက်ရည်သောက်ပြီး လွင်မော့ဆီသွားကြမယ်"

"မင်းက ဘယ်လိုလုပ်မှာလဲ"





"လွင်မော့ဆီရောက်တော့ ငါပြောပြမယ်"

ကျွန်တော် လက်ဖက်ရည်ခွက်ကို မယူကာ မော့ချလိုက်တော့ လက်ဖက်ရည်တို့က အေးမြချိုမြိန်နေသလိုခံစားလိုက်ရသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



# (၅)

"မင်းခန့်၊ ဟဲ့ မင်းခန့် အမလေး ခေါ်လိုက်ရတာ ဆရာ၊ ငါနောက်ကနေ အာပြုကြီးနဲ့ ဒီလောက်ခေါ်နေတာ တောင် နင်မကြားဖူးလား"

"မကြားလို့ပေါ့ဟ၊ ဒါနဲ့ နေပါအုံး နင် ဘယ်သူလဲ"

"အောင်မယ်၊ နင်က ငါ့ကိုတောင် မသိတော့ဘူးလား"

"ဟင့်အင်း၊ ဒါပေမယ့် နင့်နောက်က နင့်သူငယ်ချင်း တော့သိတယ်၊ နေကောင်းတယ်နော် တာရာ"

တာရာက ယောင်တောင်တောင်နှင့် ခေါင်းညိတ်ပြ ပြီး လွင်မာနှင့်ကျွန်တော့်အား ဇဝေဇဝါဖြစ်ဟန်နှင့် မျက်မှောင် လေးကျုံ့ကာ ကြည့်နေလေသည်။

ကျောင်းတုံးက ဗီဒီယိုမင်းသမီးဖြစ်ချင်လှသော်လည်း ခုရောနောင်ပါဘယ်တော့မှ ဖြစ်လာမည်မဟုတ်သော လွင် မာ၏ အိုက်တင်က သိပ်တော့မဆိုးလှပါ။

ဥာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဪ နင်တို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက်သိနေကြတာကိုး၊ နေစမ်းပါအုံး၊ ဘယ်တုန်းက ဘယ်လိုသိသွားကြတာလဲ"

"သိပ်မကြာသေးခင်က ဒီလိုပဲ သိသွားကြတာပေါ့ အဲဒါတွေထားပါတော့ နင်ငါ့ကိုခေါ်ပြီး ဘာလုပ်မလို့လဲ လွင်မာ၊ လက်ဖက်ရည်တိုက်ဖို့ ဆိုရင်တော့ ငါ အခုပဲ သောက်လာခဲ့ပြီးပြီ၊ ဘီယာဆိုရင်တော့ သိပ်မဆိုးလှဘူး၊ ဒါပေမယ့် ခုလိုအချိန်မျိုးကြီးတော့ မသောက်ချင်သေးဘူး"

"နင့်ကို ခေါ်တာ လက်ဖက်ရည်ကော၊ဘီယာကော တိုက်မလို့မဟုတ်ဘူး အကူအညီတောင်းမလို့"

"အဲဒါတော့ မဖြစ်ဘူး။ ကျောင်းပြီးကတည်းက ဝ အဲဒီအလုပ်တွေမလုပ်တော့တာ ကြာပြီ"

"ဟဲ့ မင်းခန့် နင်ဘယ်လိုဖြစ်နေတာလဲ"

တကယ်တော့ ဘာမှဖြစ်ခြင်းမဟုတ်။ ကျွန်တော်တို့ ပူးပေါင်းကြံစည်ထားမှုန်း တာရာရိပ်မိမှာစိုး၍ လျှောက်ပြောနေခြင်းဖြစ်သည်။

"ကဲပါ နင်တောင်းမယ့် အကူအညီကို ပြောပါအုံး"

"ဒီလိုဟာ ဒီက ငါ့သူငယ်ချင်း အဲ နင်နဲ့လည်း သိတာ ၊ တာရာနဲ့ ငါ ဗိုလ်ချုပ်ဈေးလာကြတာ၊ ခု ဂျေဒိုးနပ်မှာ တင်





ခဲစားပြီး ပြန်ကြတော့မလို့၊ အဲဒါ နင့်မှာကားပါရင် ငါတို့ကို အိမ်ပြန်လိုက်ပို့ပေး"

ကျွန်တော် လက်ထဲမှ နာရီကိုဟန်လုပ်ကာကြည့်ရင်း အချိန်ဆွဲနေချိန်မှာပင် တာရာက ရုတ်တရက်ဝင်ပြောသည်။

"နေပါစေ လွင်မာရယ်၊ သူ့မှာသွားစရာရှိရင် ရှိမှာပေါ့၊ တက္ကစီပဲ ငှားပြန်တာ ကောင်းပါတယ်၊ ပြီးတော့ ငါ့အိမ်တန်းပြန်မှာမဟုတ်ဘူး၊ ဝင်စရာရှိသေးတယ်"

အဲဒါမှ ပြဿနာ၊ ကျွန်တော်အိုက်တင်ခံတာ လွန်သွားပြီ ထင်ပါရဲ့။

ကျွန်တော် ဘာလုပ်ရမှန်းမသိ ငွကျနေစဉ်မှာပင် ဗီဒီယိုမင်းသမီးမဖြစ်နိုင်သော လွင်မာက မင်းသမီးရှုံးလောက်သည့်အိုက်တင်နှင့်အလောတကြီး ဝင်ပြောသည်။

"အာ တာရာကလဲ၊ ဒီကောင့်ကို ညင်းလို့ရရဲ့သားနဲ့ ဘာဖြစ်လို့ တက္ကစီဖိုး အကုန်ခံမှာလဲ၊ တာရာဝင်ချင်တဲ့ နေရာဝင်၊ သူ့ကားကိုတစ်နေ့လုံးချောဆွဲထားလို့ရတယ်"

"ကဲ မင်းခန့် နင်လိုက်ပို့ပေးမယ် မဟုတ်လား"

ဒီတစ်ခါတော့ ကျွန်တော် အိုက်တင်မခံရဲတော့ပါ။

"ဟာ သူငယ်ချင်းအရင်းကြီးတွေပဲ၊ ပို့ပေးရမှာပေါ့"

"ဒါဆို ဂျေဒိုးနပ်မှာ ဝင်မစားတော့ဘူး၊ တော်ကြာ နင့်ကိုပါ ကျွေးနေရအုံးမယ်၊ နင့်ကားဘယ်နားမှာ ရပ်ထားလဲ၊ ကားဆီသွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



လွင်မာတို့ စိတ်ထဲမှ ကြိတ်၍ ချီးကျူးလိုက်မိသည်

မူလအစီအစဉ်က ဂျော်ဒီးနပ်မှာ မုန့်စား၊ ရင်းနှီးအော တောားမြေည်ပြောပြီးမှ အိမ်ပြန်ပို့ရန်ဖြစ်သော်လည်း ယ အခြေအနေက ထိုသို့လုပ်လျှင် တာရာစိတ်ပြောင်းသွားနိုင်မ ရိပ်မိသဖြင့် လွင်မာက မုန့်စားရန် အစီအစဉ်ကို ဖျက်လိုက်ခြ ဖြစ်သည်။

ပထမအစီအစဉ်ကိုဖျက်လိုက်သော်လည်း ဒုတိ အစီအစဉ်ဖြစ်သည့် အဆင်ပြေရာ လမ်းတစ်နေရာရာ၌ ဆ ရန်ဟူသည့် ကိစ္စကိုတော့ လွင်မာမဖျက်ပါ။

မီးပွိုင့်တစ်ခု၌ မီးနီမိစဉ် ထိုကိစ္စအား တာရာမတားနိ ခင်မှာပင်) အလွန်ပါးနပ်လိမ္မာသော လွင်မာက ၄င်းဘာသ အကောင်အထည်ဖော်လိုက်ပါသည်။

"ဟယ် အတော်ပဲ ဟိုမှာမာမိတို့ကား၊ ဘာလာလ ကြတာလဲမသိဘူးတာရာ၊ ငါမလိုက်တော့ဘူးဟာ၊ မင်းခန့်နှင့် လိုက်ပို့ပေးလိမ့်မယ်၊ ဟဲ့ မင်းခန့် တာရာ့ကို အိမ်ရော ... ာင် လိုက်ပို့ပေးလိုက်နော်၊ ငါသွားပြီ သိလား"

ပြောလဲပြော၊ ဆင်းလဲဆင်း၊ တကယ်တော်တဲ့ ကွ တော့်သူငယ်ချင်းမလေးပါပဲ။

လွင်မာဆင်းသွားပြီးသည်နှင့် ကျွန်တော့်ကားကို ခ သွက်သွက်မောင်းထွက်လာခဲ့သည်။ ထို့နောက် ပထမဆုံ အကြိမ်အဖြစ် တာရာ့ကိုစကားစလိုက်သည်။





"တာရာ့ကို ဘယ်လိုက်ပို့ပေးရမလဲ ဟင်"

"ဟင့်အင်း အဲဒီရှေ့မှာပဲ ရပ်လိုက်တော့"

"ဘာလုပ်မလို့လဲ"

"ကားပေါ်က ဆင်းမလို့လေ"

ဘုရားကယ်တော်မူပါ။

ဒီပုံအတိုင်းဆိုရင်တော့ တကူးတက ကြံစည်ထားသ တွေ အလကားဖြစ်တော့မယ် ထင်ပါရဲ့၊ ဘာပဲဖြစ်ဖြစ် ရလို ား ကျွန်တော် စောဒကတက်ကြည့်လိုက်သည်။

"လွင်မာက အိမ်ထိအောင်လိုက်ပို့ပေးလိုက်လို့ မှာ ားတာ၊ လမ်းမှာဆင်းသွားတာသိရင် ကိုယ့်ကို အပြစ်တင် ပေါ့"

"အဟင်း ဒါဖြင့်လည်း သဘောလေ"

တာရာ ဘာကြောင့်ရယ်မှန်း ကျွန်တော် စဉ်းစား၍ ရ

သို့သော် တအောင့်ကြာမှာပင် သူ ရယ်ရခြင်းအ ကြောင်းရင်းကိုကျွန်တော်သိလိုက်ရသည်။

"တော်တော် ပင်ပင်ပန်းပန်း ကြံစည်ထားကြတာပဲ နော်"

"ဘာကိုလဲ"

"ခုကိစ္စတွေကိုလေ၊လွင်မာကလည်းအိုက်တင်တော် တော်ကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

သေလိုက်ပါတော့-

ဒီကောင်မလေး ဘာဖြစ်လို့များ ဒီလောက်တောင်
နပ်နေရတာလဲ၊

"တာရာပြောတာကိုယ် နားမလည်ဘူး။ ဘာအတွ
ဘာကို ကြံစည်တာလဲ"

"တို့နဲ့ရင်းနှီးခွင့်ရအောင်၊ ခုလို အိမ်ပြန် ပို့ခွင့်
အောင်လေ"

ကျွန်တော်မသိမသာ ပခုံးတွန့်လိုက်မိသည်။ ကျွ
တော်ဆက်လိမ်နေလည်း သူကတော့ရိပ်မိနေမှာသေချာတယ်

"ကိုယ် မင်းနဲ့ရင်းနှီးခွင့်ရချင်တာတော့အမှန်ပဲ တာ
အခုကိစ္စကတော့. . ."

"ထားလိုက်ပါတော့လေ၊ ဒါနဲ့ မြတ်မင်းခန့် တို့အိ
ဘယ်မှာလဲဆိုတာကော သိရဲ့လား"

တာရာ့မေးခွန်းကြောင့် ကျွန်တော် ပြုံးလိုက်မိသည်

ဒီလောက်တော့ဖြင့် ကျွန်တော် မညံ့သေးပါဘူး။

"ကျောက်မြောင်း၊ ကျောက်ရေတွင်းလမ်းမှာ မဟုတ်
လား၊ ဝရံတာအနီလေးမှာ သစ်ခွပန်းအိုးတွေ ချိတ်ထားတာ
လေ"

"ဘယ်ဆိုးလို့လဲ၊ တို့နောက်က လိုက်ကြည့်ထားတာ
လား"

"စုစုပေါင်းမှ လေးခါထဲပါ"

ဉာဏ်ဝင်းစာပေ



ကျွန်တော့်စကားအဆုံး တာရာတိုးဖွဖွရယ်မောသည်။

သူ့ရယ်သံတွေက သိပ်နားထောင်လို့ ကောင်းတာပဲ။

"တို့မရိပ်မိအောင် နောက်ကနေ တိတ်တိတ်လေး
လိုက်ချောင်းကြည့်နိုင်တဲ့အတွက် မြတ်မင်းခန့်ကိုချီးကျူးပါ
တယ်"

"ဒါဆိုရင် မင်းကိုယ့်ကိုချီးကျူးစရာတွေ အများကြီး
ကျန်သေးတယ် တာရာရဲ့"

"ဘာတွေလဲ"

ခုချိန်ဟာ ကျွန်တော့်ရဲ့ ဝှက်ဖဲတွေကို ထုတ်သုံးဖို့ အ
ကောင်းဆုံးအချိန်ပဲ။

ကျွန်တော် တာရာ့ကိုခပ်အေးအေးပြောလိုက်သည်။

"ဥပမာ မနက်ခြောက်နာရီတိုင်းမင်းရဲ့သစ်ခွပင်တွေ
ကို မင်းရေထလောင်းတတ်တာ၊ ရေလောင်းနေတုန်း ပဲပြုတ်
သည်လာချိတ်ပေးတဲ့ ပဲပြုတ်ထုတ်ကိုကြိုးနဲ့ဆွဲတင်ယူတတ်
တာ၊ ည ခုနစ်နာရီတိုင်း စာအုပ်ဆင်းငှားရင်း တစ်ခါတစ်လေ
(ဟော့ရှော့) မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါးသွားစားတတ်တာ
ပြီးတော့. . "

"တော်ပြီမြတ်မင်းခန့်၊ ဒီလောက်နဲ့တင် မင်းကို တို့
အမှတ်တွေအများကြီးပေးလိုက်ပြီ"

"ကိုယ် အောင်မှတ်ရပြီလားတာရာ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

တာရာ အကြာကြီးငြိမ်သွားသည်။

ကျွန်တော်ကိုယ်တိုင်လည်း သူ့အဖြေကို အသက်မရှူဘဲ စောင့်ဆိုင်းနေမိ၏။

တော်တော်ကြီးကြာမှ တာရာတိုးတိုးလေးပြောသည်။

"မင်းအောင်တယ် မြတ်မင်းခန့်။ တို့မင်းကို အောင်မှတ်အပြည့်ပေးလိုက်ပြီ"

ကျွန်တော် လှိုက်ခနဲ ပျော်သွားသည်။

"ဟော့ ရှေ့ကျရင် ညာဘက်တွေ့ရမှာနော်"

"ဆောရီး၊ကိုယ်အပျော်လွန်သွားတာနဲ့ လမ်းတွေ ကျော်ကုန်တော့မလို့"

ကားပေါ်မှဆင်းခါနီး တာရာ ကျွန်တော့်အား ပြုံးပြုံးလေးပြောပါသည်။

"ခု မင်းရတဲ့အမှတ် အောင်မှတ်ပဲ ရှိသေးတယ်နော်၊ ဂုဏ်ထူးထွက်ဖို့ အများကြီး လိုသေးတယ်"

"အဲဒီအတွက်တော့ ဘာမှမပူနဲ့တာရာ၊ သိပ်မကြာခင် ဂုဏ်ထူးတင်မဟုတ်ဘူး၊ (ခရက်ဒစ်)ပါ မင်းကိုယ့်ကို ပေးချင်စိတ်ပေါက်သွားစေရမယ်"

"ကောင်းပြီလေ၊ စောင့်ကြည့်သေးတာပေါ့"

"စိတ်ချလက်ချသာ စောင့်ကြည့်ပါ၊ မင်းစောင့်ကြည့်ရကျိုးနပ်စေရမယ်လို့ ကိုယ်ကတိပေးတယ်"

ကျွန်တော် ရဲရဲကြီးအာမခံလိုက်တော့ တာရာက သဲ့သဲ့လေး ပြုံးသည်။





ထို့နောက်ကားတံခါးဖွင့်ကာဆင်း၍ တံခါးကိုပြန်ပိတ် လိုက်ပြီးယာဉ်မောင်းသူကျွန်တော့်ကားပြတင်းနားလာရပ်ကာ ပြောသည်။

"သိပ်လည်းအပြောမကြီးနဲ့ အုံး မြတ်မင်းခန့်ရဲ့၊ တို့မှာ စေ့စပ်ထားတဲ့သူရှိတယ်"

တာရာ့စကားကြောင့် ကျွန်တော် ကြောင်သွားသည်။

"ဘယ်လိုတာရာ၊ စေ့စပ်ထားတဲ့သူ ဟုတ်လား၊"

"သိပ်သေချာတာပေါ့၊ ကဲ သွားမယ်နော်၊ ခုလိုလိုက်ပို့ပေးတဲ့အတွက် ကျေးဇူးတင်တယ် သိလား"

တိုက်လှေကားဆီသို့ တာရာ ညင်ညင်သာသာလေး လှည့်ထွက်သွားသည်ကို ငေးကြည့်ရင်း အတန်ကြာအောင် ကျွန်တော်မှင်သက်နေမိသည်။

စေ့စပ်ထားတဲ့သူ ရှိသတဲ့။

ကျွန်တော့်အား အောင်မှတ်အပြည့်ပေးပြီးမှ ဖြတ်ရိုက်သွားခြင်းဖြစ်သည်။

တနည်းအားဖြင့် နောက်ဆုံးအချိန်ကျမှ ရင်အုံတည့်တည့်သို့ တော့ကာ ကပ်ဖြုတ်သွားခြင်းဖြစ်ပါသည်။

အောင်မှတ်ရပြီးမှ အတန်းတက်ခွင့်မရှိသောကျွန်တော် ကားစက်နှိုးကာ ကားကိုခပ်ဖြည်းဖြည်းမောင်းထွက်လာခဲ့သည်။ ကျွန်တော် သဘောပေါက်လိုက်သည်။

ဒီပွဲ၌ ကျွန်တော် ရှုံးနိမ့်ဖို့ သေချာသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



ချီးကျူးပါတယ် တာရာ။

မင်းရဲ့ခပ်ပြင်းပြင်းရိုက်ချက်တွေအတွက် ကိုယ် တကယ့်ကို ချီးကျူးပါတယ်။

❑





(၆)

"ဟော့ကောင်မင်းခန့်၊ ဘယ်က လှည့်လာတာလဲ"

အလုပ်စားပွဲ၌ ကွန်ပျူတာတစ်လုံးနှင့်အလုပ်ရှုပ်နေသော ကိုဇော်ကြီးက ကျွန်တော့်ကိုတွေ့သည်နှင့် တအံ့တသြမေးသည်။ ကျွန်တော်က ကိုဇော်ကြီးအလုပ်-လုပ်ရာ ကုမ္ပဏီသို့ လာလေ့လာထမရှိသဖြင့် အံ့သြနေခြင်းဖြစ်ပါလိမ့်မည်။

"ကျွန်တော် ကိုဇော်ကြီးဆီ တမင်ဝင်လာတာ"

"အဆန်းပါလား"

"အင်း နည်းနည်းတော့ ဆန်းတယ်လို့ ပြောလို့ရတာပေါ့၊ ကိုဇော်ကြီး အလုပ်ဆင်းချိန်ရောက်ပြီလား"

"ထုံးတမ်းစဉ်လာအရဆိုရင်တော့ နှစ်နာရီလောက် လိုသေးတယ်၊ ဒါပေမယ့်အကြောင်းမဟုတ်ပါဘူး၊ မင်း ဘာလုပ်ချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘီယာသောက်ချင်လို့"

"ဒါများကွာ"

"ကျွန်တော် တိုက်ပွဲကျလာတယ် ကိုဇော်ကြီး"

"ဟော"

သည်လိုနဲ့ ကိုဇော်ကြီးနဲ့ ကျွန်တော် ကားတစ်ယောက်တစ်စီးစီ ကိုယ့်ကားကိုယ်မောင်းပြီး ဘီယာဆိုင်သို့ ချီတက်ကြသည်။

"ကိုဇော်ကြီးက မင်းခန့် မင်းကားကိုမင်းအိမ်ဝင်ထားခဲ့ပါလား"ဟု အကြံပေးသော်လည်း ကျွန်တော်ခေါင်းခါရမ်းလိုက်သည်။

"မထားတော့ဘူး ကိုဇော်ကြီး၊ တော်ကြာ ကျွန်တော်ပြန်တဲ့အခါ ကိုဇော်ကြီး တကူးတက လိုက်ပို့ပေးနေရအုံးမယ်"

သို့သော် တကယ့်. . တကယ်တော့ ထိုနေ့က လူရောကားပါ ကျွန်တော်အိမ်ပြန်မရောက်ဖြစ်ခဲ့ပါ။ အနည်းငယ်ရီဝေလာသောအခါ၌ အိမ်ပြန်ချင်စိတ်ကုန်ခမ်းသွားပြီး ကိုဇော်ကြီးအိမ်မှာပင် လိုက်အိပ်ရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့်-

ကိုဇော်ကြီးခါး၌ ချိတ်ထားသည့် လက်ကိုင်တယ်လီဖုန်းသေးသေးလေးကိုတောင်းယူကာ အိမ်သို့ ဖုန်းဆက်လိုက်သည်။

"မာမီလား၊ သားပါ၊ ဒီည သား အိမ်ပြန်မလာတော့ဘူး၊ ကိုဇော်ကြီးအိမ်မှာပဲ အိပ်လိုက်တော့မယ်၊ မာမီစိတ်ပူနေမှာစိုးလို့ ဖုန်းဆက်လိုက်တာ"





"အေးအေး ပြီးရော၊ မနက်ဖြန်တော့ မာမိ အန်တီစိန်တို့အိမ် သွားရမယ်၊ သား လိုက်ပို့ပေးရမှာနော်"

အန်တီစိန်ဆိုသည်က မာမီ့အား ငွေထုတ်ချေးထားသူဖြစ်သဖြင့် ၎င်းထံသွားရန်ကိစ္စမှာ အတိုးပေးရန်မှတပါး အခြားဖြစ်နိုင်ပါ။

ကျွန်တော် မာမီ့အားလိုက်ပို့ရမှာ မပင်ပန်းသော်လည်း မာမီ၏ ကြွေးရှင် အန်တီစိန်နှင့်မျက်နှာချင်းဆိုင်ရမှာကိုတော့အလွန် ဝန်လေးပါသည်။ အန်တီစိန်၌ ကျွန်တော့်အရွယ် မဲခြောက်ခြောက် ပိန်ကပ်ကပ်သမီးလေးတစ်ယောက်ရှိပြီး-

ကျွန်တော့်ကိုမြင်တိုင်းထိုကောင်မလေးအား "သမီးရေ ညည်းအစ်ကိုလာတယ်ဟေ့"ဟု အော်အော်ပြောတတ်ခြင်းကို ကျွန်တော်အလွန်ပဲ စိတ်ပျက်ပါသည်။

"ကိုကိုကြီး ရုံးကားနဲ့ လိုက်ပို့ခိုင်းလို့ မရဘူးလား မာမိ"

"ဟဲ့ မင်းအစ်ကိုက မနက် သူ့ (အမ်(မ်)ဒီ)နဲ့ ဂေါက်ရိုက်ဖို့လိုက်သွားရမှာ"

"ဒါဖြင့်လည်း သား ပြန်လာခဲ့မယ်လေ၊ ကားပါ တစ်ခါတည်း မိတ်ဆီဝင်ထုတ်လာခဲ့မယ်"

"အေးအေး မောင်ဇော်ကြီးကိုလည်း မာမိမေးတယ်လို့ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့"

ကျွန်တော် ဖုန်းပြောပြီးတော့ ကိုဇော်ကြီးက ကျွန်တော့်အား မေးသည်။

"မင်းခန့် မင်းဘာဖြစ်နေတာလဲ"

"စိတ်လေနေတာလေ၊ တိုက်ပွဲကျလာလို့"

"ဘယ်လိုတိုက်ပွဲကျလာတာလဲ"

ကိုဇော်ကြီး၏ အမေးကို ကျွန်တော် ဘယ်လိုဖြေရမလဲ။

တာရာ ကျွန်တော့်အား မီးစိမ်းပြပြီးမှ ဝီစီမှုတ်ရပ်ခိုင်းသည့်ကိစ္စကို ဘယ်လို စကားလုံးမျိုးနဲ့ ရှင်းပြရမလဲ၊ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ် ကြွေးကြော်ပြီးမှ အောင်မြင်စွာ ဆုတ်ခွာလာခဲ့ရသော ကျွန်တော့်အဖြစ်က အတော့်ကို ဆိုးဝါးလှပါသည်။

"ကျွန်တော် အသည်းတကွဲစာ နောက်ကျသွားပြီ ကိုဇော်ကြီး"

"ဘာဖြစ်လို့လဲ ဖိုးကျော်ပြောတော့ သူ့မှာ ရည်းစားလုံးဝမရှိဘူးဆို"

"ဟုတ်တယ်၊ ရည်းစားမရှိဘူး၊ ဒါပေမယ့် စေ့စပ်ထားတဲ့သူ ရှိတယ် တဲ့"

"ဟေ . ."

ကိုဇော်ကြီးငြိမ်ကျသွား၏။





ကျွန်တော်ကိုယ်တိုင်လည်း ငြိမ်သွားတာပါပဲ။

အတော်ကြီးကြာမှ ကိုဇော်ကြီးကျွန်တော့်အား မေး

"မင်း သူ့ကိုတကယ်ချစ်သလား မြတ်မင်းခန့်"

ထိုမေးခွန်းကတော့ ကျွန်တော့်အတွက် ဖြေဆိုရန်လွယ်ကူပါသည်။ လွယ်ကူလွန်းသဖြင့် ပါးစပ်နှင့်မဖြေဘဲ ခေါင်းသာညိတ်ပြလိုက်သည်။

"အေး တကယ်ချစ်ရင် တကယ်ဖွဲ့ကောင်းဖို့လိုတယ် မင်းခန့်ရ၊ မင်း ဘယ်တော့မှ ခပ်လွယ်လွယ် အရှုံးမပေးနဲ့ ခပ်လွယ်လွယ် နောက်မဆုတ်နဲ့"

"သူ့မှာ စေ့စပ်ထားတဲ့သူရှိတာတောင် နောက်မဆုတ်လို့ ဆိုလိုတာလား"

"ဒါပေါ့ကွ၊ စေ့စပ်ထားတယ်ဆိုတာ၊ လက်ထပ်ထားတာ မဟုတ်တာ၊ နောက်ပြီး သူစေ့စပ်တဲ့လူကို သူ တကယ်ချစ်လား။မိဘတွေ အတင်းအကြပ်စီစဉ်လို့ စေ့စပ်ရတာဒါတွေမသိဘဲ မင်းနောက်ဆုတ်စရာ မလိုဘူး"

ကိုဇော်ကြီး၏ စကားကြောင့် သုညမှတ်အထိရောက်သော ကျွန်တော့်မျှော်လင့်ချက်တွေ ပြန်လည်တက်ကြွလာသည်။

"ဒီမယ် မင်းခန့်၊ ငါဆိုရင် ငါ့ချစ်သူနဲ့ ဇာတ်လမ်းပြတ်တာ ကြာလှပြီ။ ဒါပေမယ့် ခုချိန်ထိ ငါ သူ့ကို မျှော်လင့်တုန်းပဲ၊ ဒီလောကဆိုရင် မင်းသဘောပေါက်"



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ကြီးတောင် ခုချိန်ထိ မျှော်လင့်နေတုန်းပဲ တဲ့၊

ဒါဆိုရင် ကျွန်တော်က ဘာဖြစ်လို့ ဆက်ပြီး မမျှော်လင့်နိုင်ရမှာလဲ။

နောက်ပြီးပြောမယ်ဆိုရင် ကျွန်တော်နှင့်တာရာ ဇာတ်လမ်းက လုံးဝပြီးဆုံးသွားခြင်းမဟုတ်။ သူ ကျွန်တော့်အား အောင်မှတ်အပြည့်ပေးကြောင်း တရားဝင် ကြေညာထားခဲ့ပြီး ဖြစ်သည်။

ထိုသို့ အောင်မှတ်ပေးခဲ့သော်လည်း ကျွန်တော်နှင့် မတွေ့မီ သူ့၌ စေ့စပ်ထားခဲ့သူတစ်ယောက်ရှိ၏။ ထိုသို့ရှိကြောင်း ကျွန်တော့်အား အသိပေးခြင်းမျှသာ ဖြစ်သည်။

အကောင်းဘက်မှ လှည့်တွေးမည်ဆိုပါက ကျွန်တော့်အခြေအနေက ဆိုးဆိုးဝါးဝါးမဟုတ်သေးကြောင်း တဖြည်းဖြည်း ကျွန်တော် သဘောပေါက်လာသည်။

"ကျေးဇူးပဲ ကိုဇော်ကြီး၊ ကိုဇော်ကြီးဆီ မလာခင်က ကျွန်တော် တော်တော်စိတ်ဓါတ်ကျနေတာ"

"ခုကော"

"ခုတော့ ကိုဇော်ကြီးစကားကြောင့် အရင်ကလောက် စိတ်ဓါတ်မကျတော့ဘူး"

ကိုဇော်ကြီးက ဘီယာတစ်ခွက်ငှဲ့ရင်း ခပ်တိုးတိုးရယ်မောလိုက်သည်။





"အဲဒီလိုလုပ်စမ်းပါ။ မင်းခန့်ရာ၊ စောစောတုန်းက မင်းကြည့်ပြီး ငါတောင်တော်တော် စိတ်ပျက်သွားတယ်၊ ဒီမှာ ...မင်းခန့် မင်းကို ငါ စကားတစ်ခုပြောမယ်၊ ငါ့စကားတော့ ...တ်ပါဘူး၊ စာရေးဆရာတစ်ယောက်ရဲ့ စကားပါ။ (လောက ...ပျော့ညံ့တဲ့လူတွေအတွက် နေရာမရှိဘူး)တဲ့။ မြဲမြဲမှတ်ထား"

"ပျော့ညံ့တဲ့လူတွေအတွက် နေရာမရှိဘူး ဟုတ်လား ...ဇော်ကြီး"

ကိုဇော်ကြီး၏ စကားကိုသံယောင်လိုက်ကာ ကျွန် ...တ်ရေရွတ်လိုက်တော့ ကိုဇော်ကြီးက ခေါင်းညိတ်လျက်-

"ဟုတ်တယ်မင်းခန့်၊ ပျော့ညံ့တဲ့သူတွေကို ဟောဒီ ...လောကကြီးက ဘယ်တော့မှ နေရာမပေးဘူး။ မင်းသံချောင်း ...တစ်ချောင်းကို သစ်သားထဲ ရိုက်သွင်းကြည့်၊ ဗိုင်းခနဲ ဝင်သွား ...ခဲ့မယ်။ အဲဒါဘာဖြစ်လို့လဲ၊ သံချောင်းက မာကျောလို့၊ မာ ...ကျောသူအတွက် သစ်သားက နေရာဖယ်ပေးလိုက်ရတာပဲ၊ ...ဒီ သံချောင်းကိုပဲ ကျောက်တုံးတစ်တုံးမှာ သွားရိုက်ရင်တော့ ...ချောင်းသာ ကွေးသွားလိမ့်မယ်၊ ကျောက်တုံးကတော့တုတ် ...တ်တောင်လှုပ်မှာ မဟုတ်ဘူး။ သံချောင်းလေးတစ်ချောင်း ...ဘက်တော့ကျောက်တုံးကြီးက အပျော့ပေါ့။ ဘယ်တော့မှ ...နေရာဖယ်ပေးမှာမဟုတ်ဘူး။ အဲဒီတော့နေရာလိုချင်ရင် မာ ...ကျောရတယ်ကွ၊ မာကျောမှ ဒီလောကကြီးထဲမှာ နေရာရနိုင် ...တယ်၊ ကဲမင်းပျော့မလား၊ မာမလား ဖြတ်မင်းခန့်"



www.burmeseclassic.com

www.burmeseclassic.com



စကားကို အဆုံးသတ်ရင်းကိုဇော်ကြီး ကျွန်တော့်အား မေးတော့ ကျွန်တော်မဆိုင်းမတွပင် ပြန်လည် အဖြေပေးလိုက်ပါသည်။

"ကျွန်တော် မာမယ် ကိုဇော်ကြီး၊ ကျောက်တုံးတစ်တုံးလို ခပ်တည်တည်နဲ့ ခန့်ခန့်ကြီး နေနိုင်အောင် မာကျောမယ်"

"အိုကေ၊ ကဲ ဒါဆိုရင် မာကျောမယ့်အထိမ်းအမှတ်အတွက်"

ကိုဇော်ကြီးနှင့်ကျွန်တော် ဘီယာခွက်ချင်းတိုက်ကာ (တို့စ်)လုပ်ပြီး မော့ချလိုက်ကြသည်။

"ကဲ မာကျောသွားသူကြီး၊ မောင်ရင်အိမ်ပြန်မှာလား ငါ့အိမ်လိုက်အိပ်မှာလား"

"ကိုဇော်ကြီးအိမ်ပဲ လိုက်အိပ်မှာပေါ့၊ မာမီ့ကိုလဲ ဖုန်းဆက်ပြောပြီးသွားပြီပဲ၊ နောက်ပြီး ကိုဇော်ကြီးအိမ်ကိုလိုက်ပြီး ဒုက္ခမပေးရတာကြာပြီ။ ဒီက ပြန်ရင် ဖိုးကျော်ကိုပါ ဝင်ခေါ်သွားမယ်"

ကိုဇော်ကြီးက တစ်ယောက်တည်းနေသူဖြစ်သဖြင့် သူ့အိမ်သို့ ကျွန်တော်နှင့်ဖိုးကျော် မကြာခဏ လိုက်အိပ်ပြီး သောင်းကျန်းလေ့ရှိသည်။ ကိုဇော်ကြီးကလည်းကျွန်တော်တို့ လိုက်လံဒုက္ခပေးသည့်အတွက် ဘယ်တုန်းကမှ ငြူစူလေ့မရှိသည့်အပြင်-





ကျေနပ်ပျော်ရွှင်၍ပင် နေတတ်သည်။ ယခုလည်း ကျွန်တော်လိုက်အိပ်မည်ဟု ပြောလိုက်သည်နှင့်

"ဒါဆို ညအတွက် စားစရာသောက်စရာ ရိက္ခာ အစုံခန့်တီးသွားအုံးမှပေါ့"ဟု ဆိုကာ သူ့ဘာသာ ရိက္ခာစုဆောင်းရန် အစီအစဉ်များ စတင်ရေးဆွဲပါတော့သည်။

ထိုညက ကိုဇော်ကြီးအိမ်ရှိ ကာရာအိုကေစက်နှင့် သီချင်းဆိုလိုက်၊ စကားပြောလိုက်နှင့် တော်တော်ညဉ့်နက်မှ ကျွန်တော်တို့ အိပ်ရာဝင်ဖြစ်ကြ၏။ မအိပ်မီ ကဗျာအပိုင်းအစလေးတစ်ခုကို ခပ်တိုးတိုး ကျွန်တော်ရွတ်ဆိုခဲ့မိပါသေးသည်။

ကမ္ဘာကြီးရေ
အိပ်မက်တွေကို ပွေ့ပိုက်လို့
ခင်ဗျားရဲ့ရင်ဘတ်ပေါ်မှာ
ခြေအစုံရပ်မိ
ခပ်တည်တည်နဲ့
ပျော့ညံ့ခဲ့မိတဲ့ နေ့ရက်တွေအတွက်
ကျွန်တော် နှမြောလှပါရဲ့....။

❑



www.burmeseclassic.com

www.burmeseclassic.com



(၄)

"ဘယ်လိုလဲ စိတ်မပျက်သေးဘူးလား"

"ဘာလဲ လက်သည်းဆိုးဆေး ဝယ်တဲ့အလုပ်ကိုလား"

"အကုန်လုံးကိုပြောတာ"

တာရာ့စကားက အဓိပ္ပါယ်ကျယ်ဝန်းလှပါသည်။

ကျွန်တော်ပေါ့ပေါ့ပါးပါးဖြစ်အောင် တမင်[illegible]မော
သိုက်သည်။

"ခပ်လွယ်လွယ် စိတ်ပျက်တတ်တဲ့လူတွေထဲမှာ မြွတ်
[illegible]င်းခန့်မပါဘူး တာရာရဲ့၊ စတွေ့တဲ့နေ့ကတည်းက အဲဒါကို
[illegible]င်းရိပ်မိဖို့ကောင်းတယ်"

ကျွန်တော့်စကားကြောင့် တာရာက ချစ်စဖွယ် နှာ
ခေါင်းရှုံ့လိုက်သည်။

"ပြောပါအုံး၊ ခုဘာအတွက် လာတာလဲ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဘာအတွက်လို့ မင်းထင်သလဲ"

"သိဘူးလေ၊ ဘာလဲ လက်သည်းဆိုးဆေးဝယ်ဖို့လား"

"မဟုတ်ဘူး၊ အောင်မှတ်ရအောင်ဖြေနိုင်တဲ့အတွက် မင်းကို အအေးတိုက်ခိုင်းမလို့"

တာရာရယ်သည်။ သူရယ်သံကြားတိုင်း ကျွန်တော် ရင်ခုန်မြဲဖြစ်၏။

တာရာ့ရယ်သံက ကမ္ဘာပေါ်ရှိ မည်သည့်တူရိယာနှင့်မျှ ဖန်တီး၍မရသော ဂီတသံစဉ်တစ်မျိုးဖြစ်သည်။ ထိုဂီတသံ ဆုံးချိန်၌ တာရာ ကျွန်တော့်အားပြောသည်။

"တို့ မင်းကိုအောင်မှတ်ပေးလိုက်တယ်ဆိုတာက ငယ်ချင်းတစ်ယောက်လို အသိအမှတ်ပြု ခင်မင်မယ်လို့ လိုလိုက်တာ မင်းခန့်ရဲ့ တမျိုးမတွေးနဲ့အုံး"

"ကိုယ်ကကော တစ်မျိုးတွေးနေလို့လား၊ မင်းဘာသာ မင်းမလုံမလဲဖြစ်နေပြီးတော့များ"

"အံမာ"

တာရာ ကျွန်တော့်ကို မျက်စောင်းထိုးပါတော့သည်။

အရှေ့တောင်အာရှ၌ အလှဆုံးမျက်စောင်းထိုးပြိုင်ပွဲ ကျင်းပပါက တာရာ့မျက်စောင်းလှလှကလေးအားမည်သူမျှ ယှဉ်နိုင်မည်မဟုတ်ပါ။

"ဘယ်လိုလဲ မင်းကိုယ့်ကို အအေးတိုက်မယ် မဟုတ်လား"

"အလှူအတန်းပေးတဲ့အလုပ် တို့ဝါသနာမပါဘူး မြတ်မင်းခန့်"

"ဒါဖြင့်လည်း အလှူအတန်းလိုက်ချီးမြှင့်လေ၊ ကိုယ် မင်းကိုအအေးတိုက်မယ်၊ မင်းလိုက်သောက်ပေါ့"

တာရာ ပခုံးတစ်ချက်တွန့်လိုက်ရင်း "တစ်ခုမှ မလွယ်ပါလား"ဟု ရေရွတ်သည်။

ထို့နောက် ကျွန်တော့်အားကြည့်၍-

"အလုပ်ချိန်အတွင်းတို့အပြင်ထွက်လို့မရဘူး မင်းခန့်ရဲ့"

"ကိုယ်က အလုပ်ချိန်ကြီး အပြင်ထွက်ဖို့ မင်းကိုစည်းရုံးနေတာ မဟုတ်ပါဘူး"

"ဒါဖြင့်"

"အလုပ်ဆင်းတဲ့အချိန်ကျရင် မင်းကို ကိုယ်လာခေါ်မယ်"

တာရာ့အားပြောပြီး ကျွန်တော်လှည့်ထွက်ရန်ပြင်တော့ တာရာက အလောတကြီးလေသံဖြင့်-

"ဟေ့ လိုက်မယ်၊မလိုက်ဖူး တို့ ဘာမှ မပြောရသေးဘူးနော်"

"အဲဒီကိစ္စကို ညနေကျမှ အအေးသောက်ရင်း မင်း အေးအေးဆေးဆေး စဉ်းစားပေါ့"

ပြောပြီးသည်နှင့်ကျွန်တော် လှည့်ထွက်လာခဲ့၏။







www.burmeseclassic.com

www.burmeseclassic.com



တာရာကတော့ ထုံးစံအတိုင်းကျွန်တော့်အား မျက်စောင်းထိုးဖြစ်အောင် လှမ်းထိုးလိုက်ပါသေးသည်။

ဖြစ်နိုင်ရင် ခဏခဏ မျက်စောင်းမထိုးပါနဲ့ တာရာမင်းရဲ့မျက်စောင်းလှလှလေးတွေကို မြင်တိုင်းကိုယ်ရင်တုန်လွန်းလို့ပါ။

ကားပေါ်ရောက်တော့ ကားထဲ၌ စောင့်ဆိုင်းကျန်ရစ်ခဲ့သောဖိုးကျော်က ကျွန်တော့်အား မေးသည်။

"ဘာတဲ့လဲ မင်းခန့်၊ အအေးလိုက်မသောက်နိုင်ဘူးတဲ့လား"

"ဟင့်အင်း ဘာမှမပြောလိုက်ဘူး"

"ဒါဖြင့် အခိပ္ပါယ်က ဘာလဲ"

"မပူနဲ့ ညနေကျရင် သူလိုက်မှာပါ"

ကျွန်တော် ယုံယုံကြည်ကြည်နှင့်ပင် ပြောလိုက်သည်။ ဘာ အားကိုးနှင့် ဒီလောက်ယုံကြည်နေမှန်း ကိုယ့်ကိုယ်ကိုပင် စဉ်းစားမရ။

ညနေအလုပ်ဆင်းချိန် အရောင်းစာရေးမလေးများ ပုံစံအမျိုးမျိုးနှင့် ထွက်လာကြချိန်မှာတော့ ကားဘော်ဒီကိုမှီရပ်၍ စိတ်လှုပ်ရှားစွာ စီးကရက်ကိုဖွာရှိုက်ရင်း ကျွန်တော့်ယုံကြည်မှုတို့အနည်းငယ် ယိုင်နဲ့ချင်လာသည်။

သူ ကျွန်တော့်ဖိတ်ခေါ်မှုကို လက်မခံဘဲ ငြင်းများငြင်းဆန်လေမလား။





မကောင်းတတ်လို့ လက်ခံလိုက်ရင်တောင်မှ မျိုးကို အဖော်ခေါ်မလာဘူးလို့ ပြောနိုင်ပါ့မလား၊ အကယ်၍ ပါလာမည်ဆိုပါက ကျွန်တော့်၌ စစ်ကူအဖြစ် ဖိုးကျော်ပါမလာပါ။

ထိုအခါ နှစ်ယောက်တစ်ယောက်ဖြစ်သည့်အတွက် ကျွန်တော်ပြောချင်သည့်စကားများကို လွတ်လွတ်လပ်လပ် ပြောခွင့်ရနိုင်တော့မည်မဟုတ်။ စာရေးမလေးများတစ်ယောက်ပြီးတစ်ယောက် ထွက်လာကြရာ ပင်မတံခါးပေါက်ကြီး ရှိရာသို့ မျက်တောင်မခတ်ငေးမောရင်း စိတ်လှုပ်ရှားနေစဉ်မှာပင်-

"ဟော့"ဟူသောခေါ်သံတစ်ခုကြောင့် ကျွန်တော် နောက်ဖက်သို့ ဖြတ်ခနဲ လှည့် ကြည့်လိုက်သည်။

တာရာ

ကျွန်တော်၏ ချစ်လှစွာသော တာရာ

ဆီးချိုရောဂါသည်တစ်ယောက်အား ရောဂါတိုးသွားစေနိုင်သော အပြုံးချိုချိုလေးနှင့် တာရာ၊ ကျွန်တော့်အား စိုက်ကြည့်နေလေသည်။ စလင်းဘက်ခ်လေးလွယ်ကာ ထမင်းချိုင့်လေးဆွဲ၍ ခပ်နွဲ့နွဲ့ရပ်နေသောတာရာ့ဘေးနား၌ မျိုးမပါသလို ဘယ်သူမှလည်းမပါပါ။

ကျွန်တော် ချက်ချင်းပင် ပျော်ရွှင်သွားပြီး လက်ထဲမှ စီးကရက်ကို လွှင့်ပစ်လိုက်သည်။

"ကြည့်စမ်း၊ကိုယ်မိန်းပေါက်ကြီးကိုတစ်ချိန်လုံးစိုက်ကြည့်နေတာ မင်း ဘယ်လို ကိုယ်ဖျောက်ပြီး ထွက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိချင်လို့လား"

"သိပ်သိချင်တာပေါ့"

"ဒါဖြင့် ကားပေါ်ကျ ပြောပြမယ်လေ၊ လောလော ဆယ် ဒီနေရာက မြန်မြန်လစ်ကြရအောင်၊ အလုပ်ထဲက တခ်ိဳ့ ကောင်မလေးတွေက သိပ်စပ်စုတတ်ကြတာ"

"အိုကေ ဒါဖြင့် ကားပေါ်တက်"

တာရာ့အတွက် ကားတံခါးကို ဖွင့်ပေးလိုက်ကာ သူ့အား အရင်တက်စေပြီးမှ ကျွန်တော် ယာဉ်မောင်းသူဘက် သို့ ပတ်၍တက်ပြီး ကားမောင်းထွက်လာခဲ့သည်။

"ကဲ ပြောစမ်းပါအုံး၊ မင်းရဲ့ ကိုယ်ယောင်ဖျောက်နည်း လေး"

တတိယ ဂီယာသို့ ပြောင်းပြီးချိန်၌ ကျွန်တော် တာရာ့ အား မေးလိုက်သည်။

"အဟင်း ရိုးရိုးလေးပါ၊ မင်းကိုရှောင်ချင်လို့ နောက် ဖက်ပေါက်က တမင်ထွက်လာခဲ့တာ"

"ကိုယ့်ကို ရှောင်ချင်လို့"

"ဟုတ်တယ်၊ အစကတော့မင်းမတွေ့အောင် ရှောင် ပြီး ပြန်တော့မလို့ပဲ၊ ဒါပေမယ့် "

တဝက်တပျက် ရပ်ဆိုင်းသွားသော တာရာ့ စကား အား မေးလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်လဲ"





"မင်းရပ်စောင့်နေရမှာသနားတာနဲ့ပြန်လှည့်လာခဲ့တာ"

တာရာ့စကားကြောင့် ကျွန်တော် ပျော်ရမှာလား၊ စိတ် ပျက်ကျရမှာလား။

ကိုယ့်ကိုယ်ကိုပင် ဝေခွဲ၍မရတော့ဘဲ ကားကိုသာ ခပ် ကြမ်းကြမ်းမောင်းနှင်နေမိသည်။ တအောင့်ကြာတော့ တာရာ့ ထံမှ စကားသံချိုချိုလေး ထွက်ပေါ်လာသည်။

"ဟော့အဲဒီလောက်မြန်မြန်မမောင်းနဲ့လေ၊ တို့ မစီးရဲ ဘူး"

သည်တော့မှ သတိရပြီး ကားအရှိန်ကိုပြန်လျှော့လိုက် သည်။

"ဆောရီးတာရာ၊ ကိုယ် ကားမြန်မြန်မောင်းတာ အ ကျင့်ပါနေလို့"

"ဒါနဲ့ မင်းတို့ကို အအေးတိုက်မလို့ဆို"

"အသေအချာကိုတိုက်မှာပေါ့၊ တာရာ ဘယ်ဆိုင်ထိုင် ချင်လဲ"

"ပြောတတ်ဖူးလေ၊ တကာခံမယ့်သူက ရွေးပေါ့"

"အိုလားလား"

"ဘာရယ်"

"ဆိုင်နာမည်ပြောတာ"

"ကုလားလို ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ပေါက်ရှာရှာ၊ ရွှေဂုံတိုင်က အိုလားလား ဆိုတဲ့ ဆိုင်မှာ သွားထိုင်မယ်လို့ ပြောတာ၊ တာရာပြန်မယ့်ကျောက်မြောင်းနဲ့လဲ နီးတယ်လေ"

ကျွန်တော် ရွှေဂုံတိုင်ဘက်သို့ ဦးတည်ကာ မောင်းလိုက်သည်။

❑

စားပွဲပေါ်သို့ အအေးနှစ်ဗူးနှင့် သဘော်သီးသုတ်တစ်ပွဲရောက်ရှိလာပြီးချိန်၌ တာရာစကားစသည်။

"မနေ့က လွင်မာရောက်လာပြီး တို့စေ့စပ်ထားတာဟုတ်မဟုတ်လာမေးတယ်၊ မင်း စုံစမ်းခိုင်းလိုက်လို့တဲ့၊ တို့စေ့စပ်ထားတယ်ဆိုတာနဲ့ပတ်သက်ပြီး မင်းသံသယရှိနေသလား၊ မြတ်မင်းခန့်"

ကျွန်တော် ဆွေးနွေးလိုသောအကြောင်းအရာကို သူ့ဘက်မှ စတင်လာသဖြင့် ကျွန်တော့်အတွက် အဆင်ပြေသွားပါသည်။

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ သံသယရှိတယ် ဆိုတာထက် မယုံချင်ဘူးဆိုရင်ပိုပြီး မှန်လိမ့်မယ် တာရာ၊ မင်းတကယ်စေ့စပ်ထားတာ မဟုတ်ဘဲ ကိုယ့်ကို တမင်နောက်ပြော





လိုက်တာ ဖြစ်ပါစေလို့ ကိုယ်ဆုတောင်းနေမိတယ်ဆိုရင် မင်းရယ်ချင်မလားပဲ"

"ဟင့်အင်း မရယ်ချင်ပါဘူး၊ ဒါ ရယ်စရာကိစ္စမှ မဟုတ်တာ မင်းခန့်ရဲ့"

"ဒါပေမယ့် လွင်မာပြောတော့ သူသိသလောက် မင်းမှာ ရည်းစားရော၊ စေ့စပ်ထားတဲ့သူရော လုံးဝမရှိဘူးတဲ့"

တာရာ ခပ်ယဲ့ယဲ့ပြုံးသည်။ မပြုံးချင်ပြုံးချင်နှင့် ဟန်လုပ်၍ ပြုံးလိုက်သော အပြုံးမျိုးဖြစ်သည်။

"လွင်မာသိတဲ့အပိုင်းအရဆိုရင်တော့ မှန်ပါတယ်။ ဒါပေမယ့် လွင်မာမသိတဲ့အပိုင်းတွေ အများကြီးရှိသေးတယ်"

"ဒါဖြင့်မင်းစေ့စပ်ထားတယ်ဆိုတဲ့ ကိစ္စဟာ ကိုယ့်ကိုညာပြောတာ မဟုတ်ဘဲ၊ တကယ်လို့ ဆိုလိုချင်တာလား"

"ဆိုလိုချင်တာမဟုတ်ဘူးမင်းခန့်၊ တို့ တကယ့်ကို စေ့စပ်ထားတာ၊ တို့မှာ လက်ထပ်ရမယ့် (ဖီယန်စီ)ရှိတယ်"

တာရာ လေသံက နောက်ပြောင်နေဟန်မျိုးမဟုတ်ဘဲ အမှန်တကယ်အလေးအနက်ပြောနေခြင်းဖြစ်ကြောင်း ကျွန်တော်မယုံချင်ဘဲ ယုံကြည်လာရသည်။

သူ့မှာ လက်ထပ်ရန် စေ့စပ်ထားတဲ့သူ (ဖီယန်စီ) ရှိပါသတဲ့။

"အဲဒီ မင်း စေ့စပ်ထားတဲ့သူ (ဖီယန်စီ)က ဘယ်သူလဲ၊ ကိုယ်လဲ တစ်ခါမှ မတွေ့ဖူးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"လွင်မာတောင်မှ မတွေ့ခဲ့ဖူးတာ၊ မင်း ဘယ်လိုလုပ်ပြီး တွေ့ဖူးမှာလဲ မင်းခန့်ရဲ့၊ သူက အခုနိုင်ငံခြားမှာ"

တာရာ သက်ပြင်းဖွဖွရှိုက်သွင်းလိုက်ချိန်၌ ကျွန်တော်က လေပူတစ်ချက်မှုတ်ထုတ်လိုက်မိသည်။ တာရာ၏ (ဖီယန်စီ) ခေါ် (လက်ထပ်ရန် ရည်ရွယ်ထားသောလူ)က နိုင်ငံခြားရောက်နေချိန်၌-

တာရာ့အား အမြတ်တနိုးချစ်ရန် ရည်ရွယ်ထားသော ကျွန်တော်က တာရာ့ရှေ့မှ မွန်းကြပ်ပူလောင်စွာ ငြိမ်ငြိမ်ကလေး ထိုင်နေရပါသည်။

ထိုကိစ္စကတော့ ဘယ်လိုမှ ကြည်နူးစရာမကောင်းလှပါ။

"ဒါဖြင့် ကိုယ်ဘာလုပ်ရမလဲ တာရာ၊ မင်းကိုချစ်နေမိတဲ့ကိစ္စအတွက် ကိုယ်ဘာလုပ်သင့်သလဲ"

ကျွန်တော့်မေးခွန်းအား တာရာက ရိုးရိုးကလေး ပြန်ဖြေပေးပါသည်။

"ဆက်ချစ်ပေါ့"

"ဘယ်လို ဆက်ချစ်ရမယ်"

"ဟုတ်တယ်လေ၊ ချစ်နေတဲ့လူတစ်ယောက်ကို မချစ်နဲ့လို့ တားလို့မှမရဘဲ။ မင်းတို့ကိုချစ်နေတယ်ဆိုရင် ဆက်ချစ်ပေါ့မင်းခန့်ရဲ့"





"မင်းမပြောလဲ ကိုယ်ကတော့မင်းကိုဆက်ချစ်နေမှာ တာရာ၊ ဒါပေမယ့် မင်းကိုယ့်ကိုဘယ်လိုသဘောထားသလဲ ဆိုတာ သိချင်တယ်"

သူ့မျက်လုံးတွေကိုတည့်တည့်စိုက်ကြည့်ပြီး ကျွန်တော်မေးလိုက်တော့ တာရာက ကျွန်တော့်မျက်လုံးတွေကို ခပ်ရှောင်းစောင်းရှောင်လွှဲပြီး ပြန်လည်အဖြေပေးသည်။

"တို့လား၊ မင်းကို သူငယ်ချင်းတစ်ယောက်လို သဘောထားမှာပေါ့"

"ဒါပဲလား"

ကျွန်တော် ကျွတ်ဆတ်ဆတ်လေသံဖြင့်တုန့်ပြန်လိုက်တော့ တာရာ ပခုံးတစ်ချက်တွန့်သည်။

"ဒါပဲပေါ့၊ မင်းက ဘယ်လောက်များမျှော်လင့်ထားလို့လဲ"

"ကိုယ်က မင်းကိုကိုယ်အပေါ် ချစ်သူတစ်ယောက်လို မြင်ပြီးချစ်စေချင်တာ"

တာရာ ကျွန်တော့်မျက်နှာကိုစိုက်ကြည့်ရင်း တိုးဖွဖွ ရယ်မောသည်။

"မင်းက အများကြီးမျှော်လင့်ထားတာကို မင်းခန့်ရဲ့၊ မင်းအများကြီးမျှော်လင့်ထားပေမယ့် တို့ကတော့ မင်းမျှော်လင့်သလောက် ပြန်မပေးနိုင်တာ စိတ်မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မင်းကိုတစ်ခုတော့ပြောလိုက်မယ်"

စကားကိုရပ်၍ တာရာသက်ပြင်းတစ်ချက်ရှိုက်လိုက်သည်။

ထို့နောက် ကျွန်တော့်မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်ပြီး တာရာတစ်လုံးချင်း ပြောသည်။

"တို့ မင်းအပေါ် သံယောဇဉ်ရှိတယ် မြတ်မင်းခ

ဒီတစ်ခါ ပင့်သက်ရှိုက်ရသူကတော့ ကျွန်တော်ပဲ ဖြစ်သည်။

သံယောဇဉ်ရှိပါသတဲ့။

ထိုစကားသည် နှောင်ကြိုးတစ်ချောင်းဖြစ်မည်ဆိုပါက ကျွန်တော်သည် တာရာ၏ နူးညံ့လှသော ထိုနှောင်ကြိုးဖြင့် တင်းကြပ်မြဲမြံစွာ နှောင်ဖွဲ့ရစ်ပတ်မှုကို ခံလိုက်ရသူသာ ဖြစ်လိမ့်မည်။

"ကိုယ်တော့ မင်းကိုဘယ်လိုမှ နားမလည်နိုင်တော့ဘူး တာရာ"

ကျွန်တော်ရိုးသားစွာ ဝန်ခံလိုက်တော့ တာရာက ဖြစ်သည်ဆိုရုံလေးပြုံး၍-

"မင်း နားမလည်တာ ဘာမှမဆန်းပါဘူးမင်းခန့်၊ ဘာ ဖြစ်လို့လဲဆိုတော့ တို့က လူတိုင်းနားလည်အောင် ရေးထားတဲ့ ခပ်ညံ့ညံ့ ကဗျာတစ်ပုဒ်မှ မဟုတ်တာ"





ထိုစကားကိုတော့ ချွင်းချက်မရှိ ကျွန်တော် သဘောတူလိုက်သည်။

တာရာသည် ခပ်ညံ့ညံ့ ကဗျာတစ်ပုဒ်မဟုတ်ဘဲ အဆင့်မြင့် ဉာဏ်စမ်း ပဟေဠိတစ်ခုသာ ဖြစ်၏။ မည်သို့ပင်ဖြစ်စေ ထိုပဟေဠိအား အဖြေထွက်သည်အထိ နားလည်အောင် ကျွန်တော် ကြိုးစားရပါလိမ့်မည်။

□



www.burmeseclassic.com

www.burmeseclassic.com



(၈)

"မလေးရှားလို ချက်ထားတာ မြည်းကြည့်စမ်းပါအုံး"

အုန်းနို့နံ့သင်းနေသည့် ကြက်သားဟင်းပန်းကန်းကို ပွဲပေါ်သို့ချပေးရင်း ကိုဇော်ကြီးပြောသည်။ အစားအသောက်နှင့်ပတ်သက်လျှင် လက်မနှေးသော ဖိုးကျော်က ခပ်တ်သွက်ပင် ကြက်သားတစ်ဖက်ကို ခပ်ယူကာ စားလိုက်သည်။

"ဘယ်လိုလဲ ဖိုးကျော်"

"ဂွတ်ရှယ်ပဲ၊ကိုဇော်ကြီး ချက်တတ်ပြုတ်တတ်မှန်းခုမှပဲ ရတော့တယ်"

ကိုဇော်ကြီးက ရေခဲသေတ္တာထဲမှ (ဆော့စ်)ပုလင်းကို ယူရင်း-



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောတက်တုန်းက (လင်ဗန်း)ရာထူးနဲ့ စတက်း တဲ့ကောင်ပဲကွာ၊ မလေးမှာတုန်းကလည်းဈေးသောက်ဆိုင်မှာ ဝင်လုပ်ခဲ့ဖူးတယ်။ ကောင်းကောင်းချက်တတ်တာပေါ့၊ တစ်နေ လောက်မင့်းတို့ကို စကော့ပူက မူတူးကာရီဆိုင်မှာ ရောင်းတ ငါးခေါင်းဟင်းမျိုး ချက်ကျွေးအုံးမယ်၊ ဝီစကီနဲ့ဆို သိပ်လိုက် တာပေါ့"

"ဟာ ဒါဆို တစ်ရက်လောက်ချက်စမ်းပါဗျာ၊ ဝီစကီ မဟုတ်တောင်ဂျင်တို့ရမ်တို့သောက်ရဖို့ကျွန်တော့်တာဝန်ထား"

"ကပ်စေးနဲကော်တရာက ဒီတစ်ခါ တယ်သဘော ကောင်းနေပါလား၊ ဘာလဲမင်းတိုက်မှာလား ဖိုးကျော်"

ကျွန်တော်ဝင်မေးလိုက်တော့ ဖိုးကျော်က တဟဲဟဲ ရယ်သည်။

"မင်း၊ တာရာကိုစလိုက်တုန်းက ဘီယာတိုက်တယ် အဆင်ပြေရင် ဝီစကီနဲ့ ဝိုင်းသိမ်းမယ်လို့ ပြောခဲ့တာ မှတ်မိ သေးလား မင်းခန့်"

"မှတ်မိပါတယ် ဖိုးကျော်ရာ၊ စိတ်ချ၊ အဆင်ပြေလို့က တော့ အကောင်းစား ဝီစကီအဝတိုက်မယ်၊ ဒါပေမယ့် လေ လောဆယ် တာရာနဲ့ငါနဲ့က ချစ်သူတွေမှ မဖြစ်ကြသေးဘဲ"

ဖိုးကျော်ဆင်လာသော အကွက်ကိုရိပ်မိသဖြင့် ကျွန် တော်အသာလေးရှောင်ထွက်လိုက်သော်လည်း ဖိုးကျော်က အလွတ်မပေးပါ။





"ချစ်သူတွေ မဖြစ်သေးပေမယ့် သံယောဇဉ်ရှိတဲ့ အဆင့်ကိုရောက်နေကြပြီလေ၊ အဲဒီတော့ ဝီစကီမဟုတ်တောင် ဂျင်တို့ရမ်တို့လောက် တိုက်သင့်တာပေါ့၊ မဟုတ်ဖူးလား"

နောက်ဆုံးတော့ ဖိုးကျော်၏ ချောင်ပိတ်ဖမ်းခြင်းကို ခံလိုက်ရသဖြင့် ကျွန်တော် မချင့်မရဲဖြစ်စွာ ခပ်တိုးတိုး ကျိန်ဆဲရင်း "မင်းတော်တော် ငတ်ကြီးကျတဲ့ကောင်ပဲ"ဟုသာ ပြန်ပြောလိုက်ရသည်။

"ငတ်ကြီးကျတာမဟုတ်ပါဘူး၊ မင်းရဲ့ အောင်မြင်မှု အတွက် ဂုဏ်ယူချင်လို့ပါ"

"တိုက်ဆိုလည်းတိုက်ပါ့မယ် ဖိုးကျော်ရာ၊ အချင်းချင်း ကပ်ပြောက်မနေစမ်းပါနဲ့၊ ငါ့အခြေအနေက ဂုဏ်ယူရလောက် အောင် ဘာမှ မထူးခြားသေးဘူး"

ကျွန်တော့်စကားကြောင့် ကိုဇော်ကြီးက ဝင်ရောက် စွက်ဖက်ပါသည်။

"ဘယ့်နှယ်မထူးခြားရမှာလဲ မင်းခန့်ရဲ့၊ မိန်းကလေး တစ်ယောက်က ကျွန်မရှင့်ကို သံယောဇဉ်ရှိတယ်လို့ ဖွင့်ပြော တာတဲ့အဆင့်က နည်းနည်းနောနောမှ မဟုတ်တာ"

"ဒါပေမယ့် အဲဒီ့အဆင့်ကနေ ရှေ့ဆက်မတက်တော့ ဘာက ဆိုးတယ် ကိုဇော်ကြီး"

စီးကရက်ဗူးထဲမှ ဆေးလိပ်တစ်လိပ်ကို ထုတ်ယူရင်း ကျွန်တော်ပြန်ပြောလိုက်တော့ အမြည်းတွေ တစ်ဖက်ပြီတစ် ဖက်ဝါးနေသော ဖိုးကျော်က ပလုပ်ပလောင်းလေသံဖြင့်-



www.burmeseclassic.com

www.burmeseclassic.com



“ပွဲက ခုမှစရုံရှိသေးတယ်၊ ချက်ချင်းပဲ ဒိုင်းဆုကြီး ပို ချင်နေတာကိုး၊ လောမကြီးစမ်းပါနဲ့ မင်းခန့်ရာ၊ မကြာခင် အ ဒိုင်းဆုကြီးကို မင်းအောင်မြင်စွာ သိမ်းပိုက်နိုင်မှာပါ”

“ငါလည်း အဲဒီအခွင့်အရေးကို မျှော်လင့်နေတာ ဖိုးကျော်”

“မောင်ရင့်အယူအဆ မှားနေပြီ မင်းခန့်”

ကိုဇော်ကြီးက ကျွန်တော့်အား ရှုတ်တရက် ဝင်ပြေ သည်။

“အခွင့်အရေးဆိုတာ ထိုင်ပြီး မျှော်လင့်နေလို့ မရ ကိုယ်တိုင်ဖန်တီးယူရတာကွ၊ ဘယ်သူမှ အခွင့်အရေးတွေ စက္ကူလှလှလေးနဲ့ ထုတ်ပြီး မင်းကို လက်ဆောင်လာမပေးဘူ လောကကြီးမှာ လက်တို့လိုက်လို့ နောက်လှည့်ကြည့်လိုက် မျက်နှာကို ဖြတ်ရိုက်သွားတာမျိုးနဲ့ ကြုံရလိမ့်မယ်။ အလကာ ရနိုင်တာဆိုလို့ အဲဒါမျိုးပဲရှိတယ်။ အခွင့်အရေးကိုလိုချင် ကိုယ်တိုင်လုပ်ယူရတယ်”

ကိုဇော်ကြီး၏ ခပ်ဆန်းဆန်းစကားကြောင့် ကျွန်တော် စိတ်ဝင်တစား ပြန်မေးလိုက်သည်။

“ဒါဖြင့်ကိုဇော်ကြီးဆိုလိုချင်တာက”

“ငါဆိုလိုချင်တာက ရှင်းရှင်းလေးပါ၊ တာရာဆို ကောင်မလေးနဲ့ မင်းချစ်သူဖြစ်ချင်တယ်မဟုတ်လား။ အဲဒါ





ရှင် ချစ်သူဖြစ်နိုင်မယ့် အခွင့်အရေးကို ကိုယ့်ဘာသာကိုယ်လုပ် ယူ၊ ဖန်တီးယူ၊ တစ်ခုခုက ပေးလာနိုးနဲ့ အချိန်ကုန်ခံပြီး ထိုင် စောင့်မနေနဲ့၊ ဒါပဲ”

“ကြိုက်သွားပြီ ကိုဇော်ကြီးရဲ့ဒဿနတွေကတော့ လက်ဖျားခါလောက်တယ်”

ဖိုးကျော်က ခေါင်းညိတ်ထောက်ခံရင်း ဝင်ပြောသည်။

“ကျွန်တော်လည်း မင်းခန့်လိုရည်းစားထားတော့မယ်၊ ဆိုရင် ကိုဇော်ကြီးကို နည်းဗျူဟာမှူးအဖြစ် ဆရာတင်ဖို့ ဆုံး ဖြတ်လိုက်ပြီ”

ကျွန်တော်နှင့်ဖိုးကျော်၏ စကားကြောင့် ကိုဇော်ကြီး က သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

“မလုပ်ပါနဲ့ကွာ၊ မင်းတို့ပြောတဲ့နည်းဗျူဟာတွေ၊ ပရိ ယာယ်တွေ ငါ ဘာမှ နားမလည်ပါဘူး၊ ငါက သုံးဆယ့်ငါးနှစ် စာအတွေ့အကြုံတွေနဲ့လဲပြီး ရခဲ့တဲ့အယူအဆတွေကို မင်းတို့ သိအောင် ပြန်ပြောပြတာပါ”

“ဘာပဲဖြစ်ဖြစ် ကိုဇော်ကြီးကိုတော့ကျွန်တော် တကယ် လေးစားသွားပြီ၊ တစ်ရက်လောက် ကိုဇော်ကြီးကို တာရာနဲ့ ဆုံပေးဦးမယ်”

“ဘာလုပ်ဖို့လဲ”

ကိုဇော်ကြီး မျက်ခုံးပင့်လျက် တအံ့တဩမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"တာရာ့ကို အကဲခတ်ခိုင်းမလို့"

"အေးအေးနေစမ်းပါ မင်းခန့်ရာ၊ မိန်းမတွေကိုအကဲခတ်တဲ့နေရာမှာ ငါက ဘယ်တုံးကမှ အဖြစ်ရှိခဲ့တဲ့ကောင်မဟုတ်ဘူး၊ အမြဲတန်းညံ့ဖျင်းခဲ့တာ၊ နောက်ပြီးမင်းကောင်မလေးကို ခုချိန်မှာ ငါ မတွေ့ချင်ဘူး"

"ဘာဖြစ်လို့လဲ ကိုဇော်ကြီး"

ကျွန်တော် တအံ့တသြမေးလိုက်တော့ ကိုဇော်ကြီးပြုံးသည်။

"ဟ မင်းက သူ့ကို ပခုံးဖက်ပြီး ဒါ ကျွန်တော့်ရည်းစားပါလို့ မိတ်ဆက်ပေးနိုင်တဲ့အဆင့်မှ မရောက်သေးတာ၊ နောက်ပိုင်းမင်းသူနဲ့ စေ့စပ်တော့မယ်၊ လက်ထပ်တော့မယ်၊ ဒါ ကျွန်တော့်ဇနီးလောင်းပါလို့ မိတ်ဆက်ပေးနိုင်တော့မယ့်အခြေအနေမျိုးရောက်မှ ငါ သူနဲ့ဆုံချင်တယ်"

"လုပ်ချလိုက်ပြန်ပြီ။ ကိုဇော်ကြီးတို့ကတော့"

"ငါတော့ ကိုဇော်ကြီး ပြောတာကို သဘောတူတယ် မင်းခန့်၊ ကိုယ်နဲ့လည်း ဘာမှမဟုတ်ဘဲနဲ့ ဟိုလူနဲ့ လိုက်မိတ်ဆက်ပေး၊ ဒီလူနဲ့မိတ်ဆက်ပေးဆိုတဲ့ကိစ္စဟာ အင်မတန် ရှက်ဖို့ကောင်းတယ်"

အကွက်ရတုန်း ဖိုးကျော်က ကျွန်တော့်အား အသားလွတ်ကြီး ဝင်ဆော်သည်။ ကိုယ့်ဘက်က အားနည်းနေသဖြင့် ကျွန်တော် ဘာမှ မပြောသာဘဲ ခေါင်းငုံ့ခံနေရသည်။





"ဟုတ်ပါပြီဗျာ၊ လုပ်ထားကြအုံးပေါ့၊ မြတ်မင်းခန့်တို့ တာရာနဲ့လက်တွဲပြီး လျှောက်တော့မှ နောက်ကနေ အတင်းကြီး လိုက်မနှုတ်ဆက်ကြနဲ့"

"မပူပါနဲ့ မင်းခန့်ရာ၊ ငါတို့က မျက်နှာချင်းဆိုင်တွေ့ရင်တောင် တမင်ရှောင်သွားမှာပါ"

ကိုဇော်ကြီးစကားကြောင့် ကျွန်တော် ရယ်ကျဲကျဲ လုပ်နေလိုက်ရသည်။

(ရင်ထဲမှာတော့ ဘယ်ကောင်းပါ့မလဲ တာရာရယ်)

❏



www.burmeseclassic.com

www.burmeseclassic.com



(၉)

ထုံးစံအတိုင်း အလုပ်ဆင်းချိန်၌ တာရာတို့၏ စူပါမတ်ကက်ရှေ့သို့ ကျွန်တော်ရောက်ရှိသွားသည်။ အိမ်မှ ကားသာအကြိုကိုစောင့်နေဟန်တူသော မျိုးက ကျွန်တော့်ကို တွေ့သည်နှင့် လှမ်းတိုက်ခိုက်ပါတော့သည်။

"ကိုမြတ်မင်းခန့်တို့များ အဆင်ပြေသွားပြီဆိုတာနဲ့ မျိုးတို့ကိုတောင် အရေးမလုပ်တော့ဘူး။ ရပါတယ်နော်၊ စိတ်ဓါတ်လေးတွေ သိရတာပေါ့"

"ဟာ မဟုတ်ပါဘူးဗျာ၊ အဲဒီလို တစ်မျိုးမထင်ပါနဲ့၊ ကျွန်တော် ညအိပ်တိုင်း မျိုးတို့ကိုမေတ္တာပို့ပြီးမှ အိပ်တာပါ၊ မျိုးရဲ့ ကျေးဇူးတွေကို မမေ့ပါဘူး"

"အမယ် အမေရိကန်ပြည်သူတွေကိုတောင်းပန်တဲ့ ကလင်တန့်လေသံမျိုးနဲ့ လာလုပ်မနေစမ်းပါနဲ့၊ အခု ခင်ဗျားဘာလာလုပ်တာလဲ၊ အလုပ်တောင်ဆင်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ တာရာ့ကိုလာစောင့်တာလေ"

"သိသားပဲ၊ မျိုးတို့ကို အိမ်ပြန်လိုက်ပို့ပေးမလို့ဆိုတဲ့ စကားများထွက်လာမလားလို့ စာမင်မေးကြည့်တာ"

"ဟာ လိုက်ပို့ဆိုရင်လည်း ပို့ပါမယ်ဗျာ"

"နေပါစေတော့၊ ဟိုမှာ ဖေဖေ့ရုံးကားလာကြိုနေပြီ ကျွန်တော်သွားတော့မယ်"

မျိုး ထွက်သွားပြီး သိပ်မကြာခင်မှာပဲ ကျွန်တော်၏ ချစ်လှစွာသော တာရာ ကျွန်တော်ရပ်စောင့်နေသည့်အနားသို့ ရောက်ရှိလာပါသည်။

ဘယ်တော့မှ စည်းနှောင်ထားလေ့မရှိသော ဆံပင်ရှည်ရှည်များက လမ်းလျှောက်လိုက်တိုင်း ညင်သာစွာ ယိမ်းနွဲ့၍ နေကြသည်။

ပျော့ပျောင်းသည့်ပိတ်စများကိုသာ ဝတ်ဆင်လေ့ရှိသော တာရာ့၏ ခန္ဓာကိုယ်ကောက်ကြောင်းအလှကြောင့် ကျွန်တော် ရေငတ်ချင်သလို ဖြစ်လာသည်။

"ထမင်းချိုင့် ကိုယ့်ကိုပေးလေ တာရာ"

ကျွန်တော့်စကားကြောင့် တာရာ ဟက်ခနဲ တစ်ချက် ရယ်သည်။

"ထမင်းချိုင့်ဆွဲပေးတယ်ဆိုတာ ခပ်ညံ့ညံ့ယောကျ်ားတွေရဲ့ အောက်ကျို့ခံနည်းတစ်မျိုးပဲ မင်းခန့်ရဲ့၊ မင်း ဘာသာ နေတတ်သလို နေစမ်းပါ"





တာရာ့စကားကြောင့် ကျွန်တော် အောင့်သက်သက် ခံစားလိုက်ရသည်။

ထမင်းချိုင့်ဆွဲပေးခွင့်မရသော်လည်း တာရာ့အတွက် ကားတံခါးဖွင့်ပေးခွင့်ကိုတော့ ကျွန်တော် လက်လွှတ်မခံဘဲ အမိအရ ယူလိုက်ပါသည်။

"စောစောက မျိုးနဲ့ရယ်ရယ်မောမော ဘာတွေ သဘောကျနေကြတာလဲ"

ကားမောင်းထွက်လာချိန်၌ တာရာ ကျွန်တော့်အား မေးသည်။

"ဒီလိုပါပဲ၊ ဟိုအကြောင်းဒီအကြောင်းပေါ့"

"အဲဒီကောင်မလေးက ခပ်ရှုပ်ရှုပ်လေးနော်၊ သတိသည်း ထားအုံး"

ဒါဟာ တာရာ့ရဲ့ မနာလိုဖြစ်ခြင်းတစ်မျိုးဆိုလျှင်တော့ ကျွန်တော့်အတွက် အလွန်ဂုဏ်ယူချင်စရာကောင်းလှပါသည်။ ကျွန်တော် တာရာ့အား ပြုံးစေ့စေ့ဖြင့် မေးလိုက်သည်။

"ဘာလဲ မင်းက ကိုယ့်အတွက် စိုးရိမ်တယ်ပေါ့"

"ဟင့်အင်း၊ မျိုးအတွက် စိုးရိမ်လို့ ပြောတာ"

ထုံးစံအတိုင်း ကျွန်တော် ခံလိုက်ရပြန်သည်။

ကျွန်တော် လိုင်းကားတစ်စီးကို အရှိန်ပြင်းပြင်းနှင့် ကျော်တက်လိုက်ပြီး ကားထဲမှ ကက်ဆက်ကိုလှမ်းဖွင့်လိုက်သည်။ တာရာက ၎င်း၏ လက်ကိုင်အိတ်ထဲမှ ပီကေတစ်ခုကို ထုတ်ဝါးရင်း ကျွန်တော့်အား စကားစသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ တခြားလုပ်စရာအလုပ်တွေ မရှိဖူးလား မင်းခန့်ညနေတိုင်း တို့ကို အခုလိုမျိုး လာကြိုတဲ့အချိန်တွေမှာ ပြောတာ"

"သိပ်ရှိတာပေါ့၊ မင်းအလုပ်နားလို့ ကိုယ်လာမကြိုရတဲ့ရက်တွေဆို တခြားအလုပ်တွေလုပ်တာပေါ့"

"ဟုတ်လား၊ ဘာတွေလုပ်လဲ"

"မင်းအကြောင်းတွေးတယ်လေ၊ တစ်ခါတစ်လေ မင်းကို သိပ်ပြီးလွမ်းလာတဲ့အခါမျိုးမှာတော့ ဂစ်တာတွေဘာတွေတီးပြီး သီချင်းအော်ဆိုချင်ဆိုလိုက်တာပေါ့"

"လေးစားလောက်ပါပေတယ်၊ တကယ်အလုပ်ကြီးအကိုင်ကြီးတွေပဲ"

"ကိုယ့်ဘဝမှာ ဒီလောက်ကြီးကျယ်ခမ်းနားတဲ့အလုပ်မျိုးတစ်ခါမှ မလုပ်ရဲဘူး။ တကယ်ပြောတာ"

ကျွန်တော့်စကားကြောင့် တာရာမဲ့ပြုံးတစ်ချက် ပြုံးသည်။

"မင်းရော အလုပ်နားတဲ့ရက်တွေမှာ ကိုယ့်ကို သတိမရဖူးလား"

"အဝေးသင်အတွက် စာကျက်နေရတာနဲ့ ဘာမှ မစဉ်းစားအားပါဘူး"

တာရာက အဝေးသင် နောက်ဆုံးနှစ်ကျောင်းသူဖြစ်၏။





"မင်း စာမကျက်ဘဲ အားနေတဲ့အချိန်တွေမှာရော"

"အိမ်အလုပ်တွေလုပ်ရတာပေါ့၊ အမေနဲ့မောင်လေးအဝတ်အစားတွေ လျှော်တယ်၊ ပန်းပင်ရေလောင်းတယ်၊ ဘာမှ လုပ်စရာမရှိတော့ဘူးဆိုရင်တော့. ."

"ကိုယ့်အကြောင်းတွေ တွေးတယ်ပေါ့ ဟုတ်လား"

"ဟင့်အင်း၊ ထိုးအိပ်တော့တာပဲ"

ဘယ်လောက်များ ကဗျာမဆန်လိုက်တဲ့ တာရာလဲ။ ကျွန်တော် စိတ်ပျက်စွာ စုတ်တစ်ချက်သပ်လိုက်မိသည်။

"ဘာဖြစ်သွားတာလဲ"

"စိတ်လေသွားတာ"

"အဟုင်း၊ မင်းခန့်က တစ်ခါတစ်ခါ တော်တော် ကဗျာဆန်တာပဲ"

"တာရာကတော့ အမြဲလိုလို လူကြီးဆန်လွန်းတယ်"

တာရာ ခပ်ငေးငေးလေးငြိမ်သက်သွားသည်။ တအောင့်ကြာမှ ပင့်သက်ဖွဖွရှိုက်ရင်း-

"ဖေဖေ ဆုံးပြီးကတည်းက ဘဝပေးအခြေအနေအရ လူကြီးမဆန်ချင်ဘဲ ဆန်ခဲ့ရတာ မင်းခန့်ရဲ့၊ တို့ ဒုတိယနှစ်ရောက်တော့ ဆယ်တန်းအောင်ပြီး ဂျီတီအိုင်တယ်မယ့်မောင်လေးအတွက် တို့ အဝေးသင်ပြောင်းယူပြီး အလုပ်-လုပ်ခဲ့ရတယ်၊ ခုဆို မောင်လေးတောင် ဂျီတီအိုင်ပြီးလို့ အလုပ်ရှာနေ



www.burmeseclassic.com

www.burmeseclassic.com

ပြီ၊ ဒီတော့မင်းခန့် စွပ်စွဲသလို တို့လူကြီးဆန်တာ မဆန်း
ဘူး"

ဒီလိုဆိုပြန်တော့လည်း ကျွန်တော့်ရဲ့ တာရာကသန
စရာပါ။

"မင်း ဖေဖေ ဆုံးတာကြာပြီလား"

"တို့ ရှစ်တန်းနှစ်ကတည်းကပဲ"

"မင်းအကြောင်းတွေ ကိုယ့်ကိုပြောပြစမ်းပါ"

"ခုပြောပြနေတယ်လေ မင်းခန့်ရဲ့"

"ကိုယ်က ခုထက်ပိုပြီး အသေးစိတ်သိချင်တာ"

တာရာက မပွင့်တပွင့်ပြုံး၍ ကျွန်တော့်ကို စိုက်ကြည့်
ရင်း

"တို့သိပါတယ် မင်းခန့်၊ အဓိက သိချင်တာ တို့စေ့စပ်
တဲ့အကြောင်းကို မဟုတ်လား"ဟု မေးသည်။

"ပွင့်ပွင့်လင်းလင်း ဝန်ခံရရင်တော့ မင်းထင်တာ မမှား
ဘူး။ တာရာ ဘယ်လိုစေ့စပ်ခဲ့သလဲ၊ ဘာကြောင့် စေ့စပ်ခဲ့သလဲ
ကိုယ်သိချင်တယ်၊ တာရာ့ကိုချစ်နေတဲ့ လူတစ်ယောက်အနေ
ဒီလောက်တော့ စပ်စုခွင့်ရှိတယ်လို့ ကိုယ်ထင်တယ်၊ ဘယ်
လဲ ကိုယ်ထင်တား မှားသလား တာရာ"

"ဟင့်အင်း၊ မင်းခန့်မှန်ပါတယ်။ ဒီလောက်တော့
စပ်စုသင့်တာပေါ့၊ ဒါပေမယ့် လောလောဆယ် အဲဒီအကြောင်း
တွေ တို့ မပြောချင်သေးဘူး"





တာရာ့ငြင်းဆန်မှုအား ကျွန်တော် နားမလည်နိုင်ပါ။

ဘာကြောင့်လဲဟု ကျွန်တော်မေးတော့ တာရာက မေ့
ထားချင်လို့ဟု ရိုးရိုးလေးအဖြေပေးသည်။ ကျွန်တော် ခေါင်းကို
ည်းလေးစွာ ခါရမ်းလိုက်သည်။

"မင်းက မေ့ထားချင်ပေမယ့် ကိုယ်က သိချင်နေတာ
တာရာရဲ့၊ နောက်ပြီး အဲဒီကိစ္စကို မင်း ဘယ်လောက်ကြာကြာ
မေ့ထားလို့ရမှာလဲ၊ တသက်လုံးလား"

"တစ်သက်လုံးမဟုတ်တောင် မင်းနဲ့တွေ့တဲ့အခိုက်
အတန့်မှာတော့ မေ့ထားချင်တယ် မင်းခန့်"

တာရာ့စကားကြောင်း ကျွန်တော် လှပ်ခနဲ ရင်ဖိုသွား
သည်။

နောက်ထပ်ပီကေတစ်ခုကိုတာရာထုတ်ယူပြီး ပါးစပ်
ထဲထည့်လိုက်ချိန်၌ ကျွန်တော်သက်ပြင်းရှိုက်သွင်းရင်း-

"မင်း ဘာဖြစ်လို့ မေ့ထားချင်တာလဲ ကိုယ်စဉ်းစားလို့
ရဘူး"

ကျွန်တော်စကားဆက်ရန် ပြင်လိုက်သော်လည်း တာ
ရာက ကျွန်တော့်စကားကိုဖြတ်ကာ ရုတ်တရက်ဝင်ပြောသည်။

"မင်းတခြားအကြောင်းအရာတစ်ခုခုကို ပြောင်း
ဆွေးနွေးချင်ဖူးလား မင်းခန့်"

ကျွန်တော် ဘာမှမပြောဘဲ ငြိမ်သက်နေလိုက်တော့
တာရာက သူ့ဘာသာသူ ခပ်တိုးတိုးဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်း မသိသေးတာတစ်ခု ပြောပြမယ်၊ တို့ သူ့ကို မချစ်ဘူး မင်းခန့်"

ကျွန်တော် ဒုတိယအကြိမ်မြောက် လုပ်ခနဲ ရင်ဖိုသွားပြန်သည်။

ပြောမည်ဆိုလျှင် သူနှင့်စေ့စပ်ထားသူအား မချစ်ကြောင်း သံယောဇဉ်ရှိပါသည်ဆိုသော ကျွန်တော့်အား ဖွင့်ပြောလာသောကိစ္စမှာ အလွန်ရင်ခုန်ချင်စရာကောင်းလှပါသည်။

သို့သော် ထိုရင်ခုန်မှုမဆုံးခင်မှာပင် တာရာက ဆက်ပြောသည်။

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် သူ့ကိုပဲ လက်ထပ်ရလိမ့်မယ် မင်းခန့်၊ အဲဒါကတော့ သေချာတယ်"

ကျွန်တော် ရှေ့မှ ကားတစ်စီးကိုကျော်တက်ရန် ကြိုးစားပြီးမှ ချက်ချင်းပင် စိတ်ပြောင်းလိုက်သည်။

"သူ ဘယ်တုံးက နိုင်ငံခြားထွက်သွားတာလဲ တာရာ"

"ကြာပြီ"

"ဘယ်တော့ပြန်လာမှာလဲ"

"မသိဘူး"

ကားကက်ဆက်ထဲမှ မျက်ကန်းအဆိုတော် (စတီဝမ်းဒါး)၏ အသံက ခပ်တိုးတိုးထွက်ပေါ်နေ၏။

(We are stranger by day, lovers by night knowing it's so wrong, but feeling so right.) တဲ့။



(စတီဝမ်းဒါး၏ အသံကိုအလွန်ကြိုက်သော်လည်း ထိုသီချင်းကိုတော့ကျွန်တော် အလွန်မုန်းပါသည်။ သီချင်းနာမည်က "အချိန်ပိုင်းချစ်သူ"တဲ့။

ခံစားမှုအရ မှန်ကန်သော်လည်း အသိတရားအရ မှားယွင်းသော အချိန်ပိုင်းချစ်သူအဖြစ်မျိုးကိုတော့ ကျွန်တော် တကယ်ပဲသဘောမကျပါ။ သို့သော် လောလောဆယ် အနေအထားမှာတော့ ကျွန်တော့်အား သံယောဇဉ်ရှိပြီး (လက်ထပ်ရန် လူတစ်ယောက်လည်းအမှန်တကယ်ရှိနေသည့်)---

ကျွန်တော်၏ ချစ်လှစွာသော တာရာက ကျွန်တော့်ဘေးနား၌ ငြိမ်ငြိမ်သက်သက်ကလေး ပီကေဝါးနေပါသည်။

ရှေ့မှ မီးပွိုင့်ကို ကျွန်တော် ဖြတ်ခနဲ လှမ်းကြည့်လိုက်၏။

နီနေသလား၊ စိမ်းနေသလား။

သို့သော် ထိုနှစ်ခုစလုံးမဟုတ်ဘဲ ဝါနေသဖြင့် ဂီယာပြောင်းကာ ကားကိုအရှိန်လျှော့ချလိုက်ရသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

ကျွန်တော့်ကြောင့် ဘယ်တုန်းကမှ ကောင်းကင်ကြီး အရောင်မပြောင်းခဲ့ဖူးသော်လည်းကောင်းကင်ကြီးကြောင့် ကျွန်တော်၏ စိတ်တွေ မကြာခဏ အရောင်ပြောင်းလဲခဲ့ရဖူးသည်။

ဆိုပါစို့။ နေသာချိန်နှင့် မိုးအုံ့ချိန် ခံစားချက်ခြင်းမတူနိုင်သလို၊ တိမ်တောက်ချိန်မျိုး၌လည်း ထူးဆန်းသော စိတ်ခံစားမှုတစ်ခုကိုခံစားရတတ်ပါသည်။ကျွန်တော့်အတွက် ကောင်းကင်ကြီးနည်းတူ စိတ်ခံစားမှုမျိုးစုံကို ခံစားစေနိုင်သူကတော့ တာရာပဲဖြစ်သည်။

တစ်ခါတစ်ရံ စိတ်ဓါတ်တက်ကြွလိုက်
တစ်ခါတစ်ရံ ညစ်ညူးစိတ်ဓါတ်ကျလိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တာရာ့ကြောင့် ထူးဆန်းသော စိတ်အတက်အကျ
ကို ကျွန်တော်ခံစားခဲ့ရသည်။ တကယ်တော့ ထိုသို့ဖြစ်နေ
ကပင်လျှင် တာရာ့ထံ၌ ကျွန်တော် အကြိမ်ကြိမ်ကျရှုံးနေ
ဖြစ်သည်။

အများအမြင်၌ တာရာနှင့်ကျွန်တော်သည် ချစ်သူမ
ဖြစ်သော်လည်းကျွန်တော်တို့နှစ်ယောက်အကြားမှာ
(တာရာသုံးနှုန်းသည့်) သံယောဇဉ်ဟူသော နှောင်ကြိုးသာ
ခဲ့သည်။

ဤနေရာ၌ ထူးဆန်းတာတစ်ခုက ရပ်ကွက်ထဲမှာ
အလုပ်မှာပါ တာရာ၌ စေ့စပ်ထားသူရှိကြောင်း မည်သူမှ မ
ကြခြင်းဖြစ်သည်။ ထို့ကြောင့် တာရာစေ့စပ်ထားသည်ဆို
ကိစ္စမှာ ကျွန်တော့်အား တမင်လိမ်ညာခြင်းများဟု ကျွန်
သံသယဝင်ခဲ့မိ၏။

သို့သော် ကျွန်တော်၏ သံသယမှန်ကန်နိုင်လော
အောင် ကျွန်တော် ကံမကောင်းခဲ့ပါ။ လွင်မာက ကျွန်
ကိုယ်စား အသေးစိတ် စုံစမ်းခဲ့ပြီးဖြစ်သည်။

"ငါ သေသေချာချာ စုံစမ်းပြီးပြီ မြတ်မင်းခန့်၊
အမေနဲ့ သူ့မောင်လေးကိုတောင်မသိမသာ အစ်မေးခဲ့ပြီး

"အဲဒီတော့ အဖြေက ဘာတဲ့လဲ လွင်မာ"

"သူ့မှာ စေ့စပ်ထားတဲ့သူရှိတာ အမှန်ပဲ မင်းခန့်၊
ဆယ်တန်းကတည်းက စေ့စပ်ထားခဲ့တာ၊ အဲဒီတုံးက ကျော





မြောင်းကို မပြောင်းရသေးဘူး၊ ဒါကြောင့် အခု သူနေတဲ့ ရပ်ကွက်ကလူတွေ ဘယ်သူမှ အဲဒီကိစ္စကို မသိကြတာပေါ့"

ကျွန်တော် သက်ပြင်းဖွဖွရှိုက်သွင်းလိုက်တော့ လွင်မာက ကျွန်တော့်အား မေးသည်။

"နင် စိတ်ဓါတ်ကျသွားသလား မင်းခန့်"

"ဒီလိုပါပဲ"

ကျွန်တော့်စကားက ဝန်ခံခြင်းလား၊ ငြင်းပယ်ခြင်းလား ကိုယ့်ကိုကိုယ်ပင် ဝေခွဲမရ။

ကျွန်တော် ငြိမ်သက်သွားတော့ လွင်မာကလည်း တိတ်ဆိတ်သွားသည်။ အတော်ကြီးကြာတော့မှ လွင်မာက ကျွန်တော့်အား စိတ်မကောင်းဟန်ဖြင့် ငေးကြည့်ရင်း စကားစသည်။

"ငါ နင့်ကို ပြောစရာတစ်ခုကျန်သေးတယ် မင်းခန့်"

"ဘာလဲ လွင်မာ"

"နင် စိတ်ကို ခိုင်ခိုင်ထားနော်"

"ငါ သဘောပေါက်ပါတယ်၊ တတ်နိုင်သမျှ တရားနဲ့ ဖြေမှာပါ"

"ယောက်ျားလေးပဲဟာ၊ ဒီလိုမှပေါ့"

"နင်ပြောချင်တာ ဘာလဲ လွင်မာ"

လွင်မာ ပင့်သက်တစ်ချက်ကို ရှိုက်သွင်းလိုက်ပြီး

"သူ နင့်ကိုချစ်နေတယ် မြတ်မင်းခန့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

ကျွန်တော် တအံ့တသြဝမ်းသာသွားသည်။

သို့သော် မယုံရဲရှိဖြင့် လွင်မာအား သေချာအောင် ထပ်မေးလိုက်သည်။

"နင် တကယ်ပြောနေတာလား လွင်မာ"

"ငါက နင့်ကို ညာနေရမှာလား ငနောရဲ့"

"ဆောရီးဟာ၊ ငါ အံ့ဩသွားလို့ပါ၊ သူက နင့်ကို ဘယ်လိုပြောလဲ လွင်မာ"

"ဟင့်အင်း သူကိုယ်တိုင်ပြောတာ မဟုတ်ပါဘူး"

"ဒါဖြင့် နင်က ဘယ်လိုလုပ်သိသလဲ"

"ငါ့ရဲ့မနောနဲ့သိတာပေါ့"

"ခွေးစုတ်မ"

ကျွန်တော် ခပ်တိုးတိုးဆဲလိုက်တော့ လွင်မာက သူတော်ကောင်းကိုမပြစ်မှားနဲ့မင်းခန့်၊ နင် အဲဒီလို စော်ကားရင် ငါ ဆက်မပြောတော့ဘူးဟုဆိုသဖြင့် ကျွန်တော် ကမန်းကတန်းတောင်းပန်လိုက်ရသည်။

"အမိုက်အမဲလေးတွေပဲဟာ၊ တစ်ကြိမ်တစ်ခါမှားတာတို့ ဗွေမယူပါနဲ့ ငါတောင်းပန်ပါတယ်"

"အေး အဲဒီလို ယဉ်ကျေးစမ်းပါ မင်းခန့်ရဲ့"

"စိတ်ချပါဟာ၊ ငါ နောက်မမိုက်တော့ပါဘူး"





"ဒီလိုမှပေါ့၊ ဒါဆို ငါဆက်ပြောမယ်"

သို့သော် လွင်မာက တော်တော်နှင့်မပြောသေးဘဲ အိုက်တင်ခံနေသဖြင့် ကျွန်တော့်စိတ်ကို ရှည်ရှည်ထားကာ သည်းခံစောင့်ဆိုင်းနေရသည်။

"ဒီလိုဟာ သူက ငါ့ကိုပြောတယ်"

လွင်မာက စကားကို တမင်ရပ်လိုက်မှန်းသိသော်လည်း ကျွန်တော် ဖြတ်မမေးရဲပါ။ တော်ကြာ စိတ်ကောက်ပြီး ဆက်မပြောတော့မှာစိုးသဖြင့် အသာငြိမ်နေရသည်။

"သူက နင်နဲ့သူနဲ့ လုံးဝမတွေ့ခဲ့ကြရင်ကောင်းမှာပဲတဲ့၊ ဒါမှမဟုတ်လည်းခပ်စောစောက တွေ့ခဲ့ကြရင် ကောင်းမယ်တဲ့၊ အဲဒီတော့ ငါက သူ့ကိုမေးတယ်၊ နင် မင်းခန့်ကို ဘယ်လို သဘောထားသလဲဆိုတော့ သံယောဇဉ်ရှိတယ်တဲ့။ ချစ်ကော မချစ်ဖူးလားဆိုတော့ သူငိုင်သွားတယ်"

ကျွန်တော် မအောင့်နိုင်တော့ဘဲ ဖြတ်မေးလိုက်သည်။

"ပြီးတော့ကော လွင်မာ"

"ပြီးတော့ အင်း ဒါပဲလေဟာ"

"ဟာ နင့်ဟာကလဲ"

"ဟဲ့ မိန်းကလေးပဲ၊ ဒီလောက်ပဲပြောမှာပေါ့။ ဒီလောက်ပြောတယ်ဆိုရင်ပဲ သူ နင့်ကိုချစ်နေမှန်း သိသာနေတာပဲ"

"ငါက ခုထက်ပိုပြီး သဲသဲကွဲကွဲသိချင်တာ လွင်မာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် ချီတုံချတုံးဖြစ်ဟန်ဖြင့် တုံ ဆိုင်းနေပြီးမှ လွင်မာ ကျွန်တော့်အား ပြောသည်။

"အေး နင်ဒီလောက်သဲသဲကွဲကွဲသိချင်နေရင် ငါပြော ပြမယ်၊ သူက နင့်ကို လုံးဝပြန်မပြောပါနဲ့လို့ သေသေချာချာ မှာလိုက်တာ"

"ဘာလဲ လွင်မာ"

"ဒီလိုဟာ သူက သူ့မှာသာ စေ့စပ်ထားတဲ့လူမရှိရင် နင့်ကိုချစ်တယ်လို့ အဖြေပေးမိမှာပဲတဲ့"

ကျွန်တော်လိုက်ခနဲ ဝမ်းသာသွားသည်။

သို့သော် လွင်မာ့စကားကိုသေသေချာချာ ပြန်စဉ်းစား ကြည့်သောအခါမှာတော့ ချက်ချင်းပဲ ဝမ်းနည်းသွားပါသည်။ သူ့မှာက စေ့စပ်ထားသူရှိနေခဲ့ပြီးဖြစ်၏။ နောင်လည်း ရှိနေအုံး မည်ပင်ဖြစ်သည်။ ဒီလိုဆိုလျှင်-

သူ ကျွန်တော့်အား ချစ်သည်ဟု အဖြေပေးနိုင်မည့် အရေးက အတော့်ကို အခွင့်အရေးနည်းပါးလွန်းလှပါသည်။

တို့တတွေ..
အစကတည်းက မတွေ့ဖြစ်ခဲ့ကြရင်
အကောင်းသား
ခုတော့ အလွမ်းတွေကိုပွေ့ဖက်လို့၊
အိပ်မက်တွေထဲမှာပဲ
ချစ်နေကြရ။
တို့တွေအဖြစ်က





အဖြေမရှိတဲ့ပုစ္ဆာကို
နှစ်ယောက် အတူတွက်နေကြသလိုမျိုး။
ကုသိုလ်ကံကိုက
ဆိုးလွန်းပါရဲ့ကွယ်။

အဲဒီနောက်တော့ကျွန်တော်တို့နှစ်ယောက်ဟာ တစ် ယောက်ကိုတစ်ယောက် ပွေ့ဖက်ရင်းနဲ့ပဲ တဖြည်းဖြည်းဝေး ကွာနေကြကြောင်း ဝမ်းနည်းစွာသိလာခဲ့ရလေသည်။

သို့သော် ထိုအသိကြောင့်တော့ တာရာ့အား ချစ်နေမိ သော ကျွန်တော့်၏ အချစ်တို့ အနည်းငယ်မှ လျော့ကျမသွားခဲ့ ပါ။ ပြောမည်ဆိုလျှင် ယခင်ကထက်ပင် တာရာ့အား ကျွန် တော် ပိုချစ်လာမိပါသေးသည်။

ကျွန်တော့်နည်းတူ တာရာကလည်းကျွန်တော့်အား ချစ်နေမိလိမ့်မည်ဖြစ်ကြောင်း ကျွန်တော်သိ၏။ သို့သော် သိ ခဲ့သာသိပြီး ဖွင့်မေးခွင့်တော့ မရှိခဲ့ပါ။ ကျွန်တော် ဖွင့်မေးတိုင်း လည်း တာရာက ကျွန်တော့်မေးခွန်းများအကြားမှ အလွယ်တ ကူ ရှောင်ထွက်သွားတတ်မြဲဖြစ်သည်။

လောကကြီး၌ သိသိကြီးနှင့်မသိဟန်ဆောင်နေရ သောအဖြစ်က အတော့်ကို ဆိုးဝါးလွန်းလှပါသည်။ ထို့အတူ ချစ်လျက်နှင့်မချစ်ဟန်ဆောင်နေရသောတာရာ့အဖြစ်ကလည်း လွယ်ကူလိမ့်မည်မဟုတ်ပါ။

❑



www.burmeseclassic.com

www.burmeseclassic.com


(၁၁)

"ဘာပြောလိုက်တာလဲ မင်းခန့်"

"တာရာ့ကိုချစ်တယ်လို့ ပြောလိုက်တာလား"

"ဩော် ဩော်"

"ဘာလဲ လျှောင်တာပေါ့၊ ဟုတ်လား"

"ဟယ် ဟုတ်ပါဘူးနော်၊ တို့ဘာသာတို့ ဩော် ဩော် လို့ ရွတ်တာတောင် မရွတ်ရတော့ဖူးလား"

"လုပ်မနေပါနဲ့တာရာ၊ ကိုယ့်ကို တမင်လျှောင်မှန်း ကိုယ်သိတယ်၊တာရာ့ကိုချစ်တယ်လို့ပြောတိုင်းတာရာ ဘယ်တုံးကမှ အလေးအနက်မထားခဲ့ဖူး၊ အဲဒါကို မဟုတ်ပါဘူးလို့ တာရာငြင်းမလား"

တာရာ မျက်လွှာချကာ ငြိမ်သက်သွား၏။

ဉာဏ်ဝင်းဓာငေ

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်ဝိုင်းမှ နိုင်ငံခြားသားစုံတွဲကသီးဆောင်းစကားဖြင့်ခေါင်းချင်းဆိုင်ကာ တွတ်ထိုးနေကြသည်။ ကျွန်တော်တို့နှစ်ယောက် မစ္စတာဂစ်တာကော်ဖီဆိုင်ထဲ၌ ဘရာဇီးကော်ဖီမှာပြီးမသောက်ဘဲ ဒီတိုင်းထိုင်ကာစကားပြောနေကြခြင်းဖြစ်သည်။

မျက်လွှာချလျက် ငြိမ်သက်သွားသောတာရာ တဖြည်းဖြည်းခေါင်းပြန်မော့လာသည်။

"တချို့ကိစ္စတွေကသိပ်ပြီးလေးနက်လွန်းရင် မကောင်းဘူး မင်းခန့်ရဲ့၊ အရာရာကို အလေးအနက်ထားလွန်းရင် ပိုပြီးခံစားရတတ်တယ်၊ ဒါကြောင့် တို့တမင် ပေါ့ပေါ့ပါးပါးဖြစ်အောင်နေတာ"

"ကိုယ့်စိတ်ထင်တော့ တာရာ့ကြည့်ရတာ လိုအပ်တာထက်ပိုပြီး ပေါ့ပါးလွန်းနေသလိုပဲ"

"မဟုတ်ပါဘူးဟယ်၊ တို့ နေတတ်သလိုနေတာပါ"

ကျွန်တော့်စွပ်စွဲမှုအား တာရာ ကမန်းကတန်းငြင်းဆန်ပါသည်။

"ဘာပဲဖြစ်ဖြစ် တစ်ခါတစ်လေလောက် ကိုယ်ပြောတဲ့စကားကိုအလေးအနက်ထားပြီး နားထောင်ပါလား တာရာ"

"တို့ ကြိုးစားကြည့်မယ်လေ၊ ကဲ ပြော မင်းခန့် ဘာပြောချင်လဲ"

"ကိုယ် မင်းကိုချစ်တယ် တာရာ"

"အဲဒီတော့.."





"တာရာလည်း ကိုယ့်ကိုချစ်လိမ့်မယ်လို့ ကိုယ်ထင်တယ်"

တာရာ မေးလေးထောက်ပြီး နားထောင်နေရာမှ ပြုံးလိုက်သည်။ တာရာ့အပြုံးက မခို့မတရို့အပြုံးမျိုးဖြစ်၏။ ကျွန်တော်ကတော့ ရှက်ပြုံးတစ်မျိုးဟု ယူဆပါသည်။

"အထင်ဆိုတာမျိုးက ထင်ချင်သလို ထင်နိုင်ခွင့်ရှိတာ မင်းခန့်ထင်တာကိုမဟုတ်ဘူးလို့ တို့အတင်းမငြင်းချင်ပါဘူး မင်းခန့် ထင်ချင်သလိုထင်ပါ။ မင်းခန့် ထင်သလို တို့က မင်းခန့်ကိုချစ်နေပြီပဲထားလိုက်ပါတော့၊ အဲဒီတော့ မင်းခန့် ဆိုလိုချင်တာက ဘာလဲ"

"ကိုယ် ဆိုလိုချင်တာကတော့ တစ်ယောက်ကိုတစ်ယောက်ချစ်နေကြသူချင်းခုလိုမျိုးတစိမ်းဆန်မနေသင့်ဘူးလို့ ထင်တာပဲ"

"တစိမ်းမဆန်သင့်ဘူးဆိုတာတော့ မောင်နှမလို နေရမယ်ဆိုတဲ့သဘောလား"

"ဟင့်အင်း၊ ချစ်သူတွေလို နေကြဖို့ပြောတာ"

ကျွန်တော် ပွင့်လင်းစွာပင် တိုက်စစ်ကို ခပ်သွက်သွက်ဆင်လိုက်သည်။

ကျွန်တော့်တိုက်စစ်အား တာရာ ဘယ်ဂိုက်ကာကွယ်ခံမလဲဆိုသည်ကို ကျွန်တော် စိတ်ဝင်တစား စောင့်ဆိုင်းနေမိသည်။ တာရာက ကျွန်တော့်အား ချက်ချင်းမတုန့်ပြန်သေးဘဲ



www.burmeseclassic.com

www.burmeseclassic.com



အချိန်ဆွဲသည့် သဘောနှင့် အတန်ကြာအောင် တသိမ့်သိမ့် ရယ်မောနေသေးသည်။

အတော်ကြီးကြာတော့မှ ပါးစပ်ကို လက်ဝါးနှင့်အုပ်ကာ ရယ်မောနေရာမှ-

"မမုန်းတဲ့လူတွေဟာ ချစ်သူတွေပဲပေါ့ မင်းခန့်ရဲ့၊ တို့က မင်းကိုမုန်းတယ်လို့ မပြောခဲ့ဖူးတာ"

"ကိုယ်က တရားဝင် သမီးရည်းစားတွေလို နေကြဖို့ကို ဆိုလိုတာ တာရာရဲ့"

ကျွန်တော့်စကားအဆုံး တာရာ၏ တည်ငြိမ်မှုကို မသိမသာယိမ်းယိုင်သွားကြသည်။

ဒီလိုပဲဖြစ်ရမှာပေါ့-

ကျွန်တော် ညစ်ကျယ်ကျယ်ပြုံးရင်း တာရာ့ကိုမေးလိုက်သည်။

"ကဲ ဘယ်လိုလဲတာရာ၊ကိုယ်ပြောတာကိုမင်း ဘယ်လိုသဘောရသလဲ"

"ဟင့်အင်းမဖြစ်နိုင်ဘူး မင်းခန့်၊ မင်းပြောနေတဲ့ အဲ အထားမျိုး လုံးဝမဖြစ်နိုင်ဘူး"

"ဘာကြောင့်လဲ တာရာ"

"မင်းခန့် သိပါတယ်"

"ကိုယ်သိသလောက်ပြောရရင်တော့ မဖြစ်နိုင်စရာ အကြောင်းတစ်ခုမှ မရှိဘူး တာရာ"





"တို့မှာ စေ့စပ်ထားတဲ့လူရှိတယ် မင်းခန့်ရဲ့"

"စေ့စပ်တယ်ဆိုတာ လက်ထပ်တာမှ မဟုတ်ဘဲ တာရာ၊ နောက်ပြီး မင်းအဲဒီလူကိုမချစ်ဘူးဆို"

တာရာ ခပ်တွေတွေ ငေးငိုင်နေပြီးမှ ခေါင်းညိတ်ဝန်ခံသည်။

"ဟုတ်တယ်၊ တို့သူ့ကိုမချစ်ဘူး၊ ဒါပေမယ့် အချစ်နဲ့ သက်ထပ်ခြင်းဟာ တခြားစီပဲ"

"ဒါဆို စေ့စပ်တာနဲ့ ချစ်သူထားတာလဲ သပ်သပ်စီလို့ ပြောလို့ ရတာပေါ့ တာရာ"

တာရာ ခေါင်းကိုခပ်ဖြည်းဖြည်းခါရမ်းလိုက်သည်။

"တို့ သူ့ကို သစ္စာမဖောက်ချင်ဘူး မင်းခန့်"

"မင်းနဲ့သူ အဆက်အသွယ်မရှိတော့တာ ကြာပြီပဲ တာရာ၊ ခုချိန်မှာ ဘယ်ရောက်နေမှန်းမသိတဲ့လူတစ်ယောက်ကို အချိန်ထိ မင်းစောင့်သိနေတုန်းပဲလား"

ကျွန်တော့်စကားကြောင့် တာရာ၏ နှုတ်ခမ်းထူထူများ ခပ်ဟဟ ပွင့်အာသွားကြသည်။

"အဲဒီကိစ္စကို မင်းခန့်ဘယ်လိုသိလဲ"

"လွင်မာပြောပြလို့ သိတာ၊ လွင်မာ့ကို မင်းမေမေက ပြောပြလိုက်တာ"

ကျွန်တော့်စကားက ခိုင်လုံနေသဖြင့် မငြင်းသာတော့ဘဲ တာရာ သက်ပြင်းသဲ့သဲ့ချရင်းခေါင်းညိတ်ဝန်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မင်းခန့်၊ သူနဲ့တို့နဲ့ အဆက်အသွယ်ပြတ်သွားတာ တော်တော်ကြာပြီ၊ အဲဒီလို အဆက်အသွယ်ပြတ်သွားပေမယ့် စေ့စပ်ထားတဲ့ကိစ္စကတော့ ပျက်ပြယ်မသွားဘူး သူ တို့ဆီကိုအချိန်မရွေးပြန်ရောက်လာနိုင်တယ်၊ ဒီနေ့၊ ဒါမှမဟုတ် မနက်ဖြန်။ ဘယ်အချိန်မဆို သူ ပြန်ရောက်လာနိုင်တယ်"

တာရာ၏ ခေါင်းမာမှုအား ကျွန်တော်နားမလည်နိုင်အောင် ဖြစ်ရသည်။

"လွန်ခဲ့တဲ့ ငါးနှစ်လောက်က စေ့စပ်ခဲ့ပြီး ခုချိန်မှာ လုံးဝ အဆက်အသွယ်မရှိတော့တဲ့ လူတစ်ယောက်ကို မင်းဘာဖြစ်လို့ဒီလောက် အလေးအနက် ထားနေမှန်း ကိုယ် လုံးဝ စဉ်းစားလို့မရဘူး"

"တို့ အလေးအနက်ထားတာက လူကိုမဟုတ်ဘူး ကျေးဇူးတရားကိုပါ"

ကျေးဇူးတရား တဲ့။

ထိုစကားလုံးကတော့ ကျွန်တော် မသိသေးသော စကားလုံးအသစ်အဆန်းဖြစ်သည်။

ကျွန်တော် ဇဝေဇဝါဖြစ်စွာ တာရာ့အား တအံ့တဩ ငေးမောနေမိသည်။

"ဟုတ်တယ် မင်းခန့်၊ တို့မိသားစုအပေါ် မှာသူ့ကျေးဇူးတွေ အတော်များများ ရှိခဲ့ဖူးတယ်၊ဒါကြောင့် ခုချိန်ထိ စေ့





စပ်ထားတဲ့ကိစ္စကို တို့ဖက်က ခပ်လွယ်လွယ်မေ့မပစ်နိုင်တာပဲ ဒီလောက်ဆိုရင် မင်းခန့်နားလည်မှာပါ"

"ဟင့်အင်း၊ ကိုယ်နားလည်တာကတော့ တာရာ ကိုယ့်ကိုချစ်တယ်လို့ တရားဝင် ဝန်ခံဖို့ပဲ"

"ဝမ်းနည်းပါတယ် မင်းခန့်၊ မင်းပြောတဲ့ကိစ္စက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

တာရာ့၏ ငြင်းဆန်မှုကြောင့် ကျွန်တော် နင့်ခနဲ ခံစားလိုက်ရသည်။

"ဒါဟာ နောက်ဆုံးအဖြေပဲလား"

တာရာ ခေါင်းညိတ်၏။

"ဟုတ်တယ် မင်းခန့်။ ဘယ်လိုမှမဖြစ်နိုင်သလို၊ ဘယ်တော့မှလည်း မဖြစ်နိုင်ဘူး၊ အဲဒီအတွက် တို့ဝမ်းနည်းပါတယ်"

ကျွန်တော် တာရာ့မျက်လုံးတွေကို စိုက်ကြည့်လိုက်တော့ သူကလည်းကျွန်တော့်အား ပြန်ကြည့်သည်။သူ့မျက်လုံးများထဲမှာ တိုးလျှိုးတောင်းပန်သောအရိပ်အယောင် တစ်ချို့ကို တွေ့မြင်လိုက်ရသလို ကျွန်တော်ထင်မိ၏။

ထို့ကြောင့်ကျွန်တော်ကပင် စတင် မျက်လုံးလွှဲဖယ်လိုက်ပြီး စားပွဲပေါ်မှ ကော်ဖီခွက်ကို ကောက်ယူကာ မော့ချလိုက်သည်။ လည်ချောင်းတစ်လျှောက် စီးဆင်းသွားသော အေးစက်စက်၊ ဘရာဇီးကော်ဖီထဲမှ အရသာတစ်မျိုးကိုသာ ကျွန်တော်ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရသာကတော့ ခါးသက်ခြင်းပဲဖြစ်သည်။

ခါးသက်သော အရသာအား ခါးသီးစွာပင် ကျွန်တော် ခံစားလိုက်ရပါသည်။

မှတ်မှတ်ရရ ထိုညက ဘီယာကို ကျွန်တော် အမူးသောက်ဖြစ်ခဲ့သည်။

နှင်းခါးတွေ ခပ်ပါးပါးကျပြီးခါတိုင်းထက် ပိုမှောင်နေသလိုထင်ရသော ထိုည၌ ကဗျာတစ်ပုဒ်ကိုလည်း ကျွန်တော် ခပ်တိုးတိုး ရွတ်ဆိုဖြစ်ခဲ့ပါသေးသည်။

ဟောဒီညကတော့
မိန်းမတစ်ယောက်ဆီက
မီးတောက်တစ်စနဲ့
ပူပြင်းရတခဲ့ရတဲ့ညပါပဲ။
မဖြစ်နိုင်ပါဘူးတဲ့။
ဒီကောင့်ကိုရှုးသွပ်စေခဲ့
အဲဒီမိန်းမရဲ့
အစိမ်းယိမ်းက
ငြင်းပယ်မှု သင်္ကေတလေ....။
ဒီလူမှာ
ရင်နာစိတ်တွေ
အဆိပ်တက်ဆူဝေသွားပုံများ

ဟောဒီ
ရေခဲရိုက်ဆောင်းညကိုတောင်
ဖျောင်းဖျလို့မရနိုင်လောက်အောင်။
ရက်ပေါင်းများစွာ
လပေါင်းများစွာ
ပေါက်ကွဲနေခဲ့ရ
လုံးပါးပါးနေခဲ့ရ
သက်ပြင်းတွေကို ပြန်ပြန်မြိုချနေခဲ့ရ၊
မျှော်လင့်တမ်းမက်နေခဲ့ရ...။
ခုမှ
အားမြမယ်ဆိုရုံရှိသေး
ဘယ်လိုအမှားအယွင်းတစ်ခုနဲ့
နားလည်မှုတွေချို့တဲ့
ခါးသက်လိုက်ပုံက
ငါ့မှာ....
အသက်အစိတ်နီးမှပဲ
အသည်းကွဲသီချင်းတစ်ပုဒ်နဲ့
ကိုယ့်ကိုယ်ကို ပြန်ပြီး ဆုတ်ဖြဲပစ်ရတော့မလို့။
ဟော့
ဒီမှာ
(မိတ်တာရာ)ရဲ့



ဉာဏ်ဝင်းစာပေ

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ငါဟာ မင်းကို
ဟိုတစ်ခါကတည်းက
အလဲထိုးခံပြီး
အစွဲအလမ်းကြီးခဲ့တဲ့ကောင်ပါကွယ်။

❑





(၁၂)

ကျွန်တော် တိတ်တိတ်ဆိတ်ဆိတ်လေး အသည်းကွဲနေကြောင်း ရက်အတန်ကြာအောင် မည်သူမှ မရိပ်မိခဲ့ကြပါ။

ကိုဇော်ကြီးတို့၊ ဖိုးကျော်တို့ လွင်မာတို့မဆိုထားနှင့် ကျွန်တော်၏ အရင်းနှီးဆုံးဖြစ်သော ခိုင်မာဂစ်တာကလေးပင် မရိပ်မိခဲ့။ ကျွန်တော့်ရင်ထဲမှ ခံစားချက်တွေကို ဖောက်ခွဲဖို့အတွက် အသည်းကွဲသီချင်းများကို မတီးခတ်ခဲ့သောကြောင့် ဖြစ်သည်။

ထိုရက်များအတွင်း တာရာ့ဆီ မရောက်ဖြစ်ခဲ့ပါ။

မတွေ့ချင်၍ တမင်သက်သက် ရှောင်နေခြင်းမျိုး မဟုတ်။

အိမ်ကိစ္စများနှင့် မအားလပ်အောင် အလုပ်ရှုပ်နေခဲ့သောကြောင့်ဖြစ်သည်။ တနည်းအားဖြင့် အိမ်စီးပွားရေးအခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေအရ ကျွန်တော် ဂျပန်သို့ အမြန်ဆုံး ထွက်နိုင်ရန် အသည်းအသန် လုံးပန်းနေရသောကြောင့် ဖြစ်၏။

ကံကောင်းချင်တော့ ဂျပန်ဝင်ရန် (စပွန်ဆာ)အတွက်ရော အလုပ်အကိုင်အတွက်ပါ အဆက်အသွယ်ရသော်လည်း ကံဆိုးချင်တော့ ထိုကိစ္စအတွက်သိန်းနှစ်ဆယ်အတောင်းခံရသည်။

တောင်းသည့်ပမာဏက များလွန်းသည်ဟု မဆိုသာသော်လည်း သူများငွေချေး၍ ထွက်ရမည့်ကိစ္စဖြစ်သဖြင့် မာမီနှင့်ကျွန်တော်ချီတုံချတုံဖြစ်နေခဲ့ကြသည်။

"လိမ်တာကတော့ မလိမ်ဘူးသား၊ မင်း ဒယ်ဒီမျက်နှာနဲ့ သူတို့လိမ်ရဲကြမှာ မဟုတ်ဘူး၊ တစ်ခုပဲရှိတယ်၊ ဟိုရောက်တဲ့အခါ သူတို့ပြောတဲ့အတိုင်း တကယ်အလုပ်မရမှာစိုးတယ်"

"ဘာထူးလဲမာမီရဲ့။ အလုပ်ရမယ်ပြောပြီးမရမှတော့ လိမ်တာပဲပေါ့"

"မာမီ အန်တီစိန်နဲ့တိုင်ပင်ကြည့်လိုက်အုံးမယ်"

"အန်တီစိန်က ဘာနားလည်မှာမို့လဲ၊ မာမီရာ၊ သူနားလည်တာက ချေးထားတဲ့သူ့ငွေတွေ နှစ်လအတွင်း အိမ်ရောင်းပြီးဆပ်ဖို့ ဒါမှမဟုတ် ကျွန်တော်ဂျပန်မှာ သွားအလုပ်လုပ်ပြီးဆပ်ဖို့ ဒါပဲနားလည်တာ၊ မာမီသွားတိုင်ပင်ရင်လည်း ကျွန်တော့်ကိုအမြန်ဆုံး ထွက်စေချင်တာနဲ့လုပ်ဖို့ တိုက်တွန်းမှာပဲ"





ကျွန်တော့်စကားကြောင့် မာမီမျက်နှာညိုသွား၏။

အန်တီစိန့်ထံမှ ချေးယူထားသောငွေများအား ကြွေးအေးဆိုပြီး စိတ်ချထားခဲ့ရာမှ ကြွေးပူအဖြစ် ရုတ်တရက်ပြောင်းလဲသွားသောကြောင့် ကျွန်တော်တို့ သားအမိ ဤမျှအထိအသည်းအသန်ဖြစ်နေကြရခြင်းဖြစ်သည်။

"ကျွန်တော် လက်ဖက်ရည်ဆိုင်သွားလိုက်အုံးမယ် ာမိ"

မာမီနှင့်ဆက်မဆွေးနွေးလိုသဖြင့် လမ်းထိပ် လက်ဖက်ရည်ဆိုင်သို့အသာရှောင်ထွက်လာခဲ့သည်။ ဆိုင်ထဲရောက်၍ နာရီကြည့်လိုက်တော့ တာရာတို့အလုပ်ဆင်းချိန်ဖြစ်နေသဖြင့် ကျွန်တော်ချက်ချင်းပင် တာရာ့အားသတိရသွားသည်။

သတိရခြင်းနှင့်အတူ ကြေကွဲမှုကပါ ရင်ထဲသို့ ဖြည်းဖြည်းချင်း ဝင်ရောက်လာပါသည်။ တို့တတွေ ဘာကြောင့်များအတွေ့နောက်ကျခဲ့ရတာလဲ တာရာရယ်။

ဘာဖြစ်လို့ မင်းက စောပြီး စေ့စပ်ထားခဲ့ရတာလဲ၊

(သစ္စာတရားကို တို့နှစ်ဦးကြား အမှန်တရားကို တို့နှလုံးသားကြိုးစားပြီး ထားကြရင်ပေါ့၊ အချစ်ဆိုတာ ဘယ်တော့မှ လိမ်ညာမှုတစ်ခု ဖြစ်မလာနိုင်ပါ။)

ဆောင်းဘောက်စ်ထဲမှ ထွက်ပေါ်လာသော (MICHAEL LEARNS) ၏ (LOVE WILL NEVER LIE)သီချင်းက ကျွန်တော်၏ ကြေကွဲမှုကို ပိုပြီးအားဖြည့်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဘယ်လောက်ကြာအောင်တိတ်တိတ်ကလေး ထိုင်ပြီး ကြေကွဲနေမိသည်မသိ၊ ခေါ်သံကြားသဖြင့် မော့ကြည့်လိုက်တော့ ကိုဇော်ကြီးကိုတွေ့ရသည်။

"မင်းက ဒီမှာလာပြီး ဇိမ်ကျနေတာကိုး"

"ကိုဇော်ကြီး ဘယ်က လှည့်လာတာလဲ"

"မတွေ့တာကြာလို့ မင်းဆီတမင်ဝင်လာတာ၊မင်း အိမ်က ဒီမှာရှိမယ်ပြောလိုက်လို့ လိုက်လာတာ"

"ထိုင်အုံးလေ ကိုဇော်ကြီး"

"မထိုင်တော့ဘူး၊ ဒီအချိန် ငါ လက်ဖက်ရည်သောက်တဲ့အချိန်မဟုတ်ဘူး"

ကိုဇော်ကြီးစကားကိုကျွန်တော် သဘောပေါက်လိုက်သည်။

ထို့ကြောင့် အဖော်လိုက်ပေးမယ်လေ၊ အိမ်တော့ ဝင်ပြောလိုက်အုံးမယ်ဟု ကျွန်တော်ပြောတော့ ကိုဇော်ကြီးက ခေါင်းရမ်းသည်။

"မလိုဘူး၊ မင်းကိုခေါ်သွားမယ်လို့ မင်းမာမီကို ငါ ပြောခဲ့ပြီးပြီ"

သည်လိုနဲ့ ကိုဇော်ကြီးခေါ်ဆောင်ရာနောက်သို့ ကျွန်တော်လိုက်ပါခဲ့ရသည်။ ဆိုင်တစ်ဆိုင်သို့သွားလိမ့်မည်ဟု ကျွန်တော်ထင်ထားသော်လည်း ကိုဇော်ကြီးက ၎င်း၏ အိမ်ကိုသာ တန်းမောင်းပါသည်။





"ဆိုင်မှာ စကားပြောရတာ မလွတ်လပ်ပါဘူးကွာ၊ ငါ့အိမ်မှာပဲ ကောင်းပါတယ်"ဟု ဆိုလာသဖြင့် ကိုဇော်ကြီး ဘာပြောမှာပါလိမ့်ဟု ကျွန်တော်စဉ်းစားမရအောင် ဖြစ်နေမိသည်။

တကယ့်တကယ် ၎င်းအိမ်ရောက်သောအခါ၌ ကိုဇော်ကြီး စကားစတင်လာသည်က ကျွန်တော်လျှောက်တွေးထားသောအရာများတစ်ခုမှမဟုတ်ဘဲ ကျွန်တော့်အကြောင်းသာ ဖြစ်နေပါသည်။ ကျွန်တော် ဂျပန်ထွက်မည့်ကိစ္စအား မာမီ ပြောပြလိုက်သဖြင့် သိရှိလာခဲ့သောကိုဇော်ကြီးက ကျွန်တော့်အား ကရုဏာဒေါသောဖြင့် အပြစ်တင်ပါသည်။

"တကယ်ဆို မင်း ငါ့ကိုအသိပေးဖို့ကောင်းတာပေါ့ မင်းခန့်ရာ၊ ခုတော့ မင်း မာမီပြောတော့မှ ငါ သိရတယ်"

"ဆောရီး ကိုဇော်ကြီး၊ကျွန်တော်က ကိုဇော်ကြီး နိုင်ငံခြားထွက်တာ သဘောမကျမှန်းသိလို့ တမင်မပြောတာ၊ ကျွန်တော့်အခြေအနေက ဂျပန်ကိုမထွက်လို့ မဖြစ်တော့ဘူး၊ တင်နေတဲ့အကြွေးတွေဆပ်နိုင်ဖို့ ဒီတစ်နည်းပဲရှိတယ်"

ကျွန်တော့်စကားကြောင့် ကိုဇော်ကြီး အနည်းငယ် ငိုင်သွားသည်။ ပြီးမှ ခွက်ထဲမှ ယက်ကျန်ကိုမော့ချလိုက်ရင်း ဘာကြွေးတွေလဲဟု စိတ်ဝင်တစား မေးသည်။

"မြေတွေဈေးကောင်းတုန်းကမာမီမြေအရောင်းအဝယ်လုပ်ရင်း ငွေလိုလို့ အန်တီစိန့်ဆီက ငွေဆွဲဖူးတယ်၊ မြေဈေးတွေပြုတ်ကျတော့လက်ထဲ မြေကွက်တွေပိုက်မိပြီး အန်တီစိန့်



www.burmeseclassic.com

www.burmeseclassic.com



ငွေကို ပြန်မဆပ်နိုင်ခဲ့ဘူး။ အခု ဟိုက ငွေလိုလို့ နှစ်လအတွင်း ပြန်ဆပ်ရတော့မယ်၊ အိမ်ရောင်းပြီး ဆပ်ဖို့ကျတော့လည်း အိမ်ကို မတရားဈေးနှိမ်ခံရတယ်၊ ဒါကြောင့် နှစ်လအတွင်း ဂျပန်ထွက်ဖို့လုပ်တာ"

"နေစမ်းပါအုံး၊ ဂျပန်ထွက်ဖို့ကုန်မယ့်ငွေကိုဘယ်က ရမှာလဲ၊ ကားရောင်းပြီးသွားမှာလား"

"ပေါက်ပေါက်ရှာရှာ၊ အိမ်က ကားက ဒယ်ဒီအစိုးရဆီက အရစ်ကျနဲ့ဝယ်ထားတဲ့ကား၊ ရောင်းလို့ဘယ်ရမှာလဲ ထွက်ဖို့လိုတဲ့ငွေကိုအန်တီစိန်ကပဲ ထုတ်ချေးမှာ၊ကျွန်တော် ဂျပန်ရောက်သွားရင် သူ့ငွေတွေပြန်ရဖို့ သေချာသွားပြီလေ၊ ပြီးတော့ အတိုးလေးလည်း မြတ်မြတ်ကလေးစားရမှာဆိုတော့ ပထမကြွေးကိုလည်းဆိုင်းမယ်၊ နောက်ထပ်လည်း ထုတ်ချေးမယ်ဆိုတဲ့သဘောပေါ့"

ကိုဇော်ကြီးအား ရှင်းပြရင်း ရင်ပူလာသဖြင့် အချိုရည်ကိုမော့ချလိုက်ရသည်။

ကိုဇော်ကြီးက ကျွန်တော့်အား "ခု ပြဿနာတွေကို ဖြေရှင်းဖို့ တခြားနည်းလမ်းမရှိဖူးလား"

ဟုမေးသည်။ ကျွန်တော် မဲ့ပြုံးတစ်ချက်ပြုံးရင်း-

"ရှိတယ် ကိုဇော်ကြီး၊ အဲဒါကတော့ သူ့သမီးကို ယူလိုက်ဖို့ပဲ၊ အဲလိုဆို အားလုံးအဆင်ပြေသွားမယ်၊ ဒါပေမယ့် အဲဒီကိစ္စကိုတော့ ကျွန်တော် လုံးဝမလုပ်နိုင်ဘူး"

ဥာဏ်ဝင်းစာပေ



"ငွေက ဘယ်လောက်ယူထားလို့လဲ မင်းခန့်"

"လေးဆယ်ကျော်တယ်၊ ဂျပန်ထွက်ဖို့နောက်ထပ် နှစ်ဆယ်ကျော်ထပ်ထုတ်ပေးလိမ့်မယ်"

"ငါကတော့ နိုင်ငံခြားထွက်ဖို့ကို အားမပေးဘူး မင်းခန့်၊ ဘာဖြစ်လို့လဲဆိုတော့ငါကိုယ်တိုင် နိုင်ငံတကာလှည့်ပြီး ကျွန်အလုပ်မျိုးစုံလုပ်ခဲ့ဖူးလို့ပဲ"

"ကိုဇော်ကြီး စေတနာကို ကျွန်တော် သဘောပေါက်ပါတယ်၊ဒါပေမယ့်ကျွန်တော့်အနေအထားက ဂျပန်မထွက်လို့ မဖြစ်တော့ဘူး ကိုဇော်ကြီး"

"ဟုတ်ပြီလေ၊ ဒါဆိုလည်း မင်းသဘောပေါ့၊ ဒါပေမယ့် မင်းကိုငါ မေးခွန်းသုံးခုလောက်မေးချင်တယ်၊ မင်း သေသေချာချာ စဉ်းစားပြီးဖြေ၊ မရေရာတာတွေ မင်းစိတ်ထဲမှာ ထင်တာတွေကို မဖြေနဲ့၊ တိကျသေချာတာကိုဖြေ၊ ကဲ မင်း အခု ဂျပန်သွားပါပြီတဲ့၊ ဟိုမှာ အလုပ်ရမှာ သေချာသလား"

"ခု အေးဂျင့်ပြောပုံအရဆိုရင်တော့. ."

"တော်ပြီမင်းခန့်။ ဆက်မပြောနဲ့တော့၊ မင်းအဖြေက မရေမရာကြီး၊ အဲဒီမေးခွန်းကိုပယ်လိုက်တော့၊ ဒုတိယ မေးခွန်း မေးမယ်၊ ဟိုရောက်ရင် မင်းအလုပ်တစ်ခုခုမရမချင်း စားစရာနဲ့နေစရာ ကြည်ကြည်ဖြူဖြူ ပေးထားတယ့်လူမျိုး အရင်းအခြာထဲက ရှိသလား"

ဥာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်၌ ဂျပန်ရောက်လျှင် ဆက်သွယ်ရန် ရေးမှတ်ထားသည့် လိပ်စာလုံးပေါင်း မြောက်များစွာရှိပါသည်။ တကယ်စဉ်းစားကြည့်သောအခါ ထိုလူတွေအားလုံး ကျွန်တော့်အား တင်ကျွေးထားရန်မဆိုထားနှင့် လေဆိပ်လာကြိုဖို့ပင် မသေချာပါ။

ကျွန်တော်ခေါင်းရမ်းလိုက်သည်။

"မရှိဘူး ကိုဇော်ကြီး"

"ဒါဖြင့် နောက်ဆုံးမေးခွန်းတစ်ခုကိုဖြေကြည့်စမ်းကွာ၊ ဟိုရောက်ရင် လူဝင်မှုကြီးကြပ်ရေးက ပြည်ဝင်ခွင့်မပေးလို့ လေဆိပ်ကနေအိတ်ဆွဲပြီး လှည့်ပြန်လာရတာမျိုးမဟုတ်ဘဲ ဂျပန်နိုင်ငံထဲကို ချောချောမောမော ဝင်ခွင့်ရဖို့ သေချာသလား (စတေး) တပတ်ပေးပေး၊ တစ်ရက်ပေးပေး၊ နောက်ဆုံး ကုန်ကုန်ပြောမယ်ကွာ၊ တစ်နာရီလောက်ပဲပေးပေး၊ လေဆိပ်ကောင်တာကိုဖြတ်ပြီး အထဲရောက်သွားဖို့ လမ်းမတစ်ခုခုပေါ်ကို ရောက်သွားဖို့ သေချာသလား"

သည်တစ်ခါတော့ ပါးစပ်နှင့်မဖြေတော့ဘဲ ကျွန်တော် ပခုံးကိုသာတွန့်ပြလိုက်မိသည်။ ကျွန်တော့်ကိုကြည့်ရင်း ကိုဇော်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးသည်။

"ငါ မေးတဲ့မေးခွန်းတွေထဲက နောက်ဆုံးတစ်ခုတည်းကိုဖြေနိုင်ရင်တောင် မင်းဂျပန်သွားဖို့ကိစ္စ ငါမတားဘူး။ ခုတော့ မေးခွန်းသုံးခုစလုံး တစ်ခုမှ မဖြေနိုင်ဘူး။ အဲဒီပုံစံနဲ့





င်းထွက်သွားရင် ပထမကြွေးမဆပ်နိုင်တဲ့အပြင် နောက်ကြွေးသစ်တောင် ထပ်တင်အုံးမယ် မင်းခန့်"

ကိုဇော်ကြီး စကားကြောင့် ကျွန်တော် လေပူတစ်ချက်ကိုမှုတ်ထုတ်လိုက်မိသည်။

ဟုတ်တော့လည်းဟုတ်သည်။ ကျွန်တော် ဂျပန်ထွက်ည့်ကိစ္စက ဘာမှ ရေရေရာရာမရှိ။ စမ်းတဝါးဝါးနှင့် ဆင်န်းတောတိုးနေခြင်းမျိုးသာ ဖြစ်သည်။

ဆင်ဆိုလည်း တော်သေးရဲ့၊ ဘာနဲ့တွေ့တွေ့ တွန်းိုက်ပစ်လို့ရသည်။ သို့သော် ကျွန်တော်က ဆင်မဟုတ်။ တောတိုးရင်း ဟိုငြိဒီငြိနှင့်မလူးသာမလွန့်သာ အခြေအနေမျိုးသို့ အချိန်မရွေးကျရောက်သွားနိုင်သည်။

"ဒါဖြင့်ကျွန်တော် ဘာလုပ်ရမလဲ ကိုဇော်ကြီး၊ ဂျပန်ထွက်ဖြစ်ရင် ကြွေးက နှစ်လအတွင်း ဆပ်ရတော့မှာ ဆိုင်းပေးတော့မှာ မဟုတ်ဘူး။ အိမ်ရောင်းဖို့ဆိုတာကလည်း ခုချိန်မှာ လူတိုင်းလိုလို အိမ်တွေမြေတွေကို ဗန်းထဲထည့်ပြီး အော်ရောင်းသလို ရောင်းနေကြတာ ဝယ်သူချက်ချင်းတွေ့ဖို့ မလွယ်ဘူး။ တွေ့လည်း မတရား ဈေးနှိမ်မှာ သေချာတယ်"

ကိုဇော်ကြီးကွမ်းယာတစ်ယာကို ကွမ်းဗူးထဲမှ ထုတ်ကာ ငုံလိုက်သည်။ ပြီးမှ ကျွန်တော့်အား စိုက်ကြည့်ရင်း အကြံပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုလုပ်ကွာ၊ တစ်နေရာရာကနေ ဘဏ်တိုးနဲ့ ငွေ ခဏဆွဲပြီး ခုအလောသုံးဆယ်ဖြစ်နေတဲ့အကြွေးကိုအရင်ဆပ် လိုက်၊ နောက်ယူတဲ့ ကြွေးကိုနောက်မှ ဖြည်းဖြည်းချင်း ဖွဲ့ဆပ် သွားပေါ့"

"ကိုဇော်ကြီးကလည်း နောက်နေပြန်ပြီ။ ဒီခေတ်ကြီး မှာ ဘဏ်တိုးနဲ့ ဘယ်သူ့ဆီက ချေးလို့ရမှာလဲ"

"ငါ့ဆီကပေါ့"

"ဗျာ"

ကျွန်တော် ကိုဇော်ကြီးကို တအံ့တသြကြည့်လိုက် သော်လည်း ကိုဇော်ကြီးက တည်တည်ငြိမ်ငြိမ်နှင့်ပင် ဆက် ပြောသည်။

"ငါ တခြားနေရာတွေမှာတောင် တမင် ရင်းနှီးမြှုပ်နှံ နေသေးတာပဲ၊ အတိုးလည်း ရမယ်ဆိုရင် မင်းကိုဘာဖြစ်လို့ ငွေထုတ်မချေးနိုင်ရမှာလဲ၊ ဆုံးမယ့်ငွေမှ မဟုတ်တာ၊ မင်း မာမီ မြေကွက်တွေ ပြန်ရောင်းထွက်ရင် ငါ့ ငွေဖြစ်ပေါ်လာနိုင်တာပဲ ငါ ပြောတာမဟုတ်ဖူးလား"

ကျွန်တော် ကြက်သေသေစွာ ကိုဇော်ကြီးအား ငေး ကြည့်နေမိသည်။ အတော်ကြီးကြာမှ-

"ကိုဇော်ကြီး ကျွန်တော့်အပေါ် ဘာလို့ ဒီလောက် တောင် ကောင်းနေရတာလဲ" ဟု မေးလိုက်မိသည်။

"ငါ မင်းအပေါ်မှာ ဘာမှထူးပြီးမကောင်းပါဘူး မင်း ခန့်၊ ငါ့အလုပ် ငါလုပ်တာပါ။ ငါ အကျိုးရှိမယ့်အလုပ် ငါလုပ်





တာ၊ တစ်ခုတော့ရှိတယ်၊ တစ်ချိန်တုန်းက ငါလည်း အိမ်ပေါင် ငွေချေးပြီး နိုင်ငံခြားထွက်ခဲ့ဖူးတယ်၊ အဲဒီအတွက် ရလာဒ်က တော့ ပေါင်ခဲ့တဲ့အိမ်ဆုံးတယ်၊ ငါ့အမေဆုံးတယ်၊ ဒီကြားထဲ ချစ်သူတောင် အဆစ်ပါသွားသေးတယ်၊ အဲဒါကြောင့် ငါ့အဖြစ် ကိုယ်ချင်းစာပြီး ခုအလုပ်ကိုလုပ်ဖြစ်သွားတာလည်းဖြစ်နိုင် တာပေါ့"

"ဘာပဲဖြစ်ဖြစ် ကိုဇော်ကြီးကိုကျွန်တော်အရမ်းကျေးဇူး တင်ပါတယ်"

ကျွန်တော် လှိုက်လှိုက်လှဲလှဲပြောလိုက်တော့ကိုဇော် ကြီးက တဟားဟားရယ်သည်။

"မလိုပါဘူးကွာ၊ ကျေးဇူးတင်ချင်ရင်မင်းကောင်မလေး မခွဲရတဲ့အတွက်ပဲ ကျေးဇူးတင်၊ အတိုးနဲ့ငွေချေးတဲ့ကိစ္စကို ဘာမှကျေးဇူးတင်စရာ မလိုဘူး ဟုတ်ပြီလား"

ကျွန်တော် ဘာပြန်ပြောရမှန်းမသိသဖြင့် ခေါင်းကို ညိတ်ပြလိုက်ရသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



(၁၃)

ပြောခဲ့သည့်အတိုင်းပင် ဖြစ်၏။

ကျွန်တော် တာရာ့ထံမရောက်ဖြစ်ခဲ့ခြင်းမှာ ဘာ၀ အရေးကိစ္စများနှင့် များများနေသောကြောင့်ဖြစ်သည်။ ကိုဇော်ကြီး၏ ကျေးဇူးကြောင့် လစဉ်အတိုးကြီးကြီးပေးနေရသော အန်တီစိန်တို့၏ ငွေကို အမြန်ဆုံး ပြန်ဆပ်နိုင်ခဲ့သဖြင့် ကျွန်တော်တို့မိသားစု တော်တော်အသက်ရှူချောင်သွား၏။

အလွတ်ချေးရမှာမကောင်းသဖြင့် ဘဏ်တိုးသာသာ အတိုးမျှသာယူပြီး ကိုယ့်အလုပ်ကိုယ်လုပ်တာပါဟု ကိုဇော်ကြီး ဘယ်လိုပင်ပြောပြော ၎င်း၏ ကျေးဇူးက ကြီးမားလှပါသည်။

"စက်ရုံမှာ အခန်းငှားစားတဲ့ (သူကြီး)လုပ်တုန်းက အိမ်ကလွတ်လို့၊ ရည်းစားက တိုက်တွန်းလို့ဆိုပြီး အလုပ်လာလုပ်ကြတဲ့ လူငယ်တော်တော်များများ တွေ့ခဲ့ဖူးတယ်၊ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စနှစ်ယောက်စ အဆင်ပြေသွားပေမယ့် အများစုက တော့ (အိုဗာစတေး)နဲ့ နေပြီး ဟိုလူ့ကြောက်ရ ဒီလူ့ကြောက် ရတဲ့ဒုက္ခရောက်ကြတာများတယ်၊ တချို့ဆို တော်တော် သနားဖို့ကောင်းတယ်၊ အဆင်မပြေလို့ ပြန်ချင်ပေမယ့် အိမ်က ပြန်မလာနဲ့ အုံးဆိုတာနဲ့ စက်ရုပ်တစ်ရုပ်ဆန်ဆန်ပေတေပြီး အလုပ်တွေ ဆက်လုပ်ရင်း ကြောင်တောင်တောင်ဖြစ်သွားကြတယ်၊ (ငါး)လို့ခေါ်တဲ့ မူးယစ်ဆေးဝါးစွဲသွားကြတယ်"

"ဒါကို ဒီကလူတွေ မသိကြဘူး။ တိုက်ခန်းကြီးပွိုင့် ဝယ်ထားလို့ တစ်နှစ်နေပါအုံး၊ ခြောက်လလုပ်ပါအုံးနဲ့၊ မနေချင်ဘဲ မလုပ်ချင်ဘဲ ဆက်နေဆက်လုပ်နေရတဲ့ ချာတိတ်တွေ အများကြီးပဲ"

အိမ်ကို ငွေလာပေးသည့်နေ့က ကိုဇော်ကြီး သူ့အတွေ့အကြုံတစ်ခုကိုပြောပြသွားခဲ့၏။ ကိုဇော်ကြီးစကားကြောင့်လား၊သို့မဟုတ် အန်တီစိန်၏ ကြွေးပူပြဿနာ ရှင်းသွားသောကြောင့်ပဲလားမသိ။ ကျွန်တော့်အား ဂျပန်သို့ ဖုတ်ပူမီးတိုက် လွှတ်ရန်ကိစ္စ မာမီအနည်းငယ် သွေးအေးသွားခဲ့သည်။

ထိုအတောအတွင်း-

ကျွန်တော့်ကိစ္စနှင့်ကျွန်တော်အလုပ်ရှုပ်နေပြီးမရောက်ဖြစ်ခြင်းအား တာရာက အဓိပ္ပါယ်တစ်မျိုး ယူဆသွားပုံရ၏။ မမျှော်လင့်ဘဲ ကျွန်တော့်ထံသို့ တာရာဖုန်းဆက်လာခဲ့သည်။ မြတ်မင်းခန့်နဲ့စကားပြောချင်လို့ပါဟူသောအက်ရှရှမိန်းကလေး





သံကြားကတည်းကတာရာပဲဟု ကျွန်တော် ချက်ချင်းသိလိုက်သည်။

"တာရာ၊ ခုမင်းဘယ်က ဆက်နေတာလဲ၊ နောက်ပြီး ကိုယ့်ဖုန်းနံပါတ် ဘယ်က ရသလဲ"

"တို့ တိုက်အောက်ထပ် စတိုးဆိုင်က ဆက်နေတာ မင်းခန့်၊ မင်းဖုန်းနံပါတ်ကို လွင်မာ့ဆီက ရတာ"

ကျွန်တော့်မေးခွန်းတွေကို အဖြေပေးပြီးနောက် တာရာက ကျွန်တော့်အား မေးခွန်းတစ်ခု မေးသည်။

"မင်းစိတ်ဆိုးနေသလား မင်းခန့်"

တာရာ့မေးခွန်းကြောင့် ကျွန်တော် ကြောင်အမ်းအမ်းဖြစ်သွားရသည်။

"ကိုယ်က ဘာအတွက်စိတ်ဆိုးရမှာလဲ"

"မစ္စတာဂစ်တာမှာတို့ပြောလိုက်တဲ့ စကားတွေကြောင့်လေ၊ ဘယ်တော့မှ မဖြစ်နိုင်ဘူးလို့ ငြင်းလိုက်လို့ မင်းစိတ်ဆိုးသွားတယ် မဟုတ်လား"

"မဆိုးပါဘူး"

"ဒါဖြင့် တို့ကိုဘာဖြစ်လို့ ရှောင်နေတာလဲ၊ မင်းတို့ဆီမလာတာ တစ်ပတ်ကျော်သွားပြီ"

တာရာ ကျွန်တော့်အပေါ် အထင်လွဲမှားနေကြောင်း ချက်ချင်းပင် သဘောပေါက်လိုက်သည်။ အိမ်အလုပ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်နေလို့ပါဟု ကျွန်တော်ပြောတော့ တာရာက မယုံကြည်ဟန်ဖြင့် ခပ်တိုးတိုးရယ်သည်။

"တို့ စကားကြောင့်မင်းစိတ်ဆိုးသွားတာဆိုရင် တို့စကားကို ပြန်ရုပ်သိမ်းပေးမယ်မင်းခန့်"

"ရုပ်သိမ်းပေးမယ် ဟုတ်လား"

ကျွန်တော် တအံ့တဩ ပြန်မေးလိုက်မိသည်။

"တို့ သေသေချာချာ စဉ်းစားပြီးပြီ မင်းခန့်၊ ဘယ်တော့မှ မဖြစ်နိုင်ဘူးဆိုတဲ့ စကားကို ပြန်ရုပ်သိမ်းဖို့ ဆုံးဖြတ်လိုက်ပြီ"

ဘယ်တော့မှ မဖြစ်နိုင်ဘူးဟု ငြင်းပယ်ခံရာမှ လောလောဆယ် မဖြစ်နိုင်သေးဘူးဟု အဓိပ္ပါယ်ပြောင်းလဲသွားစေသည့် တာရာ့စကားကြောင့် ကျွန်တော်အနည်းငယ် ရင်ဖိုသွားသည်။

"ဒါဖြင့်မင်းဆိုလိုတာ နောင်တစ်ချိန်မှာ လာလိမ့်မယ်ဆိုတဲ့ သဘောလား"

"ဖြစ်နိုင်ကောင်းဖြစ်လာလိမ့်မယ်လို့ ယူဆရင်ရတဲ့ သဘောပေါ့ မင်းခန့်၊ ဘယ်လိုလဲ မင်း တို့ကို ရှောင်နေအုံးမှာလား"

"ဟင့်အင်း မရှောင်တော့ပါဘူး၊ ကိုယ် မင်းဆီ လာခဲ့မယ်လေ"

"မနက်ဖြန်လား"





"မဟုတ်ဘူး။ အခု"

"ဟော အဲဒီလောက်လည်း လောမကြီးနဲ့အုံးလေ"

"ကိုယ် ဆယ့်ငါးမိနစ်အတွင်း အရောက်လာခဲ့မယ်"

ကျွန်တော် ခပ်သွက်သွက်ပင် ဖုန်းပြန်ချလိုက်သည်။

နောက်ဆယ့်ငါးမိနစ်အကြာမှာတော့ ကျောက်မြောင်းရှိ တာရာတို့တိုက်အောက်ထပ် စတိုးဆိုင်လေးသို့ ကျွန်တော်ရောက်ရှိသွားခဲ့သည်။ အိမ်နေရင်း တီရှပ်အဖြူလေးသာ ဝတ်ဆင်ထားသော တာရာမှာ ကျွန်တော်နှင့်ဖုန်းပြောပြီးကတည်းက တိုက်ပေါ်သို့ ပြန်တက်ပုံမရသေး။

ကျွန်တော့်ကားကိုတွေ့သည်နှင့်တာရာ ကားဆီသို့လျှောက်လာသဖြင့် ကျွန်တော် ရှေ့ခန်းတံခါးကိုဖွင့်ပေးလိုက်တော့ တာရာ ကျွန်တော့်ဘေးခုံ၌ အသာအယာဝင်ထိုင်သည်။ သူ ဝင်ထိုင်ပြီးသည်နှင့် ချက်ချင်းဆိုသလိုပင် ကားတစ်စီးလုံးမွှေးပျံ့သွား၏။ ကျွန်တော် ကားကိုခပ်ဖြည်းဖြည်းလေး မောင်းထွက်လာခဲ့သည်။

"မင်းစိတ်ကောက်ပြေတာ မြန်လှချည်လား မင်းခန့်"

"မင်း ဆုံးဖြတ်ချက်ပြောင်းလဲလိုက်တာလည်းမြန်တာပါပဲလေ"

"မမြန်ပါဘူးနော်၊ တို့အကြာကြီး အချိန်ယူခဲ့ရတာ၊ ဒါနဲ့ ခု ဘယ်သွားမှာလဲဟင်"

"တစ်နေရာရာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ အဝေးကြီးမသွားပါနဲ့နော်၊ ပြီးတော့ လူရှုပ်ရှုပ် ဆိုင်တွေလည်း မထိုင်ချင်ဘူး၊ တို့အိမ်နေရင်းအဝတ်အစားနဲ့ လိုက်လာတာ"

တာရာ့သတ်မှတ်ချက်နှင့်ကိုက်ညီမည့်နေရာတစ်နေရာ ကို အလျှင်အမြန် စဉ်းစားကာ ကျွန်တော် တာရာ့အား ပြော လိုက်သည်။

"ဒါဖြင့် ကန်တော်ကြီးထဲ သွားထိုင်ကြမယ်လေ ကျောက်မြောင်းနဲ့လည်းမဝေးဘူး၊ လူလည်းမရှုပ်ဘူး"

"လူမရှုပ်ပေမယ့်အတွဲတွေ ရှုပ်တယ် မင်းခန့်ရဲ့"

"ကိစ္စမရှိပါဘူး၊ သူတို့က သူများတွေကိုလိုက်မနှောင့် ယှက်တတ်ပါဘူး"

"ဒါပေမယ့် မင်းနဲ့တို့ကို ဘယ်လိုထင်သွားမလဲ"

"သူတို့လို အတွဲတစ်တွဲလို့ပဲ ထင်သွားမှာပေါ့"

ကျွန်တော့်အဖြေကြောင့် တာရာ ကျွန်တော့်အား မျက်စောင်းထိုးသည်။

တကယ်တော့ တာရာ ကျွန်တော့်အား ထိုကဲ့သို့ မျက် စောင်းထိုးဖို့ မကောင်းပါ။

ရင်ခုန်ဖွယ်ကောင်းလှသော တာရာ၏ မျက်စောင်း လှလှလေးများကြောင့် ကျွန်တော် ရင်တလှပ်လှပ်ဖိုလာပြီး ကန် တော်ကြီးထဲရောက်ချိန်၌ တာရာ့အား နမ်းရှိုက်ချင်စိတ်တို့ တဖွားဖွားပေါ်ပေါက်လာခဲ့သည်။





ထိုကိစ္စနှစ်ခုမှာ အဆက်အစပ်ရှိမရှိ မသေချာသော် လည်း ကျွန်တော်ကတော့ အမှန်တကယ်ပင် တာရာအား နမ်း ချင်လာပါသည်။

"တာရာ မင်းခေါင်းပေါ်မှာ ဘာကြီးလဲ မသိဘူး၊ ခေါင်းငုံ့လိုက်စမ်း"

ကျွန်တော့်စကားကြောင့် ခေါင်းပေါ်မှ တစ်စုံတစ်ရာ အား ဖယ်ရှားပေးနိုင်ရန် တာရာ အလိုက်သင့် ခေါင်းငုံ့ပေး၏။ ကျွန်တော်ကလည်း တာရာ့နဖူးလေးအားအလိုက်သင့်ပင် နမ်း ရှိုက်လိုက်ပါသည်။

"ဟယ် အဲဒါ ဘာလုပ်တာလဲ မင်းခန့်"

တာရာ ကျွန်တော့်အား ရှက်အန်းအန်းလေသံဖြင့် အထိတ်တလန့် လှမ်းမေးသည်။

"နမ်းလိုက်တာလေ"

"ဘာဖြစ်လို့ ဘာဖြစ်လို့ အဲလိုနမ်းရတာလဲ"

"ကိုယ်လည်း သေသေချာချာ မပြောတတ်ဘူး။ တ အားနမ်းချင်လာတာနဲ့ နမ်းလိုက်တာ"

"မင်းမှာ အဲဒီလို နမ်းခွင့်မရှိဘူး မင်းခန့်"

"ဟုတ်လား၊ ဒါဖြင့် နောက်ကိုယ် ဆင်ခြင်ပါ့မယ်၊ လောလောဆယ် လက်ကလေးတော့ ကိုင်ထားမယ်နော်"

"အိုး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တာရာ့လက်ကလေးကိုဖွဖွလေး ဆုပ်ကိုင်လိုက်တော့ တာရာက ရှက်လန့်တကြားဖြင့် ရုန်းသည်။ သို့သော် တာရာ့ရုန်းကန်မှုက အင်အားမပါလှ။ ဖွဖွကလေးဖြစ်သည်။

"တို့ မင်းကိုတဖြည်းဖြည်း လန့်လာပြီ မင်းခန့်"

"စိတ်မပူပါနဲ့၊ မင်းရဲ့ သမာဓိတွေ ပျက်လောက်အောင် ကိုယ် မနှောင့်ယှက်ပါဘူး၊ လက်ကလေးပဲကိုင်ထားမှာပါ"

တာရာမဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်မှအပ ကျွန်တော့်အား ဘာမှထပ်မပြောတော့။ ထို့အတူ သူ၏ လက်ကလေးကိုလည်း ထပ်မရုန်းတော့။ကန်တော်ကြီးမှ ပြန်လာချိန်အထိ တာရာ့လက်ကလေးကို ကိုင်ထားရင်းကျွန်တော်တို့ နှစ်ယောက်စလုံး တိတ်တိတ်ဆိတ်ဆိတ်ကလေး ငြိမ်သက်နေခဲ့ကြသည်။

❑

သည့်နောက်ပိုင်း ကျွန်တော်တို့နှစ်ယောက် တရားမဝင်သောချစ်သူများအဖြစ်သို့ ရောက်ရှိလာခဲ့ကြသည်။ တရားမဝင်ဟုဆိုရခြင်းမှာ တာရာက ကျွန်တော့်အား ချစ်သည်ဟု ဝန်မခံခြင်းကြောင့်ဖြစ်သည်။





ကျွန်တော်က နဖူးလေးနမ်းရှိုက်သည့်အခါ မျက်လုံးမှေးစင်းလျက် ငြိမ်သက်နေတတ်ပြီး ရံဖန်ရံခါ လက်ချင်းဖွဖွဆုပ်ကိုင်ထားတတ်သော်လည်း ချစ်တယ်ဟူသော စကားကိုတော့ တာရာဘယ်တုံးကမှ မသုံးနှုန်းခဲ့ပါ။

"တို့မင်းကိုသံယောဇဉ်ရှိတယ်လေ မင်းခန့်ရဲ့။ သံယောဇဉ်ဆိုတဲ့ ကြိုးကပိုပြီး ရှည်လျားခိုင်မြဲပါတယ်၊ အချိန်တန်လို့ ကိုယ့်လမ်းကိုယ်လျှောက်ဖြစ်ကြရင် သံယောဇဉ်ဆိုတာမျိုးက အလွယ်တကူ ပြတ်တောက်မသွားတတ်ပါဘူး"

"မင်း ကိုယ့်ကို နှစ်သိမ့်နေတာလား၊ နှစ်သိမ့်ဆုနဲ့ ခပ်လွယ်လွယ် ကျေနပ်တတ်တဲ့ လူတွေထဲမှာ မြတ်မင်းခန့်မပါဘူး တာရာရဲ့"

"မင်းခန့်က ပထမဆုရမှ ကျေနပ်တတ်မှန်း တို့ နားလည်ပါတယ်၊ ဒါပေမယ့် ခက်နေတာတစ်ခုက အခု အစီအစဉ်မှာ ပထမဆုက နဂိုကတည်းက ထည့်မထားဘူး မင်းခန့်ရဲ့"

ရယ်သလိုမောသလိုနှင့် တာရာ ထိုသို့ပြောလာသည့်အခါများမှာတော့ ကျွန်တော် အောင့်သက်သက်ဖြစ်စွာ နှုတ်ဆိတ်သွားရသည်။

တာရာ၏ ခေါင်းမာမှုကြောင့် မကြာခဏဆိုသလို ကျွန်တော် စိတ်အနှောင့်အယှက်ဖြစ်ရသော်လည်း တာရာကတော့ "တို့မှာစေ့စပ်ထားတဲ့လူရှိတယ်"ဟူသောစကားမျိုးကို စိတ်လှုပ်ရှားမှုကင်းမဲ့စွာ ကျွန်တော့်အား ပြောတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တာရာနှင့်ကျွန်တော့်အပါး၌ နံရံပါး-ပါးတစ်ခြပ် ခြားနေခြင်းအား ကျွန်တော်ဘယ်လိုမှ သဘောမကျနိုင်ပါ။

သို့သော် အုံ့ဩဖွယ်ကောင်းလောက်အောင်ပင် ထိုနံရံက ကျွန်တော်တို့နှစ်ယောက်အကြား၌ ဆက်လက်တည်ရှိနေခဲ့ပါသည်။ ဤသို့ဖြင့် သက်ပြင်းတွေကို ပြန်ပြန်မြိုချရင်း နေ့ရက်တို့ကို ပင်ပန်းကြီးစွာ ကျွန်တော် ဖြတ်သန်းစီးမြောခဲ့ရသည်။

သည်းခံမှုတိုင်း၌ ကန့်သတ်ချက်ရှိသည်ဆိုသော စကားကိုပြောခဲ့သူနှင့် ကျွန်တော် မရင်းနှီးသော်လည်း ထိုစကားအလွန်မှန်ကန်ကြောင်းကိုတော့ ကျွန်တော် ထောက်ခံချင်ပါသည်။

တာရာနှင့်ကျွန်တော့်အကြား နံရံပါးပါးတစ်ခြပ်ခြားနေခြင်းအား ဘယ်လိုမှ သည်းမခံနိုင်သည့်တစ်ရပ်မှာတော့ ကျွန်တော်ပေါက်ကွဲပါတော့သည်။ ကျွန်တော်၏ ပေါက်ကွဲမှုများက အနည်းငယ်ပြဇာတ်ဆန်ကောင်းဆန်နိုင်သော်လည်း ပေါက်ကွဲမှုနှင့်ပတ်သက်၍ ကျွန်တော် နောင်တမရခဲ့ပါ။

□





# သင်၏ ချစ်လှစွာသော

## အပိုင်း(၂)



www.burmeseclassic.com

www.burmeseclassic.com



(၁)

"မင်းခန့် အဲဒါ ဘာလုပ်တာလဲ"

"ကိုယ် တာရာ့ကို ကားတင်ပြေးတာလေ"

ကျွန်တော့်ကားက မြန်မြန်ဆန်ဆန်ကြီး ပြေးလွှားနေသည်။

လမ်းဘေးမြင်ကွင်းတို့က တရိပ်ရိပ် ကျန်ခဲ့ကြ၏။

"မင်းရဲ့ ဆုံးဖြတ်ချက်ကို မပြင်တော့ဖူးလား မင်းခန့်"

"ဆုံးဖြတ်ချက်ဆိုတာ ပြင်ဖို့ချတာမဟုတ်ဘူး တာရာ ... အကောင်အထည်ဖော်ဖို့ချတာ"

တာရာပင့်သက်ရှိုက်ကာ ငြိမ်သက်သွား၏။ ကျွန်တော့် ...ရှေ့မှ ကားနှစ်စီးကို ဟွန်းအရှည်ကြီးတီးကာ ဆက်တိုက်ကျော် ...က်ပစ်လိုက်သည်။ ပုံမှန်ယာဉ်ကြောသို့ ပြန်ယူပြီးချိန်၌ တာ ...စကားသံ ခပ်တိုးတိုးထွက်ပေါ်လာသည်။

ဉာဏ်ဝင်းဆွေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့တို့ အပေးအယူလုပ်ကြရအောင် မင်းခန့်"

တာရာ့စကားကြောင့် ကျွန်တော် ညစ်ကျယ်ကျယ် ပြ လိုက်မိသည်။

အပေးအယူတဲ့။

ဘယ်လောက်ပဲခေါင်းမာ၊ခေါင်းမာ နောက်ဆုံးတော့ တာရာ ကျွန်တော့်ကိုအလျှော့ပေးလာရတာပါပဲ။

သိပ်တော့လည်းမဆန်းပါဘူး။ ခုလိုအခြေအနေမျိုး ဘယ် မိန်းကလေးမှ အံတုခေါင်းမာရဲလိမ့်မည်မဟုတ်။ ကျွန် တော်မကြားချင်ဟန်ဆောင်ပြီး ကားကိုဆက်မောင်းနေလို တော့ တာရာကလည်း တစ်စုံတစ်ရာဆက်မပြောတော့ပါ။

ကားက စော်ဘွားကြီးကုန်းကိုကျော်လွန်ကာ မြို့ပြ သို့ထွက်လာသည်အထိ တာရာ ငြိမ်သက်နေခဲ့သည်။ မင်္ဂလာ သို့ရောက်သော်လည်း တာရာ့ထံမှ အသံမကြားရ။

အနည်းငယ်ထူးဆန်းနေသဖြင့် ကျွန်တော် တာရာ အား တစ်ချက်လှည့်ကြည့်လိုက်သည်။

တာရာက လက်နှစ်ဖက်ကို ပိုက်လျက် မျက်လုံးအစုံ မှေးမှိတ်ထားကြောင်းတွေ့ရသည်။ တာရာ၏ တည်ငြိမ်တိတ် ဆိတ်နေမှုကြောင့် ကျွန်တာ် အံ့သြသွားရ၏။

သာမန်မိန်းကလေးတစ်ယောက်အနေနှင့် ကားတ ပြေးခြင်းခံရသည့်ကိစ္စအား ဤကဲ့သို့ ရင်ဆိုင်လိမ့်မည်ဟု ကျွန် တော်နည်းနည်းမှ မျှော်လင့်မထားမိပါ။ သို့သော် ကျွန်တော်





တာရာက သာမန်မိန်းကလေးမဟုတ်။ ထိုအချက်ကို ကျွန် တော်မေ့လျော့နေခဲ့သည်။

ကျွန်တော် တွေးထင်ထားသည်က ကားတင်ပြေးလျှင် တာရာ ကျွန်တော့်အား စိတ်ဆိုးမည်။ ထို့နောက် ငိုယိုကာ တောင်းပန်မည်။ နောက်ဆုံးကျွန်တော်လိုချင်သည့် ချစ်တယ် ဆိုသော အဖြေကိုပေးမည်။ ဤသို့သာ ဖြစ်၏။

ယခု ကျွန်တော် တွေးထင်ထားသည်နှင့်ဆန့်ကျင်နေ သဖြင့် အနည်းငယ်အူကြောင်ကြောင်ဖြစ်သွားရသည်။ ထိုအ ခိုက်မှာပင် တာရာ၏ မျက်လုံးများဖွင့်တ်ခနဲ ပွင့်အာလာကြပြီး ကျွန်တော့်ကိုလှမ်းကြည့်ကာ ပြောသည်။

"တို့မှာ မှတ်ပုံတင်ပါမလာဘူးနော် မြတ်မင်းခန့်တဲ့"

အစိုးပိုင်ယ်ကတော့ ခိုးပြေးလျှင် မှတ်ပုံတင်ပါမှသာ ရုံး တက်လက်မှတ်ထိုးခြင်း၊ တည်းခိုခန်းငှားခြင်း၊ စသည့်ကိစ္စများ ဆောင်ရွက်နိုင်သည်။ မှတ်ပုံတင်မပါလျှင် ထိုကိစ္စများ မပြုလုပ် နိုင်ပါဆိုသည့် သဘောဖြစ်သည်။

ကျွန်တော် ပခုံးတွန့်ရင်း ဟန်ဆောင်တင်းမာထားမှု အား အနည်းငယ်လျှော့ချလိုက်သည်။

"မင်း ပြောတဲ့ အပေးအယူဆိုတာ ဘာလဲ တာရာ"

လွှတ်ခနဲမေးပြီးမှ ကိုယ့်ပါးစပ်ကို ကိုယ့်ဘာသာကိုယ် ပြန်ရိုက်ချင်စိတ်ပေါက်သွား၏။ ကျွန်တော့်ဘက်မှ အမှတ် လျော့သွားပြီဟု ကျွန်တော်သိလိုက်သည်။ ကျွန်တော့်နည်းတူ တာရာကလည်း သိပုံရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အား မျက်လုံးမှေးစင်းလျက်ကြည့်ရင်း ခ
သဲ့သဲ့ပြုံးသည်။

"တို့ပြောတဲ့အပေးအယူက မင်းသိချင်တာတွေ
ပြောပြမယ်၊မင်း သိသင့်တာ၊ မင်းကိုသိစေချင်တာ အား
ပေါ့"

"အဲဒီအတွက် ကိုယ့်ဘက်က ဘာပြန်ပေးရမှာလဲ"

"တို့ကို အိမ်ပြန်ပို့ပေးရမယ်"

ဒါကတော့ ကျွန်တော်မျှော်လင့်ထားသောအဖြေ
ဖြစ်သည်။ ကျွန်တော်တာရာ့အား မကြည့်ဘဲ ပြန်ပြောလို
သည်။

"မင်းကိုပို့သင့်မပို့သင့် မင်းပြောတဲ့စကားတွေ
အရင် နားထောင်ကြည့်မယ်လေ"

"ဖြစ်ပါတယ်၊ ဒါဆိုလည်းတစ်နေရာရာမှာ ကား
လိုက်လေ"

"မင်း ဆင်းမပြေးပါဘူးလို့ ကတိပေးသလား"

"တို့ အဲဒီလောက်ကလေးမဆန်ပါဘူး မင်းခန့်
နောက်ပြီး တို့ပြောတာတွေကို နားထောင်ကြည့်ပါအုံး
မပြောဘဲ မင်းသာ ထွက်ပြေးချင်စိတ်ပေါက်သွားလိမ့်မယ်"

"ကောင်းပြီလေ၊ ဒါဆို ဆယ်မိုင်ကုန်းအထိ မော
မယ်၊ ဆယ်မိုင်ကုန်းက ရွှေအုန်းပင်ဆိုင်မှာထိုင်ပြီး မင်းပြော
တွေ နားထောင်မယ်"





တာရာ့အားမယုံရဲသဖြင့် ပဲခူး ဆယ်မိုင်ကုန်းအထိ အ
းကြီးမောင်းလာပြီးမှ ရွှေအုန်းပင်ဆိုင်ရှေ့သို့ ကားပြန်ကွေ့
ာ ရပ်လိုက်သည်။ တာရာက ကားပေါ်မှ မဆင်းမီ-

"တို့ ထွက်မပြေးဘူးလို့ ကတိပေးထားတယ် မင်းခန့်၊
င်းစိတ်ချလက်ချသာနေ ဟုတ်ပြီလား"

တာရာ့ထံမှ ကတိစကားပြောကြားတော့မှ ကျွန် တော်
အနည်းငယ် စိတ်ပေါ့သွားသည်။

ကျွန်တော့်အား သိချင်တာတွေ၊ သိသင့်တာတွေ ပြော
မည်ဟု ဆိုသော်လည်း ဆိုင်ထဲရောက်ပြီး အတန်ကြာသည်
ထိ တာရာ စကားမစပါ။ အဝေးသို့ငေးရီရင်းခပ်တွေတွေ
ိသက်နေခဲ့သည်။

"မင်းကိုယ့်ကို တစ်ခုခုပြောမယ်ဆိုရင် စပြောဖို့
ာင်းပြီ တာရာ"

ကျွန်တော့်စကားကြောင့် အိပ်မက်တစ်ခု၌ ပျော်ဝင်
ရာမှ လန့်နိုးလာသူတစ်ယောက်ပမာ တာရာ ကျွန်တော့်
ား ကယောင်ကတန်းကြည့်သည်။ ပြီးမှ သက်ပြင်းဖွဖွချရင်း
ါင်းညိတ်သည်။

"တို့ မင်းကိုဘယ်က စပြောရင်ကောင်းမလဲလို့ စဉ်း
းနေတာ"

"မင်း စချင်တဲ့နေရာကသာ စပြော"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်မရှည်နိုင်စွာ ပြောလိုက်တော့ တာရာ နောက်တစ်ကြိမ်သက်ပြင်းချပြန်သည်။ ဘာဖြစ်လို့ သက်ပြင်း တွေ ခဏခဏချမှန်း ကျွန်တော် စဉ်းစား၍မရ။

"မင်းတို့ကို မေးဖူးတယ်၊ တို့ဘယ်သူနဲ့စေ့စပ်ထား လဲ၊ ဘယ်လိုစေ့စပ်ခဲ့တာလဲ၊ တကယ်တော့ တို့ စေ့စပ်ထား တယ်ဆိုတာ မဟုတ်ဘူး မင်းခန့်"

"ကိုယ် ထင်သားပဲ"

"တို့က လက်ထပ်ထားခဲ့တာ"

"ဘာ"

ကျွန်တော် အထိတ်တလန့်ဖြစ်စွာ တာရာ့ကို လှမ်း ကြည့်လိုက်သည်။

"ဟုတ်တယ် မင်းခန့်၊ တို့က လက်ထပ်ထားတဲ့မိန်းမ တစ်ယောက်၊ ဒါမှမဟုတ် လက်ထပ်ထားတယ်လို့ ယူဆလို့ရ တဲ့မိန်းမတစ်ယောက်ပါ"

ပင်လယ်ပြင်မဟုတ်ပါပဲ၊ ကျွန်တော့်ရင်ထဲ၌ မုန်တိုင်း တို့ ကြမ်းတမ်းစွာ တိုက်ခတ်သွားကြသည်။ ကျွန်တော် တာရာ့ မျက်နှာအား မယုံရဲရဲ လှမ်းကြည့်လိုက်တော့ တာရာကလည်း ကျွန်တော့်ကို ရိုဝေ့စွာ ပြန်လည်ငေးစိုက်ကြည့်နေလေသည်။

❑





"ကိုကိုကြီးက တို့ထက်အသက်အများကြီး ကြီးတယ်၊ ...့ရှိပြီးသား၊ တို့က သူ့ကိုအစ်ကိုကြီးတစ်ယောက်လို လေး ...းတယ်၊ တို့မောင်လေးကတော့ နဂိုကတည်းက ယောက်ျား လေးအဖော် အစ်ကိုငတ်နေတာဆိုတော့သူ့ကိုအရမ်းခင်တယ်၊ သူကလည်းတို့မောင်လေးကို တော်တော်ချစ်တယ်။ သူ့အမေ ...တို့အမေနဲ့ကလည်း ဘယ်ဘဝက ရေစက်လည်း မသိဘူး။ ...ကယ့် ညီအစ်မအရင်းတွေလို ခင်တယ်၊ သူတို့က သူဌေး ...တွေ မဟုတ်ပေမယ့် တို့တွေထက်စာရင်တော့ ချမ်းသာတယ်၊ ...းပိုင်အိမ်ပိုင်နဲ့ ချောင်ချောင်လည်လည်နေနိုင်တယ်"

"တို့တွေကတော့ အိမ်ခန်းလေးငှားနေရတာ၊ စီးပွား ရေးကလည်း တစ်မိသားစုလုံး ဖေဖေ့လုပ်စာ တစ်ခုကိုအမှီပြု နေတာ၊ ဒါကြောင့် ဖေဖေဆုံးသွားတော့ တို့မိသားစုအရမ်းဒုက္ခ ရောက်ခဲ့ကြတယ်။ တို့ မောင်နှမ နှစ်ယောက်စလုံး ကျောင်း ...က်ရမယ့်အခြေအနေမျိုးရောက်ခဲ့တယ်။ ဒါပေမယ့် ကိုကို ကြီးတို့သားအမိက ကျောင်းပေးမထွက်ဘူး။ တို့မောင်နှမကို ကျောင်းဆက်ထားပေးတယ်၊ မေမေက စက်ချုပ်တတ်တော့ အပ်ချုပ်စက်တစ်လုံးဝယ်ထောင်ပေးတယ်၊ မီးဖိုချောင်စားစ ...ကို မေမေ စက်ချုပ်ရင်း ရှာနိုင်ခဲ့တယ်"

"ကိုကိုကြီး တို့မောင်နှမအတွက် ကျောင်းစရိတ်ဆိုပြီး မေမေ့ကို လစဉ်ထောက်ပံ့တယ်။ မေမေကလည်း စက်ချုပ်ရင်း အိမ်ဆိုင်ကလေးပါ တည်နိုင်လာတော့ နည်းနည်းအဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



လာတယ်။ ချောင်ချောင်လည်လည် စားနိုင်သောက်နိုင်လာ
တယ်ဆိုပါတော့”

“တို့ ဆယ်တန်းတက်မယ့်နှစ်မှာ သူနဲ့တို့နဲ့ကိုနေရာ
ချပေးချင်တယ်လို့ သူ့အမေက ကမ်းလှမ်းလာတယ်၊ တို့က
လည်း လူကောင်သာထွားတာ၊ စိတ်က ကလေးစိတ်မကုန်သေး
ဘူး၊ ချစ်တာတွေ လက်ထပ်တာတွေ ဘာမှ နားလည်တာ မ
ဟုတ်ဘူး။ တို့နားလည်တာက မေမေ စိတ်ချမ်းသာဖို့ပဲ၊ မေမေ
သဘောတူရင် ပြီးရော”

“မေမေကလည်းကိုကိုကြီးကို သားတစ်ယောက်လို
ချစ်တယ်၊ အားလည်းကိုးတယ်၊ ဒီလိုနဲ့ တို့ကမ်းလှမ်းချက်ကို
လက်ခံဖြစ်ခဲ့တယ်၊ အဲဒီအချိန်မှာပဲ ကိုကိုကြီး မလေးရှားမှာ
အလုပ်သွားလုပ်ဖို့ စီစဉ်ထားတဲ့ကိစ္စက အဆင်ပြေလာတယ်
ချက်ချင်းကြီး နိုင်ငံခြားသွားဖို့ ဖြစ်လာတော့ မသွားခင် တို့နဲ့
လက်ထပ်သွားချင်တယ်လို့ တောင်းဆိုလာတယ်”

“သူနိုင်ငံခြားမထွက်ခင် သုံးရက်လောက်အလိုမှာ
လက်ထပ်ပွဲကို သူတို့အိမ်မှာ အကျဉ်းရုံးလုပ်ဖို့ စီစဉ်တယ်
ဖြစ်ချင်တော့ လက်ထပ်မယ့်နေ့မတိုင်ခင်တစ်ရက်မှာ တို့ ဗိုက်
အရမ်းအောင့်လို့ ဆေးရုံတင်ရတယ်၊ ဆေးရုံရောက်တော့ အူ
အတက်ပေါက်တာဖြစ်နေလို့ ချက်ချင်းပဲ ခွဲစိတ်ရတယ်၊ တို့
ဆေးရုံတက်ရပေမယ့် နောက်တစ်နေ့ သူတို့အိမ်ကို ဖိတ်ထား
တဲ့ ဧည့်သည်တွေရောက်လာကြတယ်။ မင်္ဂလာဆွမ်းကျွေးပင့်
ထားတဲ့ဘုန်းကြီးတွေလည်း ကြွလာကြတယ်”





“ရက်ရွှေ့လို့မကောင်းလို့ မေမေနဲ့ သူတို့သားအမိပဲ
ဘုန်းကြီးဆွမ်းကပ်လိုက်ကြတယ်။ ဧည့်သည်တွေကိုဧည့်ခံလိုက်
ကြတယ်၊ သတို့သမီးက ရှောင်တခင် ဆေးရုံတင်လိုက်ရလို့
သတို့သားတစ်ယောက်တည်း ဧည့်ခံလိုက်ရတဲ့ သဘောပေါ့။
တို့ဆေးရုံက မဆင်းရသေးခင်မှာပဲ သူ မလေးရှားကိုထွက်
သွားရတယ်”

“တကယ်တော့ တို့အိမ်ထောင်မကျခဲ့ပါဘူး၊ ဒါပေ
မယ့် အရပ်ထဲက လူတွေကတော့တို့ကို အိမ်ထောင်ရှိတဲ့ မိန်း
မတစ်ယောက်လို ဆက်ဆံကြတယ်၊ သူ ထွက်သွားပြီး တစ်နှစ်
လောက်နေတော့ စာရောက်လာတယ်။ သူ မလေးရှားသူ တစ်
ယောက်နဲ့ လက်ထပ်လိုက်ပြီတဲ့။ အဲဒီစာကြောင့် တို့ ဘယ်လို
မှ မခံစားခဲ့ရပေမယ့် လူကြီးတွေအတွက်တော့ တော်တော်
ဂယက်ရိုက်သွားတယ်”

“သူ့အမေဆို စိတ်ထိခိုက်ပြီး အဲဒီစိတ်နဲ့ပဲ အိပ်ရာထဲ
ဘုံးဘုံးလဲတယ်၊ တို့မေမေကတော့ မိန်းကလေးရှင်ပီပီ ရှက်
သွားပုံရတယ်၊ ချက်ချင်းပဲ တခြားကိုပြောင်းတယ်၊ တို့ ဒုတိ
ယနှစ်မှာ အဝေးသင်ပြောင်းယူပြီး အလုပ်ဝင်တယ်၊ မြို့ထဲနဲ့
လည်း နီးအောင်၊ သွားရေးလာရေးလည်းအဆင်ပြေအောင်
ခုနေတဲ့ကျောက်မြောင်းကအခန်းလေးကို စပေါ်တင်ပြီး ထပ်
ပြောင်းကြတယ်”

“အဲဒီနောက်ပိုင်း မင်းခန့်နဲ့တွေ့တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"မင်းခန့်စိတ်ပျက်သွားအောင် တို့မှာစေ့စပ်ထားတဲ့သူ ရှိတယ်လို့ ခပ်လွယ်လွယ်ပြောခဲ့မိတယ်၊ တို့ကိုလိုက်တဲ့ တခြား ကောင်လေးတွေ စိတ်ပျက်သွားသလို မင်းခန့်လည်း စိတ်ပျက် ပြီး နောက်ဆုတ်သွားမှာပဲလို့ ထင်ခဲ့တာ၊ တို့ကိုယ်တိုင်လည်း မင်းခန့်အပေါ် မငြိတွယ်နိုင်ဘူးလို့ ယုံကြည်ခဲ့မိတယ်လေ၊ ဒါ ပေမယ့် အခြေအနေတွေက တို့ထင်သလို တို့ယုံကြည်သလို ဖြစ်မလာခဲ့ဖူး။ မင်းခန့်က နောက်မဆုတ်ခဲ့သလို တို့ကလည်း မင်းခန့်အပေါ် မပြတ်သားနိုင်ခဲ့ဘူး။ တို့အတွက် စိတ်အနှောင့် အယှက်ဖြစ်ရတာတစ်ခုက တို့သူနဲ့လက်ထပ်ဖြစ်ခဲ့သလား၊ ဒါ မှမဟုတ် လက်မထပ်ဖြစ်ဖူးလားဆိုတာပဲ၊ အဲဒီ ဇဝေဇဝါကိစ္စ က မင်းခန့်နဲ့ စတွေ့ကတည်းက တို့ကို ဒုက္ခပေးနေခဲ့တာ ဒီနေ့အထိပဲ"

❑

လတ်ဆတ်သော လေတို့က ကွင်းပြင်ကျယ်နှင့် အဝေးပြေးလမ်းမကြီးကို ဖြတ်သန်းကာ ဆိုင်ထဲသို့ တသွင်သွင် ဝင်ရောက်နေကြသော်လည်း ဘာကြောင့်မှန်းမသိ၊ ကျွန်တော် အသက်ရှူ၍မဝသလို ခံစားနေရသည်။

ပုလင်းထဲမှ လက်ကျန်အအေးကို ဖန်ခွက်ထဲသို့ ငှဲ့ ကာ မော့လိုက်၏။ ဒါနဲ့ဆို ကျွန်တော်အအေးသောက်တာ





စ်ပုလင်းရှိသွားပြီ၊ သို့သော် ရင်ထဲမှာတော့ တငွေ့ငွေ့ ပူနေ ဆဲဖြစ်သည်။

"ဘယ်လိုလဲ မင်းခန့်၊ စိတ်ပျက်သွားပြီလား"

တာရာက ကျွန်တော့်အား တိုးဖွဖွလှမ်းမေး၏။ ကျွန် တော်ခေါင်းကိုခပ်သွက်သွက်ခါရမ်းလိုက်သည်။

"ဟင့်အင်း၊ မပျက်ပါဘူး"

"ဒါပေမယ့် မင်း ငိုင်သွားတယ်"

"ကိုယ် စဉ်းစားနေတာပါ။ မင်း ဇဝေဇဝါ ဖြစ်နေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မင်း မေမေ့ကို မေးမကြည့်ဖူးလား"

"တို့ မေးကြည့်ပြီးပြီ၊ မေမေက ပြီးခဲ့တာတွေ မေ့လိုက် ပါတော့လို့ ခပ်လွယ်လွယ်ဖြေတယ်၊ တို့ကိုသာ မေ့လိုက်ပါ တော့လို့ ပြောပေမယ့် မေမေကိုယ်တိုင်က သူ့ကိုသားတစ် ယောက်လိုချစ်တာဆိုတော့ ခုချိန်ထိ မျှော်လင့်နေတုန်းပဲ၊ သူ သာပြန်လာရင် မေမေ အချိန်မရွေး လက်ခံမှာ သေချာတယ်"

ကျွန်တော် စီးကရက်တစ်လိပ်ကို မီးညှိကာ ဖွာရှိုက် လိုက်သည်။ တာရာက တလိပ်လိပ်လွင့်ပါးသွားသော စီးက ရက်မီးခိုးငွေ့များကို လိုက်လံငေးမောနေ၏။

"သူက ပြန်လာအုံးမှာလား"

"တို့တော့ မထင်တော့ဘူး၊ ဒါပေမယ့် တထစ်ချပြော လို့လည်းမရဘူး။ အချိန်မရွေး ပြန်ရောက်ချင်ရောက်လာနိုင် တယ်"



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်ကင်းမဲ့သော လေသံဖြင့် တာရာ ခပ်တိုးတိုးဖြေသည်။ ထို့နောက် လမ်းမဘက်သို့ အဓိပ္ပါယ်ကင်းမဲ့စွာ မျှော်ငေး၍နေသည်။ ကျွန်တော် စီးကရက်ပြာကိုချွေလိုက်ရင်းတာရာ့ကိုပြောလိုက်သည်။

"မင်းနဲ့ သူနဲ့ တကယ် လက်ထပ်ဖြစ်ခဲ့ရင်တောင် ပြဿနာက ထွက်ပေါက်မရှိတဲ့အခြေအနေမျိုး မဟုတ်ပါဘူး တာရာ၊ ထွက်ပေါက်ရှိပါတယ်"

ကျွန်တော့်စကားကြောင့် တာရာ၏ မျက်လုံးများ အရောင်တစ်ချက်လတ်သွားကြသည်။

"ဥပဒေအရ ယောကျ်ားတစ်ယောက်က သူ့မိန်းမကို သုံးနှစ်တိတိ အဆက်အသွယ်မလုပ်ရင် ပေးကမ်းထောက်ပံ့မှု မရှိရင် လင်မယားအဖြစ်က အလိုအလျောက်ပြတ်စဲတယ်လို့ ကိုယ်ကြားဖူးတယ်၊ မင်းနဲ့ သူနဲ့ အဆက်အသွယ်မရှိတော့တာ ကြာပြီပဲ။ နောက်ပြီး တကယ် လက်ထပ်ခဲ့တယ်လို့လည်းပြောလို့မှ မရတာ၊ မင်းအတွက် နောက်ဆံတင်းစရာ ဘာကြောင်းမှ မရှိဘူးလို့ ကိုယ်ထင်တယ်"

ကျွန်တော့်စကားကြောင့် တာရာငိုင်သွားသည်။

"ဒါဖြင့် တို့နဲ့ သူနဲ့ ဘာမှ မပတ်သတ်ဖူးပေါ့"

"ဟုတ်တယ် မပတ်သက်ဘူး၊ ပတ်သက်စရာလည်း ဘာအကြောင်းမှ မရှိဖူး"

ကျွန်တော် ပြတ်ပြတ်သားသား ပြောလိုက်သည်။ တာရာက ဇဝေဇဝါဖြစ်နေဆဲ မျက်လုံးများဖြင့်ကျွန်တော့်အား ငေးကြည့်သည်။





"ဒါပေမယ့် တို့နဲ့ သူနဲ့ လက်ထပ်ဖြစ်ခဲ့သလား မင်းခန့်၊ အဲဒါကိုတို့သိချင်တယ်"

"ကိုယ်ပြောပြီးပြီပဲ၊ မင်းနဲ့ သူနဲ့ တကယ်လက်ထပ်ဖြစ်ခဲ့ရင်တောင် ဘာမှ ပြဿနာမရှိဘူး"

"မဟုတ်ဘူး မင်းခန့်၊ အဲဒီအဖြေဟာ တို့အတွက် အရေးကြီးတယ်၊ တစ်ချိန်တုံးက လူတွေနဲ့ပြန်ဆုံရင် သူတို့က တို့ကိုအိမ်ထောင်ရှိတဲ့မိန်းမတစ်ယောက်လို ချိန်ထိ ဆက်ဆံနေကြတုံးပဲ၊ အဲဒီလို ဆက်ဆံတာ ခံရတိုင်း၊ အော်ငိုပစ်လိုက်ချင်တယ်၊ ဒါပေမယ့် အဲဒီလိုမဆက်ဆံအောင်တော့ တို့ဘက်က ဘာမှမလုပ်နိုင်ခဲ့ဖူး၊ ခုချိန်မှာ တို့အတွက် လိုအပ်နေတာ သေချာမှုပဲ"

ကျွန်တော် တာရာ့ကို သနားသွားပါသည်။ ဖြစ်နိုင်လျှင် သူ့ကိုယ်လုံးကလေးကိုထွေးပွေ့ကာ အားပေးလိုက်ချင်သည်။ သို့သော် ထိုကိစ္စက မဖြစ်နိုင်သဖြင့် သူ့လက်ကလေးကိုသာ ဖွဖွဆုပ်ကိုင်လျှက်အားပေးလိုက်ရသည်။

"မင်းအတွက် သေချာမှုလိုအပ်တယ်ဆိုရင် အဲဒီသေချာမှုကို ကိုယ်ပေးနိုင်ပါတယ်။ မင်း သူနဲ့ လက်မထပ်ဖြစ်ခဲ့ဖူး တာရာ၊ ခုချိန်ကစပြီး ဒွိဟဖြစ်နေတာတွေကိုမင်း ခေါင်းထဲက ထုတ်ပစ်လိုက်တော့၊ ဟုတ်ပြီလား"

တာရာ ပင့်သက်တစ်ချက်ကို ဖွဖွရှိုက်သွင်းလိုက်ပြီးမှ ခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မင်းခန့်"

"မင်း ကိုယ့်ကို တကယ်ကျေးဇူးတင်တယ်ရှိမှန်ရင် မင်း အပြောသင့်ဆုံးစကားတစ်ခွန်းရှိတယ် တာရာ"

"ဘာစကားလဲ မင်းခန့်"

"ကိုယ့်ကို ချစ်တယ်ဆိုတဲ့ စကားလေ"

တာရာတိတ်ဆိတ်သွား၏။

တကယ့်ကို အကြာကြီး တမေ့တမောတိတ်ဆိတ်သွားခြင်းဖြစ်သည်။

ကျွန်တော် ရင်တထိတ်ထိတ်ဖို့လှိုက်စောင့်ဆိုင်းနေမိသည်။

လက်ထဲမှ စီးကရက်ပြာက အမောင်လိုက် ကြွေကျသွား၏။ ခပ်ဝေးဝေး၌ ငှက်နှစ်ကောင်စုံတွဲ ပျံသန်းသွားကြသည်။ ထိုအချိန်မှာပင် တာရာက ကျွန်တော့်အား ခပ်တိုးတိုး ပြောသည်။

"ချစ်တယ်လို့ ပြောစရာလိုသေးလို့လား မင်းခန့်ရယ်" တဲ့။

ချက်ချင်းပင် ကျွန်တော့်ရင်ထဲ၌ နှင်းတို့တဖွဲဖွဲကျလာသလို အေးမြသွားပါသည်။

ဒီလိုမှန်းသိရင် အစောကြီးကတည်းက ကားတင်ပြေးပါရဲ့ တာရာရယ် . . .။

❑

ဉာဏ်ဝင်းအာပေ



(၂)

"တကယ်လား မင်းခန့်'

ဖိုးကျော်က မယုံသင်္ကာဖြင့်ပြန်မေးသဖြင့် ကျွန်တော် အောင့်သက်သက် ဖြစ်သွားရသည်။

"မင်းကလည်း ငါ့ကိုလှော့တွက်လှချည်လား ဖိုးကျော်ရာ၊ မဟုတ်တဲ့နဲ့ ဝီစကီတစ်လုံးဖိုး အကုန်ခံပါ့မလား"

"လျှော့တွက်တာမဟုတ်ပါဘူး။ မင်းတို့ကိစ္စကကုလားကားရိုက်သလို ဇာတ်မျောကြီးနဲ့ ပေရှည်နေပြီး ခုမှ ရုတ်တရက် အဆင်ပြေသွားပြီဆိုတော့ ငါ အံ့သြလို့ပါ"

"ဘာမှ အံ့သြစရာမရှိဘူး။ မင်းသာ ငါ့ အရှည်အချင်း အမှန်ကို သဘောပေါက်ရင် ခုအဆင်ပြေတာ နောက်ကျတယ်လို့တောင် ပြောရအုံးမယ်"

ကျွန်တော် ခပ်ကြွားကြွားပြောလိုက်တော့ ကိုဇော်ကြီးက တဟားဟားရယ်ရင်း-

ဉာဏ်ဝင်းအာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီဗျာ၊ ကဲ ဖိုးကျော် မင်းခန့်ကိုပြောမှားဆိုမှား ရှိခဲ့တဲ့အတွက် မင်းတောင်းပန်လိုက်တော့။ တော်ကြာ စိတ်ဆိုးပြီး ဝိစကီမတိုက်ဘဲ နေအုံးမယ်"

"ဟုတ်တယ် ကိုဇော်ကြီး၊ ဒီကောင်စိတ်ပြောင်းသွားမှာ စိုးရတယ်၊ ဆရာမြတ်မင်းခန့် ကျွန်တော်အပြောအဆိုမတတ်တဲ့အတွက် အနူးအညွတ်တောင်းပန်ပါတယ်၊ မနက်ဖြတ် ဝိစကီမတိုက်ဘဲတော့ မနေပါနဲ့နော်"

"အေး အဲဒီလို အမြင်မှန်ရစမ်းပါ မောင်ဖိုးကျော်ရဲ့။ မနက်ဖြန်ကျရင် ရှမ်းကန်မှာစားချင်သောက်ချင်တယ်ဆိုရင် မောင်ရင့်ရဲ့ အပြောအဆိုအပြုအမူတွေ ခုချိန်ကစပြီး ပြုပြင်ပေတော့"

ကျွန်တော်နောက်တစ်နေ့ ရှမ်းကန်၌ ကျွေးမည့်အကြောင်း ကြေညာလိုက်ပြီးအစီအစဉ်ကိုပြောပြလိုက်သည်။ တာရာနှင့်လွင်မာ မိန်းကလေးနှစ်ယောက် ပါမည်ဖြစ်သဖြင့် စားသောက်ခြင်းကိစ္စကို ညနေငါးနာရီလောက်၌ စတင်ပြီး ညခုနစ်နာရီလောက်၌ ဝိုင်းသိမ်းကာ မိန်းကလေးများကို ပြန်ပို့မည့်အကြောင်း ပြောတော့ ကိုဇော်ကြီးက

"ဟာ ငါးနာရီဆိုတာနေတောင်မဝင်သေးဘူးမင်းဥစ္စာက စောလှချည်လား၊ ပြီးတော့ ခုနစ်နာရီမှာ ဝိုင်းသိမ်းရင် အာတောင်စွပ်မှာ မဟုတ်ဘူး"

"တာရာတို့ကို ပြန်ပို့ပြီး ကျွန်တော်တို့သုံးယောက်တည်း ဆက်ထိုင်မယ်လေ၊ အဲဒါနဲ့မှ အားမရသေးရင် ကိုဇော်ကြီးအိမ်ကို ပြန်ပြီး ဆက်ထိုင်တာပေါ့"





ဒီတော့မှ ကိုဇော်ကြီး ကျေနပ်သွားပြီး "အဲဒီလို လုပ်...ပါ မင်းခန့်ရ၊ ဝိစကီသောက်တယ်ဆိုတာ ရည်းစားဦးနဲ့...င်းတွေ့သလိုမျိုးအချိန်ပေးနိုင်မှကောင်းတာကွ" ဟု ရေရွတ်သည်။

နောက်တစ်နေ့ ကျွန်တော်က တာရာ့ကိုဝင်ကြို၊ ဖိုးကျော်က လွင်မာ့ကိုသွားခေါ်ပြီး ရှမ်းကန်၌ ငါးနာရီအတိ ဆုံကြရန် ချိန်းဆိုလိုက်ကြသည်။

"မင်းတို့က ဟိုလူ့ခေါ်၊ ဒီလူ့ကြိုနဲ့ နောက်ကျနေလို့...တော့ ငါမစောင့်ဘူးနော်၊ မင်းခန့် ငါဘာသာမှာပြီး ဝိုင်း...နေလိုက်မှာ၊ ငါက အလုပ်ကတန်းလာမှာဆိုတော့ အစော...ကြီး ကြိုရောက်နေမှာ"

"ကျွန်တော်တို့ ငါးနာရီထက်နောက်ကျလို့ကတော့ ကိုဇော်ကြီးကြိုက်တာမှာပြီး ကြိတ်ပေတော့၊ (ရှိုင်ရယ်လ်...လု(တ်))မှာသောက်ချင်လည်းသောက်၊ ကျွန်တော်ရှင်းမယ်"

"အိုကေဗျာ၊ကြိုက်သွားပြီ"

သို့သော် နောက်တစ်နေ့၌ အမှန်တကယ်နောက်ကျခဲ့သူကတော့ ကိုဇော်ကြီးပဲဖြစ်သည်။ ငါးနာရီခွဲပြီးသည်အထိ ကိုဇော်ကြီးရောက်မလာခဲ့။

"နင်တို့လူကြီးကလည်းလာအုံးမှာလားဟာ၊ ငါတို့...ိက်ဆာပြီဟာ၊ နည်းနည်းပါးပါးအလိုက်သိမှပေါ့"

အားမနာတတ်သောလွင်မာက ထအော်သဖြင့် စား...ရာမျိုးများမှာကြားကာ ဝိုင်းစလိုက်ရသည်။အသေအချာလာမည်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးမှ ရောက်မလာသဖြင့် ကျွန်တော်ထိုင်ရာမှထက
ကိုဇော်ကြီးဆယ်လူလာသို့ လှမ်းဆက်လိုက်တော့ ကိုဇော်ကြ
ကျွန်တော့်အားတောင်းပန်သည်။

"ဆောရီးကွာ မင်းခန့်၊ ငါ အခု လေဆိပ်မှာရောက်နေ
တယ်၊ ကုမ္ပဏီက အရာရှိတစ်ယောက် ကောက်ခါငင်ခါ ထပြ
လို့ ငါလိုက်ပို့နေရတယ်၊ သူ့ကို (ချက်စီအင်)လုပ်ပေးပြီးတ
နဲ့ ရှမ်းကန်ကို ငါ တန်းလာခဲ့မယ်"

"ကျွန်တော်တို့ စားတောင်နေကြပြီ ကိုဇော်ကြီး"

"စားလေကွာ၊ ဘာဖြစ်လဲ၊ မသောက်ရသေးရင် ပြ
တာပဲ။ မင်းကောင်မလေးကိုရော၊ လွင်မာ့ကိုရောတောင်းပ
တယ်လို့ ပြောလိုက်ပါကွာ၊ သူတို့မပြန်ခင် အမှီလာခဲ့ပါ့မယ်"

သို့သော် ခုနစ်နာရီထိုးသည်အထိကို ကိုဇော်ကြ
ရောက်မလာသဖြင့် ဖိုးကျော်အား ဆိုင်မှာချန်ထားခဲ့ပြီး လွ
မာနှင့်တာရာကို ကျွန်တော် ပြန်လိုက်ပို့လိုက်သည်။ ကျွ
တော် ရှမ်းကန်သို့ ပြန်ရောက်တော့ ကိုဇော်ကြီးရောက်နေ
ဖြစ်သည်။

"မင်းကလည်း အမှီလာပါ့မယ်လို့ ပြောထားရက်
နည်းနည်းလေးစောင့်လိုက်ပါလားကွာ၊ မင်းကားလည်း ထွ
ရော ငါရောက်လာတာပဲ"

"ဟုတ်တယ် မင်းခန့်၊ မင်းတို့နဲ့ ကိုဇော်ကြီးနဲ့ အဝ
အထွက်ပဲ"

ဉာဏ်ဝင်းစာပေ



ဖိုးကျော်ကပါ ကိုဇော်ကြီးစကားကို ဝင်ထောက်ခံ
သည်။ ကျွန်တော်ကိုဇော်ကြီး ဘေးခုံ၌ စိတ်ပျက်လက်ပျက်
င်ထိုင်ရင်း-

"မသိဘူးလေဗျာ၊ ခုနစ်နာရီထိုးတဲ့အထိ ရောက်မလာ
ာ့မလာတော့ဘူးထင်ဖြီး ပြန်ပို့လိုက်တာ၊ လွင်မာကလည်း
အအေးတွေနင်းကန်သောက်ပြီး ရှူးရှူးပေါက်ချင်လို့တဲ့ အ
င်းပြန်ပို့ခိုင်းနေတာနဲ့"

ကျွန်တော့်စကားအဆုံး ဖိုးကျော်က ဝင်ပြောသည်။

"သူတို့ ပြန်ပေမယ့် စိတ်မပျက်ပါနဲ့ ကိုဇော်ကြီးရာ၊
ူတို့က သောက်တတ်တာမှ မဟုတ်တာ"

"ဒါတော့ဒါပေါ့ကွာ၊ ဒါပေမယ့် မင်းခန့်အောင်ပွဲခံတဲ့
ှာ မင်းခန့်သိမ်းပိုက်လိုက်တဲ့ ဖလားကြီးကိုလည်း ကြည့်ချင်
သေးတာပေါ့"

"ဖလားကြီးမဟုတ်ပါဘူးဗျာ၊ ဖလားလေးပါ။ကျွန်တော်
တာရာ ကိုဇော်ကြီးအိမ်ကို သိပ်မကြာခင်အလည်ရောက်လာ
ပါ"

"အေးပေါ့ကွာ၊ ဟုတ်မဟုတ်စောင့်ကြည့်သေးတာပေါ့၊
ဖိုးကျော် အနီပတ်တစ်လုံးမှာကွာ။ဒီနေ့ ငါနောက်ကျတဲ့
အတွက် ဒီဝိုင်းကို ငါ ရှင်းမယ်"

"ဟာ အဲဒါတော့မလုပ်ပါနဲ့ ကိုဇော်ကြီး၊ဒီနေ့ ကျွန်
ာ့်ပွဲ ကျွန်တော်ပဲ ပြုစုပါရစေ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပျာပျာသလဲ ငြင်းဆန်လိုက်သော်လည်း ကိုဇော်ကြီးက အတင်းရှင်းမည်လုပ်နေသဖြင့် ဖိုးကျော်က ပြောသည်။

"အဝေမတည့်ရင် ဒီလိုလုပ်ကြ၊ ခုဝိုင်းကိုမင်းခန့် ရှင်းလိုက်၊ဒီဝိုင်းသိမ်းရင် ကလပ်သွားကြမယ်၊ အဲဒီအခါ တော့ ကိုဇော်ကြီးတကာခံပေါ့"

"ဟုတ်တယ် ကိုဇော်ကြီး၊ အဲဒါကောင်းတယ်၊ ကိုဇော် ကြီး၊ ကတာလည်း ကျွန်တော်တို့ မြင်ဖူးတယ်ရှိတာပေါ့"

ကျွန်တော် အားတက်သရော ပြောလိုက်သော်လည်း ကိုဇော်ကြီးကတက်တက်ကြွကြွ မရှိလှပါ။ ဆိုင်ဝန်ထမ်းလာ ပေးသော စပ်ပြီးသား ဝီစကီကို လှမ်းယူရင်း-

"ငါကလို့ မရဘူး မင်းခန့်"

"ဘာဖြစ်လို့လဲ ကိုဇော်ကြီး"

"ငါ့ခြေထောက်တစ်ဖက်က စတီးချောင်းတွေ ထည့် ထားတာလေ၊ အဲဒါကို မင်းတို့မသိသေးဘူး မဟုတ်လား"

ကိုဇော်ကြီး စကားကြောင့် ဖိုးကျော်နှင့်ကျွန်တော် တအံ့တသြဖြစ်သွားကြသည်။

ကိုဇော်ကြီးက မပြုံးချင်ပြုံးချင်ပြုံးရင်း "ဖိုးကျော် အစ်ကိုကတော့ အဲဒီ့ကိစ္စကို ကောင်းကောင်းသိတာပေါ့" ဟု ဆက်ပြောသည်။

"ဘယ်လိုဖြစ်တာလဲ ကိုဇော်ကြီး"





"ဗုံလုံကြီးနဲ့ ရိုက်မိတာ"

"ဗျာ၊ ဗုံလုံကြီး"

"သင်္ဘောချည်တဲ့ကြိုးကိုပြောတာ၊ ကြာပါပြီ၊ ဖြစ်ဖြစ် င်းတုံးက ခြေထောက်တစ်ဖက်ဖြတ်ရပြီလို့ သေချာပေါက် က်ထားတာ၊ ဆေးရုံပေါ်ရောက်တော့ ဖြတ်ဖို့ သဘောတူ ကြောင်းလက်မှတ်တွေဘာတွေတောင် ထိုးပေးခဲ့ရသေးတယ်"

"နောက်တော့ ဘယ်လိုဖြစ်သွားလဲ ကိုဇော်ကြီး"

"ဖြစ်ပုံကဒီလိုကွ၊ သင်္ဘောကုမ္ပဏီက မရတော့ဘူးဆို င် ဖြတ်စေချင်တယ်၊ ဆေးရုံက မဖြတ်ချင်ဘူး၊ စတီးလ်ချောင်း င်းကြည့်ချင်တယ်၊ ရမယ်မရဖူးတော့ သူတို့လည်း အာမ ခံဘူး။ ကောင်းချင်ရင်လည်းပြန်ကောင်းသွားမယ်ပေါ့၊ အဲဒီ အတွက် ငွေကုန်မယ်။ အချိန်ကုန်မယ်၊ သင်္ဘောကုမ္ပဏီက အဲဒါတွေကိုအကုန်မခံချင်ဘူး။ သူတို့ချင်းတော်တော်လေး အချီအချ ဖြစ်လိုက်ကြတယ်၊ နောက်ဆုံးတော့ စတီးချောင်း ည့်ပြီး ပြန်ကောင်းသွားခဲ့တယ်၊အဲဒီနောက်ပိုင်းလျော်ကြေး လေးပိုက်ပြီး သင်္ဘောမစီးဖြစ်တော့ဘဲ ကုန်းပေါ်က အလုပ်တွေ ပ်ဖြစ်ခဲ့တာ၊ ဒီတိုင်းကြည့်ရင်တော့ ခြေထောက်ကအကောင်း ဒါပေမယ့် ခြေဖျားတော့ ထောက်လို့မရဘူး"

စကားအဆုံး၌ ကိုဇော်ကြီး၏ ခွက်အသစ်က တစ်ဝက် နီ့ကျိုးသွားသည်။ ဖိုးကျော်နှင့်ကျွန်တော် စကားမပြောဘဲ ကိုဇော်ကြီးအားငေးကြည့်နေမိကြသည်။ ကိုဇော်ကြီးက ရုတ်တ က်ကျွန်တော့်ဘက်လှည့်ကာ-



www.burmeseclassic.com

www.burmeseclassic.com



"မြေထောက်အကြောင်းပြောနေရင် မဆီမဆိုင် ပြေ
ာတယ်လို့မထင်နဲ့မင်းခန့်၊ ခုမှ သတိရသွားလို့ပြောရတာ၊ အ
ချစ်ဆိုတာ စွန့်လွှတ်ခြင်းဆိုတဲ့ ခပ်ကြောင်ကြောင်အယူအဆ
မျိုး မင်းခေါင်းထဲ ဘယ်တော့မှမထည့်နဲ့"

ကိုဇော်ကြီးက တင်ကြိုသတိပေးထားသည့်ကြားထဲ
မဆီမဆိုင် စကားကြောင့် ကျွန်တော်ကြောင်သွားသည်။

"ဘာဖြစ်လို့လဲ ကိုဇော်ကြီး"

"တစ်ချိန်တုံးက အဲဒီလို အယူအဆမျိုးတွေ ငါကြော
ခဲ့ဖူးလို့ မင်းကို သတိပေးတာ၊ မင်းခန့်၊ အချစ်ဆိုတာ ပိုင်ဆိုင်
မှုပဲဆိုတဲ့ ဂျာမန်စာရေးဆရာ (ဟီးဝဲ)ပြောသလို ကိုယ့်ချစ်သူ
ကိုပိုင်ဆိုင်နိုင်အောင် ကြိုးစား"

ကိုဇော်ကြီး၏ စကားအဆုံး၌ ကျွန်တော်ခေါင်းကို ခပ်
သွက်သွက်ညိတ်ပြလိုက်၏။ "စိတ်ချကိုဇော်ကြီး၊ ကျွန်တော်
ကတော့ တာရာ့ကိုမပိုင်-ပိုင်အောင် ကြိုးစားမှာပေါ့"

ကျွန်တော် ရဲရဲကြီး ကတိပေးလိုက်သည်။ ကျွန်တော်
ကတိတည်အောင်လည်း အမှန်တကယ် ကြိုးစားမည်ဖြစ်၏
ထို့အတွက် ကိုယ့်ကိုယ်ကို နည်းနည်းလေးမှ သံသယမဖြစ်မိ
ပါ။

□





(၃)

ကျွန်တော်ရောက်သွားတော့ စူပါမတ်ကက်ရှေ့၌ လူ
ငမရှိတော့ဘဲ မြောက်ကပ်နေသဖြင့် ကျွန်တော်စိတ်မောလူ
မောဖြစ်သွားရသည်။

ဖြစ်ချင်တော့ဒီနေ့မှ ကျွန်တော့်အစ်ကိုက သူ့ရုံးကား
ဆိပိတ်နေလို့ဟုဆိုကာ အိမ်မှကားကို ယူသွား၏။ ပြန်လာနိုး
င့်စောင့်သော်လည်း တော်တော်နှင့် ပေါ်မလာသည့်အဆုံး
ာရာ့အလုပ်ဆင်းချိန်အမှီ လိုင်းကားနှင့်ချီတက်ရတော့သည်။

နောက်ကျလျှင် တာရာစိတ်ကောက်မည်စိုးသဖြင့် မြန်
ည်ထင်သည့်ကားကို ရွေးစီးကာမှ ထိုကားက လမ်း၌ ဘီး
ပေါက်သည်။ နောက်တစ်စီးပြောင်းစီးတော့ ဆိုက်ကားတွေ
ာလ်တီးကာကျော်တက်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စူပါမတ်ကက်ရှေ့ရောက်တော့ တာရာ အလုပ်ဆင်းချိန်ထက် နာရီဝက်လောက်နောက်ကျနေခြင်းမှာ သိပ်တော့အဆန်းမဟုတ်။

တိတ်ဆိတ်နေသည့် စူပါမတ်ကက်ကို မော့ကြည့်ပြီး စိတ်ပျက်လက်ပျက်နှင့် ကျွန်တော့်လှည့်ထွက်လာခဲ့သည်။

"ဟိတ်"

ခေါ်သံကြားသဖြင့် ကျွန်တော်နောက်ပြန်လှည့်ကာ ဟိုကြည့်ဒီကြည့် ကြည့်လိုက်သည်။ ရပ်ထားသောကားနှစ်စီး ကြား၌ ကိုယ်ကလေးပုကာ ဝပ်နေသော တာရာ ပြုံးပြုံးလေး ထွက်လာသည်။

ကျနေသောစိတ်ဓါတ်ကို ဝုန်းခနဲ ပြန်တက်လာကြပြီး ကျွန်တော် ပျော်ရွှင်သွားသည်။ မွှေးပျံ့သော ရနံ့တစ်ခုက ကျွန် တော့်နှာခေါင်းထဲသို့ အရင်ရောက်လာကြပြီးမှ တာရာ ကျွန် တော့်အနားသို့ ရောက်လာပါသည်။

"ကိုယ်က စိတ်ပူနေတာ"

"ဘာကိုစိတ်ပူတာလဲ ဟင်"

"ပထမတစ်ချက်က ကိုယ့်ကိုမစောင့်ဘဲ တာရာပြန် သွားမှာကို စိတ်ပူတာ၊ တာရာနဲ့သာ မတွေ့လိုက်ရင် ကိုယ် ဒီ ညအိပ်လို့ပျော်မှာမဟုတ်ဘူး"

"အဟင်း၊ နောက်တစ်ခုက"

"နောက်တစ်ခုက တာရာမပြန်ဘဲ စောင့်နေပေမယ့် ကိုယ့်ကိုစိတ်ကောက်နေမှာကိုပူတာ"





ကျွန်တော့်စကားကြောင့် တာရာ တိုးဖွဖွ ရယ်သည်။

"ထစ်ခနဲရှိရင် ခပ်လွယ်လွယ်စိတ်ကောက်တတ်တဲ့ မိန်းမတွေထဲမှာ တာရာမပါဘူး မင်းခန့်ရဲ့။ အဲဒါကိုမင်း သဘောပေါက်ဖို့ ကောင်းတယ်၊ဒါပေမယ့် တအောင့်နေလို့ မလာရင် တို့ပြန်တော့မလို့ပဲ၊ မင်းက ဘာဖြစ်လို့ နောက်ကျနေတာလဲ"

"အစ်ကို ကားယူသွားလို့ လိုင်းကားစီးလာတာနဲ့ နောက်ကျသွားတာ၊ ဒီနေ့ မင်းကို ဘတ်(စ)ကားနဲ့ အိမ်တိုင်ရာရောက်လိုက်ပို့ပေးမယ်"

"တိုက်ရှေ့နားအထိ ပို့ပေးရင်တော်ပါပြီ။ ဒါနဲ့ မင်းတာ တစ်ခုခု မစားချင်ဘူးလား မင်းခန့်၊တို့ ဒီနေ့ လခထုတ်လာတယ်"

ဘယ်လောက်ချစ်ဖို့ကောင်းလိုက်တဲ့ ကျွန်တော့်ချစ်သူလဲ။

သူ လခထုတ်လာလို့ ကျွန်တော့်ကို တစ်ခုခုစားစေချင်သတဲ့။

ကျွန်တော်သိပ်မဆာသော်လည်း တာရာကျွေးတာကို စားရန် ဆုံးဖြတ်လိုက်သည်။

"စားမယ်လေ၊ တာရာ ဘာကျွေးမှာလဲ"

"မင်း စားချင်တာ ပြောလေ၊ ဒါပေမယ့် သိပ်ဈေးကြီးတာမျိုးတော့ မကျွေးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



တာရာ၏ ဟန့်မဆောင်တတ်သော အကျင့်ကို ကျွန်တော် သဘောကျသွားသည်။ ကျွန်တော်လည်းတာရာ့လိုပင် ပွင့်လင်းရန် ဆုံးဖြတ်ပြီး ကျွန်တော်စားချင်တာတို ပြောလိုက်သည်။

"ရေခဲချောင်း"

"ဘာရယ်"

"ကိုယ် ရေခဲချောင်းစားချင်တယ်လို့ ပြောတာ"

ဘာကြောင့်မှန်းမသိ တာရာက ခစ်ခစ် ရယ်လေသည်။

"အဲဒါတော့ မကျွေးနိုင်ဘူး"

"ဘာဖြစ်လို့လဲ။ ဈေးမှ မကြီးဘဲနဲ့"

"ဈေးမကြီးပေမယ့် ရေခဲချောင်းဆိုတာ ချောင်းဆိုးတယ်၊ မစားရဘူး"

တာရာက မိခင်တစ်ယောက်၏ ပိုင်စိုးပိုင်နင်းလေသံမျိုးဖြင့် ကျွန်တော့်အား ဟန့်သည်။

"မင်းကလည်း ကိုယ့်ကို ကလေးများအောင့်မေ့နေသလား မသိဘူး"

"ကလေးပေါ့၊ မင်းက ကလေးစားတာတွေ လိုက်မှုတာကိုး"

"ဒါဆို ကိုယ်စားချင်တာ တစ်ခုရှိသေးတယ်၊ ဒါပေမယ့် မင်း ရယ်လိမ့်မယ်"

ဉာဏ်ဝင်းစာပေ



"ရယ်စရာကောင်းရင်တော့ ရယ်မှာပဲ"

"ဒါဆို ကိုယ်မပြောတော့ဘူး"

"ဟော့အေး၊ ပြောရမယ်၊ပြောဟာ မင်းခန့်"

"ဝက်သားတုတ်ထိုး"

ကျွန်တော့်စကားအား တာရာရယ်လိမ့်မည်ဟု ထင်သော်လည်း မရယ်ပါ။ ခေါင်းကလေးဆတ်ခနဲ ညိတ်လျက် "အဲဒါတော့ တို့လည်းကြိုက်တယ်၊"ဟု ပြန်ပြောသည်။ အကြိုက်ချင်းတူနေသဖြင့် ကျွန်တော်တို့ နှစ်ယောက် စိတ်တူကိုယ်တူ တုတ်ထိုးစားရန် ဆုံးဖြတ်လိုက်ကြသည်။

မြင်သာတုတ်ထိုး၊ ရွှေတောင်တန်းတုတ်ထိုးလို့ နာမည်ကြီးဆိုင်များ မဟုတ်။ ရုပ်ရှင်ရုံရှေ့မှ တုတ်ထိုးသည်လေးများဆီမှာ သွားစားကြခြင်းဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက် တုတ်ထိုးသည်ရှေ့၌ ချထားသည့် ခုံပုလေးမှာ ဝင်ထိုင်ပြီး တုတ်ထိုးတွေကို ပလုပ်ပလောင်းဝါးတော့ ဖြတ်သွားသောကောင်မလေးတွေ ပေစောင်းပေစောင်းနှင့်ကြည့်သွားကြသည်။

သူတို့ကြည့်ကြည့်သွားသဖြင့် ကျွန်တော် အနည်းငယ်ရှက်လာသည်။

တာရာက ကျွန်တော့်အဖြစ်ကို ရိပ်မိဟန်ဖြင့် ခပ်တိုးတိုး လှမ်းပြောသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘာသာစားမှာ စားစမ်းပါ မင်းခန့်ရဲ့၊ ပတ်ဝန်းကျင်ကို ဂရုစိုက်မနေစမ်းပါနဲ့"

"ဒါပေမယ့်သူတို့က ကြည့်သွားကြတယ်"

"ကြည့် ကြည့်ပေါ့၊ ကိုယ့်ဖာသာ ပိုက်ဆံပေးပြီး ဝယ်စားတာ ခိုးစားတာမှ မဟုတ်တာ၊ ရှက်စရာမလိုပါဘူး"

တာရာ အားပေးစကားကြောင့် နှစ်ယောက်ပေါင်း ခြောက်ရာ့ငါးဆယ်ဖိုး လောက် စားပြီးတုတ်ထိုးဆိုင်မှ ထလိုက်သည်။ နောက်စားမည့်သူများ ဝင်လာသဖြင့် မထချင်ထချင်နှင့် ထလိုက်ကြခြင်းဖြစ်သည်။

တာရာ ပိုက်ဆံရှင်းနေချိန်၌ ကျွန်တော်ခပ်လှမ်းလှမ်းမှ ရပ်စောင့်နေလိုက်သည်။ တာရာ ပိုက်ဆံရှင်းပြီးထွက်မည်အပြု လျှောက်လာသောအမျိုးသမီးကြီးတစ်ဦးက တာရာ့အား နှုတ်ဆက်သည်။

"ဟဲ့ လင်းလင်း၊ ဘယ်က လာတာလဲ"

"ဩော် အန်တီ၊ ဟို ဒီမှာ တုတ်ထိုးလာစားတာ"

တုတ်ထိုးထိုင်စားစဉ် ဘာမှမဖြစ်သော တာရာ၊ ထိုအမျိုးသမီးကြီးနှင့် တွေ့တော့မှ အိုးတိုးအန်းတန်းနှင့် မလုံမလဲဖြစ်နေပုံရသည်။

"လင်းလင်းတို့ အခု ဘယ်မှာနေကြသလဲ"

"ကျောက်မြောင်းမှာပါ"

"မေမေရော နေကောင်းလား"





"ဟုတ်ကဲ့ ကောင်းတယ် အန်တီ"

"အေးအေး မေးတယ်လို့ ပြောလိုက်ပါကွယ်"

အမျိုးသမီးကြီး နှုတ်ဆက်ပြီးဆက်လျှောက်သွား၏။ တာရာထိုနေရာ၌တအောင့်လောက် ဆက်ရပ်နေပြီး ကျွန်တော်ရှိရာသို့ လျှောက်လာသည်။

"တော်ပါသေးရဲ့၊မင်းနဲ့တို့ကို အတူတူ တွေ့မသွားလို့"

ကျွန်တော့်နားရောက်တော့ တာရာအနည်းငယ် စိုးထိတ်ဟန်ဖြင့် ပြောသည်။

"ဘာဖြစ်လို့လဲ"

"အဲဒီမန်းမကြီးက ကိုကိုကြီးတို့နဲ့ ဆွေမျိုးနီးစပ်တော်တယ်လေ"

"တော်တော့ဘာဖြစ်သလဲ၊ မင်းနဲ့တို့ကို အတူတူတွေ့တော့ကော ဘာဖြစ်လဲ"

"ဘာမှတော့မဖြစ်ပါဘူး၊ ဒါပေမယ့်"

တာရာ ရှေ့ဆက်မပြောတတ်တော့ဟန်ဖြင့် တစ်ဝက်တစ်ပျက် ရပ်ဆိုင်းသွား၏။ စိတ်ရှုပ်ထွေးနေပုံရသောတာရာမျက်နှာကိုကြည့်ရင်း ကျွန်တော်လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"မင်းခေါင်းထဲမှာ အဲဒီအစွဲလန်းကြီးကိုမမေ့နိုင်သေးဘူးလား တာရာ၊ ကိုကိုကြီးဆိုတဲ့လူနဲ့မင်းနဲ့ ဘာမှမပတ်သက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တို့ မေ့ထားတာကြာပါပြီ၊ ရုတ်တရက် အဲဒီလို လူတွေနဲ့ပြန်တွေ့လိုက်တော့"

"ပြန်တွေ့လည်း ဘာမှမဖြစ်ပါဘူး တာရာရယ်၊ ဂရုစိုက်မနေစမ်းပါနဲ့"

ကျွန်တော် ခပ်ပြတ်ပြတ်ပြောလိုက်တော့ တာရာ ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ နောက်ဆို တို့ ဂရုမစိုက်တော့ဘူး"

တအောင့်ကြာတော့မှ တာရာမျက်နှာပြန် ကြည်လင်လာသည်။ နှစ်ပေါင်းများစွာ စွဲလန်းနေခဲ့သောတာရာ့စိတ်အစွဲအတိမ်အနက်ကိုကျွန်တော် သဘောပေါက်လိုက်သည်။

"ဒါနဲ့ စောစောတုံးက မင်းကိုလင်းလင်းလို့ ခေါ်တာကြားလိုက်ပါတယ်"

"ဟုတ်တယ်၊ အဲဒီတုံးကလူတွေက တို့ကိုလင်းလင်းလို့ပဲ သိတာ၊ ဘယ်သူမှ တာရာလို့မသိကြဘူး။ ကိုကိုကြီးတောင် လင်းလင်းပဲ သိတာ"

"ဘယ်လိုဖြစ်လို့လဲ"

ကျွန်တော်စိတ်ဝင်တစားမေးလိုက်တော့ တာရာက ရှင်းပြသည်။

"တို့ကျောင်းအပ်တော့ လင်းလတ်လို့ အပ်တယ်၊ ဒါပေမယ့် အားလုံးက လင်းလင်းလို့ပဲ ခေါ်ကြတယ်၊ မှတ်ပုံတင်လုပ်တော့ လင်းလတ်တာရာဖြစ်သွားတယ်၊ ဆယ်တန်းဖြေခါနီး





မှ မှတ်ပုံတင်ထဲက နာမည်နဲ့ မတူမှာစိုးလို့ ဆရာမပြောတာနဲ့ အမည်ပြောင်းထည့်ပြီး လင်းလတ်တာရာအမည်နဲ့ ဖြေတာ ဆယ်တန်းအောင်ပြီးနောက်မှတွေ့တဲ့လူတွေကျတော့ တာရာလို့ပဲ သိကြပြန်ရော၊ လင်းလင်းဆို ဘယ်သူမှ မသိဘူး"

"မင်းလျှို့ဝှက်ချက်တွေကလည်းများလှချည်လား တာရာရဲ့"

ကျွန်တော်ပြောလာလိုက်တော့ တာရာက မခံချင်သံဖြင့် တုန့်ပြန်သည်။

"အံမာ ဘာလျှို့ဝှက်ချက်မှာ မရှိပါဘူးနော်၊ နာမည်ကိစ္စက သူ့ဘာသာဖြစ်သွားတာပါ၊တို့က လိုက်ပြီး လျှို့ဝှက်တာမဟုတ်ပါဘူး"

"တာရာ တကယ်မလျှို့ဝှက်ရိုးမှန်ရင် ကိုယ်သိချင်တာကိုအမှန်အတိုင်းဖြေမလား"

"ဖြေမယ်၊ မင်းက ဘာသိချင်လို့လဲ"

"တာရာ၊ကိုယ်အတိုင်းအထွာ ဘယ်လောက်ရှိသလဲ"

"ခွေးစုတ်"

တာရာ တိုးတိုးလေး ဆဲသည်။ ကျွန်တော့်နားနားသို့ကပ်ကာ တိုးတိုးလေး လှမ်းဆဲခြင်းဖြစ်သည်။ကျွန်တော့်၏ တာရာက ဆဲတာတောင်မှ ထိုသို့ ချစ်စရာကောင်းအောင် ဆဲတတ်သူ ဖြစ်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် ချစ်သူသက်တမ်းလေးလ လောက်ကိုစိတ်အနှောင့်အယှက်ကင်းကင်းနှင့် ဖြတ်သန်းခဲ့ကြသည်။ ထိုရက်များကတော့ ကျွန်တော်တို့အတွက် ရွှေရောင်အမှတ်တရ နေ့ရက်များပဲ ဖြစ်သည်။ နောင်တစ်ချိန်ချိန်၌ ကျွန်တော်တို့အတွက် စိတ်ညစ်စရာကြုံလာလိမ့်မည်ဟု တစ်စုံတစ်ယောက်က ပြောလာပါက ထိုလူ၏စကားကိုကျွန်တော်တို့နှစ်ယောက်စလုံး ယုံကြည်ကြလိမ့်မည် မဟုတ်ပါ။

ကျွန်တော့်အိမ်က ကျွန်တော်မိန်းကလေးတစ်ယောက်နှင့်ချစ်သူဖြစ်နေကြောင်း၊ ကောင်းစွာရိပ်မိနေပြီဖြစ်သော်လည်း ခေတ်မီသောလူကြီးများပီပီ မသိဟန်ဆောင်နေကြ၏။ တာရာ့အိမ်ကလည်းထိုအတိုင်းပင် ဖြစ်လိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။

"ကိုယ် မင်းအိမ်ကို အလည်လိုက်သင့်ပြီလို့ မထင်ဘူးလား တာရာ"

တစ်ရက် ကျွန်တော်စကားစကြည့်တော့ တာရာက ပြုံးရင်း-

"တို့လည်း မင်းကိုအလည်ခေါ်ဖို့ စဉ်းစားနေတာ မင်းခန့်ရဲ့၊ ဒီလိုလုပ်ပါလား၊ ရှေ့လကျရင် တို့အိမ်မှာ ဝါဆိုသင်္ကန်းကပ်လိမ့်မယ်၊ အဲဒီနေ့ မင်းလာခဲ့ပါလား"

"မင်းမောင်လေးက တို့ကို ရိုက်မလွှတ်ပါဘူးနော်"

"ခုချိန်ထိတော့ ရိုက်လွှတ်လောက်စရာ အကြောင်း မရှိသေးပါဘူး"

ဉာဏ်ဝင်းစာပေ



"ဒါနဲ့ စကားမစပ် မင်းအမေက ကိုယ်နဲ့ သဘောတူပါ့မလား"

ကျွန်တော် ရင်ခုန်စွာ မေးလိုက်တော့ တာရာက ခေါင်းရမ်းသဖြင့် ထိတ်ခနဲ ဖြစ်သွားသည်။

"ဘာလဲ သဘောမတူဖူး ဟုတ်လား"

"ဟင့်အင်း၊ သဘောမတူစရာမရှိဖူးလို့ ပြောတာ"

တော်ပါသေးရဲ့၊ ကျွန်တော့်ရင်ထဲမှ အလုံးကြီးကျသွား၏။

"ဒါပေမယ့် လောလောဆယ် သဘောမတူစရာ မရှိဘူးလို့ပြောတာနော်၊ နောင်တစ်ချိန်ချိန်မှာရှိလာခဲ့ရင် မပြောတတ်ဘူး"

"ခုမရှိတော့မှ နောင်လည်း ရှိနိုင်ပါ့မလား တာရာရဲ့၊ မင်းစကားကြီးကလည်း ဘယ်လိုကြီးလဲ"

ကျွန်တော် သဘောမကျဟန်နှင့်ပြောတော့ တာရာက ပခုံးတွန့်သည်။

"ပြောနိုင်ဖူးလေမင်းခန့်ရဲ့၊ကံကြမ္မာဆိုတာ ပြောလို့ရတာမှ မဟုတ်တာ"

"မေ့ထားလိုက်စမ်းပါ၊ အဲဒီကံကြမ္မာဆိုတာကြီးကို ကံကြမ္မာက ပြောလို့မရရင် ကိုယ်ပြောမယ်၊ ခုချိန်ထိ မင်းနဲ့ကိုယ့်ကို သဘောမတူစရာမရှိရင် နောင်လည်း ဘယ်တော့မှ ရှိမလာစေရဘူး ဟုတ်ပြီလား"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရဲရဲကြီး အာမခံလိုက်သည်။

ကျွန်တော့်စကားအတိုင်းဖြစ်စေရမည်ဟုလည်းကျွ
တော်ကိုယ်တိုင် အသေအချာကို ယုံကြည်ထားခဲ့သည်။

သို့သော် တစ်ခါတစ်ရံ ကံကြမ္မာ၏ လှည့်ကွက်
ဆန်းကျယ်လှပါသည်။မမျှော်လင့်သောအချိန်၌ မထင်မှတ်ထ
တွေဖြစ်ပျက်လာတတ်ကြောင်း တစ်ရက်မှာ ကျွန်တော် သိလ
ခဲ့ရသည်။

❑





(၄)

"ဟုတ်ကဲ့ အမိန့်ရှိပါ"

"သုံးလွှာက လင်းလက်တာရာနဲ့ စကားပြောချင်လို့
ပါ"

"ခဏကိုင်ထားနော်၊ ခေါ်ပေးမယ်"

တစ်ဖက်မှ ဖုန်းကိုဘေးချလိုက်ပြီး ခဏကြာတော့ အ
ပေါ်ထပ်သို့ ခေါင်းလောင်းကြိုးဆွဲ၍ "တာရာရေဖုန်းလာတယ်"
ဟု အော်ပြောသံသဲ့သဲ့ကို ကြားရသည်။ ကျွန်တော် ဖုန်းကိုင်
ထားရင်း ဘေးနားမှ သတင်းစာကို ဟိုလှန်ဒီလှန် လုပ်နေလိုက်
သည်။

မြဝတီမှ ယနေ့ပြသမည့် တီဗီအစီအစဉ်ကိုကြည့်နေ
စဉ် တဖက်မှ ဖုန်းကိုင်သံကြားရသည်။

"ဟုတ်ကဲ့ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



တာရာအသံ အက်ရှရှလေးကို ကြားလိုက်ရသဖြ
ကျွန်တော်ပျော်သွားပြီး ခပ်သွက်သွက်ပြောလိုက်သည်။

"တာရာလား၊မင်းကိုယ့်ဆီ ဖုန်းဆက်သေးတယ်ဆို"

"ဟုတ်တယ် မင်းခန့် ဘယ်သွားနေတာလဲ"

"မာမီ့ကိုမင်္ဂလာဆောင် လိုက်ပို့ပေးနေရလို့"

"အခု မင်းခန့်အားသလား"

"ဟင့်အင်းမအားဖူး၊ ဒါပေမယ့် ကိုယ် မင်းဆီ
လာစေချင်သလား၊ ဆယ့်ငါးမိနစ်အတွင်းအရောက်လာခဲ့မယ်"

တဖက်မှ တာရာဘာမှပြန်မဖြေဘဲ ငြိမ်သက်နေသဖြ
ကျွန်တော်မေးလိုက်သည်။

"ဘာလဲ မင်းကိုယ့်ကို ရုပ်ရှင်ပြမလို့လား"

"မဟုတ်ပါဘူး"

"ဒါဆို ကန်တော်ကြီးထဲမှာ ရေခဲမုန့်ကျွေးချင်လို့ ဖြ
ရမယ်"

ဖုန်းထဲမှ တာရာ၏ သက်ပြင်းချသံသဲ့သဲ့ကို ကြားလို
ရသည်။တာရာ့တုန့်ပြန်မှုက တစ်မျိုးဖြစ်နေသည်ဟု ထင်မိသ
ဖြင့် ကျွန်တော်မေးလိုက်သည်။

"မင်း ဘာဖြစ်နေတာလဲ တာရာ"

"မဖြစ်ပါဘူး"

"နေရော ကောင်းရဲ့လား"

"ကောင်းပါတယ်၊ ဒါပေမယ့်"

ဉာဏ်ဝင်းစာပေ



"ဘာဖြစ်လဲ"

ကျွန်တော် အားမလိုအားမရမေးလိုက်တော့ တာရာ
ခဏကြာကြီးငြိမ်သက်သွားပြီးမှ ရုတ်တရက် ကျွန်တော့်ကို ပြော
သည်။

"သူ ပြန်ရောက်နေပြီ မင်းခန့်"

"ဘာရယ်၊ ဘယ်သူ ပြန်ရောက်တာလဲ"

"ကိုကိုကြီး"

"ဘာ"

နွေခေါင်ခေါင် မိုးကြိုးပစ်ချလိုက်သလို ခံစားရသည်။
ကျွန်တော့်နားထဲသို့ ချော်ရည်ပူပူတွေ ဝေါခနဲ စီးဝင်
လာကြတဲ့အတိုင်းပါပဲ။

ကိုကိုကြီးတဲ့။

လောက၌ ကျွန်တော်မကြားချင်ဆုံးသောအမည်ဖြစ်
၏။ကျွန်တော့်အား အိပ်မောကျနေတုန်း လက်မောင်းအစုံကို
ခဲ့ကိုင်ခါရမ်းလိုက်သလိုပါပဲ။ သူ ပြန်ရောက်နေပြီ တဲ့။

ဒါဟာ တကယ်ပဲလား၊ တာရာ ကျွန်တော့်ကို တမင်
နောက်ပြောင်နေတာများလား။

သို့သော်တာရာ ကျွန်တော့်အား နောက်ပြောင်လိမ့်
မယ်မဟုတ်ပါ။

"သေချာရဲ့လား တာရာ"

"သေချာတယ်၊ သေချာလို့ တို့စိတ်ညစ်နေတာ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပင့်သက်ကိုအမောတကောရှိုက်သွင်းလိုက် သည်

"တို့ ဘာလုပ်ရင်ကောင်းမလဲ မင်းခန့်"

တာရာက တွယ်ရာမဲ့သောလေသံဖြင့် ဗလုံးဗထွေးေ သည်။

"အကောင်းဆုံးကတော့အိမ်ပေါ်ပြန်မတက်ဘဲ အဲဒီ စတိုးဆိုင်မှာပဲ ငြိမ်ငြိမ်ကလေးထိုင်နေ၊ နောက်ဆယ့်ငါးမိနစ် ကြာရင် ကိုယ် အဲဒီကို အရောက်လာခဲ့မယ်"

ဖုန်းခွက်ကိုချပြီး ဘေးနားမှ ကားသော့ကိုကောက်ကို လိုက်သည်။ ဘာကြောင့်မှန်းမသိ။

လှေကားထစ်များကိုအပြေးတက်နေရသူတစ်ယောက် ပမာ ကျွန်တော်မောဟိုက်၍နေသည်။ နံရံပေါ်မှ ပြက္ခဒိန်ကို အမှတ်တမဲ့လှမ်းကြည့်လိုက်တော့ ဒီနေ့ နေ့စွဲက (၁၃)ရက်နေ့ ပြဿဒါး တဲ့။

❑

အအေးဆိုင်ကောင်တာဘေးရှိ တီဗီဖန်သားပြင်ပေါ် (တီနာအာရီးနား)က မြူဆွယ်ပြုံးလေးပြုံး၍ ခုန်ပေါက်နေ သည်။ ဂရမ်မီဆုရှင် (တီနာအာရီးနား)ကို ကျွန်တော်အလွန် ကြိုက်သော်လည်းယခုလိုအချိန်မျိုးမှာတော့စိတ်မဝင်စားနိုင်ပါ။

ဥာဏ်ဝင်းစာပေ



"သူ ဘယ်တုန်းက ပြန်ရောက်လာတာလဲ"

ကျွန်တော့်အသံကကိုယ့်ကိုယ်ကိုပင်မမှတ်မိနိုင်လောက် အောင် ခြောက်ကပ်အက်ကွဲ၍နေသည်။ စားပွဲစွန်းကို လက် ည်းနှင့် ကုတ်ခြစ်ငြိမ်သက်နေရာမှ တာရာ ကျွန်တော့်ကို ော့ကြည့်သည်။

ထို့နောက် ကျွန်တော့်မေးခွန်းကိုပြန်စဉ်းစားဟန်ဖြင့် ာ်မှောင်ကျုံ့လိုက်ပြီးမှ ခေါင်းရမ်းသည်။

"တို့ မသိဘူးမင်းခန့်"

"တာရာ သူနဲ့တွေ့ပြီးပြီလား"

"ဟင့်အင်း"

"သူ ပြန်ရောက်နေတာ တာရာ ဘယ်လိုလုပ် သိသ ဲ"

"ပြီးခဲ့တဲ့နှစ်ရက်လောက်က သူနဲ့မောင်လေးနဲ့ မြို့ ဲမှာ တွေ့လာတယ်"

အအေးဆိုင်ထဲ၌ အသက်ရှူစရာလေထုတို့ နည်းပါး ာသလိုခံစားရ၏။

တာရာ့မောင်လေးကတော့ထိုလူ့အား တခြားတစ် ာက်ယောက်နှင့် မှားယွင်းနှုတ်ဆက်ခဲ့လိမ့်မည်မဟုတ်ပါ။ ျွန်တော်လေပူတစ်ချက်ကိုမှုတ်ထုတ်လိုက်စဉ် တာရာဆက် ြာသည်။

ဥာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူပြန်ရောက်လာကတည်းက တို့တွေကိုလိုက်ရှာ
တာလို့ ပြောတယ်၊ မောင်လေးနဲ့အိမ်ကိုတစ်ခါတည်းလိုက်လာ
မလို့၊ မောင်လေးက အလုပ်အင်တာဗျူးတစ်ခု ဖြေစရာရှိလို့
နောက်နေ့လာဖို့ ပြောပြီး အိမ်လိပ်စာပေးလိုက်တာ၊ မနေ့က
သူအိမ်ကိုရောက်လာတယ်"

"တာရာနဲ့သူနဲ့ မတွေ့လိုက်ဖူးလား"

ကျွန်တော့်မေးခွန်းကို တာရာ ခေါင်းရမ်းသည်။

"တို့ အလုပ်သွားနေလို့ မတွေ့လိုက်ဘူး၊ အိမ်ပြန်
ရောက်တော့မှ အကြောင်းစုံသိရတာ၊ မနေ့ညကတည်းက
မင်းခန့်ဆီကိုဖုန်းဆက်မလို့ပဲ။ မိုးချုပ်သွားလို့ မဆက်ဖြစ်တော့
တာ"

စိတ်ခြောက်ခြားစရာဖြစ်ရပ်ကြောင့် တာရာညက
ကောင်းစွာအိပ်ပျော်ခဲ့ဟန်မတူပါ။

သိသာစွာချောင်ကျနေသော မျက်နှာနွမ်းနွမ်းလေးကို
ငေးကြည့်ရင်း ကျွန်တော်အလွန်သိချင်နေသော မေးခွန်းတစ်ခု
ကို မေးလိုက်သည်။

"သူ ဘာပြောသွားသလဲ"

တာရာ သက်ပြင်းတစ်ချက်ကို ဖွဖွချွေရင်း ခပ်တိုးတိုး
ဖြေသည်။

"တို့နဲ့ တွေ့ချင်တယ် တဲ့"

ကျွန်တော်စိုးရိမ်နေတဲ့အတိုင်းပါပဲ။





တစ်ချိန်ချိန်၌ သူပြန်ရောက်လာမည်။ တာရာနှင့် မ
တွေ့တွေ့အောင်ကြိုးစားမည်။ ထို့နောက် ကျွန်တော် ဆက်မ
တွေးရဲတော့သဖြင့် အတွေးတို့ကို တစ်ပိုင်းတစ်စနှင့် ရပ်တန့်
ပစ်လိုက်ရသည်။

"ကြာသပတေးနေ့ကျရင်သူအိမ်ကိုလာလိမ့်မယ်မင်းခန့်"

ကျွန်တော် လှစ်ခနဲ စိုးရိမ်သွား၏။ ကြာသပတေးနေ့
က တာရာအလုပ်နားရက်ဖြစ်သည်။

ထိုနေ့ကိုရွေးပြီးလာရအောင် ထိုလူဘာတွေများ ကြံ
စည်ထားပါလိမ့်။ ပြီးတော့ တာရာ့ကို ဘာတွေပြောမှာလဲ။ ကျွန်
တော်တုန်လှုပ်စွာ လျှောက်တွေးနေမိသည်။

"အဲဒီနေ့ တို့အလုပ်နားမယ်ဆိုတာသိလို့ သူ လာ
မယ်လို့ ပြောသွားတာ၊ သူ့ကိုမတွေ့ချင်ရင် အဲဒီနေ့ကျရင်
ရှောင်နေပါတဲ့။ ဒါပေမယ့် ဖြစ်နိုင်ရင်တော့ တွေ့ခွင့်ပေးစေ
ချင်တယ်တဲ့။ တို့ ဘာလုပ်ရမလဲ မင်းခန့်၊ အဲဒီနေ့ကျရင် သူနဲ့
မျက်နှာချင်းဆိုင်တွေ့လိုက်ရမလား၊ ဒါမှမဟုတ် ရှောင်နေရင်
ကောင်းမလား"

တာရာ ကျွန်တော့်ကို အားကိုးတကြီး မော့ကြည့်ပြီး
မေးသည်။

ကျွန်တော့်ကိုအားကိုးနေသောတာရာစိတ်ပျက်မသွား
စေချင်ပါ။ ထို့ကြောင့် ကျွန်တော့်ရင်ထဲမှ အားငယ်နေမှုတို့
ကိုမောင်းထုတ်ပစ်လိုက်ပြီး တာရာ့ကိုပြန်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တာရာ ဘာလုပ်ချင်သလဲ၊ သူနဲ့ တွေ့ချင်သလား"

"တို့မလုပ်ချင်ဆုံးအလုပ်က သူနဲ့တွေ့ရမယ့်အလုပ်ပဲ မင်းခန့်၊ တို့ သူနဲ့တွေ့ရမှာ ကြောက်တယ်"

တာရာက လက်နှစ်ဖက်ကို ဆုပ်ခြေရင်း အညိုရောင်မှန်ချပ်ကြီးများမှတဆင့် ဆိုင်ပြင်သို့ ငေးကြည့်ရာမှ ပင့်သက်ရှိုက်သည်။ ထို့နောက် စိတ်ရှုပ်ထွေးဟန်ဖြင့် ညီးညီးညူညူ ရေရွတ်သည်။

"ဒါပေမယ့်မတွေ့ဘဲ ရှောင်နေရုံနဲ့လည်း ပြဿနာက ပြီးသွားမှာမဟုတ်ဖူး မင်းခန့်"

"တာရာပြောတာမှန်တယ်၊ အဲဒီနေ့ကျရင် မင်း သူနဲ့ တွေ့လိုက်ပါ"

ကျွန်တော့်စကားကြောင့် တာရာကျွန်တော့်ကိုဖြတ်ခနဲ လှမ်းကြည့်သည်။

"တွေ့ပြီးသူ့ကို ဘာပြောရမလဲ"

"ဘာမှ မပြောနဲ့၊ သူပြောတာပဲ နားထောင်လိုက်၊ ကိုယ်ရောက်လာရင်တော့ ကိုယ်နဲ့သူနဲ့မိတ်ဆက်ပေးပေါ့"

တာရာ ကျွန်တော့်ကို တအံ့တသြ ပြန်မေးသည်။

"မင်းဆိုလိုတာက အဲဒီနေ့ကျရင် . ."

"ဟုတ်တယ် တာရာ၊ အဲဒီနေ့ကျရင် ကိုယ်မင်းတို့အိမ်လာခဲ့မယ်"





ကျွန်တော့်စကားအဆုံး၌ တာရာ့မျက်ဝန်းမှ အားတက်သော အရိပ်အယောင်တို့ကို တွေ့မြင်လိုက်ရသည်။ တကယ်တော့ ထိုလူနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံရုံမှအပ ကျွန်တော့်၌ တခြားလုပ်စရာမရှိပါ။

ထို့ကြောင့် တစ်ခုတည်းသော ရွေးချယ်စရာကို ကျွန်တော် ရွေးချယ်လိုက်ရခြင်းဖြစ်သည်။ စားပွဲပေါ်မှ အအေးခါတ်လွှင့်ပြယ်နေပြီဖြစ်သော အအေးခွက်ကို ကျွန်တော် လှမ်းယူလိုက်သည်။ ရင်ထဲမှ အပူတွေက အအေးခွက်ဆီသို့ ကူးစက်သွားသလားမသိ။

အအေးခွက်မှ အငွေ့တထောင်းထောင်း ထွက်လာလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



## (၅)

ကျွန်တော့်ဆုံးဖြတ်ချက်မှန်ကန်ရဲ့လားဟု ကျွန်တော့်ကိုယ်ကျွန်တော် ဇဝေဇဝါ ဖြစ်နေမိသည်။ ကျွန်တော့် တာရာကို ထိုလူနဲ့တွေ့ဖို့ တိုက်တွန်းသင့်ပါသလား၊ ကျွန်တော် ကိုယ်တိုင်ကော ထိုလူနှင့်သွားရောက်တွေ့ဆုံသင့်ရဲ့လား။

ထိုဇဝေဇဝါဖြစ်မှုက ကြာသပတေးနေ့ တာရာတို့တိုက်ရှေ့သို့ ရောက်ရှိလာချိန်အထိ ကျွန်တော့်အား လွှမ်းမိုးနေဆဲဖြစ်သည်။

ကျွန်တော် တိုက်ပေါ်သို့ ချက်ချင်းမတက်သေးဘဲ ကားထဲမှာထိုင်၍ စီးကရက်တစ်လိပ်ကို အချိန်ယူ ဖွာရှိုက်နေလိုက်သည်။ လှုပ်ရှားနေသော ကျွန်တော့်၏ စိတ်တို့ တည်ငြိမ်သွားစေရန် ဖြစ်သည်။ စီးကရက်တစ်လိပ်ကုန်တော့မှ ကျွန်တော်တိုက်ပေါ်သို့ တက်လာခဲ့သည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သုံးလွှာရှိ အစိမ်းနုရောင် တံခါးရှေ့၌ ရပ်၍ တံခါးခေါင်းလောင်းခလုပ်ကို ရှာသော်လည်း မတွေ့သဖြင့် လက်ဖြင့်ပင် ခေါက်လိုက်သည်။ သုံးလေးချက်လောက်ခေါက်လိုက်သည်နှင့် တံခါးက ညင်သာစွာ ပွင့်သွား၏။

တံခါးနောက်၌ ရပ်နေသူကတော့ တာရာပဲဖြစ်သည်၊

တာရာ ကျွန်တော့်အား တင်ကြို စောင့်ဆိုင်းနေမှန်း သိသာလှပါသည်။

“သူ ရောက်နေပြီလား”

မေးသာမေးလိုက်ရသော်လည်း စိုးရိမ်မှုနှင့် စိတ်ရှုပ်ထွေးမှုတို့ ရောပြွန်းနေသော တာရာ့မျက်နှာကိုကြည့်ခြင်းအားဖြင့် ထိုလူရောက်ရှိနေပြီဖြစ်ကြောင်း သံသယ ဖြစ်စရာမလိုပါ။ ကျွန်တော်ထင်ထားသည့်အတိုင်း တာရာ ခေါင်းညိတ်သည်။

“ရောက်နေပြီမင်းခန့်၊ အထဲမှာမေမေနဲ့ စကားပြောနေတယ်၊ မင်းအထဲဝင်မလား၊ ဒါမှမဟုတ် သူ့ကို ဒီခေါ် လိုက်ရမလား”

တာရာတို့ တိုက်ခန်းတည်ဆောက်ပုံအနေအထားအရ ကျွန်တော်ရောက်ရှိနေသောနေရာမှာ အိမ်၏ ဧည့်ခန်းမဟုတ်ဘဲ ဝရံတာဖြစ်နေပြီး ဧည့်ခန်းတွင်းသို့ ဝင်ရောက်လိုပါက ဝရံတာတံခါးမှ တဆင့်ဝင်ရောက်ရမည်ဖြစ်သည်။

ကြိမ်ကုလားထိုင်ငယ်လေးများ သုံးလေးလုံးချထားသော ဝရံတာကို ဝေ့ဝဲကြည့်လိုက်ပြီး ကျွန်တော်တို့၏ တွေ့ဆုံ





မှုကို ဝရံတာမှာပင် အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်။

“အိမ်ထဲမှာဆိုရင် မင်းမေမေ ရှိနေတော့ စကားပြောရတာ လွတ်လပ်မှာ မဟုတ်ဘူး၊ ဒီမှာပဲ တွေ့ကြရအောင်”

“ဒါဖြင့် တို့ သူ့ကိုသွားခေါ်လိုက်မယ်၊ မင်းခန့် ခဏထိုင်အုံး”

ကျွန်တော် နီးရာ ကြိမ်ကုလားထိုင် ပုပုလေးမှာ ဝင်ထိုင်လိုက်ချိန်၌ တာရာက ဝရံတာတံခါးမှတဆင့် အိမ်ခန်းတွင်းသို့ ဝင်ရောက်သွားသည်။သိပ်မကြာခင် မျက်နှာချင်းဆိုင်ရတော့မည့် ကိုကိုကြီးဆိုသူအားပြောရန် စကားလုံးတို့ကို စိတ်လှုပ်ရှားစွာ ကျွန်တော် ရွေးခြယ်နေမိသည်။

တာရာဟာ ကျွန်တော့်ချစ်သူပါ ဦးကိုကိုကြီး၊ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိပ်ပြီး ချစ်ကြပါတယ်။ ဒါကြောင့် ဦးကိုကိုကြီးအနေနဲ့ ကျွန်တော်တို့နှစ်ယောက်ကြားထဲကို ဝင်ဖို့ ကြိုးစားနေတာဆိုရင်တော့ အဲဒီစိတ်ကူးကို အမြန်ဆုံးမေ့ပစ်လိုက်ပါလို့ ကျွန်တော် အကြံပေးပါရစေ။

ထိုမျှလောက်ဆိုရင်တော့ ၎င်း၏ အခြေအနေမှန်ကို ကိုကိုကြီး သဘောပေါက်သွားပါလိမ့်မည်။ အကယ်၍ သဘောမပေါက်သေးလျှင်လည်း ထို့ထက် ကြမ်းတမ်းသောစကားလုံးများကိုသုံးစွဲရန် ကျွန်တော် ဝန်လေးလိမ့်မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အတွေးတို့ဖြင့် လွင့်မျောနေစဉ် ခပ်ဖွဖွနင်းလျှောက်လာကြသည့် ခြေသံများနှင့်အတူ "လူတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့" ဟူသော တာရာ့စကားသံတိုးတိုးကို ကြားလိုက်ရသည်။

ကျွန်တော် ဝရံတာတံခါးကို ခပ်စောင်းစောင်း အနေအထားဖြင့် ကျောပေးလျက် ထိုင်နေခြင်းဖြစ်သဖြင့် မျက်နှာမူရန် ထိုင်ရာမှ ထရပ်လိုက်၏။ ထိုအချိန်မှာပင် ကျွန်တော့်နောက်ဖက်သို့ ရောက်ရှိနေပြီဖြစ်သောတာရာ့အသံကို ကြားလိုက်ရသည်။

"ဒါ ကျွန်မ အမျိုးသားပဲ ကိုကိုကြီး၊ သူ့နာမည်က မြတ်မင်းခန့်တဲ့"

ကိုကိုကြီးဆိုသူနှင့် မျက်နှာချင်းဆိုင်ရန် ကျွန်တော်နောက်ဖက်သို့ အသာအယာလှည့်လိုက်သည်။

"ကျွန်တော့်နာမည် မြတ်မင်း"

ခန့်ဟူသော နောက်ဆုံးတစ်လုံးကိုပင် ပြီးဆုံးအောင် ဆက်မပြောနိုင်တော့ဘဲ ကျွန်တော့်စကားကို ထစ်ငေါ့စွာ ရပ်ဆိုင်းသွားကြသည်။

တာရာ၏ ကိုကိုကြီးဆိုသူအား အတွေ့၌ ကျွန်တော့်မျက်နှာကို ဖြတ်အရိုက်ခံလိုက်သည့်ပမာ ကြက်သေသေလျက် ငေးကြောင်သွားမိသည်။ ကိုကိုကြီးဆိုသူကလည်း ကျွန်တော့်နည်းတူ ငေးကြောင်နေပါသည်။

ဉာဏ်ဝင်းစာပေ



သို့သော် ချက်ချင်းဆိုသလိုပင် ဟန်ဆောင်ပြုံးတစ်ခုကို အလျှင်အမြန် ပြုံးလိုက်ပြီး ကျွန်တော့်ထံသို့ လက်ကမ်းပေးသည်။

"တွေ့ရတာ ဝမ်းသာပါတယ် မြတ်မင်းခန့်"

ဒါဟာ လူကြီးလူကောင်းဆန်တဲ့အပြုအမူဆိုရင်တော့ ကျွန်တော့်အနေနှင့် ကမ်းလင့်လာသော လက်ကိုပြန်လည် ဆွဲကိုင်နှုတ်ဆက်ရပါလိမ့်မည်။ ကျွန်တော်လက်ဆွဲနှုတ်ဆက်လိုက်ပြီး အေးဆေးစွာပင် ပြန်ပြောလိုက်သည်။

"ကျွန်တော်ကတော့ တွေ့ရတာ ဝမ်းမသာဘူး ကိုဇော်ကြီး၊ အထူးသဖြင့် ခုလို အခြေအနေမျိုးနဲ့ တွေ့ရတဲ့အတွက်ပြီး ဝမ်းမသာနိုင်ဘူး"

ကျွန်တော့် စကားအဆုံး အံ့ဩငေးကြောင်သွားသူကတော့ တာရာပဲ ဖြစ်သည်။

ကိုဇော်ကြီးက ကျွန်တော့်စကားကြောင့် ပြုံးလိုက်သည်။ သူ့အပြုံးက မချိပြုံးဖြစ်မည်ဆိုလျှင် သူ့ကို ပြန်ပြုံးပြလိုက်သော ကျွန်တော့်အပြုံးကတော့ ကြေကွဲပြုံးပဲ ဖြစ်ပါလိမ့်မည်။

"ကိုယ်လုံးဝ ထင်မထားမိဘူး မင်းခန့်၊ လောကကြီးမှာ မမျှော်လင့်တာတွေဖြစ်တတ်တယ်ဆိုတဲ့စကားကိုယုံသွားပြီ"

"ကျွန်တော်ကလည်း တာရာရဲ့ကိုကိုကြီးဟာ ကျွန်တော်သိတဲ့ ကိုကိုဇော်ဆိုတဲ့ကိုဇော်ကြီးဖြစ်လိမ့်မယ်လို့ အိပ်မက်တောင်မမက်မိဘူး"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ကြီး ဒုတိယမြောက် မချိပြုံးတစ်ခုကို ပြုံးလိုက်သည်။

"ကိုယ် တကယ့်ကို စိတ်မကောင်းပါဘူး မင်းခန့်"

"ကျွန်တော်တို့ ဒီပြဿနာကို တခြားတစ်နေရာမှာ အေးအေးဆေးဆေးဆွေးနွေးကြတာပေါ့ ကိုဇော်ကြီး လောလောဆယ် ကျွန်တော့်ကို ခွင့်ပြုပါအုံးတာရာ၊ ကိုယ် ပြန်အုံးမယ်"

တာရာ့ကို နှုတ်ဆက်ပြီးသည်နှင့် စေ့ထားသော တံခါးကိုဆွဲဖွင့်ကာ ကျွန်တော် ထွက်လာခဲ့သည်။ လှေကားထစ်တွေကို ကျွန်တော် ဘယ်လိုဆင်းလာမိသည်မသိ။ အိပ်မက်ထဲ လှုပ်ရှားနေသူတစ်ယောက်ပမာ အာရုံခံစားမှုတို့ ကင်းမဲ့နေကြသည်။

ကျွန်တော် ကားပေါ်တက်ပြီး အရှိန်ပြင်းပြင်းနှင့် မောင်းထွက်လာခဲ့သည်။

ဘယ်ကိုသွားမည်ဟူသည့် ဦးတည်ချက်မရှိဘဲ မောင်းထွက်လာခဲ့ခြင်းဖြစ်သည်။

စိတ်မကောင်းပါဘူး မင်းခန့်တဲ့။

ကမ္ဘာကြီးဒီလောက်ကျဉ်းမှန်း ဘာဖြစ်လို့များ စောစောစီးစီးကတည်းက ကျွန်တော် မရိပ်မိခဲ့ရတာလဲ။

ယခုတော့ မမျှော်လင့်သော အခြေအနေတစ်ခုအား မထင်မှတ်သော လူတစ်ယောက်နှင့်အတူ ကျွန်တော် မျက်နှာ





ချင်းဆိုင်လျက် တွေ့ဆုံနေရပြီ ဖြစ်သည်။ ဘာကြောင့်များ တာရာရဲ့ ကိုကိုကြီးဟာ ကိုဇော်ကြီးဖြစ်နေရတာလဲ။

လောကကြီးတစ်ခုလုံး တိုက်ဆိုင်မှုတွေနဲ့ ပြည့်နှက်နေရင်တောင်မှ ခုလိုမျိုး တိုက်ဆိုင်ဖို့တော့ မကောင်းတာ အမှန်ပါ။ ခုတော့ ကျွန်တော့်အဖို့ လက်ရှိအခြေအနေကိုထိပ်တိုက်ရင်ဆိုင်ရုံမှအပ တခြားရွေးချယ်စရာ နည်းလမ်းမရှိတော့ပါ။

ဘာပဲဖြစ်ဖြစ် ကျွန်တော် ရှေ့ဆက်တိုးရပါတော့မည်။

❑



www.burmeseclassic.com

www.burmeseclassic.com



(၆)

ဘီယာစတေရှင်တစ်ခု၌ စည်ဘီယာတစ်ဂျား၊ မြေပဲဆားလှော်တစ်ပွဲနှင့် အချိန်တော်တော်များများကိုကျွန်တော်ဖြုန်းတီးပစ်ခဲ့သည်။ ကိုဇော်ကြီး အိမ်ပြန်ရောက်ရန် သေချာသလောက်ရှိတော့မှ ဆိုင်ကထကာ ကိုဇော်ကြီးဆီသို့ ထွက်လာခဲ့သည်။

အကြိမ်ပေါင်းမရေတွက်နိုင်လောက်အောင် ရောက်ရှိခဲ့ဖူးသဖြင့် တံခါးအနေအထားကို ကြည့်ရုံနှင့် အတွင်းမှ ပိတ်ထားခြင်းမဟုတ်ဘဲ စေ့ရုံသာစေ့ထားခြင်းဖြစ်ကြောင်း ကျွန်တော်သိလိုက်သည်။ ပါလစ်ရောင်တောက်နေသည့် တံခါးကိုတွန်းဖွင့်ကာ အိမ်ထဲသို့ ကျွန်တော် ဝင်လိုက်သည်။

ဧည့်ခန်းထဲ၌ ကိုဇော်ကြီးမရှိ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်၌ နေဝင်စပြုနေပြီးဖြစ်သဖြင့် မီးမထွန်း ထားသောအိမ်ထဲ၌ အနည်းငယ်မှောင်၍နေသည်။ ကျွန်တော် နောက်ဖေးဘက်သို့ လျှောက်လာခဲ့သည်။ ကျယ်ဝန်းလှသော ထမင်းစားခန်းထဲမှာတော့ ကိုဇော်ကြီး ရှိနေပါသည်။

ကျွန်တော့်ကို ကျောပေးလျက် ပြတင်းပေါက်ဘောင် ကိုမှီကာ ရပ်နေခြင်းဖြစ်သည်။ ထမင်းစားပွဲပေါ်မှ လက်လေး လုံးလောက်လျော့နေသော ဝီစကီပုလင်းနှင့် ၎င်း၏ လက်ထဲ မှ သောက်လက်စဖန်ခွက်ကိုကြည့်ခြင်းဖြင့် အတော်များများ သောက်ထားပြီးဖြစ်ကြောင်း သံသယ ဖြစ်စရာမလိုပါ။

"မင်း ရောက်လာပြီလား မင်းခန့်"

ကျွန်တော့်အား လှည့်မကြည့်ဘဲ ကိုဇော်ကြီး မေး သည်။

ကျွန်တော်ရောက်လာလိမ့်မည်ဟု တင်ကြိုမျှော်လင့် ထားပုံရသဖြင့် သူ့အမေးကိုမဖြေတော့ဘဲ စီးကရက်တစ်လိပ် ကိုထုတ်ကာ မီးညှိလိုက်သည်။

"လောကကြီးဟာ တော်တော်အံ့သြဖို့ကောင်းတယ် ဒီလောက်တိုက်ဆိုင်လိမ့်မယ်လို့ ငါ မထင်မိဘူး။ ငါ သူ့ကို လိုက်ရှာနေတာကြာပြီမင်းခန့်၊ ရန်ကုန်ပြန်ရောက်ကတည်းက ရှာနေတာ"

"ရှာတယ် ရှာတယ်၊ ဟော တွေ့မယ့်တွေ့တော့လည်း ငါ ရှာနေတဲ့လင်းလင်းဟာ မင်းရဲ့တာရာဖြစ်နေတယ်၊ ဘယ်





လောက်များ တိုက်ဆိုင်လိုက်သလဲ၊ ဘယ်လောက် အံ့သြဖို့ ကောင်းလိုက်သလဲ၊ ခုတော့ ငါတို့နှစ်ယောက်စလုံး မိန်းမ တစ်ယောက်ထဲရဲ့ လွှမ်းမိုးမှုအောက်မှာ ရောက်နေကြရပြီ။ ရယ်စရာမကောင်းဖူးလား ညီလေး"

ကျွန်တော့်အား ကျောခိုင်းလျက် အနေအထားနှင့် ကို ဇော်ကြီးပြောနေခြင်းဖြစ်သည်။ ကိုဇော်ကြီး ပြောသည့်အ ကြောင်းအရာအား ကျွန်တော်ကတော့ ရယ်စရာတစ်ခုအဖြစ် ဘယ်လိုမှ တွေးထင်၍မရပါ။

ကျွန်တော် စီးကရက်ကိုဖွာရင်းတိတ်တိတ်ဆိတ်ဆိတ် င် ငြိမ်သက်နေလိုက်သည်။

"သူ့မှာ ရည်းစားတွေဘာတွေ ရှိနိုင်တယ်လို့တော့ အစောကြီးကတည်းက စဉ်းစားမိပါတယ်။ ဒါပေမယ့် သူ့ ရည်း စားဟာ မင်းဖြစ်နေလိမ့်မယ်လို့တော့ ယောင်လို့တောင် မ တွေးမိဘူး။ ခုတော့ မထင်မှတ်ဘဲ ရှုပ်ထွေးကုန်တယ်။ ထား လိုက်ပါလေ၊ မိန်းမတစ်ယောက်အတွက်နဲ့တော့ ငါတို့နှစ် ယောက်ကြားမှာစိတ်ဝမ်းကွဲမှုမျိုး မဖြစ်တန်ကောင်းဖူးလို့ ထင် တာပဲ"

"ကျွန်တော်လည်းအဲဒီအတိုင်းပဲ ဖြစ်ချင်ပါတယ်"

ကိုဇော်ကြီး ကျွန်တော့်ဘက် လှည့်လိုက်သည်။ ထို့ နောက် လက်ထဲမှ ဝီစကီခွက်ကို ပါးစပ်နားသို့ တေ့၍ တစ်ငုံ ငုံရင်း-



www.burmeseclassic.com

www.burmeseclassic.com



"ခုကိစ္စနဲ့ပတ်သက်ပြီး ငါ့ညီ ဘယ်လိုဖြစ်ချင်သလဲ"

တကယ်တော့ ထိုမေးခွန်းမျိုး ကိုဇော်ကြီး မေးဖို့ကောင်းပါ။ သူ့ရဲ့လင်းလင်းဟာ ခုချိန်မှာ ကျွန်တော့်ရဲ့ချစ်သူ... တာရာမှန်းသိထားပါက ပို၍မေးဖို့မကောင်းပါ။

"ကိုဇော်ကြီး ဖြစ်ချင်တာကိုပြောပါ၊ ကိုဇော်ကြီးက ... ကြီးပဲ"

ကိုဇော်ကြီး ဝီစကီကို နောက်ထပ်တစ်ငုံ-ငုံလိုက်... နောက် ပြတင်းပေါက်ဘက်သို့ ပြန်လှည့်သွားသည်။ ထမင်း... စားခန်းအတွင်း၌ ပြတင်းပေါက်မှ တိုးဝင်နေသည့် မှိန်ဖျော့ဖျော့အလင်းရောင်မှအပ အမှောင်ထုက ခပ်ပါးပါး လွှမ်း... နေပြီး ဖြစ်သည်။

"ခက်တယ် မင်းခန့်၊ ခုကိစ္စက တော်တော်လေး... ခက်တယ်၊ အစောကြီးကတည်းက ငါ သူ့ကိုရှာတွေ့ခဲ့ရင်... မှမဟုတ် လုံးဝရှာမတွေ့ရင် ပြဿနာက ဒီလောက်ရှုပ်မှာ... ဟုတ်ဘူး။ ခုတော့ မင်းရောငါရော အခြေအနေတွေက တော်... တော်လေးကို ကျွံနေကြပြီ။ မင်းနဲ့သူနဲ့က ချစ်သူတွေဖြစ်နေ... ကြပြီ။ ဒါက မင်းအနေအထား၊ ငါ့အနေအထားက ငါ သူ့ကို... တစ်ခါဆုံးရှုံးခဲ့ဖူးတယ်၊ ဒါကြောင့် နောက်တစ်ခါ ပြန်တွေ့ရင်... အဆုံးရှုံးမခံတော့ဘူးလို့ ငါ ဆုံးဖြတ်ထားတယ်၊ ဆုံးဖြတ်ထား... ခဲ့တယ်။ အဲဒီတော့ ပြောရမှာ တော်တော်ခက်တယ် မင်းခန့်... ငါ ပြောမထွက်ဘူး။ မင်းကို အားနာတယ်"





"ကိစ္စမရှိပါဘူး။ ကိုဇော်ကြီးဆဲတာမှာ မဟုတ်ဘဲ အားနာစရာမလိုပါဘူး"

ကျွန်တော့်စကားကြောင့် ကိုဇော်ကြီး ခြောက်ကပ်ကပ် ရယ်မောလိုက်သည်။

"ဟ ဆဲတာက ဘာအရေးလဲ၊ ခုဥစ္စာက မင်းအတွက် ဆဲတာထက် ပိုအခံရခက်မယ့်ကိစ္စမို့ ငါ ပြောမထွက်တာပေါ့"

ကိုဇော်ကြီး စကားကြောင့် ကျွန်တော့်ရင်ထဲ၌ တင်းတင်းကြပ်ကြပ်ကြီး ခံစားလိုက်ရသည်။ စီးကရက်ကိုသုံးလေးဖွာလောက်ခပ်ပြင်းပြင်းဖွာရှိုက်လိုက်ပြီး ကိုဇော်ကြီးကို ကျွန်တော်ပြောလိုက်သည်။

"ကိုဇော်ကြီး ပြောချင်တာကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ၊ ဆဲတာထက်ပိုနာမယ့် စကားမျိုးဆိုရင်လည်းကျွန်တော် ကြားဖူးတယ် ရှိသွားတာပေါ့"

ကိုဇော်ကြီး ကျွန်တော့်ကို ဖြတ်ခနဲ လှည့်ကြည့်သည်။ ထို့နောက် တစ်ဖက်သို့ ပြန်လှည့်သွားပြီး သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်သည်။

"ငါ သူ့ကိုတစ်ကြိမ်ဆုံးရှုံးခဲ့ပြီးပြီ မင်းခန့်၊ နောက်တစ်ခါထပ်ပြီး အဆုံးရှုံးမခံတော့ဘူး"

"ဒါဖြင့် ကိုဇော်ကြီး ဆက်ကြိုးစားမယ်ပေါ့"

"ဟုတ်တယ် ညီလေး၊ ငါ ဆက်ကြိုးစားရလိမ့်မယ်"

ကျွန်တော့်ရင်ဘတ်ပေါ်သို့ လမ်းကြိတ်စက်တစ်စီး ဖြတ်မောင်းသွားသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကြိုးစားမယ် တဲ့။

ကျွန်တော်နှင့် ချစ်သူဖြစ်နေတာတောင် နောက်မဆုတ်ဘဲ ဆက်ကြိုးစားမည်ဟူသော ကိုဇော်ကြီးစကားက ကျွန်တော့်အား အဆုံးစွန် စိမ်ခေါ်လိုက်ခြင်းပဲ ဖြစ်သည်။ ကျွန်တော့်ရင်ထဲ၌ စူးခနဲ နာကျင်သွားကာစီးကရက်ကို စားပွဲပေါ်သို့ ထိုးခြေလိုက်မိသည်။

"ကိုဇော်ကြီးက တစ်ကြိမ်ဆုံးရှုံးခဲ့ဖူးပေမယ့် ကျွန်တော်ကတော့ တာရာ့ကိုဘယ်တုံးကမှ မဆုံးရှုံးခဲ့ဖူးဘူး ကိုဇော်ကြီး၊ နောက်လည်း ဘယ်နည်းနဲ့မှ အဆုံးအရှုံးခံမှာ မဟုတ်ဘူး။ ကိုဇော်ကြီး သိသင့်တာတစ်ခု ကျွန်တော် ပြောချင်တယ်"

"ပြောပါ မင်းခန့်"

"တာရာက ကိုဇော်ကြီး မချစ်ဖူး၊ နောက်လည်း ဘယ်တော့မှ ချစ်မှာ မဟုတ်ဘူး"

ကိုဇော်ကြီး ခြောက်ကပ်ကပ်ရယ်မောကာ ကျွန်တော့်ဘက်သို့ လှည့်လိုက်သည်။

"ကိစ္စမရှိပါဘူး မင်းခန့်၊ ငါက အချစ်ခံချင်တဲ့ လူမဟုတ်ဘူး၊ ချစ်ချင်တဲ့လူ၊ ငါ မွေးထားတဲ့ရွှေငါးတွေကိုပဲကြည့်"

အခန်းထောင့်ရှိ ငါးကန်ဆီသို့ လက်ငေ့ါရမ်းပြရင်း ကိုဇော်ကြီး ပြောသည်။

"သူတို့ဆို ငါချစ်ဖို့ နေနေသာသာ၊ ရှိတယ်လို့တောင် အသိအမှတ်ပြုမှာ မဟုတ်ဘူး။ ငါ သူတို့ကို အချိန်မှန်မှန်





အစာကျွေးတယ်၊ ရေလဲတယ်၊ လိုအပ်တာမှန်သမျှ အကုန်လုပ်ပေးပေမယ့် သူတို့ကတော့ငါ့ကို နည်းနည်းလေးတောင် ဂရုမစိုက်ဘူး။ ဒါပေမယ့် ကိစ္စမရှိဘူး။ ငါက သူတို့ကို အရိပ်တကြည့်ကြည့်နေရရင်ကို ကျေနပ်နေတာ၊ ငါ လင်းလင်း ကိုချစ်တဲ့အချစ်က အဲဒီလိုမျိုး၊ ဘာတုန့်ပြန်မှုမှ မမျှော်ကိုးဘဲ ပေးဆပ်နေချင်တဲ့အချစ်မျိုး အရိပ်တကြည့်ကြည့် ကြည့်နေချင်တဲ့အချစ်မျိုး"

"ဒါပေမယ့် တာရာက ရွှေငါးလေးတစ်ကောင် မဟုတ်ဘူး ကိုဇော်ကြီး၊ ပြီးတော့ ခုချိန်မှာ ကျွန်တော့်ရဲ့ချစ်သူ"

"မှန်တယ်၊ ခုချိန်မှာ မင်းရဲ့ချစ်သူဆိုပေမယ့် တစ်ချိန်တုံးကတော့ ငါနဲ့ လက်ထပ်ခဲ့ဖူးတဲ့ မိန်းကလေးပဲ မင်းခန့်"

ကိုဇော်ကြီးစကားကြောင့် ကျွန်တော် သွေးတို့ဆူဝေသွားလေသည်။ကျွန်တော် ကိုဇော်ကြီးကို ကြည့်၍ ခပ်တင်းတင်းပြောလိုက်သည်။

"အဲဒီလက်ထပ်ပွဲကတစ်ဖက်သတ်ကျင်းပခဲ့တဲ့ လက်ထပ်ပွဲကြီးပဲ။ ဒါကို တရားဝင်တယ်လို့ ဘယ်သူမှ ပြောလို့မရဘူး၊ တကယ်လို့ တရားဝင်ခဲ့တယ်ဆိုရင်တောင်မှ ခုချိန်မှာ အလိုအလျောက်ပြတ်စဲပြီးသားဖြစ်နေပြီ။ ဘာ ရစ်ပတ်မှုမှ မရှိတော့ဘူး။ ကိုဇော်ကြီးအနေနဲ့ အဲဒီလက်ထပ်ပွဲနဲ့ တာရာ့အပေါ်မှာ အကြွပ်ကိုင်လို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ကြီးခပ်တိုးတိုးရယ်ရင်း ထမင်းစားပွဲဆီသို့ လျှောက်လာကာ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။

"အဲဒီကိစ္စတွေက တရားရုံးမှာ ဥပဒေအရ ရှေ့နေချင်း အငြင်းပွားရမယ့်ကိစ္စတွေပါ မင်းခန့်၊ တို့နှစ်ယောက်ကြားမှာ လောလောဆယ် ငြင်းခုံနေဖို့ မလိုအပ်သေးပါဘူး။ ငါ ပြောချင်တာက တစ်ချိန်တုံးက သူနဲ့ငါ ပတ်သက်ခဲ့ဖူးတာကို ပြောချင်တာ၊ ခုမှ တွေ့ဖူးတဲ့ မင်းရည်းစားကို ငါက အတင်းလိုက်လုတာမျိုး မဟုတ်ဘူးလို့ ဆိုလိုချင်တာ"

"နောက်မဆုတ်ဘဲ အတင်းဆက်ကြိုးစားနေရင်တော့ လုတာနဲ့ ဘာမှ မထူးပါဘူး"

ကျွန်တော့်စကားကြောင့် အောင့်သက်သက်ဖြစ်သွားဟန်နှင့် ကိုဇော်ကြီး မဲ့ပြုံး-ပြုံးသည်။ ထို့နောက် စားပွဲပေါ်မှ ပုလင်းကိုဖွင့်၍ ဖန်ခွက်ထဲသို့ လောင်းထည့်ရင်း-

"လုတယ်ဆိုရင်တောင်မှ ပြန်လုတာဟာ ကိုက်လုတာလောက်တော့မဆိုးပါဘူး ညီလေး"

ကျွန်တော် ဘယ်လိုပင်ပြောပြော ကိုဇော်ကြီးက နောက်ဆုတ်အလျှော့ပေးမည့်ပုံမရ။တလိပ်လိပ်တက်လာသော ကျွန်တော့်ဒေါသတို့က ပေါက်ကွဲလုနီးဖြစ်လာသည်။

အကယ်၍ ကိုဇော်ကြီးနေရာမှသာ အခြားတစ်ယောက်ဆိုပါက ကျွန်တော်ဤမျှအထိ စကားပြောနေလိမ့်မည်





မဟုတ်ပါ။ ခက်သည်က ကျွန်တော့်ရှေ့မှလူမှာအခြားလူမဟုတ်ဘဲ ကျွန်တော့်အပေါ် အလွန်ကောင်းခဲ့သော ကိုဇော်ကြီးဖြစ်နေသည်။

ကျွန်တော်တို့မိသားစု၏ ငွေကြေးအခက်အခဲကိုပါ ကူညီပေးခဲ့သူဖြစ်သဖြင့် ကျေးဇူးရှင်ဟု၍ သတ်မှတ်၍ ရနိုင်ပါသည်။ ကျေးဇူးရှင်တစ်ယောက်နှင့် ရန်ဖြစ်ရလောက်အောင်တော့ ကျွန်တော် မမိုက်မဲချင်ပါ။ ထို့ကြောင့် ကျွန်တော် စိတ်ကိုချုပ်တီး၍ ပြောလိုက်သည်။

"ကျွန်တော် သိသလောက်ကိုဇော်ကြီး အစက တာရာ့အပေါ်မှာ တန်ဖိုးမထားခဲ့ဘဲနဲ့ ခုမှ ဘာဖြစ်လို့ ဒီလောက်အသည်းအသန်ဖြစ်နေရတာလဲ"

"ဘယ်လိုပြောလိုက်တာလဲ ငါ့ညီရာ၊ တန်ဖိုးမထားဘဲနေပါ့မလား၊ ထားတာပေါ့၊ သိပ်ကိုထားခဲ့တာပေါ့၊ ငါ နိုင်ငံခြားထွက်တာတောင်မှ သူ့ရှေ့ရေးအတွက် သူ့ကိုတင့်တောင်းတင့်တယ်ထားနိုင်ဖို့အတွက် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ထွက်တာ၊ အိမ်ပေါင်ပြီးတော့ ထွက်တာ၊ ငါ့အမေအိုကြီးကိုတောင် တစ်ယောက်ထဲထားခဲ့ပြီးတော့ ထွက်တာ"

"ဒါဖြင့် ဘာဖြစ်လို့ ကိုဇော်ကြီး မလေးရှားသူနဲ့ ယူခဲ့သလဲ"

မျှော်လင့်ထားပုံမရသော ကျွန်တော့်မေးခွန်းကြောင့် ကိုဇော်ကြီးကွက်ခနဲ မျက်နှာပျက်သွား၏။ ခဏကြာမှ သက်ပြင်းမှုတ်ထုတ်ရင်း ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စနဲ့ပတ်သက်ပြီး ငါ ပြောနိုင်တာတစ်ခုပဲ ရှိတယ်၊ အဲဒီတုန်းက အမှားအယွင်းအတွက် ခုချိန်ထိ ငါ ခံစားနေရတယ်ဆိုတာပဲ"

ကျွန်တော် မပြုံးချင်ပြုံးချင်နှင့် မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ဒါဟာသစ္စာဖောက်မှုပဲ ကိုဇော်ကြီး နောက်ပြီး တာရာနဲ့ပတ်သက်လို့ ကိုဇော်ကြီးဘက်ကစပြီး ဇာတ်လမ်းသိမ်းလိုက်တဲ့သဘောပဲ၊ အဲဒီတော့ ကိုဇော်ကြီးကို အကောင်းဆုံးအကြံပေးမယ်။ တာရာနဲ့ပတ်သက်ပြီးကိုဇော်ကြီး စိတ်လျှော့လိုက်ပါ"

စကားဆုံးသည်နှင့် ကျွန်တော် ထိုင်ရာမှ ထရပ်လိုက်တော့ ကိုဇော်ကြီးက ပျာပျာသလဲ မော့ကြည့်သည်။

"မင်းပြောချင်တာတွေပြောပြီး ပြန်တော့မလို့လား မင်းခန့်၊ ငါ ပြောချင်တာလေးလည်း ဆုံးအောင်နားထောင်သွားပါအုံး၊ ဒါမှ တရားမျှတမှု ရှိတာပေါ့"

တရားမျှတမှုဟူသော စကားကြောင့် ကျွန်တော် ရယ်ချင်သွား၏။

သို့သော် မရယ်ပါ။ကိုဇော်ကြီးကိုသာ စိုက်ကြည့်နေမိသည်။

"မင်းပြောသလို တာရာ့အချစ်ကို ငါ မရနိုင်ဘူးဆိုတာ ငါ နားလည်တယ်၊ ဒါကြောင့် သူ့အချစ်ကိုမမျှော်လင့်





တော့ဘူး မင်းခန့်၊ ဒါပေမယ့် သူ့ကိုတော့ မျှော်လင့်နေမှာပဲ။ အခုမင်းနဲ့သူနဲ့က ချစ်သူတွေဆိုတော့မင်းသူ့ကိုပိုင်ဆိုင်ဖို့ သေချာသလောက်ဖြစ်နေပြီလို့ ပြောလို့ရတာပေါ့။ မင်းသူ့ကို အမြန်ဆုံး ပိုင်ဆိုင်နိုင်အောင် ကြိုးစားပါ၊ မင်းမပိုင်ဆိုင်သေးခင်မှာတော့ ငါလည်း ငါ့နည်းငါ့ဟန်နဲ့ ကြိုးစားကြည့်ချင်တယ်၊ ဒီအတောအတွင်း မင်းနဲ့ငါ့အရင်က လိုပဲ အခင်အမင်မပျက် ဆက်ဆံချင်တယ် မင်းခန့်၊ တစ်ယောက်ယောက်က ပိုင်ဆိုင်ခွင့်ရသွားရင်တောင်မှ ရန်သူတွေ ဖြစ်မသွားစေချင်ဘူး၊ အခင်အမင်ပျက်မသွားစေချင်ဘူး၊ မင်း ဘယ်လို သဘောရသလဲ မင်းခန့်"

ကိုဇော်ကြီးပြောသလို အခင်အမင်မပျက်ဖို့ဆိုသည်က အတော်သဘောထားကြီးရန် လိုအပ်ပါလိမ့်မည်။ ကိုယ့်ချစ်သူကို လုရန် ကြံစည်နေသူတစ်ယောက်အား သဘောထားကြီးဖို့ မလွယ်ကူလှပါ။

"တော်တော်တော့ ခက်လိမ့်မယ် ကိုဇော်ကြီး၊ဒါပေမယ့် တတ်နိုင်သလောက်တော့ ကျွန်တော် ကြိုးစားကြည့်ပါ့မယ်"

"ကျေးဇူးပဲ ညီလေး"

ကျွန်တော် ကိုဇော်ကြီးရှေ့မှ ခွာကနဲ လှည့်ထွက်လာခဲ့သည်။

□



www.burmeseclassic.com

www.burmeseclassic.com



(၇)

"တခြားတစ်ယောက်ကပြောရင် စိတ်ကူးယဉ်ပြီး လာနောက်နေတယ်လို့ ထင်မိမှာပဲ၊ အခုမင်းကိုယ်တိုင်ပြောတာတောင် ငါမှာ ယုံအောင်မနည်းကြိုးစားနေရတယ်"

ဖိုးကျော်က အံ့ဩတုန်လှုပ်သံဖြင့် ရေရွတ်သည်။

သိပ်တော့လည်းမဆန်းပါ။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် အဖြစ်အပျက်တို့ကို အိပ်မက်တစ်ခုပမာ ခံစားနေရဆဲဖြစ်၏။ ကျွန်တော် ကိုဖော်ကြီးဆီမှ ထွက်လာပြီးသည်နှင့် ဖိုးကျော်နှင့်လွင်မာကိုလိုက်ရှာကာ အကြောင်းစုံပြောပြလိုက်သည်။

ပြောခါစ ကျွန်တော့်စကားကို ယုံကြည့်ပုံမရ။ တမင်နောက်နေသည်ဟုထင်ကာ ရယ်မောနေကြသေးသည်။ အလေးအနက်ပြောနေမှန်းသိတော့မှ စိတ်ဝင်တစား နားထောင်ခဲ့ခြင်းဖြစ်သည်။

<u>ဉာဏ်ဝင်းဆွေ</u>

www.burmeseclassic.com

www.burmeseclassic.com



“နေစမ်းပါအုံး၊ တာရာက နင့်ဘက်မှာရှိနေတဲ့ဥစ္စာ သူက ဘယ်လို ကြိုးစားမှာလဲ”

ကျွန်တော့်စကားအဆုံး လွင်မာက ဝင်မေးခြင်းဖြစ် သည်။ ဖိုးကျော်ကပါ ခေါင်းညိတ်၍ လွင်မာပြောတာ ဟုတ် တယ်ဟု ဝင်ရောက်ထောက်ခံစကားဆိုသည်။ ကျွန်တော် ကိုဇော်ကြီး၏ ခြေလှမ်းကို တင်ကြိုတွက်ဆထားပြီး ဖြစ်သ ဖြင့် လွင်မာ့အမေးကို ဖြေလိုက်သည်။

“တာရာ့အမေနဲ့ မောင်လေးကို သူ စည်းရုံးမှာပေါ့”

“အဲဒီလို အညာကိုင်နည်းက (၁၉)ရာစုလောက်က တည်းက ခေတ်ကုန်သွားပြီ၊ မအောင်မြင်လို့ ဘယ်သူမှ မသုံး တော့ဘူး”

ဖိုးကျော်၏ စကားကို ကျွန်တော် ခေါင်းရမ်းလိုက် သည်။

“ဒါပေမယ့် တာရာတို့မိသားစုအတွက်တော့ ထိ ရောက်တုံးပဲ ဖိုးကျော်၊ တာရာ့အဖေဆုံးပြီးကတည်းက ဘယ် ကိစ္စကိုပဲ ဖြစ်ဖြစ် သူတို့မိသားစုသုံးယောက်တိုင်တိုင်ပင်ပင်န လုပ်တယ်၊ သုံးယောက်စလုံး သဘောတူမှ လုပ်တယ်၊ ကိုဇော် ကြီးကိုလက်ထပ်ဖို့ တာရာခေါင်းညိတ်ဖြစ်ခဲ့တာကိုပဲကြည့်။ သူ့ အမေက တာရာ့ကိုခေါင်းညိတ်စေချင်တယ်၊ သူ့မောင်လေး ကလည်း သဘောတူတယ်။ဒီတော့ တာရာခေါင်းညိတ်ဖြစ် သွားတယ်၊ တကယ်လို့ သူ့မောင်လေးကလည်းသဘောမတူ





ဘူး၊ တာရာကလည်း ဆန္ဒမရှိဘူးဆိုရင် သူ့အမေ အတင်း စီ စဉ်လို့ မရဘူး။ ကိစ္စတစ်ခုကိုသဘောကွဲလွဲလာပြီဆိုရင် မဲခွဲ ပြီး မဲနည်းတဲ့လူက မဲများတဲ့လူတွေရဲ့ ဆန္ဒကို လိုက်လျောရတဲ့ သဘောပဲ၊ ဒါ ဟိုးအရင်တုံးကတည်းက သူတို့ကျင့်သုံးလာတဲ့ စနစ်။ အဲဒါကို တာရာပြောပြလို့ ငါသိခဲ့ရတာ၊ ငါ သိသလို ကိုဇော်ကြီးကလည်းသိတယ်”

စကားအဆုံး၌ ကျွန်တော်မော့ဟိုက်သွားသည်။ စားပွဲ ပေါ်မှ အအေးခံထားသောရေနွေးကြမ်းခွက်ကို ယူကာ မော့ သောက်လိုက်၏။

“ဒါဆို ကိုဇော်ကြီးက တာရာ့အမေနဲ့ မောင်လေးကို အပိုင်စည်းရုံးနိုင်ရင် တာရာက သူတို့ဆန္ဒအတိုင်းခေါင်းညိတ် ရမယ့်သဘောပေါ့”

“ဟုတ်တယ်၊ အဲဒီအတိုင်းပဲ လွင်မာ”

“ဘာပဲဖြစ်ဖြစ် အရေးကြီးဆုံး မဲက တာရာမဟုတ် လား၊ တာရာက မင်းဘက်မှာရှိတာပဲ၊ သိပ်ပူစရာမလိုပါဘူး”

“ဒါပေမယ့် ကျန်တဲ့နှစ်မဲကတော့ ကိုဇော်ကြီး အိတ်ထဲ ရောက်ဖို့သေချာသလောက်ဖြစ်နေတယ်၊ အခြေအနေက ကိုဇော်ကြီးဘက်က အားသာသွားနိုင်တယ်၊ တကယ့်တကယ် ကျရင် သူ့အမေနဲ့ သူ့မောင်လေးရဲ့ဆန္ဒကို တာရာ လွန်ဆန် နိုင်မှာမဟုတ်ဘူး။ လစာကောင်းတဲ့ကုမ္ပဏီအလုပ်ကိုတောင် အိမ်က သဘောမတူလို့ ဆက်မလုပ်ဘဲ ခုအလုပ်ကိုတာရာ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလုပ်ခဲ့တာကိုကြည့်ရင် အိမ်သားတွေရဲ့ဆန္ဒကို သူ ဘယ်လောက်အလေးအနက်ထားသလဲ သိနိုင်တယ်"

ကျွန်တော့်စကားအဆုံး၌ လွင်မာရော ဖိုးကျော်ပ ခပ်ငိုင်ငိုင်ငြိမ်သက်သွားကြသည်။

စဉ်းစားကြည့်လျှင် ကျွန်တော့်အနေအထားက သိ တော့ အားရစရာမကောင်းလှ။

မင်းမပိုင်ဆိုင်သေးခင် ငါလည်း ငါ့နည်းငါ့ဟန်နဲ့ ကြိ စားကြည့်မယ်ဟူသောကိုဖော်ကြီး၏ စိမ်ခေါ်မှုမှာ ကျွန်တေ အား ထမင်းလုံးတစ္ဆေခြောက်သလို ခြောက်လှန့်၍ နေသည် လွင်မာက ကျွန်တော့်အားငယ်နေမှုကို စိုးရိမ်ဟန်ဖြင့် အားပေ စကားဆိုသည်။

"တခြားကိစ္စတွေမှာ သူ့မိသားစုကို မလွှန်ဆန်နိုင်ပေ မယ့် ခုလိုကိစ္စမျိုးမှာတော့ ခေါင်းငုံ့မနေပါဘူးဟာ၊ ငါလည် မိန်းကလေးပါ၊ မိန်းကလေးတွေအကြောင်းကို နင်တို့ထက် သိတယ်၊ တကယ်အရေးရယ်အကြောင်းရယ်ဖြစ်လာပြီဆိုရ တာရာ ငြိမ်နေမှာမဟုတ်ပါဘူး။ သူ့မိသားစုဘယ်လိုပဲ နားခ နားချ သူခေါင်းခါမှာပါ။ ငါပြောတာ မယုံရင် နင်စောင့်ကြည့်"

"ဟုတ်တယ် မင်းခန့်၊ ဘာမှ စိတ်ပါတ်ကျမနေနဲ့"

လွင်မာတို့၏ အားပေးမှုကြောင့် ကျွန်တော် အနည် ငယ် အားတက်ရသော်လည်းစိုးရိမ်စိတ်ကတော့ ရင်ထဲမှ လှိုင်းထတုန်ခါနေဆဲဖြစ်သည်။

ဉာဏ်ဝင်းစာပေ



"နေစမ်းပါအုံး၊ အဲဒီကိုဖော်ကြီးက နိုင်ငံခြားမှာအိမ်ထောင်ကျခဲ့တယ်ဆိုပြီး ခုမှ ဘာထကြောင်တာလဲ"

လွင်မာက ခုမှ စဉ်းစားမိဟန်နှင့် ရုတ်တရက် ထမေးသည်။ ကျွန်တော် တစ်စုံတစ်ရာမ ဖြေနိုင်မီ ဖိုးကျော်က ဝင်ပြောသည်။

"ခုမှ ထကြောင်တာလို့တော့ ပြောလို့မရဘူး။ မင်းခန့်တာရာကိုလိုက်နေတဲ့အချိန်လောက်တုံးက သူ စကားတစ်ခွန်းပြောဖူးတယ်၊ မင်းမှတ်မိသေးလား မင်းခန့်၊ သူ့ကောင်မလေးကို သူ့ဘက်ကစိတ်မလျှော့သေးဖူး၊ ခုချိန်ထိ မျှော်လင့်နေတုန်းပဲဆိုတာလေ၊ အဲဒါကိုကြည့်ရင် အစောကြီးကတည်းက သူတစ်ဖတ်သတ်မျှော်လင့်နေခဲ့တာ သေချာတယ်၊ နိုင်ငံခြားမှာ လက်ထပ်ခဲ့တာကတော့ အစာမကြေဖြစ်ဖို့ကောင်းတာအမှန်ပဲ၊ တိုးတိုးတိတ်တိတ်လက်ထပ်တာမဟုတ်ဘဲ တာရာ့ကိုပါ စာရေးပြီး အကြောင်းကြားတယ်ဆိုကတည်းက တာရာနဲ့ပတ်သက်သမျှ သူ့ဘက်ကစပြီး ရုပ်သိမ်းလိုက်တဲ့သဘောပဲ"

"ငါ မခံချင်ဖြစ်တာလည်း အဲဒါပဲ၊ သူ တာရာ့အပေါ်သစ္စာရှိရှိ ချစ်ရက်နဲ့ အကြောင်းကြောင်းကြောင့် အဆက်အသွယ်ပြတ်သွားရတာမျိုးဆိုရင် ငါ့ဘက်က နားလည်ပေးလို့ရသေးတယ်၊ ခုတော့ သူ လုပ်ပုံက ငါ့ကို တမင်သက်သက်စိမ်ခေါ်လိုက်သလိုပဲ"

ကျွန်တော် ခံပြင်းစွာ ရေရွတ်လိုက်တော့လွင်မာက ဝင်ပြောသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အလကားပါဟာ၊ သူ့ဘက်က ဆင်ဖမ်းမယ်၊ကျ ဖမ်းမယ်၊ လျှောက်အော်နေရုံကလွဲပြီး ဘာမှ လုပ်လို့မရ ဘူး"

လွင်မာက သူ့အမြင်ကို ပြောပြခြင်းဖြစ်သော်လည် ကျွန်တော်ကတော့ ကိုဇော်ကြီးကို ထိုမျှအထိ လျှော့မတွက် ပါ။ ကိုဇော်ကြီးထံ၌ ကျွန်တော်မမြင်ရသေးသောဖဲချပ်များစွ ရှိနေနိုင်ပါသည်။ ခေါင်းထဲသို့ တိုးဝင်လာသောထိုအသိကြော စောစောကတတ်ယောင်ယောင်ဖြစ်နေခဲ့သော ကျွန်တော် စိတ်ဓါတ်တို့ ချက်ချင်းဆိုသလိုပင် ပြန်လည်ကျဆင်းသွားရလေ သည်။

❑





"မင်းခန့်ကိုတို့ချစ်သူမှန်းသိလိုက်တော့ သူတော် တော်တုန်လှုပ်သွားတယ်၊ မင်းခန့်ပြန်သွားပြီး ဝရံတာမှာ သူ တစ်ယောက်တည်း ဆက်ထိုင်နေတာအကြာကြီးပဲ၊ ပြန်ခါနီးကျ မှ ခုလိုတိုက်ဆိုင်တဲ့အတွက် သူ စိတ်မကောင်းဖူးလို့ ပြောသွား တယ်"

တာရာအိမ်၌ ကိုဇော်ကြီးနှင့်ကျွန်တော် ဆုံတွေ့စဉ်နေ့ က အကြောင်းကိုတာရာ ပြန်ပြောခဲ့ခြင်းဖြစ်သည်။

"တခြားသူဘာပြောသွားသေးလဲ၊ သူ ဟိုမှာမိန်းမယူ ခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး တစ်ခုခုရှင်းပြသွားသေးလား"

"တို့ကိုတော့ ဘာမှပြောမသွားဘူး။ ဒါပေမယ့် မေမေ့ ကိုတော့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး သူ စိတ်မကောင်းတဲ့အကြောင်း အားလုံးပြီးသွားပြီဆိုတဲ့အကြောင်း ပြောပြီး တောင်းပန်သွား တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တာရာဆက်ပြောမည့်စကားက ကျွန်တော် အတွက် အားတက်စရာကောင်းလှပါသည်။ "မင်းခန့် ဘာ စိတ်မပူနေနဲ့၊ တို့ မင်းခန့်ဘက်မှာ ရှိတယ်"တဲ့။

ကျွန်တော်ကလည်းထိုအတိုင်းပင် မျှော်လင့်ထား သည်။ သို့သော် တာရာ့အမေနှင့်မောင်လေးကတော့ ကျွ တော့ဘက်၌ ရှိလိမ့်မည်မထင်ပါ။ကိုဇော်ကြီး မလေးသူနှင့် ခဲ့သည့်ကိစ္စအား အလွယ်တကူ မေ့လျော့ခွင့်လွှတ်နိုင်ခြင်း ကြည့်ခြင်းဖြင့် တာရာ့အိမ်က ကိုဇော်ကြီးအပေါ် မဲများ ကြောင်း သိသာလှပါသည်။

ကျွန်တော် ကိုဇော်ကြီးနှင့် ဆွေးနွေးခဲ့သည့်အကြောင် များ ပြောပြတော့ တာရာက မျက်နှာငယ်လေးနှင့် တအံ့တ နားထောင်လေသည်။

"သူ မင်းကိုပြန်ကြိုးစားမှာ သေချာတယ် တာရာ၊ မင် အမေနဲ့ မောင်လေးကို သူ စည်းရုံးလိမ့်မယ်"

"ကိစ္စမရှိပါဘူး။ တို့ကို စည်းရုံးလို့ မရရင် ပြီးတာပဲ"

"ဒါပေမယ့် အိမ်က အတင်းအကြပ်စီစဉ်လာရင် မင် ဘယ်လိုလုပ်မလဲ"

ကျွန်တော့်စကားကြောင့် တာရာမျက်နှာပျက်သွားပြ သက်ပြင်းချသည်။

"လောလောဆယ် အဲဒီအခြေအနေမှ မရောက်သေး ပဲ မင်းခန့် ၊ ကြိုတွေးပြီး ဘာဖြစ်လို့ ရင်မောနေမှာလဲ တို့ မင်းဘ မှာ ရှိတယ်လို့ ပြောပြီးပြီပဲ၊ စိတ်ပူမနေပါနဲ့





"ဒါပေမယ့် သူက မင်းအိမ်ကို ဝင်ထွက်ခွင့်ရနေတယ် တာရာရဲ့"

"မင်းခန့်ကလည်း ဝင်ထွက်ရင် ရနိုင်တာပဲ"

"ကိုယ်က. . "

"ဟုတ်တယ်၊ လာမယ့်အပတ် တို့အိမ်မှာဝါဆိုသင်္ကန်း ကပ်လိမ့်မယ်၊အဲဒီနေ့ မင်းခန့်လာခဲ့ပေါ့"

တာရာ့စကားကြောင့် ကျွန်တော် ပျော်သွားသည်။ ကျွန်တော်လည်းကိုဇော်ကြီးလိုပင် တာရာ့အိမ်ကို ဝင်ထွက်၍ တာရာ့အိမ်သားများကို စည်းရုံးရန် စိတ်ကူးလိုက်မိသည်။

ထိုအတောအတွင်းဖိုးကျော်က အကျိုးအကြောင်း စုံ စမ်းရန်ဟုဆိုကာ ကိုဇော်ကြီးထံသို့သွားခဲ့သည်။ ကိုဇော်ကြီးက ဖိုးကျော်အား ယခင်ကအတိုင်း အခင်အမင်မပျက်ဆက်ဆံ ခဲ့ သော်လည်း တာရာ့ကိုပြန်ကြိုးစားမည်ဟူသည့် ရည်ရွယ်ချက် ကိုတော့ အနည်းငယ်မျှ ပြောင်းလဲခြင်းမရှိခဲ့။

တစ်ကြိမ်ဆုံးရှုံးခဲ့ဖူးသဖြင့် နောက်တစ်ကြိမ်ထပ်မံ မဆုံး ချင်သောအဖြစ်ကို နားလည်ပေးပါဟု ဆိုသည်။ထို့အပြင် ကျွန် တော့်ကိုလည်း လာခဲ့ပါအုံးဟု ဖိုးကျော်မှတဆင့် မှာလိုက်သေး ၏။

"မင်းပြောတုံးက ကိုဇော်ကြီး ဒီလောက်ခေါင်းမာလိမ့် မယ်လို့ ငါမထင်မိဘူး။ ကိုယ်တိုင်သွားတွေ့တော့မှပဲ ယုံတော့ တယ်၊ သူ တာရာ့ကို တော်တော် ကြွေနေတာတော့ အမှန်ပဲ



www.burmeseclassic.com

www.burmeseclassic.com



မင်းခန့်၊မင်းနဲ့အခင်အမင် ပျက်မှာကိုလည်း သူစိုးရိမ်နေပုံပဲ ဖြန်ခါနီး ငါ သူ့ကို စကားတစ်ခွန်းတော့ ပြောခဲ့တယ်"

"ဘာပြောခဲ့တာလဲ"

"အခုပွဲကို မျှမျှတတပဲ ဖြစ်စေချင်တယ်လို့"

ဖိုးကျော် ကျွန်တော့်ဘက်မှရပ်တည်ပေးသည့်အတွက် ကျေးဇူးတင်လိုက်မိသည်။ သို့သော် ဖိုးကျော်ကတော့ ကျွန်တော့်၏ ကျေးဇူးတင်စကားကို လက်မခံပါ။

"ငါ မင်းဘက်ကနေ ဘက်လိုက်ပြီး ရပ်ပေးတာ မဟုတ်ဘူး မင်းခန့်။အမှန်တရားဘက်က ရပ်ပေးကာ ရုပ်ရှင်ကြည့်တာတောင် လူကောင်းနဲ့လူဆိုး ချရင် လူကောင်းဘက်ကပဲ လက်ခုပ်တီးချင်တယ်။ မတရားမှန်းသိလျက်နဲ့တော့ ငေ လေလေမအော်ချင်ဘူး။ အသက်အရွယ်ပစ္စည်းဥစ္စာအားကိုး နဲ့ သူမတရားလုပ်လာရင် ငါ လက်ပိုက်ကြည့်မနေဘူး စိတ်ချ

ဖိုးကျော်က လူဖြောင့်စိတ်တို၊ သမားပီပီ သူ့သဘော ထားကို ခပ်ရှင်းရှင်းပြောသည်။ အကယ်၍ ကျွန်တော် မဟုတ် တာလုပ်လျှင်လည်းဖိုးကျော်က မမြင်ချင်ယောင်ဆောင်နေမည့် လူမျိုးမဟုတ်ပါ။

"သူ မင်းကိုမှာလိုက်သေးတယ် မင်းခန့်၊ တာရာတို့ အိမ်မှာ ဝါဆိုသင်္ကန်းကပ်တဲ့နေ့ကျရင် မင်းနဲ့တွေ့ကြတာ ပေါ့တဲ့"

ဖိုးကျော်စကားကြောင့် ကျွန်တော် ရိပ်ခနဲ ပြုံးလိုက် မိသည်။





"အဲဒီနေ့ ငါ တာရာတို့အိမ်သွားမယ်ဆိုတာ သူသိပါ ဘယ်ဆိုတဲ့ သဘောလား"

"ဒါတင်ဘယ်ကမလဲ၊ သူလည်း အဲဒီနေ့လာမယ်ဆို ဘာ မင်းကိုသိစေချင်တဲ့ အဓိပ္ပါယ်ပါ၊ ပါတာပေါ့"

"ကောင်းပါတယ်၊ သူ လာတော့ ငါနဲ့ တာရာရဲ့ ဆက် ဆံရေးကို တွေ့သွားရတာပေါ့"

သို့သော် ထိုနေ့မတိုင်မီ တစ်ရက်၌ တာရာကျွန်တော် ထံသို့ ဖုန်းဆက်ကာထိုပွဲသို့ မလာရန် တားမြစ်ခဲ့သည်။

"မနက်ဖြန် မင်းခန့်မလာနဲ့တော့"

"ဘာဖြစ်လို့လဲ"

"မလာတာမင်းအတွက် ပိုကောင်းလိမ့်မယ်၊ တော်ကြာ မင်းခန့်စိတ်ညစ်နေရမှာစိုးလို့"

တာရာ တားမြစ်မှုကို ကျွန်တော် နားမလည်ပါ။ လာဖို့ အသေအချာဖိတ်ခေါ်ခဲ့ပြီးမှ ဘာကြောင့်မလာနဲ့တော့ ဟု ပြောမှန်း စဉ်းစားမရ။ တာရာက ကျွန်တော့်အဖြစ်ကို ရိပ်မိ ဟန်ဖြင့် ရှင်းပြသည်။

"မေမေက ဝါဆိုသင်္ကန်းကပ်တိုင်းသူစိတ်ကူးတည့်ရာ ဘုန်းကြီးကျောင်းတစ်ကျောင်းကျောင်းက သံဃာတွေကို အိမ် ပင့်ပြီး ကပ်နေကျ၊ နှစ်တိုင်းတစ်ကျောင်းထဲကို ပုံမှန်ကပ်တာမျိုး မဟုတ်ဘူး၊ ဒါကြောင့် ဒီနှစ် ဘယ်ကျောင်းက သံဃာတွေကို ကပ်မယ်ဆိုတာ တို့ကြိုမသိခဲ့ဘူး။ ဒီနေ့မှ မေမေ ပင့်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းဘုန်းတွေက လွန်ခဲ့တဲ့ ငါးနှစ်လောက်က ကိုကိုကြီးတို့ အိမ်ကို မင်္ဂလာဆွမ်းကျွေးကြွဖူးတဲ့ ဘုန်းဘုန်းတွေမှန်းသိရတာ ဒီလောက်ဆိုရင် မင်းသဘောပေါက်ရောပေါ့"

ကျွန်တော် သဘောပေါက်ပါသည်။ သဘောပေါက် ၍လည်း ရင်ထဲမှာ စူးခနဲ ခံစားလိုက်ရသည်။

"အိမ်ကို တခြားလူတွေလည်းဖိတ်ထားသေးတယ် မင်းခန့်၊ အဲဒီထဲက တော်တော်များများက တို့နဲ့ကိုကိုကြီး အကြောင်းကို သိတဲ့လူတွေချည်းပဲ၊ တို့တော့ ခုကိစ္စမှာ ကိုကို ကြီးအကြံဉာဏ်ပါမယ်ထင်တာပဲ"

အရှိုက်တည့်တည့်ကို အထိုးခံရလျှင်ပင် ဤမျှအထိ နာကျင်သွားလိမ့်မည်မထင်ပါ။

ကျွန်တော် ဖုန်းခွက်ကိုကိုင်ထားရင် ဘာပြန်ပြောရ မှန်းမသိဘဲ ဆွံ့အနေမိသည်။ ဘာပဲဖြစ်ဖြစ် ဒီပွဲမှာတော့ ကိုဇော်ကြီး တစ်ကွက်သာသွားပြီဟု ဆိုရပါလိမ့်မည်။

"စိတ်ညစ်သွားပြီလား မင်းခန့်"

"စိတ်လေသွားတာပါ၊ ကောင်းပြီလေ၊ မနက်ဖြန် ကိုယ် မင်းအိမ်ကိုမလာတော့ဘူး။ ဒါပေမယ့် တိုက်ရှေ့ကိုတော့ လာခဲ့မယ်"

ကျွန်တော့်စကားကြောင့်တာရာတအံ့တဩမေးသည်။

"ဘာလာလုပ်မလို့လဲ"

"မင်းကိုလာခေါ်မလို့"





"မင်းခန့်နောက်နေတာလား"

"အတည်ပြောနေတာ၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က သတိရစရာ အရိပ်အငွေ့တွေနဲ့မင်းကိုပြန်ပြီး မြူစားဖို့ ကြိုး စားနေတာ ကိုယ်ဒီတိုင်းကြည့်မနေနိုင်ဘူး တာရာ၊ အဲဒီဘုန်း ကြီးဆွမ်းကျွေးဝါဆိုသင်္ကန်းကပ်တဲ့ကိစ္စ မပြီးမချင်းမင်းနဲ့ ကိုယ် ဆိုင်တစ်ဆိုင်မှာ သွားထိုင်နေကြမယ်၊ ဧည့်သည်တွေ ပြန် လောက်တဲ့အချိန်ကျမှ မင်းအိမ်ပြန်ပေါ့"

ခံပြင်းစိတ်ကြောင့် ကျွန်တော့်အသံတို့က ကျွတ်ဆတ် နေကြသည်။တာရာက သက်ပြင်းဖွဖွရှိုက်လျက် ကျွန်တော့် ဒေါ သ ပြေသည်အထိ စောင့်ဆိုင်းနေပြီးမှ-

"တို့ အဲဒီလို ရှောင်ထွက်သွားရင် မေမေ စိတ်မ ကောင်းဖြစ်သွားလိမ့်မယ်၊ တို့ လိုက်လို့ မဖြစ်ဘူး မင်းခန့်"

"မင်း မေမေ စိတ်မကောင်းဖြစ်တတ်သလို ကိုယ် လည်း စိတ်မကောင်းဖြစ်တတ်တာပဲ"

ကျွန်တော် ခပ်ဆတ်ဆတ် တုန့်ပြန်လိုက်တော့ တာ ရာက ကမန်းကတန်းပြောသည်။

"တို့ နားလည်ပါတယ်။ ဒါပေမယ့် ဝါဆိုသင်္ကန်းကပ် တယ်ဆိုတာ ဖေဖေ့အတွက် ရည်စူးပြီးကပ်တာ မင်းခန့်၊ ကုသိုလ်လုပ်နေတဲ့အချိန်မှာ မေမေ့ကို စိတ်အနှောင့်အယှက် မပေးချင်ဘူး။ မင်းခန့်လည်း ဗုဒ္ဓဘာသာပဲ၊ တို့ပြောတာ မင်း ခန့်သဘောပေါက်တယ်မဟုတ်လား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



တာရာက တောင်းပန်သံဖြင့် နူးနူးညံ့ညံ့ပြောသည်။ သူ့ဘက်က မှန်နေသဖြင့် ကျွန်တော် မငြင်းသာတော့ဘဲ စိတ်လျှော့လိုက်ရသည်။သို့သော် ရင်ထဲမှာတော့မကောင်းပါ။ ကိုဇော်ကြီးဘက်မှ နှာတစ်ဖျားသာသွားခြင်းကကျွန်တော့်အတွက် အခံရခက်လှပါသည်။

ထို့နောက်ပိုင်း ကိုဇော်ကြီး၏ ခြေလှမ်းများကို ဆက်တိုက်ဆိုသလို ကျွန်တော် တွေ့မြင်လာရသည်။

❑





(၈)

တာရာ့အမေအား ကန်တော့သည်ဟူသော အမည်တပ်လျက် အောက်စက်နှင့်ရေခဲသေတ္တာများ ကိုဇော်ကြီး ဝယ်ပေးကြောင်းကျွန်တော့်ကိုသတင်းပေးလာသူက လွင်မာဖြစ်သည်။

"ပထမတစ်ခေါက်သွားတုံးက ဆင်းမားက ဆက်တီအသစ်တွေ တွေ့ခဲ့ကတည်းက သံသယဖြစ်နေတာ၊ ခု တစ်ခေါက် အောက်စက်ရော၊ ရေခဲသေတ္တာပါ တွေ့လိုက်တော့ ပိုပြီး သေချာသွားတာပေါ့၊ ဆိုနီ ကာရာအိုကေ ကက်ဆက်ကြီး တောင်အဆစ်ပါသေးတယ်"

"ကိုဇော်ကြီး ဝယ်ပေးတာ သေချာရဲ့လား လွင်မာ"

"နင် အဲဒီလို မေးမယ်ဆိုတာသိလို့ သေချာအောင်စုံစမ်းပြီးမှ လာပြောတာ မင်းခန့်။တာရာကိုယ်တိုင်က ဟို လူကြီး ဝယ်ပေးတာလို့ ငါ့ကိုပြောပြလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲသို့ ဆူးတစ်ချောင်းဝင်ရောက်သွားသ
လို ခံစားလိုက်ရသည်။

အဲဒီအကြောင်းတွေကို ကျွန်တော် ဘာဖြစ်လို့ မသိ
ခဲ့ရတာလဲ၊ တာရာက ဘာဖြစ်လို့ ကျွန်တော့်ကို ပြောမပြခဲ့
ရတာလဲ၊ တဒင်္ဂအတွင်းမှာပင် ကျွန်တော့်ဦးနှောက်ထဲ၌ မေး
ခွန်းတွေ ဆူညံသွားသည်။

"ဒါပေမယ့် တာရာ့ကိုတစ်ခုတော့ ချီးကျူးတယ်၊ သူ
ငါ့ကိုရေခဲရေထုတ်တိုက်ပေမယ့် သူကိုယ်တိုင်ကတော့ ရိုးရိုးရေ
ပဲသောက်တယ်၊ ရေခဲရေ ဘာဖြစ်လို့ မသောက်တာလဲဆိုတော့
ဟိုလူကြီးနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေကို မသုံးချင်လို့တဲ့"

လွင်မာ့စကားအတွက် ကျွန်တော် ဂုဏ်ယူသင့်ပါသ
လား။ ကိုယ့်အိမ်မှာရှိနေတဲ့ပစ္စည်းတွေကို မသုံးဘဲ ဘယ်
လောက်ကြာအောင် တာရာ ကင်းရှင်းနိုင်မှာလဲ ကျွန်တော်က
တော့ သိပ်မထင်ပါ။

"နင့်ရှေ့မို့လို့ တမင်ဟန်လုပ်ပြတာ ဖြစ်ပါလိမ့်မယ်
လွင်မာရာ၊ကဲ သူ ရေခဲရေမသောက်ဖူးပဲထား၊ နင်နဲ့စကားပြော
တော့ ကြမ်းပြင်ပေါ်မှာ ပြောကြသလား၊ ဆက်တီအသစ်ကြီး
ပေါ်မှာပဲ ထိုင်ပြောကြတာ မဟုတ်လား"

"ဒါကတော့ဟာ ဟိုဒင်း"

ဘာဆက်ပြောရမှန်းမသိဟန်ဖြင့် လွင်မာကြောင်အန်း
အန်းဖြစ်သွား၏။

ဥာဏ်ဝင်းစာပေ



"တကယ်ဆို အဲဒီအကြောင်းတွေ တာရာ ငါ့ကိုပြော
ပြဖို့ သင့်တယ် လွင်မာ"

ကျွန်တော်ခံပြင်းသဖြင့် ရေရွတ်လိုက်တော့ လွင်မာက
စကားမစပ်မိလို့ ဖြစ်မှာပါဟု ဖြောင်းဖျစကားဆိုသည်။ တာရာ
နှင့်ကျွန်တော့်အနေအထားက အကြောင်းအရာတစ်ခုအား
စကားစပ်မှ ပြောပြရမည့် အနေအထားမဟုတ်။ တာရာ ကျွန်
တော့်ကို တမင်မပြောခြင်းဖြစ်မည်ဟု ကျွန်တော် နားလည်
လိုက်သည်။

ထိုထင်မြင်မှုအား တာရာက ငြင်းဆန်ခြင်းမရှိပါ။ ကျွန်
တော်ဖွင့်မေးသောအခါ ဤအလွယ်တကူပင် ခေါင်းညိတ်ဝန်
ခံခဲ့သည်။

"ဟုတ်တယ် မင်းခန့်၊ မင်း စိတ်မကောင်းဖြစ်မှာ စိုးလို့
တို့ တမင်မပြောတာ၊ မေမေ့ကို ကန်တော့တာပါဆိုပြီး အဲဒီ
ပစ္စည်းတွေ ဝယ်လာပေးတာပဲ"

"တာရာက မငြင်းဖူးလား"

"တို့ကိုပေးတာမှ မဟုတ်ဘဲ မင်းခန့်ရဲ့၊ တို့ ဘယ်
လိုလုပ်ပြီးငြင်းမလဲ"

"ဒါတွေဟာ တာရာ့အတွက် နှောင်ကြိုးတွေဖြစ်လာ
နိုင်တယ်"

ကျွန်တော် ခပ်တည်တည်ပြောလိုက်တော့ တာရာ
မျက်နှာငယ်သွားသည်။

ဥာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူလည်းစဉ်းစားမိပုံပါပဲ။

တာရာ့အမေကို ကိုဇော်ကြီး အကြောင်းမဲ့သဘောကောင်းနေခြင်းမဟုတ်မှန်းသိသာလှပါသည်။

"နောင် သူနဲ့ပတ်သက်တာမှန်သမျှ ဘာပဲဖြစ်ဖြစ် မင်း ကိုယ့်ကိုအသိပေးပါ တာရာ"

တာရာ့မျက်လုံးတွေကို စိုက်ကြည့်ရင်း ကျွန်တော်ပြောလိုက်တော့ တာရာက ခေါင်းညိတ်သည်။

ကိုဇော်ကြီး၏ လုပ်ရပ်နှင့်ပတ်သက်၍ ကျွန်တော် အောင့်သက်သက်ခံစားနေခဲ့ရသလို ဖိုးကျော်ကလည်း ကျွန်တော့်နည်းတူ အစာမကြေဖြစ်နေပုံရသည်။

"ဒါဟာ တစ်ဖက်လှည့်နဲ့ ပိုးကြေးပန်းကြေးပေးတာပဲ၊ ကိုဇော်ကြီးဒီလိုမလုပ်သင့်ဘူး"

ဖိုးကျော်က မကျေမနပ်ရေရွတ်ကာ ကိုဇော်ကြီးနှင့် သွားတွေ့ခဲ့သည်။ ငွေကြေးအင်အားနှင့်ဖိတာမျိုးမလုပ်သင့်ကြောင်း၊ ဖိုးကျော်ပြောတော့ ကိုဇော်ကြီးက ထိုရည်ရွယ်ချက်မျိုး မဟုတ်ကြောင်း ပြန်ရှင်းပြခဲ့သည်ဆို၏။

"ငါ အန်တီ့ကို အရင်ကတည်းကအမေတစ်ယောက်လို သဘောထားခဲ့တာ၊ ဒါကြောင့် ငါတတ်နိုင်သလောက် အန်တီ့ကို ကျေးဇူးဆပ်တာ၊ တာရာ့ကိုပိုးကြေးပန်းကြေးပေးတာမဟုတ်ဘူး။ တာရာလက်ထပ်ထားပြီးဖြစ်နေရင်လည်း ခုလို ဖြည့်ဆည်းပေးမိမှာပဲ၊ တခြားလူတွေကိုတောင် ကူညီနေသေး





ာပဲ၊ ကိုယ့်အမေလိုဖြစ်နေတဲ့သူတစ်ယောက်ကို လိုအပ်တာ တွေ ဖြည့်ဆည်းပေးတာဟာ အဆန်းမဟုတ်ပါဘူး"

ကိုဇော်ကြီး၏ အကြောင်းပြချက်က ယုတ္တိတန်မတန် ပြောတတ်သော်လည်း တခြားလူတွေကိုတောင် ကူညီနေ သးတာပဲဟူသည့် စကားကတော့ ကျွန်တော်နှင့် တိုက်ရိုက် တ်သက်နေပါသည်။

ကျွန်တော့်မိသားစုကို ငွေထုတ်ချေးခြင်းအား ရည် ယ်ကြောင်း ကျွန်တော်သဘောပေါက်လိုက်သည်။ အလှူရှင် းသိအောင် မဏ္ဍပ်တိုင်တက်ပြခြင်းဖြင့် ကျွန်တော့်အား မသိ သာတိုက်ခိုက်လိုက်ခြင်းပဲ ဖြစ်သည်။

"တခြားလူတွေကို ကူညီနေတာပဲဆိုတဲ့စကားက သူ ကို နှိမ်လိုက်တာပဲ"

"မပြောတတ်ဘူး။ ဟုတ်ချင်လည်းဟုတ်နိုင်တာပဲ"

"ဟုတ်ကိုဟုတ်တယ်ဖိုးကျော်၊ ငါတော့ အဲဒီလိုပဲ ထင် ယ်။ ဒီတစ်ခါ သူနဲ့တွေ့ရင်ပြောလိုက်စမ်းပါ၊ သူ့ငွေကို အ ဆုံးပြန်ဆပ်နိုင်အောင် ကြိုးစားနေတယ်လို့"

"စိတ်ချ ငါဆက်ဆက်ပြောလိုက်မယ်"

သို့သော် ကိုဇော်ကြီးနှင့်အရင်တွေ့သူက ဖိုးကျော် ဟုတ်ဘဲ ကျွန်တော်ဖြစ်နေခဲ့သည်။

ထိုနေ့က နေ့လည်ဘက်ကြီးတာရာ အလုပ်လုပ်ရာ မတ်ကက်သို့ ကျွန်တော်ရောက်ရှိသွားသည်။ မြို့ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



သွားရင်းလမ်းကြုံနေသဖြင့် နှစ်ယောက်အတူ လက်ဖက်ရေ
သောက်ရန် တာရာ့ထံသို့ ဝင်လိုက်ခြင်းဖြစ်သည်။

တာရာ့ကောင်တာသို့မရောက်ခင်မှာပင် တာရာ
ရယ်ရယ်မောမော စကားပြောနေသော ကိုဇော်ကြီးကို လှ
မြင်လိုက်ရသည်။ တာရာက စိတ်ပါလက်ပါ သဘော
မဟုတ်ဘဲ အလိုက်အထိုက်ပြန်ပြောနေမှန်းသိသော်လည်
ကျွန်တော့်ရင်ထဲ၌ သဝန်တိုစိတ်တို့ ရှန်းကြွကာ ထောင်း
ဒေါသဖြစ်သွားသည်။

ကျွန်တော့်အား ပထမဦးဆုံးစတင်တွေ့သူမှာ တာ
ဖြစ်သော်လည်း အရင်ဆုံးနှုတ်ဆက်သူကတော့ ကိုဇော်ကြီ
ဖြစ်သည်။

"မင်းခန့် ဘယ်က လှည့်လာသလဲ"

"အဲဒီစကားကို ကျွန်တော်ကမေးရမှာ ကိုဇော်ကြီ
ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က တာရာ့ဆီကို လာနေ
လူလေ"

သဝန်တိုစိတ်ကြောင့် ကျွန်တော့်အသံက အနည်း
ကျွတ်ဆတ်ဆတ်ဖြစ်နေ၏။

သို့သော်ကိုဇော်ကြီးက မသိကျိုးကျွန်ပြုလျက်
ထုံးစံအတိုင်း ခပ်အေးအေးပြန်ပြောသည်။

"ဒါဆိုရင်လည်း ကိုယ်မေးတဲ့မေးခွန်းကို ကိုယ့်ဘာသ
ကိုယ်ပဲ ပြန်ဖြေရတော့မှာပေါ့။ အိမ်အတွက် လိုတာလေး
လျှောက်ဝယ်ရင်း လမ်းကြုံလို့ တာရာ့ဆီ ဝင်လာတာ မင်းခ





ဈေးလျှောက်ဝယ်သည်ဟုဆိုသော်လည်း ကိုဇော်ကြီး
၏ လက်ထဲ၌ တာရာတို့ စူပါမတ်ကတ်တံဆိပ် ကြွတ်ကြွတ်
အိတ်ငယ်တစ်လုံးမှအပ များများစားစားမတွေ့ရပါ။

"ဟုတ်လား၊ ဘာတွေ လျှောက်ဝယ်တာလဲ ကိုဇော်
ကြီး၊ တီဗီတို့ ရေခဲသေတ္တာတို့တော့ ဒီမှာရောင်းမယ်မထင်
ဘူး"

ကျွန်တော့်စကားကြောင့် ကိုဇော်ကြီးမျက်နှာ သိသိ
သာသာပျက်သွားသော်လည်း ချက်ချင်းပင် ဟန်လုပ်ကာ ပြုံး
လိုက်သည်။

"ကိုယ်တိုက်ဆပ်ပြာနဲ့ ခေါင်းလျှော်ရည်ဝယ်တာပါ၊
တီဗီတို့ရေခဲသေတ္တာတို့တော့ လောလောဆယ် ဝယ်စရာ မလို
သေးပါဘူး။ ဟိုတစ်လောကပဲ လင်းလင်းတို့အမေကို ကန်
တော့ဖို့ တစ်ခါဝယ်လိုက်သေးတယ်လေ"

"သြော် သြော် ကျွန်တော်တောင် ကိုဇော်ကြီးပြော
တော့မှ တာရာ့အမေကို ကန်တော့ဖို့ သတိရသွားတယ်။ ကျွန်
တော်ကတော့ ဂွတ်မောနင်းကိတ်မုန့်လောက်နဲ့ပဲ ကန်တော့
နိုင်မယ်ထင်တယ်"

ကျွန်တော်ရိသဲ့သဲ့စကားကို ကိုဇော်ကြီး ဖြုံပုံမရ။

ပစ္စည်းက အဓိကမဟုတ်ပါဘူး၊ စေတနာကသာ
အဓိကပါဟု ပြန်ပြောနေသဖြင့် ကျွန်တော်ရယ်ချင်သွားပြီး မခိုး
ခန့်ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုဇော်ကြီး လက်အုပ်ချီပြီး ကန်တော့လိုက်ရင်ပြီးရော၊ ဘာဖြစ်လို့ ငွေကုန်ခံပြီး တီဗီတွေ ရေခဲသေတ္တာတွေ ဝယ်နေသေးလဲ"

"အန်တီ့အတွက် အသုံးဝင်မယ်ထင်လို့ပါ၊ ငါးနှစ်လောက်မကန်တော့ဖြစ်ခဲ့တဲ့အတွက် ငါးနှစ်စာ ပေါင်းပြီး ကန်တော့လိုက်တဲ့သဘောပေါ့"

ထိုအချိန်မှာပင် ဝယ်သူအမျိုးသမီးသုံးယောက်ရောက်လာသဖြင့် ကျွန်တော်နှင့် ကိုဇော်ကြီးကောင်တာရှေ့မှ ဖယ်ပေးလိုက်ရသည်။ ကိုဇော်ကြီးက-

"မင်းခနဲ့ လက်ဖက်ရည်သောက်မလား၊ စကားလေးဘာလေးပြောရင်းပေါ့"

"မသောက်တော့ဘူး ကိုဇော်ကြီး၊ ကျွန်တော် တာရာနဲ့ အတူတူသွားသောက်မလို့"

တမင်ခပ်ကြွားကြွားလေသံမျိုးဖြင့် ၎င်း၏ ဖိတ်ခေါ်မှုကို ကျွန်တော်ငြင်းဆန်လိုက်တော့ ကိုဇော်ကြီးက အသာအယာပြုံး၍ "ဒါဆို ကိုယ်ပြန်လိုက်အုံးမယ် မင်းခနဲ့၊ ဈေးဆက်ဝယ်လိုက်အုံးမယ်"ဟုဆိုသည်။ ထို့နောက် တာရာ့အား "လင်းလင်း ပြန်အုံးမယ်"ဟု နှုတ်ဆက်ကာ ထွက်ခွာသွားသည်။

ကိုဇော်ကြီး၏ နောက်ကျောကိုမကျေမနပ် ငေးကြည့်ရင်းကျွန်တော် မချင့်မရဲနှင့်ကျန်ရစ်ခဲ့သည်။

"သူ ဘာ လာလုပ်တာလဲ တာရာ"





လက်ဖက်ရည်ဆိုင်ရောက်သည်နှင့် ကျွန်တော် မအောင့်နိုင်ဘဲ မေးလိုက်သည်။

"သူ ပြောသွားတာမင်းခနဲ့ကြားသားပဲ၊ လမ်းကြုံလို့ဝင်လာတာတဲ့"

"ကိုဇော်ကြီးအကြောင်းကို ကိုယ်သိတယ်၊ ကိစ္စမရှိဘဲဘယ်တော့မှ အကြောင်းမဲ့အချိန်ကုန်မခံဘူး။ သူ ကိစ္စတစ်ခုခုရှိလို့ တမင်ဝင်လာတာဖြစ်မယ်"

ကျွန်တော့်စကားကြောင့် တာရာက ပခုံးတွန့်လိုက်ပြီး လက်ဖက်ရည်ခွက်ကို ဇွန်းနှင့်မွှေလိုက်သည်။

"မင်းခနဲ့ မှန်တယ်၊ သူ မောင်လေးရဲ့ အလုပ်ကိစ္စအကြောင်းလာပြောတာ"

"ဘာအလုပ်ကိစ္စလဲ"

"သင်္ဘောတက်ဖို့လေ၊ မောင်လေးက သင်္ဘောလိုက်ချင်လို့ သူ့ကိုအကူအညီတောင်းထားတယ်၊ အဲဒီကိစ္စ လမ်းကြုံလို့ ဝင်ပြောတာ"

လမ်းကြုံလို့ဟူသောစကားကိုကျွန်တော်ကတော့ လက်မခံနိုင်ပါ။ တမင်အကြောင်းမရှိအကြောင်းရှာခြင်းသာဖြစ်သည်။

"အဲဒီကိစ္စကို ဘာဖြစ်လို့ မင်းမောင်လေးကို တိုက်ရိုက်သွားမပြောဘဲ မင်းကိုလာပြောရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးက မိုးလင်းကမိုးချုပ် အိမ်ကပ်တာ ဟုတ်ဖူး မင်းခန့်ရဲ့၊ မနက်ဖြန် သဘော်ာကုမ္ပဏီတစ်ခုက ကိုယ် စားလှယ်တစ်ယောက်နဲ့ သွားတွေ့ဖို့ သူ့ဆီလာခဲ့ဖို့ တို့တ လာမှာတာ"

တာရာပြောသလို အမှာစကားပြောဖို့အတွက်ဆိုလျှ လည်းတာရာ့ဆီ မလာဘဲ တာရာအမေ့ထံသွားပြော၍ ဖြ နိုင်ပါလျက် ကိုဇော်ကြီးတမင်အကွက်ထွင်ခြင်းဖြစ်၏။ ထ အပြင် တာရာ့မောင်လေးသဘော်ာလိုက်မည့်ကိစ္စမှာလည် ကိုဇော်ကြီး၏ အကြံအစည်သာ ဖြစ်ပါလိမ့်မည်။

"ကောင်းပါတယ်၊ အမေ့အတွက် ပစ္စည်းတွေ ဝယ်ပေ လိုက်၊ မောင်လေးသဘော်ာတက်ဖို့ ကူညီလိုက်နဲ့ အဆင်ကိုပြေ နေတာပဲ"

ကျွန်တော်ရိုတိတိပြောလိုက်တော့ တာရာ ဖြတ်ခ မော့ကြည့်သည်။

"မင်းစကားကြီးကလည်းဘယ်လိုလဲ မင်းခန့်၊ ဘာလ တို့ပြောတာ မယုံလို့လား"

"ယုံပါတယ်၊ ကိုဇော်ကြီးရဲ့ ရိုက်ချက်တွေကိုပြောတာ ပါ၊ ဘာပဲဖြစ်ဖြစ် မင်း မောင်လေးအလုပ်ကိစ္စအတွက် လာမှ တာဆိုရင်လည်း မှာစရာရှိတာမှာပြီးတာနဲ့ ပြန်သင့်တယ်၊ မင် အနေနဲ့လည်း အကြာကြီး လက်ခံစကားပြောနေဖို့ မသင့်ဘူး"

"တို့က သူ့ကို အတင်းနှင်လွှတ်ရမှာလား မင်းခန့်

ဉာဏ်ဝင်းစာပေ



"အလိမ္မာသုံးပြီး စကားဖြတ်ဖို့ ပြောတာပါ၊ ကိုယ် အဝေးကြီးကတည်းက ကြည့်နေတာ၊ မင်းတို့ စကားပြောတာ လိုအပ်တာထက်ပိုကြာနေသလိုပဲ၊ ဘာလဲ စကားဖြတ်ဖို့ခက် နေလို့လား၊ ဒါမှမဟုတ် မင်းသူ့ကို ကြောက်နေတာလား"

တာရာ ခေါင်းငုံ့ကာ သက်ပြင်းဖွဖွရှိုက်လိုက်သည်။

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ တို့သူ့ကို ငယ် ကြောက်လိုဖြစ်နေတာအမှန်ပဲ မင်းခန့်၊ ရှစ်တန်း၊ ကိုးတန်း နှစ်နှစ်လုံး တို့ကိုစာပြပေးခဲ့ဖူးတယ်၊ ဒါကြောင့် သူ့ရှေ့ရောက် ရင် ဆရာ့ရှေ့ရောက်တဲ့ကျောင်းသားလိုပဲ၊ အလိုလိုနေရင်း ကြောက်နေမိတယ်။ သူ့ကို စကားဖြတ်သင့်မှန်းသိပေမယ့် ပါးစပ်ကမထွက်ဘူး။ အာစေးထည့်ထားသလိုပဲ"

ကျွန်တော့်နှုတ်ခမ်းနားရောက်နေသည့် လက်ဖက်ရည် ခွက်ကို ဆက်မသောက်ဖြစ်တော့ဘဲ စိတ်ပျက်လက်ပျက်နှင့် စားပွဲပေါ်သို့ ပြန်ချလိုက်မိသည်။

"ဒီပုံစံအတိုင်းဆိုရင် ရှေ့လျှောက် မင်းသူ့ကို ဘယ်လို ဆန့်ကျင်မလဲ တာရာ၊ သူ့ လွှမ်းမိုးမှုတွေကိုမင်း ဘယ်လို ရုန်း ထွက်မလဲ"

ကျွန်တော် ခပ်ဆတ်ဆတ်ပြောလိုက်တော့ တာရာ တစ်ချက်တွေသွား၏။ ပြီးမှ ပခုံးတွန့်ရင်း ကျွန်တော့်ကို ကြည့် ကာ ပြောသည်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုချစ်တဲ့အချစ်တွေနဲ့ ရှုန်းထွက်ရမှာပေါ့ မင်း ခန့်ရယ် . . တဲ့"

❑





(၉)

ထို့နောက်ပိုင်းရက်များကတော့ ကျွန်တော့်အတွက် ပူပြင်းရှုတသည့် နေ့ရက်များပင်ဖြစ်သည်။

ကိုဇော်ကြီးတစ်ယောက် တာရာ့အိမ်၌ ရွှေလမ်းငွေလမ်းဖောက်ကာ အဝင်အထွက်စိပ်နေသော သတင်းများကို မကြားချင်ပဲ ကျွန်တော်ကြားနေရ၏။ ရံဖန်ရံခါဆိုသလို တာရာ အလုပ်-လုပ်ရာ စူပါမတ်ကက်ကိုလည်း ကိုဇော်ကြီးရောက်ရှိသွားတတ်ပါသေးသည်။

ထိုအကြောင်းကိုတော့ တာရာ၏ လုပ်ဖော်ကိုင်ဖက်မျိုးက ကျွန်တော့်အား ပြောပြခြင်းဖြစ်သည်။

"တာရာ့ဆီကို လူကြီးတစ်ယောက်လာလာနေတာကို မြတ်မင်းခန့် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"နှုတ်ခမ်းမွှေးသဲ့သဲ့ ထောင်ထောင်မောင်းမောင်းနဲ့ တစ်ယောက်ကိုပြောတာလား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ မျိုးသတိထားမိတာ နှစ်ခါသုံးခါရှိပြီ သိလား၊ တာရာ့ကိုသိပ်လည်း လွှတ်မထားနဲ့အုံး"

"ကိစ္စမရှိပါဘူး၊ အဲဒီတစ်ယောက်က တာရာတို့နဲ့ ဆွေမျိုးနီးစပ်တော်တယ်လေ"

မျက်စိစုံမှိတ်ကာ ကျွန်တော် ညာပြောလိုက်ရ၏။ ဒီလိုမှမပြောလျှင်လည်း ကျွန်တော့်အဖြစ်က အတော့်ကိုမျက်နှာပူစရာကောင်းလှပါသည်။ ကိုယ့်ချစ်သူကိုဝဲနေသည့် ရွှေစွန်ညိုကြီးကိုတွေ့နေပါလျက် လေးနှင့်မပစ်ရဲသည့် အဖြစ်မျိုး။

ကျွန်တော် ထိထိခိုက်ခိုက်ခံစားကြေကွဲခဲ့ရသည်။

"မင်း တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့ ကောင်းပြီ မင်းခန့်"

ဖိုးကျော်က ကျွန်တော့်ကို တိုက်တိုက်တွန်းတွန်းနှင့် သတိပေးစကားဆိုလာသည်။

"ငါဘာလုပ်ရင်ကောင်းမလဲ"

"ခိုးပြေးကွာ"

"ငါ့မှာ အလုပ်မရှိသေးဘူး"

"တာရာ့ကိုလည်း သူ့အမေက ကိုဇော်ကြီးနဲ့ အတင်းမစီစဉ်သေးဘူး၊ စီစဉ်လိုက်ရင် မင်းအတွက်ပိုခက်သွားလိမ့်မယ်"





"တာရာ သဘောတူပါ့မလား"

"မတူလည်း ဟိုတစ်ခါတုန်းကလို အတင်းကားတင်ပြေးကွာ၊ ငါစိတ်ထင် ကယ်တော်မူကြပါလို့တော့ အော်မယ်မထင်ဘူး"

ဖိုးကျော်၏ အကြံပေးမှုက အလွန်ပြတ်သားသော်လည်း ကျွန်တော်ကတော့ မပြတ်မသားဖြစ်နေမိသည်။ ကျွန်တော့်အတွက် တွေဝေစရာကိစ္စတစ်ခုမှာ ကိုဇော်ကြီး၏ အကြွေးဖြစ်၏။

ထိုအကြွေးကို အမြန်ဆုံးရှင်းလင်းနိုင်မှသာ သူနှင့် ကျွန်တော့်အကြားကျေးဇူးတရားကင်းရှင်းသွားပြီး ပြတ်ပြတ်သားသားဆုံးဖြတ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နောက်ထပ်ပူပင်စရာတစ်ခုကတော့ တာရာနှင့်ကျွန်တော်၏ ရှေ့ရေးဖြစ်၏။ ကျွန်တော့်၌ အလုပ်အကိုင်နှင့် ငွေမရှိခြင်းက အိမ်ထောင်တစ်ခုကို ထူထောင်ရန်အတွက် အဓိက အတားအဆီးတစ်ခုဖြစ်နေလေသည်။

သို့သော် တစ်ဖက်ကလည်း ဖိုးကျော်ပြောသလိုပင် ကျွန်တော့်အနေအထားက သိပ်အချိန်ဆွဲနေ၍မဖြစ်တော့။ ထိုသို့မဖြစ်ကြောင်းကို ကျွန်တော်တဖြည်းဖြည်းသဘောပေါက်လာရသည်။

တာရာအလုပ်နားသည့်တစ်ရက် ကျွန်တော်တာရာ့ထံသို့ ဖုန်းဆက်လိုက်တော့ တာရာမရှိ။ ဖုန်းကိုင်သော



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်စတိုးဆိုင်မှ အစ်မကြီးက "တာရာမရှိဘူး။ စောစောကပဲ သူတို့မောင်နှမနှစ်ယောက် ကားနဲ့အပြင်သွားတာတွေ့လိုက်တယ်"

"သူတို့ကားငှားပြီးသွားတာကိုပြောတာလား အစ်မ"

"မဟုတ်ဘူး၊ သူတို့ဆီလာနေတဲ့ ကားနဲ့ထွက်သွားကြတာ"

ဒါဆိုရင်တော့ ကိုဇော်ကြီးကားမှလွဲ၍ အခြားကားမဖြစ်နိုင်ပါ။

ကျွန်တော်ဖုန်းပြန်ချပြီးစိတ်ကိုတောင်းလှုပ်ရှားစွာ ဂနာမငြိမ်ဖြစ်နေမိသည်။ နောက်ဆုံးဘယ်လိုမှ သည်းမခံနိုင်သည့်အဆုံးမှာတော့ အိမ်မှထွက်လာပြီး တာရာတို့တိုက်ရှေ့မျက်စောင်းထိုးလက်ဖက်ရည်ဆိုင်၌ ထိုင်ကာတာရာပြန်အလာကို စောင့်ဆိုင်းနေလိုက်သည်။

လက်ဖက်ရည်ဆိုင်ပိုင်ရှင်ကို အားနာရလောက်အောင် အကြာကြီးထိုင်စောင့်တော့မှ တာရာတို့ ပြန်ရောက်လာကြ၏။ ကားပေါ်မှ တာရာတို့မောင်နှမ ဆင်းပြီးသည်နှင့် ကိုဇော်ကြီးက ၎င်းတို့အား လက်ပြနှုတ်ဆက်ကာ ကားမောင်းထွက်သွားသည်။ ဆိုင်ရှေ့၌ရပ်ထားသောကျွန်တော့်ကားကိုမြင်ပုံမရ။

သို့သော် အလွန်မျက်စိလျင်သောတာရာကတော့ မြင်တွေ့သွားပါသည်။





သူ့မောင်လေးတိုက်ပေါ် တက်သွားသော်လည်းသူက နောက်မှ လိုက်မတက်ဘဲ ကျွန်တော်ထိုင်နေရာ လက်ဖက်ရည်ဆိုင်သို့ လျှောက်လာသည်။

"မင်းခန့်တို့ ကိုလာစောင့်နေတာလား"

ကျွန်တော့်ဘေးမှ ခုံမှာဝင်ထိုင်ရင်း တာရာမေးသည်။

"မဟုတ်ပါဘူး၊ ပျင်းလို့ ဆိုင်မှာ လက်ဖက်ရည် လာသောက်နေတာ"

"ဘာလဲ မင်းတို့ ကို စိတ်ဆိုးနေတာလား"

ကျွန်တော် မဖြေဘဲ မှုန်ကုတ်ကုတ်မျက်နှာနှင့် ဆက်ထိုင်နေလိုက်တော့ တာရာ မပွင့်တပွင့်ပြုံးသည်။

"မောင်လေး အလုပ်ကိစ္စအတွက် တို့လိုက်သွားရတာပါ မင်းခန့်ရဲ့၊ တို့ကို အဲလိုကြီး စိတ်ကောက်မနေစမ်းပါနဲ့"

"မင်းမောင်လေးကိစ္စပဲ၊ မင်းက ဘာလိုက်သွားစရာလိုသလဲ"

"ဟုတ်တယ်၊ တို့လိုက်စရာမလိုဘူး၊ အမှန်က မေမေလိုက်သွားရမှာ၊ မေမေ ကောင်းကောင်းနေမကောင်းလို့ မေမေ့ကိုယ်စား တို့လိုက်သွားရတာ၊ မောင်လေး သင်္ဘောတက်ဖို့အတွက် လုပ်ပေးတဲ့လူကို ငွေသွားပေးတာ၊ ကဲ မင်းခန့် ဘာသိချင်သေးသလဲ"

"ကိုယ်သိချင်တာကတော့ အဲဒီကိစ္စအတွက် ငွေ ဘယ်လောက်ပေးရသလဲ၊ ငါးရာ၊ တစ်ထောင်လို့တော့ လာမပြော



www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ကိုယ် သံပုရာသီးမဟုတ်ဘူး၊ နောက်ပြီး အဲဒီငွေတွေကို ဘယ်သူထုတ်ပေးသလဲ”

ကျွန်တော် ခပ်မာမာမေးလိုက်တော့ တာရာ မျက်နှာ ညိုးသွားသည်။ ထို့နောက် ကျွန်တော့်အကြည့်ကို လွှဲရှောင်လျက် ခပ်တိုးတိုးဖြေသည်။

“စုစုပေါင်း ခြောက်ခုပေးရတယ်၊ ဒီနေ့လေးခုအရင် သွားပေးတယ်၊ တို့ကို ငွေထုတ်ပေးတာကတော့မေမေပဲ၊ မေမေ့ကိုတော့”

“ကိုဇော်ကြီးက ထုတ်ပေးတယ် ဆိုပါတော့”

“ဟင့်အင်း၊ ချေးတာပါ။ ဘယ်လိုပုံစံနဲ့ချေးသလဲဆိုတာတော့ တို့လဲ သေချာမသိဘူး၊ ဖေမေနဲ့ မောင်လေး လုပ်ကြတာပဲ”

တာရာ ပေါ့ပျက်ပျက်အဖြေစကားကြောင့် ကျွန်တော် ထောင်းခနဲ ဖြစ်သွားရ၏။

“မင်း အဲဒီလိုလွယ်လွယ်မပြောနဲ့ တာရာ၊ ဘာမှ မသိနားမလည်တဲ့ ၁၃-နှစ်သမီးလေးလို လုပ်မနေနဲ့၊ အလကား ထုတ်ပေးတာပဲဖြစ်ဖြစ်၊ ချေးတာပဲပြောပြော၊ တစ်ချိန်ကျရင် အဲဒီအကြွေးကို မင်းဘဝနဲ့လဲပြီးဆပ်ရမယ်ဆိုရင် မင်းဘယ်လို လုပ်မလဲ”

“မင်းခန့်တို့ကို အဲလို မအော်ပါနဲ့၊”

ဉာဏ်ဝင်းစာပေ



“အော်မှာပဲ၊ မင်း ကြိုးတန်းပေါ်မှာ လမ်းလျှောက်နေတယ်ဆိုတာကို စဉ်းစားမိရဲ့လား၊ ကြိုးတန်းပေါ်က လိမ့်ကျရင် မင်းတစ်ယောက်တည်း နာမှာမဟုတ်ဘူး၊ မင်းရော ကိုယ်ရော နှစ်ယောက်စလုံးနာမှာ၊ နှစ်ယောက်စလုံးအသည်းကွဲမှာ”

တာရာ အောက်နှုတ်ခမ်းကို သွားနှင့်ဖိကိုက်တာ ခေါင်းငုံ့ငြိမ်သက်နေ၏။ တအောင့်ကြာတော့ ပါးပြင်ပေါ်သို့ မျက်ရည်တစ်စက် လိမ့်ဆင်းလာသည်။ တာရာငိုနေသဖြင့် ကျွန်တော် နင့်ခနဲ ခံစားလိုက်ရသည်။ သို့သော် ရင်ထဲမှာ ပြည့်ကျပ်နေသောစကားတွေကိုတော့ ကျွန်တော် ဆက်ပြောလိုက်ပါသည်။

“ကျေးဇူးတရားဆိုတဲ့ နှောင်ကြိုးဟာ သိပ်ကြောက်ဖို့ကောင်းတယ်တာရာ၊ အဲဒီနှောင်ကြိုးနဲ့အချည်ခံရပြီဆိုရင် နှုတ်လို့မရတော့ဘူး၊ ကိုယ် ကိုယ်တိုင် အဲဒီလူကြီးဆီမှာ အကြွေးတင်နေတယ်၊ ဒါကြောင့် မင်းကိုခုလို သတိပေးနေရတာ”

တာရာ ကျွန်တော့်ကို တအံ့တသြမော့ကြည့်၏။

မျက်ရည်ဝေသီသော တာရာ၏အကြည့်ကကျွန်တော့်ရင်ကို ထွင်းဖောက်သွားသလို ခံစားလိုက်ရသည်။

❑

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

ကျွန်တော်နှင့်ဖိုးကျော်ကိုတွေ့တော့ ကိုဇော်ကြီး တအံ့တသြဖြစ်နေသည်။ အံ့သြမှုနှင့်အတူ ဝမ်းသာနေပုံလည်းရ၏။

"အဲဒီလိုလည်း လာကြစမ်းပါအုံးကွာ၊ မင်းတို့မလာတော့ ငါတစ်ယောက်တည်း ပေါင်းစင်းစင်းကြီးဖြစ်နေတာ၊ ငါ့ကိုဝိုင်းကြဉ်ထားသလားလို့တောင် ထင်မိသေးတယ်"

ကိုဇော်ကြီးက လှိုက်လှိုက်လှဲလှဲပြောရင်းစကားကို ရွှန်းရွှန်းဝေအောင်ပြောသည်။

ဖိုးကျော်က ဆက်တီမှာထိုင်ပြီး ကိုဇော်ကြီးကို ပြန်ပြောလိုက်သည်။

"အဲဒီအတွက်တော့ မပူနဲ့၊ ကိုဇော်ကြီးမဟုတ်တာလုပ်တတော့ ကျွန်တော်တို့ဘက်က ဝိုင်းကြဉ်ဖို့ အဆင်သင့်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကြောက်နေရပါလား၊ ဘာမှမဟုတ်တာ မ... ပါဘူးဗျာ၊ စိတ်ချပါ၊ ခဏထိုင်ကြအုံး၊ ငါဘီယာသွားယူလို... အုံးမယ်"

"မယူပါနဲ့တော့ ကိုဇော်ကြီး၊ကျွန်တော်တို့ စကားပြေ... ဖို့လာတာ"

ကျွန်တော် လက်ကာပြပြီးတားလိုက်သော်လ... ကိုဇော်ကြီးက "စကားပြောရင်း ရေငတ်ပြေသောက်ပေါ့ကွ... ဟုဆိုကာ ရေခဲသေတ္တာထဲမှ ဘီယာဗူးများကို သွားယူလ... သည်။ ရေငွေ့ရိုက်နေသော ဘီယာဗူးများကိုဖောက်... ကိုဇော်ကြီးက ခေါင်းဆတ်လျက်

"ကဲ ဆိုပါအုံး၊ ဘာပြောကြမှာလဲ၊"

"တခြားမဟုတ်ပါဘူး၊ တာရာ့မောင်လေး သ... တက်ဖို့အတွက် ကိုဇော်ကြီး ငွေထုတ်ပေးတဲ့ကိစ္စကို သိ... လို့ပါ"

ကိုဇော်ကြီး မျက်ခုံးပင့်လျက် ကျွန်တော့်ကိုတစ်ခ... လှမ်းကြည့်သည်။

"အခု မင်းသိနေပြီပဲ၊ ဘာပြောစရာလိုသေးလို့လ...

"ကျွန်တော်က ဘယ်လိုပုံစံနဲ့ထုတ်ပေးသလဲဆို... သိချင်တာကိုဇော်ကြီး၊ အသေးစိတ်တိတိကျကျ သိချင်တ...

ကိုဇော်ကြီးက ၄င်းအတွက် ဘီယာဗူးကို ယူကာ ... ကျိုက်မော့ချလိုက်ပြီး ကျွန်တော့်ရှေ့မှဗူးကိုလည်း "သော...





...လ"ဟူသောသဘောဖြင့် လက်ညှိုးထိုးပြသည်။ သို့သော် ...နော်တော် ဘီယာဗူးကိုလှမ်းမယူဘဲ ကိုဇော်ကြီးကိုသာ စိုက် ...ကြည့်ကာ သူ့အဖြေကိုသာ စောင့်ဆိုင်းနေလိုက်သည်။

"ဘယ်လို ပုံစံနဲ့ ထုတ်ပေးသလဲဆိုတော့. . အင်း ...ညီတဲ့အနေနဲ့ ချေးတာလို့ပဲ ပြောရမှာပေါ့၊ သူတို့ကတော့ ...ဘော်ဘတက်ပြီး လစာရတာနဲ့ ပြန်ဆပ်မယ်လို့ ပြောတယ်၊ ...အတွက်တော့ ပြန်မဆပ်လည်းအကြောင်းမဟုတ်ပါဘူး။ ...ညီတယ်လို့ပဲ သဘောထားတယ်"

"စေတနာတောင်းလှချည်လား"

ဖိုးကျော်က ငေါ့တော့တော့အသံဖြင့် ဝင်ပြောသော် ...ည်း ကိုဇော်ကြီးက အတည်ပေါက်ခေါင်းညိတ်၍

"ဟုတ်တယ် စေတနာကောင်းတယ်၊ ဘာဖြစ်လို့ ...ကောင်းသလဲဆိုတော့ သူတို့ကို ငါ့မိသားစုလို သဘောထား ...လို့ပဲ"

"ဒါဖြင့် အဲဒီငွေထုတ်ပေးလိုက်တဲ့ကိစ္စမှာ ဘာ နှောင် ...ကြိုးမှ မပါဖူးပေါ့၊"

"နှောင်ကြိုး၊ ဟုတ်လား"

ကိုဇော်ကြီးက တအံ့တဩပဲ အထပ်ထပ် ရေရွတ် ...လိုက်ပြီး ဘီယာကို နောက်တစ်ကျိုက်မော့ကာ ဆက်တီ ...နောက်သို့ ကျောမှီချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါအုံး၊ ငါက ဘာကိစ္စအတွက် ဘယ်ငါ နှောင်ကြိုးတွေကို သုံးမယ်လို့ မျှော်လင့်ထားလို့လဲ၊ နည်း နည်းလောက်ရှင်းစမ်းပါအုံး"

"တာရာ့ကိစ္စအတွက်ပေါ့၊ ကိုဇော်ကြီး၊ တာရာ့ကို မယ့်နှောင်ကြိုးကိုဆိုလိုတာ"

ကိုဇော်ကြီး မျက်မှောင်ကျုံ့ကာ ခေတ္တ ငြိမ်သက်သွား ပြီးမှ အသံထွက် ရယ်မော၍ ခေါင်းရမ်းသည်။

"ဘာနှောင်ကြိုးမှ မပါ-ပါဘူး မင်းခန့်ရာ၊ ရိုးရိုးသား သား ကူညီတာပါ။ အဲဒီငွေနဲ့ပတ်သက်ပြီး ဘာမျှော်လင့်ချက်မှ မထားပါဘူး"

"မျှော်လင့်ချက်မထားဖူးလို့တော့ မပြောနဲ့ ကိုဇော် ကြီး၊ တာရာ့ကို ကိုဇော်ကြီးမျှော်လင့်နေတယ်မဟုတ်လား"

"ဟုတ်တယ်လေ၊ သူ့ကိုမျှော်လင့်တာပဲ၊ ငါက ထုတ် ချေးလိုက်တဲ့ ငွေအပေါ်မှာ မျှော်လင့်ချက်မထားဘူးလို့ ပြော တာ"

ကိုဇော်ကြီးစကားကို ကျွန်တော် မယုံပါ။ မည်သည့် မျှော်ကိုးမှုမှ မရှိပါဆိုခြင်းမှာ လိမ်ညာခြင်းသာလျှင် ဖြစ်ပါ လိမ့် မည်။ ကျွန်တော် ဖိုးကျော်ထံမှ စီးကရက်တစ်လိပ်ကို လှမ်းယူ ကာ မီးညှိလိုက်၏။ ကျွန်တော်မီးညှိနေချိန်၌ ကိုဇော်ကြီးက ၎င်း၏ ဘီယာ ခွက်ကို အပြတ်ရှင်းလိုက်သည်။





"ကိုဇော်ကြီးက ကျွန်တော့်ထက်ပိုပြီး အသက်ကြီးပါ တယ်၊ ငွေဆိုတာ ဘဝမှာ ဒုတိယအရေးအကြီးဆုံးဆိုတဲ့စကား ကို ကိုဇော်ကြီး ပိုနားလည်မှာပါ၊ ကိုဇော်ကြီးထုတ်ချေးလိုက်တဲ့ ငွေဟာ တာရာ့အပေါ်မှာ ဘာလွှမ်းမိုးမှုမှမရှိဖူးဆိုတာ တကယ် သေချာသလား၊ ဆိုပါတော့ ကိုဇော်ကြီး သူ့ကို လက်ထပ်ခွင့် တောင်းတဲ့အခါ အဲဒီငွေကြေးကိစ္စဟာ မျက်နှာနာစရာ၊ ထည့် တွက်စားစရာ ကိစ္စတစ်ခုဖြစ်မလာနိုင်ဘူးလား၊ ငါ အဲဒီလိုမတွေး မိဘူးလို့တော့ ကိုဇော်ကြီး မပြောနဲ့၊ ကျွန်တော် ယုံမှာမဟုတ် ဘူး"

ကျွန်တော် စကားဆုံးတော့ ကိုဇော်ကြီးက ခေါင်းကို ခပ်ဖြည်းဖြည်းခါရမ်းလိုက်သည်။

"မဟုတ်ဘူး မင်းခန့်။ မင်းထင်သလို မင်းတွေးသလို မျိုး တစ်ခုမှ မဟုတ်ဖူး၊ အခုကိစ္စက ရှင်းရှင်းလေး၊ သူတို့က သင်္ဘောတက်ချင်တယ်၊ စိတ်ချရတဲ့လိုင်းရှာပေးပါလို့ အကူ အညီတောင်းတယ်၊ ငါ ရှာပေးလိုက်တယ်၊ လိုင်းကို ကြိုက်ပေ မယ့် လိုင်းကြေးမတတ်နိုင်ဘူးလို့ ပြောတယ်။ ဒီတော့ ကျွန်တော် ချေးမယ်ဆိုပြီး ငွေထုတ်ချေးလိုက်တယ်၊ ဒါပဲ၊ အဲဒါထက် ဘာ မှမပိုဘူး"

"ကျွန်တော်တို့ နိုင်ငံခြားထွက်မယ်လုပ်တိုင်း ကိုဇော် ကြီးအမြဲကန့်ကွက်ခဲ့တယ်။ ဒါပေမယ့် တာရာ့မောင်လေးကို တော့ မကန့်ကွက်တဲ့အပြင် သင်္ဘောတက်ဖို့ ငွေတောင် ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ချေးခဲ့တယ်။ ကျွန်တော်တော့ အဲဒါတွေအားလုံးဟာ တာရာ့ကို ချောင်ပိတ်ဖမ်းဖို့ ဆင်လုံးတွေလို့ပဲ ထင်တယ်"

ကျွန်တော့်စကားကြောင့် ကိုဇော်ကြီးအောင့်သက်သက်ဖြစ်သွားဟန်ဖြင့် ကျွန်တော့်ကို စိုက်ကြည့်သည်။ ၎င်း၏ မျက်လုံးတို့က မခံချင်စိတ်ဖြင့် တဖျတ်ဖျတ်လတ်နေကြသည်။

"ငါသာ တာရာ့ကို ချောင်ပိတ်ဖမ်းချင်ရင် ခုလောက် အပင်ပန်းခံနေဖို့ မလိုဘူး မင်းခန့်၊ ရွှေနေကောင်းကောင်းတစ်ယောက် ငှားလိုက်ရုံပဲနဲ့ ပွဲပြတ်တယ်"

"ဗျာ၊ ရွှေနေဟုတ်လား ကိုဇော်ကြီး"

"ဟုတ်တယ် မင်းခန့်၊ တာရာနဲ့ ငါ့ရဲ့လက်ထပ်ပွဲကို လာတဲ့ဧည့်သည်တွေထဲက သက်သေအယောက် ငါးဆယ်လောက်အသာလေးဆွဲထုတ်ပြလို့ရတယ်။ ပွဲကြမ်းချင်တဲ့ ရွှေနေမျိုးနဲ့တွေ့ရင် မင်းကိုတောင် ပြဿနာရှာလို့ရသေးတယ်"

ကျွန်တော် ဝုန်းခနဲထိုင်ရာမှ ထရပ်လိုက်တော့ဖိုးကျော်က ကျွန်တော့်လက်မောင်းကို လှမ်းဆွဲသည်။

"ကိုဇော်ကြီး ကျွန်တော့်ကို ခြိမ်းခြောက်နေတာလား"

"ခြိမ်းခြောက်တာမဟုတ်ပါဘူး။ ငါ လုပ်နိုင်တာကို ပြောပြတာပါ၊ဒါပေမယ့် ငါ အဲဒီလို မလုပ်ခဲ့ဖူး။ တတ်နိုင်သလောက် ႆ ၃ကို သန့်သန့်ရှင်းရှင်းပဲ ကစားခဲ့တယ်။ တာရာ့မောင်လေးအတွက် ငွေချေးတဲ့ကိစ္စနဲ့ပတ်သက်ပြီး ငါ ဘာကိုမှ





မမျှော်ကိုးခဲ့ဖူး မင်းခန့်၊ တစ်ခုခုကို မျှော်ကိုးပြီးမှသာ ငွေထုတ်ချေးကြစတမ်းဆိုရင် မင်း မာမီကို ငါ ငွေချေးတော့ ဘာကို မျှော်ကိုးခဲ့လို့လဲ၊ ငါ့အတွက် ဘာရခဲ့လို့လဲ"

"အနည်းဆုံး ကျေးဇူးခံကျေးဇူးစားဆိုတဲ့ အနေ အထားကိုတော့ ရခဲ့တာပေါ့။ အခုပဲ ကျွန်တော်တို့ကို ငွေချေးခဲ့တဲ့အကြောင်းကို ကိုဇော်ကြီး အရသာခံပြီး ပြောနေနိုင်ပြီ မဟုတ်လား"

ကိုဇော်ကြီး စုတ်တစ်ချက်သပ်လျက် ခေါင်းရမ်းသည်။ ကျွန်တော်စိတ်တိုနေသဖြင့် ကိုဇော်ကြီးကို ဆက်ပြောလိုက်သည်။

"ကျွန်တော် ကိုဇော်ကြီးရဲ့ ငွေကိုအမြန်ဆုံး ပြန်ဆပ်မှာပါ၊ အိမ်ရောင်းပြီး ဆပ်ဖို့ မာမီ့ကို ပြောထားတယ်၊ သိပ်မကြာခင် ကိုဇော်ကြီးငွေကို အပြင်အတိုးအတိုင်း အတိုးရော အရင်းပါ ကျွန်တော်လာပေးမယ် စိတ်ချ"

"မလိုဘူး မင်းခန့်၊ အဲဒီငွေကို ပြန်လိုချင်လို့ ပြောဘာမဟုတ်ဘူး။ မင်း ငါ့စေတနာကို မစော်ကားနဲ့"

"ခင်ဗျားအတွက် မလိုပေမယ့် ကျွန်တော့်အတွက်တော့ လိုတယ် ကိုဇော်ကြီး၊ ကျေးဇူးတရားဆိုတာကြီးအတွက် ကျွန်တော် ငဲ့ညာပြီး မြိုသိပ်နေခဲ့ရတာကြာပြီ၊ အဲဒီကျေးဇူးတရားကြီး မရှိတော့မှ ကျွန်တော် ဘာကိုမှ မငဲ့ဘဲ လုပ်ချင်တာလုပ်နိုင်မှာ၊ အဲဒီအတွက် ခင်ဗျားငွေကို ကျွန်တော် အမြန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆပ်မယ်၊ မြေကွက်တွေ ရောင်းလို့မရရင် အိမ်ရောင်းပြီး ဆပ်မယ်၊ အဲဒီငွေကြေးကိစ္စ ကင်းရှင်းသွားပြီဆိုတဲ့တစ်နေ့ တာရာကို ဆက်ကြိုးစားဖို့မပြောနဲ့၊ ခင်ဗျားအိပ်မက်ထဲတောင် ထည့်မက်လို့မရတော့ဘူး မှတ်”

ကျွန်တော် ရင့်ရင့်သီးသီးပြောပြီး တံခါးပေါက်ဆီသို့ လျှောက်လာကာ တံခါးကို ဆွဲဖွင့်လိုက်တော့ ကိုဇော်ကြီး လှမ်းပြောသည်။

“မင်းစိတ်ထဲမှာ အဲဒီငွေကြောင့် တာရာ့ကိုဆုံးရှုံးရမယ်လို့ ထင်နေသလား မင်းခန့်”

“ကောင်းပြီလေ၊ မင်း အဲဒီလို ထင်နေရင်လည်း ငါ့ငွေကို အမြန်ဆုံးပြန်ဆပ်ပေါ့”

“မပူပါနဲ့ ကျွန်တော် ခင်ဗျားငွေကို အမြန်ဆုံး ဆပ်မှာပါ”

ကျွန်တော် တံခါးကိုဝုန်းခနဲ ပြန်ပိတ်လိုက်ပြီး ဖိုးကျော်ကိုပင် မစောင့်တော့ဘဲ ဒေါသတကြီး ထွက်လာခဲ့သည်။

❑





(၁၁)

ထို့နောက်ပိုင်း ကိုဇော်ကြီးငွေကို အမြန်ဆုံး ပြန်ဆပ်ရန် မာမီ့ကိုကျွန်တော် တွန်းအားပေးတော့သည်။ မာမီက မြေကွက်တွေကို မတန်တဆလျှော့ဈေးနှင့် ထိုးရောင်းရန် ကြိုးစား၏။ မြေကွက်ရောင်းမထွက်ပါက အိမ်ရောင်း၍ ဆပ်မည်ဟု မာမီကတိပေးသဖြင့် ကျွန်တော်အနည်းငယ် ကျေနပ်သွားရသည်။

တစ်ဖက်မှလည်း တာရာနှင့် ပြတ်ပြတ်သားသားဆွေးနွေးရန် ဆုံးဖြတ်ကာတစ်ရက် တာရာ့ကို ကျွန်တော် စကားစလိုက်သည်။

“ကိုယ်တို့ လက်ထပ်ကြရအောင် တာရာ”

“လက်ထပ်မယ်ဟုတ်လား၊ မစောလွန်းဖူးလား မင်းခန့်”



www.burmeseclassic.com

www.burmeseclassic.com



"စောတယ်၊ ဒါပေမယ့် အခြေအနေက လက်မထပ်လို့ မဖြစ်တော့ဖူး ကိုဇော်ကြီးရန်ကိုကာကွယ်ဖို့ ဒီတစ်နည်းပဲရှိတယ်"

တာရာလက်ထဲမှ ပီကေကို ပါးစပ်ထဲ ထည့်မည်ပြုပြီးမှ တုန့်ဆိုင်းငြိမ်သက်သွားသည်။

"မင်းမှာ အလုပ်မရှိသေးဖူး မင်းခန့်၊ တို့ ငွေကလည်း မိသားစုအတွက် ထောက်ပံ့နေရတာ"

"ကိုယ်နားလည်ပါတယ်၊ ကိုယ်ဆိုလိုတာ ရုံးတက်လက်မှတ်ထိုးပြီး လက်ထပ်ထားဖို့ ပြောတာပါ"

တာရာက တအံ့တဩနှင့် နားမလည်နိုင်စွာ မေးသည်။

"ဟုတ်တယ်တာရာ၊ မင်းနဲ့ကိုယ် ရုံးတက်လက်မှတ်ထိုးပြီး ရန်ကုန်ကနေ နှစ်ရက်လောက် ရှောင်နေကြမယ်၊ ပြီးရင် မင်းမေမေကို လူကြီးစုံရာနဲ့ ပြန်အပ်ပြီး မင်းအိမ်မှာ မင်းပြန်နေ၊ ကိုယ်လည်းအလုပ်တစ်ခုခုမရမချင်း ကိုယ့်အိမ်မှာ ကိုယ် ပြန်နေမယ်၊ အရေးကြီးတာက ကိုယ်တို့နှစ်ယောက် ခိုးပြေးပြီး တရားဝင်ရုံးတက်လက်မှတ်ထိုးလိုက်တယ်ဆိုတာကို ကိုဇော်ကြီးသိထားဖို့ပဲ၊ မင်းဘယ်လိုသဘောရသလဲ"

တာရာပင့်သက်တစ်ချက်ကို ဖွဖွရှိုက်သွင်းလျက် ခေါင်းရမ်းသည်။





"တို့တော့ ဒါဟာ အကောင်းဆုံးဖြေရှင်းနည်းတစ်ခုလို့မထင်ဘူး မင်းခန့်၊ ဒါပေမယ့် မင်းသိပ်ပြီး ဆန္ဒပြင်းပြနေရင် တို့ မတားချင်ပါဘူး"

ကျွန်တော် တာရာ့လက်ကလေးကိုဆွဲယူကာ နမ်းရှိုက်လိုက်သည်။

"ကျေးဇူးပဲ တာရာ၊ မင်း ခုလို ဆုံးဖြတ်တဲ့အတွက် ဘယ်တော့မှ နောင်တမရစေရဘူး။ ကိုယ် ကတိပေးတယ်၊ ကိုယ့်အစီအစဉ်ကို ခုချက်ချင်း အကောင်အထည်မဖော်သေးပါဖူး၊ သူ့အကြွေးတွေရှင်းပြီးတော့မှ အကောင်အထည်ဖော်မှာပါ၊ ဒီအတောအတွင်း မင်း သူ့ကို သတိထားပြီး ဆက်ဆံပါ"

"စိတ်ချ မင်းခန့်၊ အဲဒီအတွက် မင်း ဘာမှမပူနဲ့"

သို့သော် နောက်တစ်ပတ်လောက်မှာပင် တာရာ့ကို ကိုဇော်ကြီးကားနှင့် ဒုတိယအကြိမ်မြောက် လိုက်သွားကြောင်း ကျွန်တော်သိခဲ့ရသည်။ ထုံးစံအတိုင်း သူ့မောင်လေးသဘောတက်ရန် ငွေသွားပေးခြင်းဖြစ်၏။

မပတ်သက်စေချင်သည့်ကြားထဲမှ ပတ်သက်နေရသောအဖြစ်ကို ကျွန်တော် သည်းမခံနိုင်လောက်အောင် ဖြစ်လာရသည်။ကံကောင်းထောက်မစွာပင် ထိုရက်ပိုင်းအတွက် ဖိုးကျော်အဆက်အသွယ်နှင့် မာမီ၏ မြေကွက်အချို့ ရောင်းထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြေကွက်ရောင်းရငွေက အုံ့ဩလောက်အောင်ပင် ကိုဇော်ကြီးအားပေးဆပ်ရမည့်ပမာဏနှင့် ကွက်တိဖြစ်နေသည်။ မာမီက ငွေပြန်ပေးရန် ကိုဇော်ကြီးအား ဖုန်းဆက်ခေါ်ခိုင်းသော်လည်း ကျွန်တော်က ကိုယ်တိုင်သွားပေးရန် ဆုံးဖြတ်လိုက်သည်။

"ကျွန်တော် သွားပေးမယ် မာမီ"

"ငွေယူတုန်းက သူကိုယ်တိုင် အိမ်လာပို့ပေးတာ မဟုတ်လား"

"ဒါကြောင့် ကျွန်တော်ကိုယ်တိုင် သူ့လက်ထဲကို သွားထည့်ပေးချင်တာပေါ့"

"ကောင်းပြီလေ၊ ဒါဆိုလည်းငွေပေးခိုင်းလိုက်တဲ့အကြောင်းနောက်မှ မာမီ သူ့ဆီကို ဖုန်းဆက်လိုက်တော့မယ်"

ကျွန်တော် အရင်းရောအတိုးပါ တွက်ချက်ပြီး သူ ငွေလာပေးစဉ်က အိတ်ထဲသို့ထည့်ကာ အိမ်မှ ထွက်လာခဲ့သည်။ အသိသက်သေအဖြစ် ဖိုးကျော်ကိုခေါ်သွားရန် ၄င်းအိမ်သို့ဝင်သော်လည်း ဖိုးကျော်က အိမ်မှာ မရှိ၊ ထို့ကြောင့် တာရာအားဝင်ကြိုပြီး သူ့ကိုပင် ခေါ်သွားရန် ဆုံးဖြတ်လိုက်သည်။

ကျွန်တော် စုပါမတ်ကက်ရှေ့ရောက်တော့ အနည်းငယ်နောက်ကျနေပြီဖြစ်သဖြင့် လူရှင်းစပြုနေသည်။ ပလက်ဖောင်းစပ်၌ လက်နှစ်ဖက်ပိုက်ကာ ရပ်စောင့်နေသောတာရာရှေ့သို့ ကားထိုးရပ်လိုက်ပြီး ကျွန်တော် ကားပေါ်မှ ဆင်းလိုက်သည်။





"ကိုယ် နည်းနည်းနောက်ကျသွားတယ်၊ မင်း စောင့်နေရတာ ကြာပြီလား"

"သိပ်မကြာသေးပါဘူး၊ မင်းအိတ်ကြီးက ဘာတွေလဲ"

"ပိုက်ဆံတွေလေ၊ ကိုဇော်ကြီးကို အကြွေးသွားဆပ်မလို့၊ မင်း ကိုယ်နဲ့ခဏလောက်အဖော်လိုက်ပေးလို့ ဖြစ်မလား"

"ဖြစ်ပါတယ်၊ ဒါပေမယ့် မင်းသူ့ဆီ သွားစရာမလိုဘူး မင်းခန့်"

"ဘာဖြစ်လို့လဲ"

တာရာက ကျွန်တော့်ကားနောက်ဘက်သို့ မေးငေါ့ပြပြီး "ဟိုမှာလာနေပြီ" ဟု ဆိုသဖြင့် ကျွန်တော် ဖြတ်ခနဲ လှည့်ကြည့်လိုက်တော့ ကိုဇော်ကြီးကားနှင့်အတူ ကားပေါ်မှ ဆင်းလာသောကိုဇော်ကြီးကို တွေ့လိုက်ရသည်။

"အတော်ပဲ ကျွန်တော်တို့ ခုပဲ ကိုဇော်ကြီးဆီ လာမလို့"

အနားရောက်လာတော့ကိုဇော်ကြီးကို ဆီးပြောရင်း အိတ်ကိုလှမ်းပေးလိုက်တော့ ကိုဇော်ကြီးက နားမလည်ဟန်ဖြင့် အိတ်ကိုတလှည့် ကျွန်တော့်မျက်နှာကို တလှည့်ကြည့်၍-

"ဘာတွေလဲ မင်းခန့်"

"ကိုဇော်ကြီး ငွေလာပေးတုန်းကအိတ်နဲ့ ကိုဇော်ကြီးကိုပေးရမယ့် ပိုက်ဆံတွေ၊ အတိုးရောအရင်းပါ အားလုံးကွက်တိပဲ၊ စစ်ကြည့်ချင်သေးရင်း တစ်ဆိုင်ဆိုင်မှာ သွားထိုင်ပြီးစစ်ကြည့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး မင်းခန့်၊ ငါ မင်းကို ယုံပါတယ်"

ကိုဇော်ကြီးက ကျွန်တော်လှမ်းပေးသည့်ငွေအိတ်ကို လှမ်းယူပြီး အေးစက်စက်ပြန်ပြောသည်။ ထို့နောက် တာရာဘက်သို့ တစ်ချက်လှည့်ကြည့်၍-

"ဒါပေမယ့် ငါ လာတာ လင်းလင်းနဲ့တွေ့ချင်လို့ မင်းခန့်၊ ငါ သူနဲ့ စကားနည်းနည်းလောက် ပြောချင်တယ်"

"စိတ်မရှိပါနဲ့ ကိုဇော်ကြီး၊ ကျွန်တော် တာရာနဲ့ ကိုဇော်ကြီးကိုစကားပြောခွင့်မပေးနိုင်ဘူး"

"ဘာဖြစ်လို့လဲ မင်းခန့်"

ကိုဇော်ကြီးက တအံ့တသြမေးတော့ ကျွန်တော် မခိုးမခန့်ပြုံးလိုက်သည်။

"ခုချိန်ကစပြီး ကျွန်တော်တာရာ့ကို ရုံးတက်လက်မှတ်ထိုးပြီး ခိုးပြေးဖို့ ဆုံးဖြတ်လိုက်လို့ပဲ တာရာဟာ ခိုးရာလိုက်မယ့် ကျွန်တော့်ဇနီးလောင်းဖြစ်သွားပြီ၊ အဲဒါကြောင့် ကိုဇော်ကြီးနဲ့ စကားပြောခွင့်မပေးနိုင်တာပါ၊ ဘယ်လိုမှ မအောင့်မေ့ပါနဲ့ ကိုဇော်ကြီး၊ ကျွန်တော်တို့ကို ခွင့်ပြုပါအုံး"

တာရာ့အတွက် တံခါးဖွင့်ပေးလိုက်ပြီး ကျွန်တော် ဟန်ပါပါ ခေါင်းငုံ့ပြလိုက်တော့ တာရာက အလိုက်တသိပင် ကားပေါ်သို့ တက်လိုက်သည်။ ကျွန်တော် ကားတံခါးကိုပြန်ပိတ်ပြီး တဖက်သို့ ပတ်ကာ ယာဉ်မောင်းသူနေရာ၌ ဝင်ထိုင်လိုက်ချိန်အထိ ကိုဇော်ကြီး ကျွန်တော်တို့ကို ငေးကြောင်ကြည့်နေဆဲဖြစ်သည်။





ကျွန်တော် ကိုဇော်ကြီးကို အားရပါးရ ပြုံးပြလိုက်၏။

ကျွန်တော် ပြုံးဖူးသမျှ အပြုံးတွေထဲမှာတော့ အရသာအရှိဆုံးပါပဲ။

ကားစက်နိုးကာ မောင်းထွက်လာချိန်၌ တာရာက ကျွန်တော့်ကို လှမ်းမေးသည်။

"မင်း တကယ်ပြောလိုက်တာလား မင်းခန့်"

"ဘာကိုလဲ"

"တို့ကိုခိုးပြေးဖို့ဆိုတာလေ"

ကျွန်တော် ဟက်ခနဲ တစ်ချက်ရယ်လိုက်ရင်း ကားကက်ဆက်ကို လှမ်းဖွင့်လိုက်သည်။

"အစကတော့ သူမခံချင်အောင် တမင်ပြောလိုက်တာပါ၊ ခုတော့ ပြောတဲ့အတိုင်း အကောင်အထည်ဖော်ဖို့ ကိုယ် ဆုံးဖြတ်လိုက်ပြီ။ သူနဲ့လည်း ငွေကြေးကိစ္စ ကင်းရှင်းသွားပြီလေ"

"ဟယ် ဒါဖြင့် အခုတို့ကို ခိုးပြေးတာပေါ့"

"သိမ်းသေချာတာပေါ့။ မနက်ဖြန်မင်းအလုပ်နားတယ်လေ၊ သဘက်ခါ အလုပ်ချိန်အမီ ပြန်လာရင် မင်းအတွက် အလုပ်မပျက်ဘဲ ခိုးရာလိုက်ပြေးပြီးသား ဖြစ်တာပေါ့၊ မကောင်းဖူးလား"

"မကောင်းဘူး၊ တို့မှာ အဝတ်အစား အပိုပါမလာဘူး"

တာရာ့စကားကြောင့် ကျွန်တော် ရယ်မောလိုက်ပြီး တာရာကိုလှည့်ကြည့်ကာ-



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရက်နှစ်ရက်လောက် ခိုးပြေးတာပဲ တာရာရ
အဝတ်အစားက အရေးမကြီးပါဘူး၊ မင်းမှာ မှတ်ပုံတင်ပါဖို့
မနက်ဖြန် ရုံးတက်လက်မှတ်ထိုးဖြစ်ဖို့က ပိုအရေးကြီးပါတယ်
ဒါနဲ့ စကားမစပ် ကိုယ်တို့ အခု ဘယ်သွားကြမလဲ"

"ဟောတော့ ရှင်က ခိုးပြေးလာတဲ့လူပဲ၊ ရှင်သိရ
ပေါ့"

ကျွန်တော် ဘယ်သွားရင်ကောင်းမလဲ၊ အလျှင်အမြ
စဉ်းစားရင်း နောက်ဆုံးရန်ကုန်နဲ့လည်း သိပ်မဝေးသော အ
တစ်ယောက်ရှိရာ သန်လျင်ကို ဖြတ်ခနဲသတိရလိုက်သည်

"ကိုယ်သိပြီ၊ ကိုယ်တို့ သန်လျင်ကိုသွားကြမယ်၊ အ
ကနေ ဖိုးကျော်ဆီ ဖုန်းဆက်မယ်၊ မနက်ဖြန် တရားရုံးမှာ လ
မှတ်ထိုးတဲ့အခါ ဖိုးကျော်နဲ့လွင်မာကို အသိသက်သေလုပ်ခိုင်း
မယ်"

"တို့လည်းအိမ်ကိုဖုန်းဆက်ချင်တယ် မင်းခန့်"

"ဘာအတွက်လဲ"

"မေမေ့ကို စိတ်ပူလို့ပါ၊ အကျိုးအကြောင်းလည်
အသိပေးချင်လို့"

ထုံးထမ်းအစဉ်အလာအရ အိမ်က မသိအောင် ခိုး
လိုက်ပြေးကြရသော်လည်း တာရာက အမေစိတ်ပူမှာစိုး၍
ရာလိုက်ပြေးကြောင်း အကြောင်းကြားမည်ဆိုသဖြင့် ကျွန်တေ
ရယ်ချင်သွားမိသည်။





"တော်ကြာမင်းမေမေနဲ့ မင်းမောင်လေးက မင်းကို
စိတ်မချလို့ဆိုပြီး ခိုးပြေးတဲ့နောက်ကို လိုက်လာနေအုံးမယ်"

"အဲတော့လည်း ကျွန်မတို့ မိသားစုကို ရှင်ရှာကျွေး
ပေါ့ ဦးမြတ်မင်းခန့်ရဲ့"

တာရာ ပီကေတစ်ခုကိုထုတ်ပေးကာ ပါးစပ်ထဲသို့ ပစ်
သွင်းရင်းပြောတော့ ကျွန်တော် ပခုံးတွန့်လိုက်မိသည်။ သာ
ကေတ ရှုခင်းသာမှတဆင့် တံတားဖြတ်ခပေးကာ သန်လျင်
တံတားပေါ် ရောက်တော့ တာရာက မြစ်ပြင်ကျယ်ကိုငေးမော
ရင်း ကလေးတစ်ယောက်သဖွယ် ရွှင်မြူးနေလေသည်။

ကျွန်တော် သန်လျင်သို့ အကြိမ်ပေါင်းများစွာ ရောက်
ဖူးသော်လည်း ရှုမျှော်ခင်းတွေ ဒီလောက်လှမှန်းတစ်ခါမှ သတိ
မထားမိခဲ့။

သန်လျင်မြို့မှ လှိုက်လှဲစွာ ကြိုဆိုပါဟူသောဆိုင်းဘုတ်
ကိုတွေ့တော့ ကျွန်တော့်ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲပင် နွေးထွေး
သွားပါသည်။

❑

ကျွန်တော် ကားဘော်ဒီကိုမှီ၍ စီးကရက်ကို ရှိုက်ဖွာ
ရင်း တာရာဖုန်းဆက်တာကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။ တာရာဖုန်းပြောသည့်အချိန်က ကျွန်တေ
မျှော်လင့်ထားသလောက် မကြာပါ။

စီးကရက်တစ်ဝက်မကျိုးခင်မှာပင် တာရာဖုန်းေ
ရာမှာ ပြန်လည်ရောက်ရှိလာသည်။

"တို့ အမြန်ဆုံးပြန်မှ ဖြစ်မယ် မင်းခန့်"

ခရီးရောက်မဆိုက် လှမ်းပြောလိုက်သော တာရာ့
ကားကြောင့် ကျွန်တော် တအံ့တဩဖြစ်သွားရသည်။

"ဘာဖြစ်လို့လဲ တာရာ"

"မေမေ ဆေးရုံတင်ထားရတယ်တဲ့"

"ဘာ ဘယ်လိုဖြစ်တာလဲ"

"တို့လည်း သေချာမသိဘူး၊ ညနေကပဲ တင်လို
တာလို့ပြောတယ်၊ကိုကိုကြီးတို့ဆီလိုက်လာတာအဲဒီအကြေ
ပြောဖို့ ဖြစ်လိမ့်မယ်"

တာရာက ငိုမဲ့မဲ့မျက်နှာနှင့်ပြောတော့ ကျွန်တေ
ထသွားပြီး တာရာ့ကို ကားပေါ်သို့ အမြန်ပြန်တက်ခိုင်းလ
သည်။ ထို့နောက် ရန်ကုန်ဘက်သို့ ပြန်ကွေ့ပြီး ကားကို တ
ထိုးမောင်းထွက်လာခဲ့သည်။

"အခု ဘယ်ဆေးရုံတင်ထားတာလဲ"

"အပြင်ဆေးရုံတစ်ခုမှာ"

တာရာက ပုဂ္ဂလိက ဆေးရုံတစ်ခု၏ အမည်ကို
သည်။ စရိတ်စကအလွန်ကြီးမားသော ဆေးရုံဖြစ်သဖြင့်





ာ့အမေအား ဆေးရုံတင်ပေးသူမှာ ကိုဇော်ကြီးဖြစ်ကြောင်း
သေချာသွားပါသည်။

တော်ပါသေးရဲ့၊ တာရာ သူ့အိမ်ကို ဖုန်းဆက်မိပေလို့၊
ပြောကောင်းမဆိုကောင်း တာရာ့အမေတစ်ခုခုဖြစ်ပြီးမှသာ
သိရမည်ဆိုပါက ထိုကိစ္စအတွက် ကျွန်တော် တစ်သက်လုံး
နောင်တရ၍ ဆုံးတော့မည်မဟုတ်ပါ။

သန်လျင်မှ ဆေးရုံအရောက် လေးဆယ့်ငါးမိနစ်ခန့်
သာကြာသော်လည်း ကျွန်တော့်စိတ်ထဲ၌ လေးနာရီကြာသလို
ခံစားရ၏။ တာရာက တစ်လမ်းလုံး ပါးစပ်တစ်လှုပ်လှုပ်နှင့်
ဘုရားစာတွေ ရွတ်ဆိုလာသည်။

ဆေးရုံရှေ့ရောက်တော့ ၎င်း၏ ကားနှင့်အတူ ကား
နား၌ရပ်နေသောကိုဇော်ကြီးကို တွေ့ရသည်။ တာရာက ကား
ပေါ်မှဆင်းပြီး ကိုဇော်ကြီးနားလျှောက်သွားတော့ ၎င်းက
အခန်းနံပါတ်နှင့်အကျိုးအကြောင်း ပြောပြလိုက်ပုံရ၏။

တာရာချက်ချင်းဆိုသလိုပင် ဆေးရုံထဲသို့ ဝင်ရောက်
ပျောက်ကွယ်သွားသဖြင့် ကျွန်တော် ကြောင်အန်းအန်းနှင့်
ဆေးရုံရှေ့မှာ ကျန်ရစ်ခဲ့ရသည်။

"စိတ်မကောင်းပါဘူးမင်းခန့်၊ ညနေကတည်းက အ
ကျိုးအကြောင်းပြောမလို့၊ မောင်ရင်က စကားပြောခွင့်မပေး
နိုင်ဖူးဆိုတာနဲ့"

ကျွန်တော့်နားသို့ လျှောက်လာပြီး ကိုဇော်ကြီး လှမ်း
ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ တာရာ့အမေ ဆေးရုံတင်ထားရတယ် ဟူသော စကားကို သူပြောလိုက်ပါက ကျွန်တော် သူ့ပါးစပ်ကို အတင်းလိုက်ပိတ်မည်မဟုတ်သလို ထိုစကားပြောသည့်အတွက်လည်း ကျွန်တော် သူ့ကိုလက်သီးနှင့်ထထိုးလိမ့်မည်မဟုတ်ပါ။ မလိုအပ်ဘဲ တမင်ပိုခြင်းဟုသာ ကျွန်တော် နားလည်လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ ခင်ဗျားသိသလား"

"အောင့်တယ်ဆိုလို့ ဆေးရုံတင်လိုက်ရတာပဲ၊ အခုတော့လည်း သက်သာနေပါပြီ"

၎င်း၏ စကားအရ စိုးရိမ်စရာမရှိသဖြင့် ကျွန်တော် အနည်းငယ် စိတ်သက်သာရာရသွားသည်။

"ဒါနဲ့ စကားမစပ် မောင်ရင့်အစီအစဉ်မအောင်မြင်တော့ဖူး ဆိုပါတော့"

"ဘာကိုပြောတာလဲ"

"တာရာ့ကို ခိုးပြေးတဲ့ကိစ္စလေ"

ကျွန်တော် ကိုဇော်ကြီးကို ဖြတ်ခနဲကြည့်လိုက်တော့ သူကလည်း ပြုံးထေ့ထေ့နှင့် ပြန်လည်စိုက်ကြည့်နေကြောင်း တွေ့ရသည်။ လှောင်ပြုံးဟု ယူဆရမည့် ကိုဇော်ကြီး၏ အပြုံးကြောင့် ကျွန်တော်အနည်းငယ် မခံချင်ဖြစ်သွားမိသည်။

"လောလောဆယ်တော့ အခြေအနေအရ အစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ရတယ်ဆိုပါတော့"





"ဒါပေမယ့် သိပ်မကြာခင် ပြန်ပြီး အကောင်အထည်ဖော်မှာပါ"

"နောက်တစ်ခါ အောင်မြင်ပါစေလို့ ကိုယ်ဆုတောင်းပါတယ်"

"မပူပါနဲ့ သေချာပေါက်အောင်မြင်မှာပါ"

ကျွန်တော် ခပ်ဆတ်ဆတ်ပြောပြီး ကိုဇော်ကြီးနားမှ လှည့်ထွက်လာခဲ့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

ဖိုးကျော်က စုပ်တသပ်သပ်နှင့် မချင့်မရဲဖြစ်၍မဆုံး။

"နောက်တစ်နေ့ ဆိုရင်ပဲ ရှုံးတကယ်လက်မှတ်ထိုးပြီး ပွဲဖြတ်တော့မယ့်ဥစ္စာ၊ တိုက်တိုက်ဆိုင်ဆိုင်ကွာ၊ သူ့အမေက အဲဒီနေ့ကျမှ ဆေးရုံတက်ရတယ်လို့၊ ခု အခြေအနေ ဘယ်လိုလဲ"

"တာရာပြောသလောက်ဆိုရင်တော့ ကောင်းနေပါပြီ၊ မနက်ဖြန်ဆိုရင်ပဲ ဆေးရုံက ပြန်ဆင်းရတော့မယ်။ နောက်ပိုင်းတစ်ပတ်တစ်ခါလောက်တော့ ဆရာဝန်နဲ့ ဆက်ပြချင် ပြရမှာပေါ့"

ဖိုးကျော်က ကျွတ်ခနဲ စုပ်သပ်ရင်း "ဘာရောဂါလဲ"ဟု မေးတော့ ကျွန်တော်လည်း ရေရေရာရာမဖြေတတ်၊ "အူဆိုလား၊ သားအိမ်ဆိုလား၊ ငါလည်း သေချာမပြောတတ်ဘူး" ဟု ရောချလိုက်ရသည်။

ဉာဏ်ဝင်းအေး

www.burmeseclassic.com

www.burmeseclassic.com



သုံးလေးရက်လောက်ဆေးရုံတက်ပြီး တာရာ့အမေ ကျန်းကျန်းမာမာနှင့် ဆေးရုံမှ ပြန်ဆင်းခွင့်ရခဲ့၏။ ဆေးရုံတက် စဉ်တလျှောက်လုံး ကိုဇော်ကြီးက သူ့ကားကို ဆေးရုံရှေ့၌ တစ်ချိန်လုံးရပ်ထားပြီး ပိုပိုသာသာ ဂရုစိုက်ပြခဲ့သလို တစ်ခါ တစ်ရံ လိုအပ်သော ပစ္စည်းပစ္စယာများ တာရာအိမ်ပြန်ယူ သည့်အခါ ကိုဇော်ကြီးက ကားနှင့်လိုက်ပို့ပေးတတ်သေးသည်။

ထိုကိစ္စအားကျွန်တော် ဘယ်လိုမှ သဘောမကျသော် လည်း အမေတစ်ယောက်လုံး ဆေးရုံတက်နေချိန်ဖြစ်သဖြင့် တာရာ့ကို မပြောသာခဲ့။ သို့သော် ဆေးရုံမှ ပြန်ဆင်းပြီးချိန် မှာတော့ ကိုဇော်ကြီးကားကို စီးစရာမလိုအပ်တော့ဟု ကျွန် တော် ယူဆပါသည်။ ထို့ကြောင့် တာရာ့ကို ခပ်ပြတ်ပြတ် သတိပေးစကားဆိုရသည်။

"မင်း သူ့ကားကို မစီးသင့်တော့ဖူးလို့ ကိုယ်ထင်တယ် တာရာ၊ မင်းအနေနဲ့ ကားနဲ့သွားမှဖြစ်မယ့်ကိစ္စမျိုးဆိုရင် ကိုယ့်ဆီကို ဖုန်းဆက်လိုက်၊ ကိုယ်အချိန်မရွေးရောက်အောင် လာခဲ့မယ်"

တာရာက ခပ်လွယ်လွယ်ခေါင်းညိတ်ကတိပေးသော် လည်း တစ်ရက်ကိုဇော်ကြီးကားနှင့် လိုက်ပါသွားကြောင်း အောက်ထပ်စတိုးဆိုင်မှ အစ်မကြီးပြောပြသဖြင့် ကျွန်တော် သိလိုက်ရသည့်အခါ ဒေါသတို့ အုံကြွဆူဝေလာကြသည်။





"မင်း တို့ကို အထင်မလွဲနဲ့မင်းခန့်၊ တို့ မေမေ့ အ တွက် ဆေးသွားဝယ်တာ၊ မင်းဆီကို ဖုန်းဆက်သေးတယ်၊ မင်း မရှိဖူးဆိုလို့ သူ့ကားနဲ့သွားမိတာ"

တာရာက ကျွန်တော့်အား ရှင်းပြသော်လည်း ကျွန် တော်ဒေါသတို့ ခပ်လွယ်လွယ်ပြေလျော့မသွားခဲ့ပါ။

"တခြားကားတစ်စီးစီး ငှားသွားလို့မရဘူးလား၊ ဒါမှမ ဟုတ် မင်းမောင်လေးကို လွှတ်ရင်ကော မဖြစ်ဖူးလား"

"အဲဒီအချိန်မှာမောင်လေးမရှိဖူး မင်းခန့်၊ ပြီးတော့ ဆေးဝယ်ရမယ့်နေရာကို တို့မသိဘူး။ တက္ကစီသမားကို လမ်း မညွှန်တတ်ဘူး။ ကိုကိုကြီးက သိတယ်၊ လိုက်ပို့ပေးမယ်ဆိုလို့ တို့ ခေါင်းညိတ်ဖြစ်သွားတာ"

တာရာ့၌ အကြောင်းပြချက်တစ်ခုခု အဆင်သင့်ရှိနေ ခြင်းမျိုးကို ကျွန်တော် သဘောမကျ။ သို့သော် တတ်နိုင်သမျှ စိတ်ကိုချုပ်ထိန်းရင်း တာရာ့ကိုပြောလိုက်သည်။

"ကောင်းပြီလေ၊ မင်းပြောတဲ့အတိုင်းပဲ ကိုယ်လက်ခံ လိုက်ပါ့မယ်။ အခု မင်း မေမေကလည်း နေကောင်းနေပြီပဲ၊ အဲဒီတော့ ကိုယ်တို့ ရုံးတက်လက်မှတ်ထိုးမဲ့ကိစ္စကို ဘယ်လို စီစဉ်ကြမလဲ"

"တို့ မေမေ့ကိုနည်းနည်းလောက် စောင့်ကြည့်ချင် သေးတယ် မင်းခန့်၊ မေမေ့ရောဂါက အလုံးလိုလို၊ ကင်ဆာ လိုလိုနဲ့ ဘာကိုမှ သဲသဲကွဲကွဲ မသိရသေးဖူး၊ အဖြူအမဲ ကွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြားသွားအောင် တစ်လလောက်တော့ အချိန်ယူပြီးစောင့်ကြည့်ချင်သေးတယ်"

"ကိုဇော်ကြီးရဲ့ခြိမ်းခြောက်မှုသာမရှိရင် မင်းတစ်နှစ်အချိန်ယူလည်း အကြောင်းမဟုတ်ဘူး တာရာ၊ ကိုယ်စောင့်နိုင်တယ်၊ အခုဟာက သူ့အန္တရာယ်ကို အချိန်တိုင်းလိုလို ကိုယ်စိုးရိမ်နေရတယ်။ စိတ်တထင့်ထင့်နဲ့ ပူပင်နေရတယ်။ ကိုယ့်အဲဒီအဖြစ်က လွတ်ချင်ပြီတာရာ၊ မင်းနဲ့ပတ်သက်ပြီး စိတ်အေးချင်ပြီ"

"ခုလည်း တို့အတွက် စိတ်ပူစရာမရှိပါဘူး မင်းခန့်ရယ်၊ စိတ်အေးလက်အေးနေစမ်းပါ၊ မေမေ့ရောဂါအခြေအနေ စိတ်ချရပြီဆိုတာနဲ့ မင်းဆန္ဒအတိုင်း ဖြစ်စေရမယ်၊ တို့ ကတိပေးတယ်"

"အဲဒီအခြေအနေအထိ ဘယ်လို ယုံကြည်မှုမျိုးနဲ့ ကိုယ် ရပ်တည်နေရမှာလဲ တာရာ"

ကျွန်တော် ညီးညီးညူညူ ရေရွတ်လိုက်တော့ တာရာသက်ပြင်းရှိုက်လျက် "တို့အချစ်ကို ယုံပေါ့ မင်းခန့်ရယ်" ဟု ခပ်တိုးတိုးပြောသည်။

ကျွန်တော် တာရာ့အချစ်ကိုရော တာရာ့ကိုပါ အကြွင်းမဲ့ယုံကြည်ချင်ပါသည်။ သို့သော် အခြေအနေက ထိုမျှအထိ အခွင့်အရေးမပေးခဲ့ပါ။ နောက်တစ်ပတ်လောက်အကြာ နေ့လည်ဘက်ကြီး ကျွန်တော် တာရာ့အလုပ်သို့ရောက်သွားတော့





အလှကုန်ကောင်တာ၌ တာရာမရှိ၊ အဖော်မိန်းကလေးတစ်ယောက်တည်းသာ တွေ့ရသည်။

"မျိုး ဒီနေ့ တာရာအလုပ်မဆင်းဖူးလား"

ကျွန်တော် မျိုးထံသို့ စုံစမ်းကြည့်တော့ မျိုးက "အလုပ်ဆင်းပါတယ်၊ အပြင်ထွက်သွားတာ" ဟု ပြန်ဖြေသည်။

"တစ်ယောက်တည်းလားမျိုး၊ ဘယ်သူနဲ့သွားတာလဲ"

"တာရာနဲ့ အမျိုးတော်တယ်ဆိုတဲ့ ဟိုလူကြီးလေ၊ အဲဒီလူကြီးနဲ့သွားတယ်ထင်တာပဲ၊ သိပ်တော့မသေချာ နေ၁၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူကြီးလာသွားပြီး တအောင့်နေတော့ တာရာအပြင်ထွက်သွားတာပဲ။ တစ်နာရီလောက်ရှိရောပေါ့"

ကျွန်တော့်ရင်ထဲ၌ ချက်ချင်းပင် သံသယရိပ်တို့ အုံ့မှိုင်းလွှမ်းခြုံလာကြသည်။

တာရာကိုဇော်ကြီးနဲ့လိုက်သွားတာလား၊ ဘယ်ကိုသွားကြသလဲ။

သွေးရိုးသားရိုးဆိုပါက တာရာ့အမေ နေမကောင်းသဖြင့် ကိုဇော်ကြီးလာခေါ်သောကြောင့် အိမ်ပြန်လိုက်သွားရုံမှအပတခြားမဖြစ်နိုင်ပါ။ အခြားနေရာများသို့လည်း နှစ်ယောက်အတူသွားစရာ အကြောင်းမရှိ။

အကျိုးအကြောင်းသိရအောင် တာရာတို့ တိုက်ခန်းအောက် စတိုးဆိုင်သို့ ကျွန်တော် ဖုန်းလှမ်းဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရင်းနှီးအောင်ပြောထားသဖြင့် ကျွန်တော့်လူ လုံး လုံးဖြစ်နေသောစတိုးဆိုင်ရှင် အစ်မကြီးက

တာရာအိမ်ပြန်မလာသလို ကိုဇော်ကြီး၏ ကားက လည်း တစ်နေ့လုံးလုံးဝမလာသေးကြောင်း ကျွန်တော့်ကို အ တိအကျသတင်းပေးသည်။ ထိုသတင်းအရ ကျွန်တော့်ရင်ထဲ ၌ ပိုမိုလေးလံအုံ့မှိုင်းသွားရ၏။ တာရာတို့ ဘယ်ကိုသွားကြ သလဲ၊ ကျွန်တော့်ခေါင်းထဲ၌ မေးခွန်းတွေ ပုံတင်ထပ်ကာ ဆူညံ ၍ နေသည်။

စူပါမတ်ကက်မလှမ်းမကမ်းရှိ အအေးဆိုင်သို့သွား ထိုင်ကာ တာရာပြန်အလာကို ဇွဲကောင်းကောင်းနှင့် ကျွန်တော် စောင့်ဆိုင်းနေလိုက်သည်။ နာရီဝက်လောက်ကြာတော့ တာ ရာပြန်ရောက်လာ၏။ ကိုဇော်ကြီးကားနဲ့မဟုတ်၊ အငှားကား နှင့်ဖြစ်သည်။ သို့သော် ကျွန်တော်ကတော့ ကိုဇော်ကြီးနှင့်သွား တာဖြစ်ရမည်ဟု အသေအချာ ယုံကြည်လိုက်မိသည်။

တာရာ စူပါမတ်ကက်ထဲ ဝင်သွားသော်လည်း ကျွန် တော်နောက်မှလိုက်မသွားဘဲ အလုပ်ဆင်းချိန်အထိ စောင့် ဆိုင်းနေလိုက်ပြီး ယခုမှ လာကြိုသည့်ပုံမျိုးဖြင့် တာရာ့အား သွားကြိုလိုက်သည်။ တာရာ၏ ပုံစံက ယခင်ကလို တက်တက် ကြွကြွမဟုတ်ဘဲ ငေးငေးငိုင်ငိုင်ဖြစ်နေသဖြင့် ကျွန်တော့် သံ သယတို့ ပိုမို ရှန်းကြွလာကြသည်။





မင်း ကိုဇော်ကြီးနဲ့ ဘယ်သွားတာလဲဟု မေးလိုက် ချင်သော်လည်း ကျွန်တော့်မေးခွန်းကို ပြန်လည် မြိုချပစ်လိုက် ၏။ လက်ပူးလက်ကြပ်မဟုတ်ပါက ဝေ့လည်ကြောင်ပတ်နှင့် တာရာလှည့်စားသမျှကို မျက်စိမှိတ်ကာ ကျွန်တော် ယုံကြည် နေရပါလိမ့်မည်။

"ကိုယ်တောင် နေ့လည်က ဖိုးကျော်နဲ့ စိတ်တိုင်းကျ မှာ လက်ဖက်ရည်သွားသောက်ကြသေးတယ်"

ကျွန်တော် လုပ်ကြံဇာတ်လမ်းတစ်ပုဒ်ကို ဖန်တီး၍ တာရာ့တုန့်ပြန်မှုကို အကဲခတ်နေလိုက်သည်။

"မင်းအတွက် စိတ်တိုင်းကျက လက်ဖက်ရည်နဲ့ ဆိတ် သားမုန့် ဝယ်လာအုံးမလို့ပဲ၊ အေးသွားမှာစိုးလို့ ဝယ်မလာ တော့တာ၊ မင်းကော နေ့လည်ကလက်ဖက်ရည်ထွက်သောက် ဖြစ်သေးလား"

ကျွန်တော့်မေးခွန်းကြောင့် တာရာငေးငိုင်နေရာမှ ဆတ်ခနဲတုန်သွားသည်။

"ဟင် ဘာလဲ"

"ကြော် နေ့လည်က လက်ဖက်ရည် ထွက်သောက်ဖြစ် သေးလားလို့"

"အင်း သောက်ဖြစ်ပါတယ်"

"ဘယ်သူတွေနဲ့လဲ"

"မျိုးတို့နဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



တာရာ ကျွန်တော့်အား လိမ်ညာနေခြင်းဖြစ်ကြောင်း သေချာသွားပါသည်။ ကျွန်တော် မဲ့ပြုံးတစ်ချက်ပြုံး၍ တာရာ့အား ဖြတ်ခနဲကြည့်လိုက်သည်။

"မင်းပုံစံက ငေးတိငေးငိုင်နဲ့ ဘာဖြစ်နေတာလဲ တာရာ"

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး၊ တို့မေမေ ရောဂါ အခြေအနေကြောင်း စဉ်းစားနေမိလို့ပါ"

ထို့နောက် တာရာပြန်လည် တိတ်ဆိတ်သွား၏။ ကျွန်တော်လည်း တာရာ့ကို ဘာမှ ဆက်ပြောမနေတော့ဘဲ နှုတ်ဆိတ်နေလိုက်တော့ အေးစက်ခြင်းကကျွန်တော်တို့နှစ်ယောက် အကြားသို့ သိသာစွာ လွှမ်းခြုံ၍လာသည်။

□





(၁၃)

"မင်း တာရာ့ကို ဘာဖြစ်လို့ ပွင့်ပွင့်လင်းလင်း မမေးလိုက်တာလဲ မင်းခန့်"

ကျွန်တော့်သံသယနှင့်ပတ်သက်၍ ဖိုးကျော်၏ တုန့်ပြန်မှုကတော့ အထက်ပါအတိုင်းပဲ ဖြစ်သည်။ ဖိုးကျော် စကားကို ကျွန်တော် ခေါင်းရမ်း၍-

"ငါ မမေးချင်ဖူး ဖိုးကျော်၊ ဖွင့်မေးစရာလည်းမလိုဘူး၊ သူ့ဘာသာသူ ဖွင့်ပြောရမှာ"

"အခု သူက ဖွင့်မပြောတော့ မင်းဘယ်လိုလုပ်မလဲ"

"ငါ့ဘာသာ သိအောင်လုပ်ရတော့မှာပေ့ါ၊ လက်ဆုပ်လက်ကိုင်ပြနိုင်အောင် ငါ့နည်းငါ့ဟန်နဲ့ ကြိုးစားမယ်"

ဖိုးကျော်က ခေါင်းရမ်းရင်း မဟုတ်သေးဘူးမင်းခန့်ဟု ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသံသယရှိနေရင် ပြတ်ပြတ်သားသား ဖွင့်မေးလိုက်တာ ပိုကောင်းတယ်"

"ငါ အရင်က မေးခဲ့ဖူးတယ် ဖိုးကျော်၊ မေးလိုက်တိုင်း အကြောင်းပြချက်တစ်ခုမဟုတ်တစ်ခု အမြဲတန်းသူ့မှာ အဆင်သင့်ရှိနေတယ်၊ ဒါကြောင့် ငါမမေးတော့ဘူး၊ ငါ့ဘာသာငါ စုံစမ်းမယ်၊ ဒီရက်ပိုင်းအတွင်း မင်းဆိုင်ကယ် ငါ့ကိုခဏငှားထားလို့ ဖြစ်မလား"

"ဖြစ်ပါတယ်"

ကျွန်တော် ဖိုးကျော်၏ ကာဝါဆိုင်ကယ်ကြီးဖြင့် တာရာနှင့် ကိုဇော်ကြီးတို့၏ အသွားအလာကို တစေ့တစောင်း စတင်စုံစမ်းတော့သည်။ ကျွန်တော်၏ စုံစမ်းနည်းကတော့ တစ်ခါတစ်ရံ ကိုဇော်ကြီးတို့ ကုမ္ပဏီနား၌ ရစ်ဝဲ၍ ကိုဇော်ကြီး အပြင်ထွက်သည့်အခါ နောက်မှ မသိမသာလိုက်ကြည့်ပြီး တစ်ခါတစ်ရံနေ့ခင်းဘက်များမှာတော့ တာရာတို့ စူပါမတ်ကတ် ရှေ့၌ ကျောက်ချစောင့်ဆိုင်းနေလိုက်ခြင်းပဲဖြစ်သည်။

ထိုအတောအတွင်း တာရာ့ကိုတော့ ညနေတိုင်းဟန် မပျက်သွားကြိုခဲ့၏။ ထို့ကြောင့် သူတို့၏ လှုပ်ရှားမှုအား အစိုး ပမာစောင့်ဆိုင်းအကဲခတ်နေသော ကျွန်တော့်ကို တာရာ သတိ မထားမိခဲ့။

ထို့အတူ ထူးခြားမှုတစ်စုံတစ်ရာကိုလည်း ကျွန်တော် ရှာဖွေမတွေ့ခဲ့ပါ။ တစ်ပတ်ခန့်ကြာသည့်တိုင် ဘာမှ ထူးခြား မှုမရှိသဖြင့် ကျွန်တော်အနည်းငယ် စိတ်ပျက်စပြုလာသည်။





ထိုအချိန်မှာပင် တာရာတို့၏ လှုပ်ရှားမှုကို အမှတ်မ သင် ကျွန်တော် တွေ့မြင်လိုက်ရသည်။

မိုးအလွန်ရွာသည့်တစ်ရက် တာရာတို့ စူပါမတ်ကတ် ရှေ့သို့ ကျွန်တော့်ဆိုင်ကယ်ကြီး ထိုးရပ်လိုက်စဉ်မှာပင် ရိုပ် ခုန်မောင်းထွက်သွားသော ကိုဇော်ကြီး၏ ကားကို တွေ့မြင် လိုက်ရသည်။ ကျွန်တော်ဆိုင်ကယ်ကို စက်မသပ်ဘဲဘေး ခေါက်ထောက်ထားခဲ့ပြီး ခေါင်းပေါ်မှ ဆိုင်ကယ်စီးဦးထုပ်ကို ချွတ်ကာ တာရာရှိမရှိ စူပါမတ်ကတ်ထဲသို့ အပြေးအလွှား ဝင်ကြည့် လိုက်သည်။

အလွန်အားကိုးရသည့် မျိုးက ကျွန်တော့်ကိုလှမ်းမြင် သည်နှင့် လက်ကိုမြှောက်ကာ ခါရမ်းပြ၏။ တာရာမရှိဖူး၊ အ ပြင်ထွက်သွားပြီဟူသည့် အဓိပ္ပါယ်ပင်ဖြစ်သည်။ ကျွန်တော် အချိန်းမဆိုင်းဘဲ ဆိုင်ကယ်ဆီသို့ အပြေးအလွှားပြန်လာကာ ကိုဇော်ကြီးကားထွက်သွားရာနောက်သို့ အပြင်းမောင်းလိုက် တော့သည်။

မိုးပွင့်နှစ်ခုခန့်ကိုဖြတ်ကျော်ပြီးနောက် ကိုဇော်ကြီး ကားကိုလှမ်းမြင်လိုက်ရသဖြင့် ကျွန်တော် ဝမ်းသာသွားသည်။ ကားထဲက ကားခြောက်စီးခုနစ်စီးခန့်ခြားလျက် မိုးသဲသဲထဲ၌ ကျွန်တော် ထပ်ခြပ်မခွာ မောင်းနှင်လိုက်ပါလာခဲ့သည်။ ကိုဇော် ကြီးက ရန်ကုန်အနောက်ပိုင်းဘက်သို့ ဦးတည်မောင်းနှင်နေ ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျုံးကြီးလမ်းအတိုင်းမောင်းနှင်နေရာမှ ကီလီလမ်းမီးပွိုင့်အရောက် ညာဘက်သို့ ချိုးကွေ့သွားကြောင်း တွေ့မြင်လိုက်သော်လည်း မီးပွိုင့်မိသဖြင့် ကျွန်တော် ဆက်မလိုက်နိုင်ခဲ့။ မီးစိမ်းချိန်အထိ သည်းခံစောင့်ဆိုင်းပြီးမှ ကီလီလမ်းဘက်သို့ ချိုးကွေ့လာခဲ့၏။ ဗိုလ်ချုပ်လမ်းမီးပွိုင့်သို့ ရောက်လာသည်တိုင်အောင် ကိုဇော်ကြီးကားကို မတွေ့ရတော့သည်အခါ ကျွန်တော် မချင့်မရဲနှင့်တက်တစ်ချက်ခေါက်လိုက်သည်။

သို့သော် ခပ်လွယ်လွယ်တော့ ကျွန်တော် လက်လျှော့ခဲ့ပါ။

မီးပွိုင့်အနေအထားအရ သွားစရာသုံးလမ်းရှိသော်လည်း ညာဘက်သို့ ချိုးကွေ့မည်ဆိုပါက လာရာလမ်းအတိုင်း ပြန်လည်ဦးတည်သလိုဖြစ်သွားနိုင်သဖြင့် ထိုလမ်းကိုပယ်လိုက်ပြီး တည့်တည့်နှင့် ဘယ်ဘက်ကိုသာ အာရုံစိုက်လိုက်သည်။

ကျွန်တော် ဘယ်ဘက်ချိုးကွေ့ကာ အရှိန်မြှင့်မောင်းလိုက်၏။ ကိုဇော်ကြီးက ကားမောင်းကြမ်းသူမဟုတ်သဖြင့် ရှိသင့်သည့်နေရာအထိ ၎င်း၏ ကားကိုမတွေ့ရသောအခါ ဗဟိုအမျိုးသမီးဆေးရုံဘက်သို့ တက်လာပြီး ထိုလမ်းကြောတစ်လျှောက် လိုက်လံရှာဖွေလိုက်သည်။

သို့သော် ကိုဇော်ကြီးကားကို အရိပ်အယောင် မတွေ့ရပါ။

ကျွန်တော် စိတ်ပျက်လက်ပျက်နှင့် ဆိုင်ကယ်ကို ရပ်လိုက်ပြီး မျက်ခြည်ပျက်သွားသောနေရာမှ ဘယ်ကိုဦးတ





နိုင်သလဲဟု လျှောက်စဉ်းစားလိုက်သည်။ ကျွန်တော့်ခေါင်းထဲသို့ ဗဟိုစည်ရဲ့ ရိပ်သာက ဖြတ်ခနဲဝင်လာသည်။ ဗဟိုစည်ရိပ်သာထဲသို့ ချိုးကွေ့ဝင်ရောက်သွားတာရော မဖြစ်နိုင်ဖူးလား။

ထိုအတွေးဖြင့် ဗဟိုစည်ဘက်သို့ ပြန်မောင်းလာခဲ့၏။

ကျွန်တော့်အတွေးမမှားပါ။ ဗဟိုစည်ရိပ်သာအတွင်း ရပ်ထားသော ကားများစွာအနက်မှ ကိုဇော်ကြီးကို ဘွားခနဲ လှမ်းမြင်လိုက်ရသည်။ ကားသာမက၊ ကားဘေးနား၌ ဘောင်းဘီအိတ်ထဲလက်နှိုက်၍ ရပ်နေသောကိုဇော်ကြီး။

ထို့နောက်ကိုဇော်ကြီးရှေ့၌ရပ်၍ ရယ်ရယ်မောမော စကားပြောနေသည့် တာရာ။

ကျွန်တော့်ရင်ထဲ၌ စူးခနဲ နာကျင်သွားလျက် ဒေါသတို့က တငွေ့ငွေ့ဆူဝေလာကြ၏။

မိုးစိုထားသည့် ခန္ဓာကိုယ်တစ်ခုလုံး ခြောက်သွေ့သွားမတတ် လောင်မြိုက်လာကြခြင်းဖြစ်သည်။ ဆိုင်ကယ်လီဗာကို နှစ်ချက်လောက်ပုတ်လိုက်ပြီး သူတို့နှစ်ဦးအကြားသို့ ဝေါခနဲ မောင်းဝင်သွားကာ ထိုးရပ်လိုက်သည်။

တာရာက အလန့်တကြားနောက်သို့ ခုန်ဆုတ်လိုက်ပြီး ကျွန်တော့်ကိုတအံ့တသြကြည့်သည်။

ဆိုင်ကယ်စီးဦးထုပ်၏ ရှေ့လေကာမှန်ကို မတင်လိုက်တော့မှ ကျွန်တော်မှန်းသိသွားပြီး ကြက်သေသေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩသွားသလား တာရာ၊ မင်းရဲ့လှည့်စားမှုတွေကို မရိပ်မိခဲ့တဲ့ငါက ပိုအံ့ဩရမှာပါ"

"မင်းခန့် မင်း. ."

"ဒီဇဟိုစည်ထဲမှာ ကိုဇော်ကြီး တိုက်ခန်းတစ်ခန်း ဝယ်ထားတာ စောစောကတည်းက ငါသတိရခဲ့ဖို့ ကောင်းတယ် မင်းတို့နှစ်ယောက်နှစ်ပါးသွားပြဇာတ်ကနေတာ ကြာပြီလား တာရာ"

"မင်းခန့် ဘာတွေပြောနေတာလဲ"

"အမှန်တွေပြောနေတာလေ၊ နောက်ပိုင်းငါ့ကြောင့် ဘာမှ စိတ်အနှောင့်အယှက်မဖြစ်နဲ့တော့ တာရာ၊ ဒီနေ့က စပြီး မင်းတို့နှစ်ပါးသွားကို လွတ်လွတ်လပ်လပ်ဆက်ကပေ တော့"

ကျွန်တော် ဆိုင်ကယ်ကိုဂီယာထိုးလိုက်ပြီး ထွက်ရန် ပြင်လိုက်စဉ်မှာပင် ကျွန်တော့်ပခုံးပေါ်သို့ လက်တစ်ဖက် ကျ လာ၏။ အခြားသူမဟုတ်၊ ကိုဇော်ကြီးပဲ ဖြစ်သည်။

"မင်းမှားနေပြီ မင်းခန့်၊ တာရာနဲ့ငါ့ကို မင်း အထင်လွဲ နေပြီ"

"ကျွန်တော် မှားခဲ့တာအမှန်ပဲ ကိုဇော်ကြီး၊ အဲဒီလို မှားခဲ့မှန်း အခုမှ သိလိုက်ရတယ်၊ တဆိတ် ကျေးဇူးပြုပြီး ခင်ဗျားလက်ကိုဖယ်ပါ"

"နေအုံး မင်းခန့် မင်းငါပြောတာတို နားထောင်အုံး





"ဘာမှ နားထောင်စရာမလိုဘူး၊ ကဲ ခင်ဗျားလက်ကို ဖယ်မလား၊ မဖယ်ဘူးလား"

"မဖယ်ဘူး"

ကျွန်တော့်လက်တစ်ဖက်သည် ခနဲ လှုပ်သွား၏။

ကျွန်တော့်ကိုကျွန်တော် ပြန်လည်သတိထားမိချိန်၌ ကိုဇော်ကြီးက မေးရိုးတစ်ဖက်ကိုလက်ဖြင့် ပွတ်သပ်ရင်း မြေပြင် ပေါ်သို့ ပက်လက်လန်လဲကျနေရှာခြင်း တွေ့မြင်လိုက်ရ သည်။

"ကျွန်တော်စိတ်မကောင်းပါဘူး ကိုဇော်ကြီး"

ဝမ်းနည်းစကားပြောလိုက်ပြီး ဆိုင်ကယ်ကို ဝေါခနဲ မောင်းထွက်လာခဲ့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

အဖြူ၊ အနီ၊ အပြာ. . .။

ဆေးရောင်စုံတို့က ဟိုတစ်ကွက်ဒီတစ်ကွက် နံရံပေါ်၌ မသပ်မရပ် ပေကျံပြန့်ကျဲနေကြသည်။

ကြမ်းပြင်ပေါ်မှာတော့ လက်သည်းဆိုးဆေးပုလင်းကွဲတို့က ဖရိုဖရဲ။

ကျန်ရှိနေသေးသော လက်သည်းဆိုးဆေးပုလင်းများနှင့် အိပ်ခန်းနံရံဆီသို့ တစ်ပုလင်းပြီးတစ်ပုလင်းကျွန်တော် စိတ်ရှိလက်ရှိ ကျွန်တော် ပစ်ပေါက်ခဲ့နေမိသည်။

တာရာနှင့်ရင်းနှီးမှုရရန် ကျွန်တော် ဝယ်ယူခဲ့သောလက်သည်းဆိုးဆေးပုလင်းများ။

နောက်တစ်ချိန်၌ တာရာ့အား ဆိုးပေးရန် ကျွန်တော်အမြတ်တနိုးသိမ်းထားခဲ့သည့် လက်သည်းဆိုးဆေးပုလင်းများ။



www.burmeseclassic.com

www.burmeseclassic.com



ထိုပုလင်းများအား ကျွန်တော် ဒေါသတကြီး ပစ်ပေါက်ခွဲနေခြင်းဖြစ်သည်။

သွားကြစမ်း၊ ကွဲကြစမ်း၊

ကျွန်တော့်ရဲ့အနာဂတ်တောင် တစ်စစီကွဲကြေ ပျက်စီးခဲ့မှတော့ သက်မဲ့လက်သည်းဆိုးဆေးတွေအပေါ် ကျွန်တော် ဂရုတစိုက် တန်ဖိုးထားနေစရာ မလိုအပ်တော့ပါ။ နံရံတစ်ခုလုံး မြင်မကောင်းလောက်အောင် ညစ်ပေပွလျက်၊ ဆိုးဆေးပုလင်းများ ကုန်ဆုံးသွားတော့မှ ကျွန်တော် စိတ်ဓါတ်ရေးရာ ပေါက်ကွဲမှုကို ရပ်ဆိုင်းပစ်လိုက်သည်။

တအောင့်နေတော့ အိပ်ခန်းတံခါးခေါက်သံတိုးတိုးနှင့်အတူ အိမ်အကူကောင်မလေး၏ မဝံ့မရဲအသံထွက်ပေါ်လာသည်။

"အစ်ကိုလေး တယ်လီဖုန်းလာနေတယ်"

"ဘယ်သူလဲ"

"မလွင်မာတဲ့"

"မရှိဘူးလို့ ပြောလိုက်၊ နေအုံး၊ ဒီညရောမနက်ဖြန်ရောအိမ်ပြန်လာမှာ မဟုတ်ဘူးလို့သာ ပြောလိုက် ကြားလား"

"ဟုတ်"

ကောင်မလေး အခန်းဝမှ ပြန်ထွက်သွား၏။

ထိုည အတော်ညဥ့်နက်ချိန်၌ ဖိုးကျော်ဆီမှ ဖုန်းဆက်လာပြန်သည်။ ထုံးစံအတိုင်း လွင်မာ့အား ပြောခိုင်းသလိုပင်





အိမ်အကူကောင်မလေးအား ပြောခိုင်းလိုက်သည်။ လောလောဆယ် ကျွန်တော် မည်သူနှင့်မျှ တွေ့ချင်စိတ်မရှိ။ နှစ်သိမ့်အားပေးမည့် စကားလုံးများ၊ သနားကရုဏာသက်သည့် အကြည့်များအား ကျွန်တော် ခံနိုင်ရည်ရှိလိမ့်မည် မဟုတ်ပါ။

ထို့ကြောင့် နှစ်ရက်လောက်အိမ်ထဲမှ အိမ်ပြင်မထွက်ဘဲကျွန်တော် အခန်းအောင်းနေခဲ့သည်။ ထမင်းစားချိန်၊ ကိုယ်လက်သန့်စင်ချိန်များမှအပ ကျန်အချိန်များ၌ အိပ်ခန်းထဲမှာသာ တံခါးဂျက်ပိတ်၍တိတ်တိတ်ဆိတ်ဆိတ်ကလေးကျွန်တော် ကြေကွဲနေခဲ့သည်။

နှစ်ရက်မြောက်နေ့၌ လင်းလက်တာရာဟူသည့် အမျိုးသမီးတစ်ယောက် အိမ်လာသွားကြောင်း၊ ကောင်မလေးက ကျွန်တော့်အား လာရောက်အသိပေးသည်။ တာရာ လာသွားသည်ဟုဆိုသဖြင့် ကျွန်တော့်ရင်ထဲ၌ အနည်းငယ်လှုပ်ခတ်သွား၏။

တာရာကျွန်တော့်ဆီကိုလာသွားသတဲ့။ သူ ဒီမျှ မျက်နှာပြောင်ကာ အတင့်ရဲလိမ့်မည်ဟု ကျွန်တော်အနည်းငယ်မှ မစဉ်းစားမိခဲ့ပါ။

"နင် သူ့ကိုဘာပြောလိုက်သလဲ"

"အစ်ကိုလေးမှာထားတဲ့အတိုင်းအခုတလော အစ်ကိုလေး အိမ်ပြန်မလာတာ ကြာပြီလို့ ပြောလိုက်တယ်"

"အေး ကောင်းတယ်"

သို့သော် တကယ့်တကယ်တော့ ဘယ်လိုမှ မကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



တာရာလာသွားသည်ဟူသောအသိက ကျွန်တော့်ကို တမြည့်မြည့် နာကျင်ကိုက်ခဲစေခဲ့သည်။

ဒီကြားထဲ (မိုက်ကယ်လန်း)၏ "လင်ဝယ်လ် နဲ့ဗား လိုင်း"သီချင်းကလည်း ကျွန်တော့်ကို ကောင်းကောင်း ဒုက္ခပေး ပါတော့သည်။

"သစ္စာတရားကို တို့နှစ်ယောက်ကြား

အမှန်တရားကို တို့နှလုံးသား ကြိုးစားပြီးသာ ထားကြ ရင် အချစ်ဆိုတာ လိမ်ညာမှုတစ်ခု ဖြစ်မလာပါ"တဲ့။

ကျွန်တော် ကက်ဆက်ကိုပိတ်ပြီး နောက်တစ်ခွေ ပြောင်းလိုက်တော့ (လင်ဒါရွန်စတတ်)၏ "ဟော့ဒ်ဆိုးဘက်ဒီ" သီချင်းသံ ထွက်ပေါ်လာ၏။

ပို့ဆိုးပါသည်။

"နာကျင်ကြေကွဲမှုဟာ ဆိုးဝါးလှသလို၊ ဝမ်းနည်းခံစား ရတဲ့အကြောင်း မင်းကိုပြောပြပါရစေ" တဲ့။

ကျွန်တော်ကက်ဆက်ကိုဒေါသတကြီးပိတ်လိုက်ပြီး အိပ်ရာပေါ်သို့ ပစ်လှဲကာ စိတ်တည်ငြိမ်အောင် ကြိုးစားလိုက် ၏။ သို့သော်ဖရိုဖရဲဖြစ်နေသော ကျွန်တော့်၏ စိတ်ဓါတ်တို့ကို ဘယ်လိုမှ ပြန်လည်စုစည်း၍ မရသည့်အဆုံးမှာတော့ ကား သော့ကိုယူကာ အိမ်ထဲမှ ထွက်လာခဲ့သည်။

ဘယ်ကိုသွားမည်ဟူသည့် ရည်ရွယ်ချက်မရှိဘဲ စိတ် ပြေလက်ပျောက် ကားလျှောက်မောင်းရန်ဖြစ်သည်။ ကား၏ ညာဘက်ခြမ်း ယာဉ်မောင်းသူတံခါးကို ဆွဲဖွင့်မည်ပြုစဉ် ထူး





ခြားသော အရာတစ်ခုကို တွေ့မြင်လိုက်ရသည်။ ကျွန်တော့် ကားဘော်ဒီ၌ စာရွက်တစ်ရွက် ကပ်ထားခြင်းဖြစ်၏။

ထိုစာရွက်ကို ဆွဲခွာယူလိုက်တော့ ဖျော့ဖျောင်းသော ပီကေနံ့က ကျွန်တော့်နှာခေါင်းထဲသို့ နူးညံ့စွာ တိုးဝင်လာ၏။ ကျွန်တော်ကောင်းစွာရင်းနှီးနေသောတာရာစားနေကျ ကိုရီး ယား ပီကေနံ့ဖြစ်သည်။ စာရွက်အား ကားဘော်ဒီသို့ ပီကေ နှင့်ကပ်သွားခြင်းဖြစ်သည်။

စာရွက်ပေါ်၌ တာရာ၏ ခပ်သော့သော့လက်ရေးတို့ ကို ကျွန်တော် တွေ့မြင်လိုက်ရသည်။

မင်းခန့်

တို့ကိုမတွေ့ချင်ရင်တောင် လွင်မာတို့နဲ့ သွားတွေ့ လိုက်ပါ၊ သူနဲ့တွေ့ပြီးမှ မင်း ကြိုက်သလိုဆုံးဖြတ်။ မင်းဆုံးဖြတ် တဲ့အတိုင်း တို့လိုက်နာမယ်။

တာရာ

စာက တိုတိုလေးဖြစ်၏။

သို့သော် ထိုစာတိုတိုလေး၏ ထိရောက်မှုကတော့ အံ့သြစရာကောင်းလှပါသည်။

ကျွန်တော့်ကိုယ် ကျွန်တော် သတိမထားမိခင်မှာပင် ကျွန်တော်ကားပေါ်တက်ကာ လွင်မာတို့ထံ ဦးတည်မောင်းနှင် နေမိပြီဖြစ်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



## (၁၉)

"နှင် မှားတယ် မင်းခန့်"

လွင်မာ၏ ဗွေဆော်ဦး မှတ်ချက်ချစကားက ကျွန်တော့်ရင့်ကို အောင့်သွားစေခဲ့သည်။ ဖိုးကျော်က စကားဝိုင်းတွင်းသို့ မပါသေးဘဲ ဆေးပေ့လိပ်တစ်လိပ်ကို စိန်ပြေနပြေ မီးညှိ၍နေသည်။

"ထားပါတော့၊နှင်ပြောသလို ငါမှားတယ်ပဲထားလိုက်ပါတော့၊ ဒါပေမယ့် ငါ ဘယ်လိုမှားသလဲ၊ ဘာကြောင့်မှားသလဲ၊ နှင် ရှင်းပြနိုင်လို့လား လွင်မာ"

ကျွန်တော်မခံချင်သည့်လေသံဖြင့် မေးလိုက်တော့ လွင်မာက မျက်နှာတည်သွားသည်။

"သိပ်ကိုရှင်းပြနိုင်တာပေ့ါ၊ နှင်းရဲ့ ပထမဦးဆုံး အမှားကတော့ ကိစ္စတစ်ခုကို မစူးစမ်းမဆင်ခြင်ဘဲ နှင့်သဘောနဲ့ နှင် ထင်ချင်ရာထင်ပစ်လိုက်တဲ့အမှား"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါထင်တာမဟုတ်ဘူး လွင်မာ၊ မြင်တာ၊ ငါ မျက်စိနဲ့တပ်အပ်မြင်တာ"

"နင့်အမြင်က ဘယ်လောက်ကျယ်ပြန့်လို့လဲ၊ ဘယ်လောက်စူးရှလို့လဲ၊ နင်တကယ်မြင်တာဆိုရင် ငါ့ကိုကော မြင်သလား၊ တာရာတို့နဲ့မလှမ်းမကမ်းမှာ အသိတစ်ယောက်နဲ့ ရပ်စကားပြောနေတဲ့ ငါ့ကို နင်မြင်လို့လား"

လွင်မာ့စကားကြောင့် ကျွန်တော် ပါးစပ်အဟောင်းသားနှင့် ငေးကြောင်သွားရသည်။

"ဒါဖြင့် အဲဒီအချိန်တုန်းက နင်ရှိနေတယ်ပေါ့ ဟုတ်လား လွင်မာ"

"ဟုတ်တယ်၊ အဲဒီအချိန်တုန်းကရော၊ အဲဒီအချိန်မတိုင်ခင်ကပါ တာရာနဲ့အတူ ငါတစ်ချိန်လုံးရှိနေတယ်၊ နင်တို့ပြဿနာတက်တော့ ငါနောက်ကနေပြီး ပြေးလာပြီး နင့်ကိုအော်ခေါ်ပေမယ့် နင်မကြားဖူး၊ ဆိုင်ကယ်ကို တအားမောင်းထွက်သွားတယ်"

ဒီပုံစံအတိုင်းဆိုလျှင်တော့ ကျွန်တော်မသိသေးသောအကြောင်းအရာအတော်များများ ရှိနေပြီဟု သဘောပေါက်လိုက်သည်။ လေပူတစ်ချက်ကို မှုတ်ထုတ်၍ လွင်မာ့ထံ၌ ကျွန်တော်လက်နက်ချ အညံ့ခံလိုက်ပါသည်။

"ကဲ ငါအရှုံးပေးပြီလွင်မာ၊ ငါ့အမှားတွေကို အားမနာတမ်းသာ နင်ပြောပြပေတော့၊ ငါ နားထောင်မယ်"





လွင်မာက ကရုဏာဒေါသမပြတ်သေးသည့် မျက်နှာနှင့်ကျွန်တော့်အား စိုက်ကြည့်နေသေးသည်။ အတန်ကြာမှ မကျေမချမ်းလေသံဖြင့် စကားစသည်။

"အဲဒီနေ့က ဗဟိုစည်ဆေးခန်းမှာ သူ့အမေရဲ့ ဓါတ်ခွဲခန်းစမ်းသပ်ချက်အဖြေသွားယူဖို့ ငါ့ဆီဖုန်းဆက်ပြီး အဖော်လိုက်ပေးဖို့ အကူအညီတောင်းတယ်၊ ငါကတောင် မင်းခန့်ကိုခေါ် လိုက်ပါလားဆိုတော့ မခေါ်ချင်ဘူးတဲ့၊ စိတ်ညစ်စရာအဖြေမျိုးကြားရရင် နင်ပါ စိတ်ညစ်နေမှာစိုးလို့တဲ့၊ ပြီးခဲ့တဲ့တစ်ခေါက် အထူးကုဆီမှာ ဆေးသွားယူတုံးကတောင် နင့်ကိုမခေါ်ဘဲ သူ့ဘာသာသူ အငှားကားနဲ့သွားတာတဲ့၊ အဲဒီနေ့က သူ့အမေရောဂါဟာ ကင်ဆာဖြစ်ဖို့များတယ်လို့ သိခဲ့ရလို့ စိတ်ညစ်ရသေးတယ်တဲ့၊ အဲဒါကိုနင်က ကိုဇော်ကြီးကားနဲ့လိုက်သွားတယ်လို့ နင်စပြီး သံသယဝင်တဲ့နေ့ပေါ့"

"တိုတိုပြောရရင် သူ့အကူအညီတောင်းတဲ့အတိုင်း အဖော်လိုက်ပေးဖို့ ငါသူ့ဆီရောက်သွားတော့ ကိုဇော်ကြီးကလည်း ဓါတ်ခွဲခန်းအဖြေသိချင်လို့ ရောက်လာတယ်၊ ခုမှ သွားမှာဆိုတော့ သူလိုက်ပို့ပေးမယ်တဲ့၊ သူလည်းအဖြေကိုသိချင်တယ်တဲ့။ တာရာက ကိုဇော်ကြီး လိုက်ပို့ပေးမယ်ဆိုတာကို ငြင်းတယ်၊ သူ့ဘာသာ ကားငှားသွားမယ်လို့ ပြောလိုက်တယ်"

"ဒါပေမယ့် ငါက ကိုဇော်ကြီးလိုက်ပို့ပေးဖို့ကို သဘောတူတယ်၊ ဘာဖြစ်လို့လဲဆိုတော့အပြင်မှာ မိုးက သဲသဲ



www.burmeseclassic.com

www.burmeseclassic.com



မဲမဲရှာနေတယ်၊ ကားထွက်ငှားရင် တစ်ကိုယ်လုံးရွဲမှာ သေချာတယ်၊ ဒါကြောင့် ငါ တာရာ့ကိုတိုးတိုးတိတ်တိတ် ရှင်းပြပြီး ကိုဇော်ကြီးကိုပဲလိုက်ပို့ခိုင်းလိုက်တာ၊ ဟိုရောက်တော့ ခါတ်ခွဲခန်းအဖြေက တင်ဆာမဟုတ်ဘူးတဲ့၊ တာရာ အရမ်းပျော်သွားတယ်၊ အောက်ရောက်တော့ ကိုဇော်ကြီးကိုပြုံးပြုံးရွှင်ရွှင်နဲ့ သွားပြောပြတယ်။ ငါကတော့ အသိတစ်ယောက်နဲ့တွေ့နေလို့ ရပ်စကားပြောနေလိုက်တယ်၊ အဲဒီအချိန်မှာ နင်ရောက်လာပြီး ပွဲကြမ်းတော့တာပဲ"

လွင်မာ့စကားဆုံးသည်နှင့် သုံးယောက်စလုံးတိတ်ဆိတ် ငြိမ်သက်သွားကြသည်။

အပြင်ဘက်၌ မိုးမှုန်လေးများ ဖွဲဖွဲကျဆင်းနေ၏။ ကျွန်တော့်ရင်ထဲမှာတော့ နောင်တတို့ ခပ်မှိုင်းမှိုင်း ရစ်ဖွဲ့သိုင်းခြံ၍ နေသည်။ ကျွန်တော် အပြစ်ရှိသောလေသံဖြင့်-

"ငါ မှားသွားတယ် လွင်မာ၊ အဲဒီအတွက် ငါ ဘာလုပ်ရမလဲ"

"တောင်းပန်ရမှာပေါ့၊ တာရာ့ကိုရော ကိုဇော်ကြီးကိုရော နင်တောင်းပန်သင့်တယ်"

"စိတ်ချပါ၊ သူတို့ကျေနပ်တဲ့အထိ ငါတောင်းပန်ပါ့မယ်"

ကျွန်တော် ထိုင်နေရာမှ ထရပ်လိုက်တော့ တစ်ချိန်လုံးငြိမ်သက်နေသော ဖိုးကျော်က ကျွန်တော့်လက်မောင်းကို ဖမ်းဆွဲသည်။





"မင်း သူတို့ဆီမသွားခင် သိသင့်တာတွေ ရှိသေးတယ် မင်းခန့်"

ကျွန်တော် သိသင့်တာတွေ ကျန်ရှိသေးသတဲ့လား။ အခုတောင် အတော်ခံစားနေရပါပြီ။ ဖြစ်နိုင်ရင် ဆက်မကြားပါရစေနဲ့တော့၊ သို့သော် ကျွန်တော် ဆုတောင်းမပြည့်ပါ၊ ဖိုးကျော်က အေးစက်စက်အသံဖြင့် တစ်လုံးချင်း စတင်ပြောလေသည်။

"ငါ အခုပြောမှာက ကိုဇော်ကြီးအကြောင်းပဲ မင်းခန့်၊ အစကတော့ မပြောဘဲ နေမလို့ဘဲ၊ ရင်ထဲမှာ သံသယတွေ သိပ်များလာလို့ ခုလို ဖွင့်ပြောရတာ၊ ပထမဆုံးပြောချင်တာကတော့ ကိုဇော်ကြီး အိမ်ထောင်ကျတယ်ဆိုတဲ့ကိစ္စဟာ လုံးဝမဟုတ်ဘူး၊ အဲဒီအကြောင်းငါ့အစ်ကိုဆီစာလှမ်းရေးပြီးစုံစမ်းကြည့်တော့မှ သိရတာ"

ဖိုးကျော်၏ စကားကြောင့် ကျွန်တော်လှိုက်ခနဲ ဖြစ်သွား၏။

ကျွန်တော့်အတွက် အံ့ဩစရာများက တစ်ခုပြီးတစ်ခု ကြုံတွေ့နေရသဖြင့် အိပ်မက်မက်နေသူတစ်ယောက်ပမာ ခံစားနေရသည်။

"ဖြစ်ပုံက ဒီလိုမင်းခန့်၊ ဗုံလုံကြီးနဲ့ရိုက်မိပြီး ခြေထောက်ဖြတ်ရတော့မယ်ဆိုတာ သေချာသလောက် ဖြစ်သွားတော့ သူသာ ခြေထောက်ဖြတ်ပြီး ဒုက္ခိတဘဝရောက်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကောင်မလေးက သူ့ကို လက်ခံချင်တော့မှာ မဟုတ်ဘူးလို့ တွေးမိသွားတယ်၊ သင်္ဘောဆရာဝန်ထိုးပေးတဲ့ မော်ဖင်းဆေးအရှိန်ကြောင့်လည်း ပါချင်ပါမှာပေါ့၊ အဲဒီလိုတွေးမိပြီး စာတစ်စောင်ရေးပြီး ငါ့အစ်ကို ကို ထည့်ခိုင်းလိုက်တာပဲ"

ကျွန်တော် တအံ့တသြနှင့်ဖိုးကျော်အား အတန်ကြာအောင် မှင်တက်ငေးမောနေမိသည်။

"ဒါဖြင့် အဲဒီအကြောင်း သူ ဘာဖြစ်လို့ ရှင်းမပြ သလဲ ဖိုးကျော်"

"မင်းကို အနိုင်မယူချင်လို့ပေါ့"

"ဘယ်လို"

"ရှင်းရှင်းလေးပဲ၊ အဲဒီအကြောင်းသာ သူရှင်းပြလိုက်ရင် သူ့ဘက်က အမှတ်တွေအများကြီးရသွားမှာ သေချာတယ်၊ ကံကောင်းရင် မင်းကိုတောင် ဖြတ်ကျော်တက်သွားနိုင်တယ်၊ ဒါပေမယ့် အဲဒီနည်းနဲ့ သူမင်းကို အနိုင်မယူခဲ့ဖူး၊ သူ့စကားအတိုင်း ဒီပွဲကို သန့်သန့်ရှင်းရှင်းပဲ သူ ကစားခဲ့တယ်"

ကျွန်တော် အသက်ရှူမဝသလို ရင်ထဲ၌ တင်းတင်းကြပ်ကြပ်ကြီးဖြစ်လာသဖြင့် ပင့်သက်တစ်ချက်ကို အမောတကော ရှိုက်သွင်းလိုက်ရသည်။

"အဲဒါ ငါ့အမြင် သူမင်းကို ညှာခဲ့တဲ့ကိစ္စတစ်ခု ရှိသေးတယ် မင်းခန့်၊ တခြားမဟုတ်ဘူး၊ သူ့အငှားကြွေးကိစ္စပဲ၊ သူ့အကြွေးကို ပြန်ဆပ်မှ မင်းရင်ထဲမှာသံသယရှင်းမယ်ဆိုတာ သိလို့ သူညှာခဲ့တာ"





ဖိုးကျော်စကားကိုရယ်၍ ကျွန်တော့်ကိုတစ်ချက်ကြည့်သည်။

"မင်းမာမီမြေကွက်ကိုဝယ်တာ ဘယ်သူလို့ မင်းထင်သလဲ"

"မင်းအသိ ရှေ့နေတစ်ယောက်ဆို"

"ဟုတ်တယ် ရှေ့နေတစ်ယောက်ဝယ်တာ၊ ဒါပေမယ့် နောက်ကွယ်က ငွေထုပ်ပေးတဲ့ ဝယ်လက်အစစ်က ကိုဇော်ကြီးပဲ"

"ဘာ"

ကျွန်တော် ကြက်သေသေစွာ တအံ့တသြငေးကြောင်သွားမိသည်။

တကယ်ငွေထုတ်ပေးသူက ကိုဇော်ကြီးတဲ့လား။

ထိုခဏ၌ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး ကျုံ့ဝင်သေးငယ်ကာ အစက်အပြောက်လေးတစ်ခုအဖြစ် ကမ္ဘာမြေပြင်မှ ပျောက်ကွယ်သွားသလို ခံစားလိုက်ရသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့ညင်သာစွာ ကျဆင်းနေသော မိုးစက်မှုန်များ အကြားကျွန်တော် ဦးတည်ရာမဲ့လျှောက်သွားနေမိသည်။ နားထဲ၌-

"ကိုဇော်ကြီးက တာရာ့ကိုတော်တော်ချစ်သလို၊ မင်းအပေါ်မှာလည်း အတော်ငဲ့ညှာခဲ့တယ် မင်းခန့်"ဟူသည့် ဖိုးကျော်၏ စကားသံက တရစ်ဝဲဝဲပဲ့တင်ထပ်ကာ ကြားယောင်နေမိသည်။

ကျွန်တော် ဘာလုပ်သင့်ပါသလဲ။

ကိုယ့်အပေါ် အလွန်ကောင်းသော လူတစ်ယောက်ကို ကိုယ်ထိလက်ရောက် နာကျင်စေခဲ့သလို ကိုယ့်ကို အလွန်ချစ်သောမိန်းကလေးတစ်ယောက်ကိုလည်း စကားလုံးတို့ဖြင့် ထိခိုက်ကြေကွဲစေခဲ့၏။ ထိုအမှားအယွင်းကတော့ ကိုယ့်ကိုကိုယ်ပင် ခွင့်မလွှတ်သင့်သောအမှားအယွင်းတစ်ခုဖြစ်သည်။

ဆိုးဝါးလှသော ထိုအမှားအယွင်းကို ကျွန်တော် ဘယ်လိုခြေဖျက်ရမလဲ။ ဘယ်လို ပြန်ပြီး ပေးဆပ်သင့်သလဲ။ "ခွင့်လွှတ်ပါ"ဆိုတဲ့ စကားလေး သုံးခွန်းကို ရွတ်ဆိုရုံနဲ့ အားလုံးလွယ်လင့်တကူ ပြီးဆုံးသွားနိုင်ပါသလား။

အတွေးတို့ဖြင့် ကျွန်တော် ရီဝေစွာ ဆက်လျှောက်နေဆဲဖြစ်သည်။

လေတဖြဲဖြဲအောက်အဝေး၌ မိုးစက်တို့က ကျွန်တော့်ဆီသို့ တဟုန်ထိုး ပြေးဝင်လာကြသည်။ ကျွန်တော့်ရင်ဘတ်နှင့် တည့်





တည့်ကြီး ထိမှန်သွားကြသည့် မိုးစက်တွေက ရှဲခနဲအော်မြည်ကာ အပူလောင်သွားကြလေသည်။

သူတို့အတွက် ကျွန်တော်စိတ်မကောင်းပါ။

ထို့အတူ ရင်ဘတ်ထဲ၌ မီးတောင်ကြီးတစ်လုံးထည့်ထားရသည့် ကျွန်တော့်ကိုယ်တိုင်အတွက်လည်း အမှန်တကယ်ကို စိတ်မကောင်းပါ။ သက်ပြင်းငွေ့ငွေ့ချလိုက်တော့ ကျွန်တော့်နှာခေါင်းထဲမှ လေတွေအစား မီးတောက်မီးလျှံတွေသာ ဝုန်းခနဲ တိုးထွက်လာကြလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



(၁၆)

ဆိုင်ထဲသို့ ပထမဆုံး ဝင်ရောက်လာသူမှာ တာရာ ဖြစ်ပြီး ၄င်းနောက်မှ လိုက်ပါလာသူကတော့ ကိုဇော်ကြီးဖြစ် သည်။ တာရာ ကျွန်တော့်ကိုတွေ့သည်နှင့် ခပ်နွမ်းနွမ်းအပြုံး တစ်ခုကို ပြုံးလိုက်သည်။ အားမပါသော လျော့ရဲရဲ အပြုံးမျိုး ဖြစ်၏။

ကိုဇော်ကြီး၏ အပြုံးကတော့ ထုံးစံအတိုင်း လှိုက်လှဲ ဖော်ရွေသော အပြုံးမျိုးဖြစ်သည်။သူပြုံးပုံက သူနှင့်ကျွန်တော့် အကြား မည်သည့် ပြဿနာမှ မရှိခဲ့ဖူးသည့်ပမာ အားပါးတရ ရှိလှပါသည်။

"ဆိုစမ်းပါအုံး၊ တာရာ့ကိုရော ငါ့ကိုပါ ဒီဆိုင်မှာ ဆုံ ကြဖို့ ချိန်းထားတာ ဘာအတွက်လဲ မင်းခန့်"



www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်ကို ဆွဲကာ ဝင်ထိုင်ပြီး ကိုဇော်ကြီးမေးသည်။ တာရာက ကျွန်တော့်ဘေးနားမကျတကျ ခုံမှာ ဝင်ထိုင်လိုက်သည်။

"ကျွန်တော့်အမှားအယွင်းတွေအတွက် တောင်းပန်ချင်လို့ပါ"

နှစ်ယောက်စလုံးကိုမကြည့်ဘဲ ကျွန်တော်တစ်လုံးချင်းပြောလိုက်သည်။ ကိုဇော်ကြီးရော၊ တာရာပါ ကျွန်တော့် စကားအား တစ်စုံတစ်ရာ မတုန့်ပြန်ဘဲ ငြိမ်သက်နေကြ၏။ တအောင့်ကြာမှ ကိုဇော်ကြီးက စတင်လှုပ်ရှားလာသည်။

"ကိစ္စမရှိပါဘူးမင်းခန့်၊ အဲဒီအကြောင်းတွေကို မောင်ရင့်ခေါင်းထဲက ထုတ်ပစ်လိုက်ပါ။ ပြီးခဲ့တာတွေကိုပြန်ပြောနေလို့ ဘာမှထူးလာမှာ မဟုတ်ဘူး"

ကိုဇော်ကြီးစကားကို ချွင်းချက်မရှိ ကျွန်တော် သဘောတူလိုက်ပါသည်။

"အဲဒါ အမှန်ပဲ ကိုဇော်ကြီး၊ ပြီးခဲ့တဲ့အမှားတွေကို စားမြုံ့ပြန်နေမယ့်အစား နောက်ထပ်မမှားရအောင် ဘယ်လိုလုပ်မလဲဆိုတာက ပိုပြီးအရေးကြီးတယ်၊ အခု ကိုဇော်ကြီးနဲ့ တာရာကို ဒီဆိုင်မှာ ချိန်းလိုက်တာလည်း အဲဒီကိစ္စကို ဆွေးနွေးချင်လို့ပဲ"





ကျွန်တော့်စကားကြောင့် ကိုဇော်ကြီးရော တာရာပါ ကျွန်တော့်အား ဖြတ်ခနဲ တစ်ချက်လှမ်းကြည့်သည်။ ကိုဇော်ကြီးအကြည့်က စိတ်ဝင်စားသော အကြည့်မျိုးဖြစ်ပြီး တာရာ့အကြည့်ကတော့ ဘာကိုဆိုလိုမှန်း ဝေခွဲမရသည့်အကြည့်မျိုးဖြစ်သည်။

"ဒါဆိုလည်း မင်းခန့်ကပဲ စပြီးဆွေးနွေးပါ၊ တာရာနဲ့ ကိုယ်နဲ့ နားထောင်မယ်"

ကျွန်တော် စီးကရက်ဗူးကိုဖွင့်ကာ စီးကရက်တစ်လိပ်ထုတ်ယူကာ မီးညှိရင်း စိတ်တည်ငြိမ်မှုရစေရန် အချိန်ဆွဲလိုက်သည်။ ထို့နောက် စီးကရက်ငွေ့တို့ကို မှုတ်ထုတ်၍ တာရာနှင့်ကိုဇော်ကြီးကိုတလှည့်စီကြည့်ကာစကားစလိုက်သည်။

"ခုပြဿနာကတော့ ကိုဇော်ကြီးရော ကျွန်တော်ပါ မိန်းကလေးတစ်ယောက်ထဲကို နှစ်ယောက်စလုံးချစ်နေမိကြတဲ့ ကိစ္စပဲ၊ ကိုဇော်ကြီးဘက်က အလျှော့မပေးချင်သလို ကျွန်တော့်ဘက်ကလည်း အလျှော့မပေးနိုင်ဘူး၊ ဒါပေမယ့် ဒီပုံစံအတိုင်းဆက်သွားလို့တော့ မဖြစ်တော့ဘူး။ ဒီတိုင်းဆက်သွားရင် နောက်ထပ်အမှားအယွင်းတစ်ခုမဟုတ် တစ်ခု ထပ်ဖြစ်အုံးမှာသေချာတယ်"

"ဒါဖြင့် မင်းခန့် ဆိုလိုချင်တာက ဘာလဲ"

"ရှင်းရှင်းလေးပါ။ ကျွန်တော်တို့နှစ်ယောက်ထဲက တစ်ယောက်ယောက် ရှောင်ထွက်သွားဖို့ပဲ၊ တနည်းပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှောင်ထွက်ပေးရမယ့်အခြေအနေမျိုးရောက်သွားဖို့ကို ဆိုလိုတာပါ"

ကျွန်တော် ကိုဇော်ကြီးအား ခပ်တည်တည်စိုက်ကြည့်ရင်း ပြောလိုက်တော့ ကိုဇော်ကြီးကလည်း ကျွန်တော့်ကို ခပ်စူးစူးပြန်လည်စိုက်ကြည့်သည်။ ကျွန်တော် စီးကရက်ကို ခပ်ပြင်းပြင်းဖွာရှိုက်လိုက်ပြီး စကားဆက်လိုက်သည်။

"ဒါပေမယ့် သေသေချာချာစဉ်းစားကြည့်လိုက်တော့ အဲဒီလို ရှောင်ထွက်ပေးသင့်တဲ့လူဟာ ကိုဇော်ကြီးနဲ့ ကျွန်တော် တစ်ယောက်ယောက်ဖြစ်သင့်သလို တာရာကိုယ်တိုင်လည်း ဖြစ်သင့်တယ်"

"ဘာ"

ကိုဇော်ကြီးက တအံ့တသြရေရွတ်လိုက်ချိန်၌ တာရာ၏ အထိတ်တလန့်အကြည့်တို့က ကျွန်တော့်မျက်နှာပေါ်သို့ အရှိန်နှင့် ပြေးဝင်ရောက်ရှိလာကြသည်။

"တာရာက ရှောင်ထွက်ပေးရမယ်ဟုတ်လား မင်းခန့်"

ကိုဇော်ကြီး ကျွန်တော့်အား အမောတကောမေးတော့ ကျွန်တော် ခပ်တည်တည်ပင် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်ကိုဇော်ကြီး၊ ဒါမှလည်း တရားမျှတမှု ရှိလိမ့်မယ်လို့ ကျွန်တော် ထင်တယ်၊ တကယ်လို့ ရှောင်ထွက်





ပေးရမယ့်လူဟာ တာရာဖြစ်နေရင် ကိုဇော်ကြီးရော ကျွန်တော်ပါ တာရာ့ကို ဆက်ပြီး မနှောင့်ယှက်ရဘူး၊ ဆိုလိုတာက လုံးဝနောက်ဆုတ်ပေးရမယ်၊ ဘယ်နှယ့်လဲ ကိုဇော်ကြီး ကျွန်တော်ပြောတာ ဘယ်လိုသဘောရသလဲ"

ကျွန်တော် မခိုးမခန့်ပြုံး၍မေးလိုက်တော့ ကိုဇော်ကြီး အတန်ကြာအောင် ကျွန်တော့်အား ငေးကြောင်စိုက်ကြည့်နေသေးသည်။ ပြီးမှ ခေါင်းတစ်ချက်ဆတ်၍-

"ထားပါတော့မင်းပြောသလို၊ အဲသလိုမှ တရားမျှတမှု ရှိမယ်ဆိုရင်တောင် အခု ဒီသုံးယောက်ထဲက တကယ်ရှောင်ထွက်ပေးရမယ့်လူဟာ ဘယ်သူဖြစ်သင့်သလဲဆိုတာကို ဘယ်လိုဆုံးဖြတ်မှာလဲ၊ ဘယ်သူက ဆုံးဖြတ်ပေးမှာလဲ"

"ဆုံးဖြတ်ပေးမယ့်သူကတော့ ကျွန်တော်တို့ရဲ့ ကံကြမ္မာပဲကိုဇော်ကြီး"

ကျွန်တော့်စကားကြောင့် ကိုဇော်ကြီး ခေါင်းရှုပ်သွားပုံရ၏။ ဘေးနားမှ စားပွဲထိုးလေးကိုလှမ်းခေါ်ကာ ဝီစကီနှစ်ပက် အမြန်ဆုံးလာချပေးရန် မှာလိုက်သည်။ ကျွန်ုပ်ဟော့ ဘေးနားမှ တာရာကတော့ ယခုတိုင်အောင် ငြိမ်သက်နေဆဲ ဖြစ်၏။

သို့သော် တာရာ့ရင်ထဲမှာတော့စိတ်လှုပ်ရှားနေလိမ့်မည်ဖြစ်ကြောင်း သံသယဖြစ်စရာမလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရော ကိုယ်ပြောတာကို ဘယ်လို သဘောရသလဲ တာရာ"

ပထမဦးဆုံးအကြိမ်အဖြစ် ကျွန်တော် တာရာ့ကို ဦးတည်မေးလိုက်သည်။ တာရာက ခေါင်းကို ဖြည်းညှင်းစွာ မော့၍ ကျွန်တော့်ကို ရီဝေဝေငေးကြည့်ရင်း အသံတိုးတိုးဖြင့် ပြန်ပြောသည်။

"တို့ ‌ ‌ င်းဆုံးဖြတ်တဲ့အတိုင်း လိုက်နာမယ်လို့ ပြောထားသားပဲ မင်းခန့်"

"အိုကေ ဒါဖြင့် ကိုယ်တို့ရဲ့ ကံကြမ္မာကိုစမ်းသပ်ကြည့်တာပေါ့ ဟုတ်ပြီလား"

ကျွန်တော် ဂျာကင်အကျႌ ‌ ‌ စာအိတ်သုံးအိတ်ကို ထုတ်ယူကာ စားပွဲပေါ်သို့ ချပြလိုက်တော့ ကိုဇော်ကြီးရော တာရာပါ ကျွန်တော့်လှုပ်ရှားမှုအား မျက်တောင်မခတ်လိုက်လဲ ကြည့်ရှုနေကြသည်။

"ဒီစာအိတ် သုံးအိတ်ထဲမှာ နှစ်အိတ်မှာ ချောင်းသာကို သွားဖို့ ကားလက်မှတ်နှစ်စောင်ပါတယ်၊ တစ်စောင်ကတော့ အလွတ်ပေါ့၊ ကံကြမ္မာအရ လက်မှတ်မရတဲ့လူဟာ ရှောင်ထွက်ပေးရမယ်။ ကျန်နှစ်ယောက်က ချောင်းသာသွားမယ့်လက်မှတ်နဲ့ ချောင်းသာကမ်းခြေမှာသွားပြီး အပန်းဖြေကြတာပေါ့ ကိုဇော်ကြီးတို့နှစ်ယောက်လက်မှတ်ရခဲ့ရင် ရှုံးတက်လက်ထပ်ပြီး ပျားရည်ဆမ်းခရီးထွက်ဖို့ ကျွန်တော့်ရဲ့ မင်္ဂလာလက်ဖွဲ့လို့ သဘောထားလိုက်ပါ"





ကျွန်တော် စာအိတ်သုံးအိတ်ကို စားပွဲပေါ်သို့ အသာအယာပြန်ချလိုက်သည်။

"ကျွန်တော်က အသက်အငယ်ဆုံးလူဆိုတော့ နောက်ဆုံးမှယူမယ်၊ ကိုဇော်ကြီးတို့ အရင်ယူကြပါ"

စားပွဲပေါ်မှ စာအိတ်သုံးအိတ်ကို အ‌ ‌ လုံးစိတ်လှုပ်ရှားစွာ ငေးကြည့်နေကြသည်။ ကိုဇော်ကြီးက စားပွဲထိုးလာချပေးသည့် ဝီစကီခွက်ကိုလှမ်းယူကာ တစ်ကျိုက်တည်း မော့ချလိုက်၏။

ထိုအချိန်မှာပင် တာရာက သူနှင့်အနီးဆုံးစာအိတ်တစ်အိတ်ကို လှမ်းယူကာ ဖောက်လိုက်သည်။ တာရာ့စာအိတ်ထဲမှ ထွက်လာသည်က ချောင်းသာသွားဖို့ (နေ့စွဲရေးမထားသည့်)ကားလက်မှတ်တစ်စောင်။

ကိုဇော်ကြီးရောကျွန်တော်ပါ မတိုင်ပင်ဘဲ ပြိုင်တူလိုလို သက်ပြင်းဖွဖွချလိုက်ကြသည်။ ဒုတိယအလှည့်ကျသူကတော့ ကိုဇော်ကြီးဖြစ်၏။ နှစ်အိတ်သာကျန်သောစာအိတ်နှစ်ခုအား ရွေးချယ်ရန် ကိုဇော်ကြီး ချီတုံချတုံဖြစ်နေပုံရသည်။

တအောင့်ကြာမှ ညာဘက်အစွန်က စာအိတ်ကို ဖြတ်ခနဲ ဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ကြီး စာအိတ်ဖောက်နေချိန်၌ ကာယကံရှင်ရော ဘေးလူများပါ အသက်ပြင်းပြင်းမရှူရဲကြ၊ စာအိတ်ကိုဖောက်ပြီးသွားသော်လည်း ကိုဇော်ကြီး ဖွင့်မကြည့်သေးဘဲ အတန်ကြာအောင် တုန့်ဆိုင်းနေသေး၏။

နောက်ဆုံးမှ စာအိတ်ကိုဖွင့်၍ အထဲသို့ လှမ်းကြည့်၏။ တအောင့်ကြာတော့ စိတ်လှုပ်ရှားနေဆဲအသံဖြင့် ကိုဇော်ကြီး ခပ်တိုးတိုးအော်လိုက်သည်။

"ကားလက်မှတ်"

နောက်ဆုံးတော့ ကံဆိုးသူက ကျွန်တော်ကိုယ်တိုင်ပဲ ဖြစ်နေပါတော့သည်။

စားပွဲပေါ်မှ ကျွန်တော့်အတွက် ကျန်ရှိနေသည့် စာအိတ်ကို လှမ်းယူ၍ ဂျာကင်အကျီအိတ်ထဲသို့ ပြန်ထည့်လိုက်ပြီးမှ ကျွန်တော် ထိုင်ရာမှ ထရပ်လိုက်သည်။ တာရာက ငိုမဲ့မဲ့မျက်နှာနှင့် ကျွန်တော့်အား ဖြတ်ခနဲမော့ကြည့်သည်။

ရှုံးနိမ့်ခြင်း၊ အားငယ်ခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်းတို့ကို တာရာ့မျက်နှာပေါ်၌ တပြိုင်နက်တွေ့မြင်လိုက်ရသဖြင့် ကျွန်တော် လှိုက်ခနဲ ဝမ်းနည်းသွားမိသည်။ ချက်ချင်းပင် ကျွန်တော် တာရာ့ထံမှ မျက်နှာလွှဲလိုက်သည်။

ကိုဇော်ကြီးက ကျွန်တော့်အား ရီဝေစွာ ငေးကြည့်ပြီးလှမ်းပြောသည်။





"စိတ်မကောင်းပါဘူး မင်းခန့်"

"ကိစ္စမရှိပါဘူး။ ဒါဟာကံကြမ္မာရဲ့ အဆုံးအဖြတ်ပဲ၊ ကျွန်တော်တို့အားလုံး လက်ခံကြရမှာပေါ့"

ထို့နောက် ကိုဇော်ကြီးကိုရော တာရာ့ကိုပါ နှုတ်မဆက်တော့ဘဲ ကျွန်တော် ချာခနဲလှည့်ထွက်လာခဲ့သည်။

ဆိုင်ရှေ့၌ ရပ်ထားသည့် ကားပေါ်တက်ပြီး မောင်းထွက်လာချိန်မှာတော့ ကျွန်တော့်နှလုံးသားက တာရာ့ထံ ကျန်ခဲ့ပြီဖြစ်ကြောင်း ရင်နင့်စွာ သတိပြုလိုက်မိသည်။ ဆိုင်နှင့်အတော်ဝေးဝေးရောက်လာချိန်၌ ကားကိုလမ်းဘေးသို့ ထိုးရပ်လိုက်ပြီး စာအိတ်ကို ထုတ်ယူကာဖောက်ကြည့်လိုက်တော့

စာအိတ်ထဲမှ ထွက်လာသည်က ချောင်းသာသွားဖို့ကားလက်မှတ်တစ်စောင်။

စာအိတ်ကို ပြန်ပိတ်လိုက်ပြီး လုံးခြေကာ ကားပြတင်းပေါက်မှ ကျွန်တော် အပြင်သို့ လွှင့်ပစ်လိုက်၏။

ထို့နောက်ကားကို စက်နှိုးကာ ကျွန်တော်ဆက်မောင်းလာခဲ့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



# သင်၏ ချစ်ရစွာသော

အပိုင်း(၃)

ဥက္ကာဝင်းဇာမေ

www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်တော် ဒုတိယမြောက် ဘီယာပုလင်းကို လှမ်းယူရန် ပြင်လိုက်စဉ်မှာပင် လက်တစ်ဖက်က ထိုဘီယာပုလင်းပေါ်သို့ ကျွန်တော့်ထက်ဦးစွာ ကျရောက်လာသည်။

ကျွန်တော်ဖြတ်ခနဲမော့ကြည့်လိုက်တော့ လက်ပိုင်ရှင်က အခြားသူမဟုတ်။ ကိုဇော်ကြီး ဖြစ်နေသည်။

"ငါက ရှာလိုက်ရတာ။ မင်းက ဒီဆိုင်မှာလာပြီး ငြိမ့်နေတာကိုး၊ ဘာလဲ အသည်းကွဲလို့ ဘီယာလာသောက်တာလား"

"မဟုတ်ပါဘူး။ အိမ်မပြန်ချင်သေးတာနဲ့ ဖျင်းလို့ လာထိုင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ကြီးက နားလည်ရခက်သောအပြုံးတစ်ခုကို ပြုံး၍ ကျွန်တော့်ဘေးခုံ၌ ဝင်ထိုင်လိုက်ပြီး ကျွန်တော့်အား မေးသည်။

"မင်းစာအိတ်ကောမင်းခန့်"

"ဘယ်စာအိတ်လဲ"

ကျွန်တော် ခပ်ကြောင်ကြောင်ပြန်မေးလိုက်တော့ ကိုဇော်ကြီး ကျွန်တော့်ကိုကြည့်၍

"စောစောက မင်းယူသွားတဲ့စာအိတ်လေ"

"ကျွန်တော် ဖြုပစ်လိုက်ပြီ"

"တကယ်ဆို မင်းဖောက်ကြည့်လိုက်ဖို့ ကောင်းတယ်"

"ဘာဖြစ်လို့လဲ ကိုဇော်ကြီး"

ကျွန်တော်နားမလည်သလို မေးလိုက်တော့ ကိုဇော်ကြီးက နားလည်ရခက်သောအပြုံးမျိုးကို နောက်တစ်ကြိမ် ထပ်ပြုံးလိုက်သည်။

ထို့နောက် ၎င်း၏ ဘောင်းဘီအိတ်ထဲမှ စာအိတ်တစ်အိတ်ကို ထုတ်ယူကာ ကျွန်တော့်ရှေ့သို့ ချပေး၏။ တွန့်ကြေနေသောစာအိတ်၊ ကျွန်တော် စွန့်ပစ်ခဲ့ထားသောစာအိတ်။

ကိုဇော်ကြီးအား မယုံသင်္ကာဟန်ဖြင့် မော့ကြည့်လိုက်တော့ အသာ အယာပြုံးလိုက်သည်။





"ဘာမှ သံသယဖြစ်မနေနဲ့ မင်းခန့်၊ အဲဒါ မင်းလွှင့်ပစ်ခဲ့တဲ့ စာအိတ်ပဲ၊ အထဲမှာ ကားလက်မှတ်လည်း ပါတယ်၊

ကျွန်တော် သက်ပြင်းတစ်ချက်ကို ခိုး၍ ရှိုက်လိုက်မိသည်။

"မင်းထွက်သွားပြီးတာနဲ့ ငါ မင်းကားနောက်က လိုက်လာတာ မင်းခန့်။ မင်းကားထဲက လွှင့်ပစ်လိုက်တော့ ဘာများပါလိမ့်ဆိုပြီး စာအိတ်ကို ဆင်းကောက်လာခဲ့တာ၊ အခုဆိုရင် ငါတို့သုံးယောက်စလုံး ချောင်းသာသွားဖို့ ကားလက်မှတ် တစ်စောင်စီရှိနေကြပြီ။ အဲဒီတော့ သုံးယောက်စလုံး သွားကြမလား"

ကျွန်တော်ဘာမှ ပြန်မဖြေဘဲ ခပ်ငိုင်ငိုင်ငြိမ်သက်နေမိသည်။

"သုံးယောက်စလုံးသွားဖို့ကတော့ ဘယ်လိုမှ မဖြစ်ဖူးမင်းခန့်၊ ငါ ကိုရီးယားကို သွားရတော့မှာ၊ အဲဒီတော့ ချောင်းသာကို ငါလိုက်နိုင်တော့မှာ မဟုတ်ဘူး။ မင်းတို့နှစ်ယောက်ပဲ လွတ်လွတ်လပ်လပ် ပျားရည်ဆမ်းခရီးထွက်ကြပါ"

အတည်ပေါက်ပြောနေသော ကိုဇော်ကြီးကိုကြည့်၍ ကျွန်တော်လှိုက်ခနဲ ဝမ်းနည်းလာပြီး ၎င်း၏ လက်ကိုဆုပ်ကိုင်လိုက်မိသည်။

"ကိုဇော်ကြီး ခင်ဗျား ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးမင်းခန့်။ ငါပြောတာတွေကို ခဏလေး ငြိမ်ငြိမ်သက်သက်နဲ့ နားထောင်စမ်းပါ၊ ဒီလကုန်ရင် ကိုရီးယား က ကုမ္ပဏီခွဲကို ငါ ပြောင်းရလိမ့်မယ်။ ဟိုမှာ နှစ်အကန့်အ သတ်မရှိ ကြာနိုင်တယ်၊ ငါ့အတွက်တော့ တစ်သက်လုံးနေ လေ ကောင်းလေပဲ၊ ဘာပဲဖြစ်ဖြစ် လကုန်ရင်သွားရတော့မှာဆို တော့ မင်းနဲ့တာရာရဲ့ မင်္ဂလာဆောင်ကို ငါ မှီတော့မှာ မဟုတ် ဘူး။ ဒါက တစ်ခု"

"နောက်ထပ်မင်းကိုသိစေချင်တာတစ်ခုကတာရာ့ အချစ်ကို ငါမမျှော်လင့်ဖူးဆိုတာ မင်းကိုအလကားပြောတာ မျှော်လင့်တာပေါ့၊ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်ကချစ်သလို၊ ကိုယ့် ကိုလည်း ပြန်ချစ်စေချင်ကြတာဓမ္မတာပဲ၊ ငါလည်းလူပဲ၊ ငါ့ကို ပြန်ချစ်စေချင်တာပေါ့၊ ဒါပေမယ့် တာရာငါ့ကို လုံးဝပြန်မချစ် ဘူး။ ဟောဒီလောကကြီးထဲမှာ မင်းမရှိတော့ဘူးဆိုရင်တောင် မှ သူ ငါ့ကိုပြန်ချစ်မှာ မဟုတ်ဘူး။ လက်ထပ်မှာလည်း မဟုတ် ဘူး"

"ဘဝတစ်ခုလုံး အဆုံးခံ၊ အရှုံးပေးချစ်ခဲ့ပြီးမှ လက် ထပ်ခွင့်ဆိုတဲ့ နှစ်သိမ့်ဆုကလေးတောင် ပြန်မရနိုင်ဘူးဆိုရင် ဘာလုပ်တော့မှာလဲ၊ ဒါကြောင့် တာရာ့ကိုစွန့်လွှတ်ဖို့ ငါ ဆုံး ဖြတ်လိုက်တာပဲ မင်းခန့်"





စကားအဆုံး၌ မောပန်းသွားဟန်ဖြင့် ကိုဇော်ကြီး ပင့် သက်ရှိုက်လိုက်သည်။

ကျွန်တော် ကိုဇော်ကြီးအားငေးကြည့်ရင်း ကြေကွဲမှု တို့က တလိပ်လိပ်လှိုက်၍ တက်လာကြသည်။ ကျွန်တော့် နှုတ်ဖျားမှ တုန်ခါသောစကားသံတို့က အဆက်အစပ်မဲ့စွာ ထွက်ကျသွား၏။

"ကျွန်တော်. . ကျွန်တော်ဘာပြောရမှန်းကိုမသိတော့ ဘူး ကိုဇော်ကြီး"

"ဘာပြောရမှန်းမသိရင် ဘာမှမပြောတာ အကောင်း ဆုံးပဲ မင်းခန့်"

ထို့နောက် ကိုဇော်ကြီး ထိုင်ရာမှ ထရပ်ကာ ကျွန် တော့်ပခုံးကိုပုတ်၍ ငါ ပြန်အုံးမယ် မင်းခန့်ဟု နှုတ်ဆက် သည်။ ကျွန်တော် တစ်စုံတစ်ရာ ပြန်မပြောနိုင်ခင်မှာပင် ကိုဇော်ကြီး ငြိမ့်သက်စွာ ထွက်ခွာသွားပါသည်။

ကျွန်တော်ကိုဇော်ကြီး နောက်ကျောကို ငေးကြည့်ရင်း ဘီယာဆိုင်လေးထဲ၌ တိတ်တိတ်ဆိတ်ဆိတ် ကျန်ရစ်ခဲ့လေ သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



(၂)

ကျွန်တော် အလှကုန်ကောင်တာရှေ့မှ ခပ်တည်တည် ရပ်လိုက်တော့ ခပ်လှလှကောင်မလေး၏ အသံက ခပ်စူးစူး ထွက်ပေါ်လာပါသည်။

"ဘာလိုချင်လို့လဲ"

"ကလေးနို့ဗူးတိုက်ဖို့ နို့သီးခေါင်းလေးများ ရနိုင်မလားလို့"

"မရဘူး"

တကကယ့်ကို ရန်တွေ့တဲ့အသံမျိုးနဲ့ အော်တာပါ။

"ဒါဖြင့် ဘာရနိုင်မလဲ"

"လိုချင်တာရှိရင် ကောင်တာထဲမှာ ရှာကြည့်ပေါ့"

နှုတ်ခမ်းလေးကိုတမင်ထော်ပြီး စိတ်ကောက်သည့် အသံမျိုးဖြင့် တာရာ ခပ်စွာစွာ ပြန်ပြောလိုက်သည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်ပြီး ကောင်တာထဲမှ အမျိုးသမီးအလှကုန်ပစ္စည်းများကို လျှောက်ကြည့်နေလိုက်သည်။

တစ်နေ့ရောက်တော့ ကျွန်တော်ရပ်လိုက်ပြီး ကောင်တာထဲသို့ လက်ညှိုးထိုးပြလိုက်သည်။ ကျွန်တော် ထိုးပြလိုက်သည့်အရာက ခရီးဆောင်ကြည့်မှန်လေးဖြစ်၏။ တာရာက ကျွန်တော်ပြသောမှန်လေးကို လာကြည့်တော့ သူ့မျက်နှာက ကြည့်မှန်လေးထဲ၌ လှပစွာ ပေါ်နေပါသည်။

"ဒီမှန်လေးကိုပြောတာလား"

"မဟုတ်ဘူး၊ မှန်ထဲမှာ ပေါ်နေတဲ့အရိပ်လေးကိုပြောတာ"

တာရာက သဘောပေါက်ဟန်ဖြင့် မချိုမချဉ်ပြုံးလိုက်သည်။

"အဲဒါက သိပ်ဈေးကြီးတယ် ကလေးရဲ့၊ မင်းမုန့်ဖိုးလောက်နဲ့ ဝယ်နိုင်မှာမဟုတ်ဘူး"

"ကိစ္စမရှိပါဘူး၊ တစ်နေ့ နည်းနည်းစီစုမှာပေါ့"

"အဲဒါဆို မင်းအကြာကြီး စောင့်နေရမှာပေါ့"

"ဒါဖြင့်လည်း မစောင့်ရအောင် ခုတစ်ခါတည်း ခိုးပြေးသွားမယ်လေ၊ မကောင်းဘူးလား"

"မကောင်းဘူး"

"ဘာမကောင်းတာလဲ"





"လုံခြုံရေးဝန်ထမ်းတွေ ဝိုင်းကြည့်နေကြတာကို ပြောတာ"

သည်တော့မှ တာရာဆိုလိုသည့်အဓိပ္ပါယ်ကို ကျွန်တော်သဘောပေါက်သွားသည်။ ကျွန်တော်ကလည်းကျွန်တော်ပါပဲ။ ကောင်တာပေါ်မှ တာရာ့လက်ကလေးကိုအမှတ်တမဲ့ဆုပ်ကိုင်ထားခဲ့မိတာကိုး။

ဒါပေမယ့် တာရာ့လက်ကိုတော့ကျွန်တော် ပြန်လွှတ်မပေးခဲ့။

နောက်လည်း ဘယ်တော့မှ လွှတ်တော့မည် မဟုတ်ပါ။

❑

**နေနေဘ်**



www.burmeseclassic.com